# အပ္ပမာဒ

ဓမ္မရသ မဂ္ဂဇင်း





ပထမ ရွှေကျင် ဆရာတော်ဘုရားကြီး
မဟာစည် ဆရာတော်ဘုရားကြီး
မိုးကုတ် ဆရာတော်ဘုရားကြီး
တရားအသိ ဆရာတော်ဘုရားကြီး
ဝိပဿနာ ရေ (ယော) ဆရာတော်
နမ္မား ဆရာတော်
ဓမ္မဒူတ အရှင်ပညာဇောတ
ဘဒ္ဒန္တ ဖြိုဘာသာဘိဝံသ
ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ
အရှင် သုမန (ရွှေကူ)
အရှင် ဉာဏိက
အရှင် သုမင်္ဂလ (စစ်ကိုင်း)
အရှင် ဝိလာသ (ညောင်လေးပင်)
ဦးစန္ဒိမ (စလင်း)
ထီလာ သိမ်ရိုစမွ
ရွှေမြိုင်သိဒ္ဓိ
ကိုရွှေသောင်းဝင်း
ငွေဥဒေါင်း
တင့်ယဉ်
တော်ဝင်နွယ်
ထီလာမောင် (ကျွဲရဲ)
မြဝင်း (ဒသနေ)
မောင်ချစ်ညို (ပဲခူး)
သန်းထိုက်သူ
ဟိန်းလတ်
ဦးစံရှိန်
ဦးတင်ဦး (မြောင်)


၆၀၀ ကျပ်

www.foreverspace.com.mm

အိန္ဒိယနိုင်ငံ ၊ ဘုံဘေမြို့(မွမ်ဘိုင်း)အနီး၊ အီဂတ်ပူရီရိပ်သာ ဦးဂိုအင်ကာတရားစခန်းအတွင်းမှ
ကြည်ညိုဖွယ်ရာ ရွှေတိဂုံပုံတူစေတီတော်




အပ္ပမာဒဓမ္မရသမဂ္ဂဇင်း၏ ဓမ္မဒါန

www.foreverspace.com.mm





www.foreverspace.com.mm

ကိုးကွယ်အားထားရာအမှန် ပါဠိတော်မြန်မာပြန်

## ချမ်းသာခြင်း နှစ်မျိုး

မြတ်စွာဘုရားရှင်သည် ရဟန်းတို့အား ''ရဟန်းတို့၊ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်းဟူမူ - ကာမဂုဏ်ပြည့်စုံမှုလျှင် အကြောင်းရင်းရှိသော 'ဂိဟိသုခ' ချမ်းသာနှင့် ရဟန်းအဖြစ်လျှင်အကြောင်းရင်းရှိသော 'ပဗ္ဗဇိတသုခ' ချမ်းသာတို့တည်း။ ဤချမ်းသာခြင်းနှစ်မျိုးတို့တွင် ရဟန်းအဖြစ်ကို အကြောင်းပြု၍ဖြစ်သော ချမ်းသာသည် မြတ်ပေသတည်း။

ရဟန်းတို့၊ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ ကာမဂုဏ်ကို အကြောင်းပြု၍ဖြစ်သော 'ကာမသုခ' ချမ်းသာနှင့် ကာမဂုဏ်မှ ထွက်မြောက်ခြင်းကို အကြောင်းပြု၍ဖြစ်သော 'နေက္ခမ္မသုခ' ချမ်းသာတို့တည်း။ ဤချမ်းသာနှစ်မျိုးတို့တွင် နေက္ခမ္မသုခချမ်းသာသည် မြတ်ပေသတည်း။

ရဟန်းတို့၊ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ လောက၌ အကျုံးဝင်သော 'ဥပဓိသုခ' ချမ်းသာနှင့် လောကုတ္တရာ၌ အကျုံးဝင်သော 'နိရုပဓိသုခ' ချမ်းသာတို့တည်း။ ဤချမ်းသာခြင်းနှစ်မျိုးတို့တွင် နိရုပဓိသုခချမ်းသာသည် မြတ်ပေသတည်း။

ရဟန်းတို့၊ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ အာသဝေါတရားတို့၏ အကြောင်းဖြစ်သော 'သာသဝသုခ' ချမ်းသာနှင့် အာသဝေါတရားတို့၏ အကြောင်းမဟုတ်သော 'အနာသဝသုခ' ချမ်းသာတို့တည်း။ ဤနှစ်မျိုးတို့တွင် အနာသဝသုခသည် မြတ်ပေသတည်း။

ရဟန်းတို့၊ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ ကိလေသာ၏ အာရုံဖြစ်၍ ဝဋ်သုံးပါးသို့ရောက်ကြောင်းဖြစ်သော 'သာမိသသုခ' ချမ်းသာနှင့် ကိလေသာ၏ အာရုံမဟုတ်မူ၍ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော 'နိရာမိသသုခ' ချမ်းသာတို့တည်း။ ဤနှစ်မျိုးတို့တွင် နိရာမိသသုခချမ်းသာသည် မြတ်ပေသတည်း။

ရဟန်းတို့၊ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ အရိယာပုဂ္ဂိုလ်တို့၏ 'အရိယသုခ' ချမ်းသာနှင့် ပုထုဇဉ်တို့၏ 'အနရိယသုခ' ချမ်းသာတို့တည်း။ ဤနှစ်မျိုးတို့တွင် အရိယသုခချမ်းသာသည် မြတ်ပေသတည်း။

ရဟန်းတို့၊ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ ကိုယ်၌ဖြစ်သော 'ကာယိကသုခ' ချမ်းသာနှင့် စိတ်၌ဖြစ်သော 'စေတသိကသုခ' ချမ်းသာတို့တည်း။ ဤနှစ်မျိုးတို့တွင် စိတ်၌ဖြစ်သော စေတသိကသုခချမ်းသာသည်မြတ်ပေသတည်း။



www.foreverspace.com.mm



ရဟန်းတို့၊ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ ပီတိနှင့်တကွဖြစ်သော ချမ်းသာ 'သပ္ပီတိကသုခ' နှင့် ပီတိကင်းသောချမ်းသာ 'နိပ္ပီတိကသုခ' တို့တည်း။ ဤနှစ်မျိုးတို့တွင် နိပ္ပီတိကသုခချမ်းသာသည် မြတ်ပေသတည်း။

ရဟန်းတို့၊ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ သာယာအပ်သော သဘောရှိသော ချမ်းသာ 'သာတသုခ' နှင့် လျစ်လျူရှုအပ်သော သဘောရှိသော ချမ်းသာ 'ဥပေက္ခာသုခ' တို့တည်း။ ဤနှစ်မျိုးတို့တွင် ဥပေက္ခာသုခသည် မြတ်ပေသတည်း။

ရဟန်းတို့၊ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိကိုမှီ၍ ဖြစ်သောချမ်းသာ 'သမာဓိသုခ' နှင့် ဥပစာရသမာဓိ၊ အပ္ပနာသမာဓိမှကင်းသောချမ်းသာ 'အသမာဓိသုခ' တို့တည်း။ ဤနှစ်မျိုးတို့တွင် သမာဓိသုခသည် မြတ်ပေသတည်း။

ရဟန်းတို့၊ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ ပီတိနှင့်တကွဖြစ်သော ဈာန်ကို အာရုံပြု၍ဖြစ်သော 'သပ္ပီတိကာရမ္မဏသုခ' ချမ်းသာနှင့် ပီတိကင်းသော ဈာန်ကို အာရုံပြု၍ဖြစ်သော 'နိပ္ပီတိကာရမ္မဏသုခ' ချမ်းသာတို့တည်း။ ဤနှစ်မျိုးတို့တွင် နိပ္ပီတိကာရမ္မဏသုခချမ်းသာသည် မြတ်ပေသတည်း။

ရဟန်းတို့၊ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ သာတသဘောရှိသော ဈာန်ကိုအာရုံပြု၍ဖြစ်သော ချမ်းသာ 'သာတာရမ္မဏသုခ' နှင့် ဥပေက္ခာသဘောရှိသော ဈာန်ကိုအာရုံပြု၍ဖြစ်သောချမ်းသာ 'ဥပေက္ခာရမ္မဏသုခ' တို့တည်း။ ဤနှစ်မျိုးတို့တွင် ဥပေက္ခာရမ္မဏချမ်းသာသည် မြတ်ပေသတည်း။

ရဟန်းတို့၊ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ ရူပါဝစရဈာန်လျှင် အာရုံရှိသော 'ရူပါရမ္မဏသုခ' ချမ်းသာနှင့် အရူပါဝစရဈာန်လျှင် အာရုံရှိသော ချမ်းသာ 'အရူပါရမ္မဏသုခ' တို့တည်း။ ဤနှစ်မျိုးတို့တွင် အရူပါရမ္မဏသုခ ချမ်းသာသည် မြတ်ပေသတည်း'' ဟု မိန့်တော်မူ၏။

(အင်္ဂုတ္တိုရ်ပါဠိတော်မြန်မာပြန်၊ ဒုတိယပဏ္ဏာသက၊ သုခဝဂ်မှ
ကောက်နုတ်ရေးသားပါသည်။)

**အယ်ဒီတာတစ်ဦး**

ပန်းချီကိုကျော်သိုက်



# ဒပ္ပဏ
## ဓမ္မရသမဂ္ဂဇင်း

အတွဲ (၇)၊ အမှတ် ( ၃ ) ၊ ၂၀၀၆ ခုနှစ် ၊ မတ်လ


**ကိုးကွယ်အားထားရာအမှန်**

**ပါဠိတော်မြန်မာပြန်**

**အင်္ဂုတ္တိုရ်ပါဠိတော်မြန်မာပြန်၊ ဒုတိယပဏ္ဏာသက၊ သုခဝဂ်၊**
ချမ်းသာခြင်း နှစ်မျိုး ၂

**ပြန်လည်ပူဇော်ခြင်း**

**မဟာစည်ဆရာတော်ဘုရားကြီး**
လောကဓံ တရားတော် ၈

**မိုးကုတ်ဆရာတော်ဘုရားကြီး**
နောက်တုန်းက ဘယ်လိုများနေခဲ့ကြသတုံး တရားတော် ၁၃

**နန္ဒမာလာဆရာတော်**
သစ္စာသုံးမှိုင် နိဗ္ဗာန်တိုင် တရားတော် ၃၅

**ဓမ္မဒူတ အရှင်ပညာဇောတ**
အကောင်ကြီး ဖြစ်နေတယ်ဘုရား ၆၆

**ဟောစဉ်တရားတော်**

**တိပိဋကဓရ (ယော)ဆရာတော်**
အထုပ်များသော် ဘုန်းကံပေါ် ၃၃

**ဓမ္မဆိုင်ရာအမေးအဖြေ**

အဂ္ဂမဟာပဏ္ဍိတဆရာတော်
ဘဒ္ဒန္တညာဏသာမိဝံသ ၅၀

**ဓမ္မရသအဖုံဖုံ**

**ကိုရွှေသောင်းဝင်း**
အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ (မဟာကမ္မဋ္ဌာနာစရိယ)နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ပြည်ပဓိပလိုမာသင်တန်းသားများ၏ ဓမ္မအတွေး အမေးအဖြေများ ၂၅

**မောင်ချစ်ညို (ပဲခူး)**
ဆရာကောင်းနဲ့ တွေ့ရသူ ၆၂

**မြဝင်း (ဒဿန)**
ဘုရားပေါင်း ရှစ်သောင်းလေးထောင် ကိုးကွယ်ပူဇော်လိုလျှင် ၇၀

**ဦးစန္ဒိမ (စလင်း)**
စကားပြောသော သင်္ကေတများ ၇၂

www.foreverspace.com.mm

**အပ္ပမာဒေါ အမတံ ပဒံ**
ကုသိုလ်ကောင်းမှုတို့၌
မမေ့မလျော့ခြင်းသည်
သေခြင်းကင်းရာ
နိဗ္ဗာန်၏အကြောင်းဖြစ်သည်။


ဦးစံရှိန်
ကမ္ဘာကြီး ဘာကြောင့် မငြိမ်းချမ်းပါသလဲ ၇၅

ဝနဝါသီ-အရှင်ဝါသေဋ္ဌာဘိဝံသ
သောတာပန်နှင့် သံသရာ ၈၄

အရှင်သုမန (ရွှေဂူ)
ညှို့ငင်မာယာ တပ်ခြင်းရာဖြင့် ၈၈

ထီလာမောင် (ကျွဲရဲ)
ကိုယ့်အသေကို မြင်အောင်ကြည့်တာ ဝိပဿနာ ၉၇

တင့်ယဉ်
ကောသမ္ဗရွှေသုတ်တော်(သို့မဟုတ်)ကာလာမသုတ်တော်
ဖြစ်ပေါ်လာခြင်း၏ နောက်ခံသမိုင်း ၁၀၁

တော်ဝင်နွယ်
ဓာတကကြေးမုံ (၂) ၁၀၆

အရှင်ဉာဏိက
ကမ္ဘာ့ဗုဒ္ဓသာသနာပြု ပထမကျော် အဂ္ဂမဟာပဏ္ဍိတ
ဆရာတော် အရှင်သေဋ္ဌိလ၏ ဘဝဖြစ်စဉ်နှင့်
ကမ္ဘာ့ဗုဒ္ဓသာသနာပြုမှတ်တမ်း ၁၁၀

အရှင်သုမင်္ဂလ (စစ်ကိုင်း)
ရေလဲဆရာတော် ၁၁၄

အရှင်ဝိလာသ (ညောင်လေးပင်)
ကမ္မဿကတာဉာဏ်အလင်း ပွင့်လင်းပါစေ ၁၁၈

## နိုင်ငံရပ်ခြား ဓမ္မရသ

ဦးတင်ဦး (မြောင်)
ဘဝအတွေ့တွေ့ ကြုံရလေသမျှ ၅၄

ဟိန်းလတ်
စိတ်ငြိမ်းချမ်းမှု ၈၀

## ဗုဒ္ဓစာပန်းချီ

ငွေဥဒေါင်း
မကောင်းကြံ မကောင်းဖြစ် ၅၈

## လက္ခဏာတော်ကြီး ဘုရားရှိခိုး

တော်ဝင်နွယ်
နှုတ်ခြေလက်၊ ကွန်ရက်သဏ္ဌာန်၊ ခြေဖမိုးကြွ၊ ထပ်ပါးမြင်း ၂၀

## ထွက်ခဲ့သမျှ စာဓမ္မ

သန်းထိုက်သူ ၁၂၅

APMMADA
E-mail:mts @ mptmail.net.mm

အပ္ပမာဒ

**အယ်ဒီတာချုပ်**
မြသန်းစံ
**တာဝန်ခံအယ်ဒီတာ**
လွင်ငြိမ်း၊သန်းထိုက်သူ
**အဖွဲ့ဝင်အယ်ဒီတာ**
ဦးအောင်သန်း
**ဒီဇိုင်းဖွဲ့စည်းမှု**
ပန်းချာန်
**အုပ်ချုပ်ရေးမှူး**
ဒေါ်သိဂီမိုး
**မျက်နှာဖုံးပန်းချီ**
ကိုကျော်မင်းမောင်
**အတွင်းပန်းချီ**
ကိုမောင်မောင်သိုက်၊ ကိုကျော်သောင်း၊
ရွှေစိုးဟန်၊ ကိုကျော်သိုက်
**ပြင်ပဆက်သွယ်ရေး**
သန်းနိုင်ထွန်း
**ကွန်ပျူတာစာစီ**
ကေခိုင်မင်းမင်းထွန်း
**စီစဉ်ထုတ်လုပ်နှင့် ဖြန့်ချိရေး(ပင်ရင်း)**
အပ္ပမာဒစာစဉ်
(၁၈၉)၊ရွှေဝါထွန်း(၂)လမ်း၊(၃၃)ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။
ဖုန်း-၅၈၄၇၃၈
**တစ်ပြည်လုံးဖြန့်ချိရေး**
ဦးအောင်မြင့်(ဆင်တောင်ကြီးစာပေ) ၄၁၊
၂၉လမ်း(အောက်)၊ရန်ကုန်မြို့။ဖုန်း-၃၈၁၈၃၄
**ထုတ်ဝေသူ**
ဦးမြသန်းစံ (မြဲ-၀၃၈၈၁)
(၁၈၉)၊ရွှေဝါထွန်း(၂)လမ်း၊(၃၃)ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။
ဖုန်း-၅၈၄၇၃၈
**ပုံနှိပ်သူ**
ဦးမောင်မောင်လှ (၀၅၇၄၅) ရွှေနိုင်ငံပုံနှိပ်တိုက်၊
အမှတ်၉၀(စီ)၊
ကမ္ဘာအေးဘုရားလမ်း၊ရန်ကုန်မြို့။
**ဖလင်**
Best Color ၊ဇမ္ဗူတလူ၊Stars
အုပ်ရေ-၁၀၀၀၀၊ တန်ဖိုး-(၆၀၀)ကျပ်

စာမူခွင့်ပြုချက် - ၃၂၀၀၇၅၀၆၀၂
မျက်နှာဖုံးခွင့်ပြုချက် - ၃၂၀၀၂၄၀၆၀၁

www.foreverspace.com.mm

# အယ်ဒီတာချုပ်၏ စကားဦး

စိတ်နဲ့ ဉာဏ်နဲ့သိလာတဲ့တရားတွေကို လက်က စကားလုံးတွေနဲ့ စီပြီးချရေး၊ ပါးစပ်က အသံတွေနဲ့ ထုတ်ပြောနေရတာတွေဟာ တကယ်သိထားတဲ့ တရားရဲ့အဓိပ္ပါယ်ကို ပေါ်လွင်ဖို့ရာ အတော်ခက်ပါတယ်။

ဘုရားရှင်ကတော့ ကောင်းသောစကားကို ဆိုတော်မူတတ်တဲ့ သုဂတောဂုဏ်တော်လည်းရှိ၊ သဒ္ဒါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန်၊ ပညတ်ဆိုတဲ့ ညေယျမဏ္ဍိုင်ငါးအင်ကို သိမြင်တော်မူနိုင်တဲ့ အနာဝရဏဉာဏ်တော်ကြီးလည်း ရှိဆိုတော့ သိခဲ့သမျှတရားကို ပညတ်တင် ဟောပြောတော်မူခဲ့ရာမှာ အထူးကျွမ်းကျင်နိုင်နင်းတော်မူလှပါတယ်။

ဘုရားရှင်ကလွဲလို့ ကျန်သောပုဂ္ဂိုလ်ကြီးငယ် အသွယ်သွယ်တို့ဟာ ကိုယ့်ပါရမီစွမ်းအားအလိုက် ဘုရားရှင်ရဲ့ တရားတော်တွေကို တစ်ဆင့်ပြန်ဟောကြတဲ့နေရာမှာ ဘုရားရှင်လောက် ဘယ်သူမျှ မပြည့်စုံနိုင်ကြဘူးဆိုတာကိုတော့ ဝန်ခံရမှာပါပဲ။

စာပေထဲကပဲသိသိ၊ ခန္ဓာကပဲသိသိ၊ အရှိတရားတွေကို ပညတ်တင်ပြောဆိုရာမှာ ဘုရားရှင်လောက်တော့ ဘယ်သူမျှပြည့်စုံနိုင်မှာမဟုတ်တာကတော့ အမှန်ပါပဲ။

ဒါကြောင့်မို့လေ၊ အနှိုင်းမဲ့ဆိုတဲ့အတိုင်း တကယ့်ကိုအနှိုင်းမဲ့တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါလားဆိုတာ ကြာလေ ပိုပြီးကြည်ညိုသဒ္ဓါတိုးရလေပါပဲ။

ဘုရားရှင် မရှိတော့တဲ့နောက်ပိုင်း ဘုရားရှင် ထားရစ်တော်မူခဲ့တဲ့ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)ကျော်နဲ့ အဲဒီဓမ္မက္ခန္ဓာတွေကို မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြတဲ့ ဘုရားရှင်ရဲ့ တပည့်သားသံဃာတော်အရှင်မြတ်တွေဟာ ခေတ်အဆက်ဆက်၊ ဝေနေယျပုဂ္ဂိုလ်အဆက်ဆက်အတွက် တကယ့်ကို အားကိုးအားထားရာ ရတနာတွေပါပဲ။

ဘုရားပေးခဲ့တဲ့ တရားရတနာအမွေကို ကျင့်ကြံအားထုတ်မှုနဲ့ ထိန်းသိမ်းစောင့်ရှောက်ရင်း၊ တပည့်ဒကာ၊ ဒကာမတွေကို ကိုယ်ကျင့်သလို ကျင့်လာကြဖို့ နှိုးဆော်တိုက်တွန်းရင်းက သာသနာတော်ကို ဦးဆောင်ထမ်းရွက်လာကြတဲ့ သံဃာရတနာရဲ့ ကျေးဇူးတော်တွေကလည်း ဆပ်လို့မကုန်နိုင်အောင်ပါပဲ။

ဒါကြောင့်မို့ ခင်ပွန်းကြီးဆယ်ပါးထဲမှာ သံဃာရတနာအနေနဲ့ရော၊ ဘုရားရဲ့တရားတော်တွေကို ပြန်လည်ဟောကြားပေးတဲ့ ဆရာသမားအနေနဲ့ရော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေကို ဖြည့်ကျင့်နေတဲ့ ပုဂ္ဂိုလ်အနေနဲ့ရော၊ သုံးထပ်ကွမ်းပါဝင်လေတဲ့ ဆရာတော်မထေရ်မြတ်ကြီးတွေရဲ့ ကျေးဇူးတရားကို အောက်မေ့ကြည်ညိုရတာဖြင့် ပီတိပဿဒ္ဓိတွေ ဖြစ်လို့ မဆုံးနိုင်တော့ပါဘူး။

မိမိရဲ့ စင်ကြယ်မှုအကျင့်တရားတွေနဲ့ အခြားသူတစ်ပါး သို့မဟုတ် တပည့် ဒကာ၊ ဒကာမတွေကို ပီတိ၊ ပဿဒ္ဓိတွေ ဖြစ်စေနိုင်တဲ့စွမ်းရည်ဟာ နည်းတဲ့ဓမ္မစွမ်းရည်မဟုတ်ပါဘူး။

မိမိရဲ့ ဓမ္မစွမ်းရည်ကြောင့် မိမိရဲ့ တပည့်သားသမီးတွေဟာ ပီတိပဿဒ္ဓိ ဖြစ်လာခဲ့ပြီဆိုမှဖြင့် မိမိသင်ကြားလေ့ကျင့်ပေးထားတဲ့အတိုင်း

www.foreverspace.com.mm

ဖြစ်လာတဲ့ ပီတိပဿဒ္ဓိကို ဝိပဿနာလက္ခဏာတင်ပြီး ရှုမှတ်လိုက်ရင်ဖြင့် ဝိပဿနာ ဉာဏ်အဆင့်ဆင့်ဟာ တစ်မုဟုတ်ချင်း ထိုးတက်သွားမှာအမှန်ပါပဲ။

ပါရမီရင့်နေတဲ့ တပည့်သားသမီးတွေဆိုရင် အဲဒီအရှိန်ရဲ့တွင် တစ်ခါတည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေ ဆိုက်ရောက်သွားနိုင်တဲ့အထိ အကျိုး များသွားနိုင်ပါတယ်။

မိမိနဲ့တကွ သာသနာတော်ကြီး စည်ပင်ဖွံ့ထွားဖို့ ပစ္စည်းလေးပါးနဲ့ ထောက်ပံ့လှူဒါန်းနေတဲ့ တပည့်ဒကာတွေကို မိမိရဲ့ ဝိသုဒ္ဓိအဆင့်ဆင့်နဲ့ ပြန်လည်ချီးမြှင့်တာဟာ အလျော်ကန် အသင့်မြတ်ဆုံးပါပဲ။ နည်းလမ်းလည်း အကျဆုံးပါပဲ။ တပည့်သားသမီးတွေအနေနဲ့လည်း ဝတ်ရုံမဝတ်ဘဲနဲ့ကို သာသနာအနွယ်ဝင် ဘုရားရှင်ရဲ့ သားတော်အစစ်၊ သမီးတော်အစစ်တွေ ဖြစ်လာတဲ့အထိ ဘဝရော၊ အသိဉာဏ်ပါ တိုးတက်ပွင့်လန်းလာစေမှာ အမှန် ပါပဲ။

သို့မှသာ ဆရာ-ဒကာ၊ ဒကာ-ဆရာ ယှဉ်တွဲနေတဲ့လောကကြီးဟာ အလုတရားတွေနဲ့ ဝေဆာသွားတော့မှာပေါ့။ ဘုရားရှင်အနေနဲ့လည်း သာသနာတော်ကြီးကို မျက်နှာလွှဲထားရစ်ခဲ့ရကျိုးလည်း နပ်တော့မှာပေါ့။

သည်လိုမှမဟုတ်ဘဲနဲ့ ဓမ္မကို သင်ကြားပြသ အဆုံးအမပေးရမယ့်နေရာမှာ ပုဂ္ဂိုလ်ကြီးကို ရှေ့တန်းတင် ဦးစားပေးလွန်းလာရင် မခက်ပေဘူးလား။ တပည့်ဒကာတွေခမျာ နဂိုကမှ ကာမဂုဏ်နယ်ပယ် လောကီလူမှုစီးပွားတွေကြားထဲမှာ ပုဂ္ဂိုလ်အမြင်တွေ ထူထပ်ပြီး ဗျာများနေရတဲ့ကြားထဲ ဆရာလုပ်သူက ပုဂ္ဂိုလ်အမြင်ကို ထပ်ဆင့်ပေးသနားလိုက်ရင်ဖြင့် ဘူးလေးရာ ဖရုံဆင့်လို့ နင့်ခနဲနေအောင် ခံကြရတော့မှာပါ။

ဒါကြောင့်မို့ သံသရာမှာ ဆရာအမှားကို ကိုးကွယ်မိရင်ဖြင့် အနစ် နာကြီး နစ်နာကြရတယ်လို့ ဆိုရိုးစကားရှိခဲ့တာပေါ့။ ဗုဒ္ဓဝင်ထဲက ဆရာ ဒေဝဒတ်နဲ့ တပည့်အဇာတသတ်မင်းတို့ရဲ့ အဖြစ်အပျက်ဟာဖြင့် နောင်လာ နောက်သားတို့အတွက် သင်ခန်းစာယူလို့ မကုန်နိုင်တဲ့ အထောက်အထား သာဓကကြီးတစ်ခုပါပဲ။

အတိတ်ကံသတ္တိရယ်၊ လက်ရှိပစ္စုပ္ပန်ဘဝ အကျင့်တရားရယ် ပေါင်းစပ်မိတဲ့အခါ ဆရာသမားနေရာကို မမျှော်လင့်ဘဲရောက်လာကြတဲ့ သူတွေ အဖို့ တကယ့်ကိုသတိထားရမယ့် အရေးအကြီးဆုံးအချက်က ကိုယ်ဟာ ပုဂ္ဂိုလ်မဟုတ်၊ ကိုယ်ကိုယ်တိုင်သည်ပင်လျှင် ဓမ္မဖြစ်နေတယ်ဆိုတဲ့ အချက် ပါပဲ။

ကိုယ်ကိုယ်တိုင် ဓမ္မဖြစ်နေမှတော့ ကိုယ့်တပည့်တွေလည်း ဓမ္မပဲ ဖြစ်နေတော့မပေါ့။ သည်နေရာမှာ သက်တော်ထင်ရှားရှိဆဲဖြစ်တဲ့ ပခုက္ကူ ဆရာတော်ဘုရားကြီး ဦးဣန္ဒောဘာသရဲ့ အဆုံးအမကို အလေးအနက် နှလုံးသွင်းမိလိုက်ပါရဲ့ …။

"သတ္တဝါနဲ့ သင်္ခါရ၊ ကြားတာ၊ မြင်တာတွေက သင်္ခါရနော်။ သတ္တဝါဘက်ကို စိတ်အရောက်နည်းရင် သင်္ခါရဘက်ကို စိတ်အရောက်များမယ်။ သင်္ခါရဘက်ကို စိတ်အရောက်များရင် အနိစ္စ၊ဒုက္ခ၊ အနတ္တဘက်ကို အရောက်များမယ်။ စိတ်ထဲမှာ သတ္တဝါတွေ၊ ယောကျ်ား၊ မိန်းမတွေမပါတော့ ရင်ထဲမှာ အေးတယ်၊ အဲဒါမျိုးကို နိဗ္ဗာန်ခေါ်တယ်။သတ္တဝါတွေမပါဘဲနေမှ စိတ်ထဲ အေးတယ်။ အဲဒါကို နိရောဓသစ္စာလို့ ခေါ်တယ်။သတ္တဝါတွေကို ခန္ဓာအစဉ်လို့ခေါ်တယ်။ ခန္ဓာအစဉ်ရှိမှ သတ္တဝါဖြစ်တယ်။ အစဉ်မရှိလို့ ပြတ်သွားတော့ နိဗ္ဗာန်ရောက်သွားတယ်။

မျက်စိကမြင်၊ မနှိုင်းယှဉ်၊ ဤတွင်တရားရ။

ချစ်ရင်ဒုက္ခ ချုပ်မှနိဗ္ဗာန်။

ခန္ဓာဆိုတာ ဖြစ်တဲ့သဘော၊ နိဗ္ဗာန်ဆိုတာ ချုပ်တဲ့သဘော။

မျက်စိနဲ့မြင်ပြီး ဆက်မတွေးဘဲနေရင် ပုဂ္ဂိုလ်မဖြစ်ဘူး။ ပုဂ္ဂိုလ်မဖြစ်ရင် အဝိဇ္ဇာမဖြစ်ဘူး။ အဝိဇ္ဇာမဖြစ်ရင် တဏှာမဖြစ်ဘူး။

ဝိညာဏ်၊ နာမ်ရုပ်၊သဠာယတန၊ ဖဿ၊ ဝေဒနာ၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဖဿ၊အကျိုးငါးပါးက အကြောင်းငါးပါးကို မဆက်ရင် အဲဒီနေရာမှာ သောတာပန်ဖြစ်သွားတယ်"

ကိုယ့်ကိုယ်လည်း ဓမ္မလို့မြင်ထားပြီး တပည့်ဒကာတွေအပေါ်မှာလည်း ဓမ္မလို့မြင်ရင်းက ဓမ္မသက်သက်ကိုသာ ချီးမြှင့်တတ်တဲ့ ပခုက္ကူဆရာတော်ဘုရားကြီးထံ ချဉ်းကပ်အဆုံးအမခံလေတိုင်း စင်ကြယ်တဲ့ ပညတ်တန်းတင် ဓမ္မစကားလုံးတွေသာ ကြားနာခဲ့ရတဲ့အတွက် "လောကကြီးမှာ ဆရာသမားမရှိဘဲနဲ့ နေရတဲ့ဘဝဟာ မတင့်တယ်ဘူး" ဆိုတဲ့ သဗ္ဗညုတဉာဏ်တော်ရပြီးခါစ ဘုရားရှင်ရဲ့ ဆရာသမားရှာပုံတော် စကားတစ်ခွန်းဟာဖြင့် တကယ့်ကို လေးလေးနက်နက် အသက်ဝင်နေတော့တာပါပဲ …။

**မြသန်းစံ**
**၃-၁၂-၀၅**




# လောကဓံတရားတော်

## မဟာစည်ဆရာတော်ဘုရားကြီး

(ယခင်လမှအဆက်)

### အကောင်းဆုံးမင်္ဂလာ

လောကဓမ္မေဟိ ဖုဋ္ဌဿ၊ လောကဓံတရားရှစ်ပါးတို့နှင့် တွေ့သော၊ ဝါ လောကဓံတရားရှစ်ပါးတို့က တွေ့ထိနှိပ်စက်အပ်သော။ ယဿ၊အကြင်ရဟန္တာပုဂ္ဂိုလ်၏။စိတ္တံ၊ စိတ်နှလုံးသည်။ နကမ္ပတိ၊ မတုန်မလှုပ်။ အသောကံ၊ စိုးရိမ်ပူဆွေးခြင်းလည်းမရှိ။ (လောကဓံ အဆိုးတွေနဲ့ တွေ့ရတဲ့အခါမှာ ‘ရှေးက ကောင်းနေတာပဲ၊ ယခု အဆိုးတွေနဲ့ တွေ့ရတယ်။ ဖြစ်မှ ဖြစ်ရလေခြင်း’ လို့ ဒီလို စိုးရိမ်ပူဆွေးခြင်းလည်း မရှိဘူးတဲ့။ သိပ်ကောင်းတာပဲ) ဝိရဇံ၊ ကိလေသာဟူသော မြူလည်းမရှိ။ (လောကဓံအကောင်းတွေနဲ့ တွေ့ရပေမယ့် နှစ်သက်သာယာတဲ့ ရာဂ ကိလေသာ မြူအညစ်အကြေးမလူးလဲဘဲ စိတ်ဟာ စင်ကြယ်နေတယ်။ လောကဓံ အဆိုးတွေနဲ့ တွေ့ရပေမယ့် စိတ်ပျက်၊ စိတ်ဆိုးမှု၊ သည်းမခံနိုင်မှု၊ ဒေါသ ကိလေသာအညစ်အကြေးမလူးလဲဘဲ စင်ကြယ်မြဲ စင်ကြယ်နေပါတယ်တဲ့။သိပ်ကောင်းတာပဲ။) ခေမံ၊ ကြောက်ဖွယ်ဘေးရန်လည်းမရှိ။ (ကြောက်ဖွယ် လောကဓံ

www.foreverspace.com.mm



အဆိုးတွေနဲ့ တွေ့ရပေမယ့် ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းမရှိဘူး၊ ဘေးရန်မရှိတဲ့ အခါလိုပဲ စိတ်နှလုံးဟာ ကြည်လင်မြဲ ကြည်လင်နေပါတယ်တဲ့။ ဒါလည်း သိပ်ကောင်းတာပဲ။) ဇတံ၊ ဤစိတ်နှလုံးမတုန်လှုပ်ခြင်း၊ မစိုးရိမ်ခြင်း၊ကိလေသာမြူကင်းခြင်း၊ ဘေးရန်ကင်းခြင်းသည်။ ဥတ္တမံ၊မြတ်သော။ မင်္ဂလံ၊ ကြီးပွားချမ်းသာကြောင်း မင်္ဂလာမည်၏တဲ့။

ဒါကတော့ မင်္ဂလာဟူသမျှထဲမှာ အကောင်းဆုံး မင်္ဂလာပဲ။ ဒီမင်္ဂလာက ရဟန္တာမှာမှ ကောင်းကောင်းကြီး ပြည့်စုံပါတယ်။ ဒီမင်္ဂလာနဲ့ ကောင်းကောင်းကြီး ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ဟာ ပရိနိဗ္ဗာန်မစံမီအတွင်းလည်း စိတ်တက်ကြွပြီး တုန်လှုပ်ခြင်းလည်း မရှိဘူး။ စိတ်ဆင်းရဲပြီး တုန်လှုပ်ခြင်းလည်း မရှိဘူး။ စိုးရိမ်စရာတွေ ရှိပေမယ့်လည်း မစိုးရိမ်ဘူး။ ဘေးရန် အန္တရာယ်တွေနဲ့ တွေ့ပေမယ့်လည်း ကြောက်လန့်ခြင်း မရှိဘူး။ တစ္ဆေမကြောက်တဲ့သူကို တစ္ဆေခြောက်သလို ရှိမှာပေါ့။ ဒါကြောင့် စိတ်နှလုံးဟာ ညစ်နွမ်းခြင်း မရှိဘဲ အမြဲတမ်း စင်ကြယ်နေတယ်။ အမြဲတမ်း စိတ်ချမ်းသာနေတယ်။ ပရိနိဗ္ဗာန်စံပြီးတဲ့နောက်မှာတော့ လောကဓံတရားတွေနဲ့လည်း မတွေ့ရတော့ဘူး။ ကိုယ်ဆင်းရဲလည်းမရှိတော့ဘူး။ ဘာဆင်းရဲမှု မရှိတော့ဘူး။ အမြဲတမ်း အစဉ်ထာဝရ အေးငြိမ်းချမ်းသာသွားတော့တာပဲ။ ဒါကြောင့် ဒီမင်္ဂလာက နောက်ဆုံး နိဂုံးချုပ်အနေနဲ့ ထားပြီး မြတ်စွာဘုရားက ဟောတော်မူခဲ့ပေတာပဲ။

ယခု တရားအားထုတ်နေကြတာဟာလည်း ဒီမင်္ဂလာကို ရအောင်လို့ အားထုတ်နေကြတာပဲ။ ယခု ဒီမှာ ဒွါရ(၆)ပါးက ဖြစ်ခိုက်တရားတွေကို လိုက်ပြီး ရှုမှတ်နေတာနဲ့ ဒီမင်္ဂလာတရားနဲ့ ဘယ်လိုဆိုင်သလဲဆိုရင် ဖြစ်ခိုက်တရားတွေကို လိုက်ပြီး ရှုမှတ်နေတော့ မိမိတို့သန္တာန်က ရုပ်နာမ်တရားတွေကို အမှန်အတိုင်း သိရမယ်။ခဏမစဲ ဖြစ်ပျက်နေလို့ မမြဲဘူး။ ဆင်းရဲအစုမျှပဲ၊ ဘာမျှ အားကိုးစရာမရှိဘူး။ အသက်ရှင်နေတဲ့ ပုဂ္ဂိုလ်သတ္တဝါရယ်လို့လည်း မရှိဘူး။ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောမျှပဲဆိုတာကို ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်အတိုင်းသိရတယ်။ သူတစ်ပါးသန္တာန်က ရုပ်နာမ်တရားတွေကိုလည်း ဒီလို အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောမျှပဲလို့ အမှန်အတိုင်း သိရတယ်။ ဒီလိုသိရတဲ့အတွက် လောကဓံတရားတွေနဲ့ တွေ့ရတဲ့အခါ သည်းခံနိုင်တယ်။

ဒီလို တရားနှလုံးသွင်းမှု၊ အားထုတ်မှုမရှိတဲ့ သူတွေမှာတော့ ရုပ်ကိုယ်ကြီးရော၊ သိသိနေတဲ့ စိတ်ရော၊ငယ်ငယ်ကတည်းက အမြဲတမ်း တည်နေတဲ့ ငါကောင်ပဲလို့ ထင်မှတ်နေတယ်။ ကောင်းတာတွေနဲ့ တွေ့တဲ့အခါ ငါပဲ ကောင်းစားချမ်းသာနေတယ်လို့ ဒီလိုလည်း ထင်မှတ်နေတယ်။ မကောင်းတာတွေနဲ့ တွေ့တဲ့အခါ ငါပဲ ဆင်းရဲနေတယ်လို့ ဒီလိုလည်း ထင်မှတ်နေတယ်။ စပ်ဆိုင်တဲ့ သက်ရှိသက်မဲ့ ဝတ္ထုတွေကိုလည်း ငါ့ဟာ ငါ့ဟာလို့ ထင်မှတ်စွဲလမ်းနေတယ်။ ဒါကြောင့် လောကဓံ အကောင်းတွေနဲ့ တွေ့ရတဲ့အခါမှာ ဝမ်းမြောက်ပြီး စိတ်ကတက်ကြွနေတယ်။ လောကဓံအဆိုးတွေနဲ့ တွေ့ရတဲ့အခါမှာလည်း ဝမ်းနည်းပြီး စိတ်နှလုံးကကျဆင်းနေတယ်။ သည်းမခံနိုင်ဘူး။ အဲဒီလို တရားသိသူနဲ့ တရားမသိသူ ထူးခြားပုံကို ထင်ရှားသိရအောင် မြတ်စွာဘုရားက ဒီလိုဆက်လက်ပြီး မေးမြန်းဟောကြားတော်မူပါတယ်။

### မေးခွန်းတော်

အဿုတဝတော ဘိက္ခဝေ ပုထုဇ္ဇနဿ ဥပ္ပဇ္ဇတိ လာဘောပိ အလာဘောပိ ယသောပိ အယသောပိ နိန္ဒာပိ ပသံသာပိ သုခမ္ပိ ဒုက္ခမ္ပိ၊ သုတဝတောပိ ဘိက္ခဝေ အရိယသာဝကဿ ဥပ္ပဇ္ဇတိ လာဘောပိ အလာဘောပိ ယသောပိ အယသောပိ နိန္ဒာပိ ပသံသာပိ သုခမ္ပိ ဒုက္ခမ္ပိ၊ တတြ ဘိက္ခဝေ ကော ဝိသေသော ကော အဓိပ္ပယာသော ကိံနာနာကရဏံ သုတဝတော အရိယသာဝကဿ အဿုတဝတာ ပုထုဇ္ဇနေန။

ဘိက္ခဝေ၊ရဟန်းတို့။အဿုတဝတော၊ သုတ မရှိသော။ဝါ-အကြားအမြင်မရှိသော။ ပုထုဇ္ဇနဿ၊ ပုထုဇဉ်ပုဂ္ဂိုလ်အား။ လာဘောပိ၊ လာဘ်ရခြင်းသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ အလာဘောပိ၊ လာဘ်မရခြင်းသည်လည်း ဖြစ်ပေါ်၏။ ယသောပိ၊ အခြွေအရံများခြင်းသည်

www.foreverspace.com.mm

လည်း ဖြစ်ပေါ်၏။ အယသောပိ၊ အခြွေအရံမဲ့ခြင်းသည်လည်း ဖြစ်ပေါ်၏။ နိန္ဒာပိ၊ အကဲ့ရဲ့ခံရခြင်းသည်လည်းဖြစ်ပေါ်၏။ ပသံသာပိ၊ အချီးမွမ်းခံရခြင်းလည်း ဖြစ်ပေါ်၏။ သုခမ္ပိ၊ ချမ်းသာလည်း ဖြစ်ပေါ်၏။ ဒုက္ခမ္ပိ၊ ဆင်းရဲလည်းဖြစ်ပေါ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သုတဝတောပိ အရိယသာဝကဿ၊ အကြားအမြင်ရှိသော အရိယာသာဝကအားလည်း။ လာဘောပိ ဥပ္ပဇ္ဇတိ၊ လာဘ်ရခြင်းလည်းဖြစ်ပေါ်၏။ အလာဘောပိ၊ လာဘ်မရခြင်းလည်း ဖြစ်ပေါ်၏။ ယသောပိ၊အခြွေအရံများခြင်းလည်း ဖြစ်ပေါ်၏။အယသောပိ၊ အခြွေအရံမဲ့ခြင်းလည်း ဖြစ်ပေါ်၏။ နိန္ဒာပိ၊ အကဲ့ရဲ့ခံရခြင်းလည်း ဖြစ်ပေါ်၏။ ပသံသာပိ၊ အချီးမွမ်းခံရခြင်းလည်း ဖြစ်ပေါ်၏။ သုခမ္ပိ၊ ချမ်းသာလည်း ဖြစ်ပေါ်၏။ ဒုက္ခမ္ပိ၊ ဆင်းရဲလည်း ဖြစ်ပေါ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တတြ၊ ထိုသို့အကြားအမြင်ရှိသူ၊ မရှိသူ (၂)ဦးလုံးမှာ လောကဓံတရား ဖြစ်ပေါ်ရာ၌။ သုတဝတော အရိယသာဝကဿ၊ အကြားအမြင်ရှိသော အရိယာသာဝက၏။ အဿုတဝတော ပုထုဇ္ဇနေန၊ အကြားအမြင်မရှိသော ပုထုဇဉ်နှင့်။ ကောဝိသေသော၊ အထူးကား အဘယ်ပါနည်း၊ အဘယ်သို့ ထူးခြားပါသနည်း။ ကော အဓိပ္ပယာသော၊ ထူးကဲသော လုံ့လပယောဂကား အဘယ်ပါနည်း၊ လုံ့လပြုမှု အဘယ်သို့ ထူးကဲပါသေးသနည်း။ ကိံနာနာကရဏံ၊ အထူးပြုကြောင်း ကွဲပြားကြောင်းကား အဘယ်ပါနည်း၊ အဘယ်သို့ ကွဲပြားပါသနည်းတဲ့။

အတိုချုပ် ဆိုလိုတာကတော့ အကြားအမြင်မရှိတဲ့ ပုထုဇဉ်မှာလည်း လာဘ်ရခြင်း၊ လာဘ်မရခြင်း အစရှိတဲ့ လောကဓံတရားရှစ်ပါးလုံး ဖြစ်ပေါ်တယ်။ အကြားအမြင်ရှိတဲ့ အရိယာသာဝကမှာလည်း အဲဒီ လောကဓံတရားရှစ်ပါးလုံး ဖြစ်ပေါ်ပုံချင်းကတော့ အတူတူပဲ။ အဲဒီလို ဖြစ်ပေါ်ရာမှာ အကြားအမြင်မရှိတဲ့ သူနဲ့ ရှိတဲ့သူမှာ ဘာထူးသေးသလဲလို့ ဆိုလိုပါတယ်။

အဲဒီမှာ အကြားအမြင်ဆိုတဲ့ သုတ-က အာဂမသုတနဲ့ အဓိဂမသုတ-ရယ်လို့ ဒီလို(၂)မျိုးရှိတယ်။ အဲဒီ (၂)မျိုးထဲက အာဂမသုတဆိုတာ မြတ်စွာဘုရား ဟောထားတဲ့ တရားတွေကို ကြားနာမှတ်သားထားဖူးတာကိုပဲ ဆိုလိုပါတယ်။ ဒီသုတ်အရ ကြားနာမှတ်သားထားဖို့ လိုတာကတော့ လောကဓံတရားအကြောင်း၊ ဒီလောကဓံတရားတွေကို ဘယ်သူမျှ မရှောင်နိုင်ဘဲ တွေ့ရမဲ့ဖြစ်တဲ့အကြောင်း၊ အနိစ္စတရားဖြစ်တဲ့အကြောင်း၊ မိမိရော သူတစ်ပါးရော ရုပ်နာမ်(၂)ပါး၊ အနိစ္စ၊ဒုက္ခ၊ အနတ္တသဘောမျှ ဖြစ်တဲ့အကြောင်း စသည်ကို ကြားနာမှတ်သားထားဖူးဖို့ လိုပါတယ်။ အဲဒီလို ကြားနာမှတ်သားထားဖူးလို့ရှိရင် အာဂမသုတခေါ်တဲ့ အကြားနဲ့ပြည့်စုံသည် မည်ပါတယ်။ အဓိဂမသုတဆိုတာကတော့ ရုပ်နာမ်၊ အနိစ္စ၊ ဒုက္ခ၊အနတ္တသဘောတွေ၊ သစ္စာ (၄)ပါးတရားတွေကို ဝိပဿနာဉာဏ် အရိယမဂ်ဉာဏ်ဖြင့် ကိုယ်တိုင်တွေ့ သိမြင်တာကို ဆိုလိုပါတယ်။ အဲဒီလို ကိုယ်တိုင်တွေ့ သိမြင်ရင် အဓိဂမသုတခေါ်တဲ့ အမြင်နဲ့ ပြည့်စုံသည် မည်ပါတယ်။ အဲဒီအကြားအမြင် (၂)ပါးစလုံး မရှိတဲ့သူနဲ့ ရှိတဲ့သူမှာ လောကဓံတရားရှစ်ပါးနဲ့ တွေ့ရတဲ့အခါ ဘယ်လိုထူး ခြားသလဲလို့ မြတ်စွာဘုရားက မေး မြန်းတော်မူပါတယ်။ အဲဒီတော့ ရဟန်းတော်များက ဒီလိုပြန်ကြားလျှောက်ထားကြပါတယ်။

## ရဟန်းတော်များက လျှောက်ထားကြပုံ

ဘဂဝံမူလကာ နော ဘန္တေ ဓမ္မာ ဘဂဝံနေတ္တိကာ ဘဂဝံပဋိသရဏာ၊ သာဓု ဝတ ဘန္တေ ဘဂဝန္တံ ယေဝပဋိဘာတု ဧတဿ ဘာသိတဿ အတ္ထော၊ ဘဂဝတော သုတွာ ဘိက္ခူ ဓာရေဿန္တိ။

ဘန္တေ၊ မြတ်စွာဘုရား။ နော၊ အကျွန်ုပ်တို့၏။ ဓမ္မာ၊ သိရသော တရားတို့သည်။ ဘဂဝံမူလကာ၊ မြတ်စွာဘုရားလျှင် မူလရင်းရှိကြပါသည်ဘုရား။ဘဂဝံနေတ္တိကာ၊ မြတ်စွာဘုရားလျှင် အကြောင်းရင်းရှိကြပါသည်ဘုရား။ ဘဂဝံပဋိသရဏာ၊ မြတ်စွာဘုရားလျှင်း ကိုးကွယ်အားထားရာ ရှိကြပါသည်ဘုရား။ ဘန္တေ၊ မြတ်စွာဘုရား။ ဧတဿ ဘာသိတဿ အတ္ထော၊ မိန့်ဆိုမေးမြန်းအပ်သော ထိုစကား၏ အနက်သည်။ ဘဂဝန္တံယေဝ၊ မြတ်စွာဘုရားအားသာလျှင်။ပဋိဘာတု၊ဟောရန် ဉာဏ်၌ထင်ပေါ်ပါစေ၊ ဝါ-ဉာဏ်ထင်ပေါ်

www.foreverspace.com.mm



၍ ပြောတော်မူပါလျှင်။ သာဓုဝတ၊
ကောင်းပါလိမ့်မည် အရှင်ဘုရား။
ဘဂဝတော၊မြတ်စွာဘုရား၏ စကား
တော်ကို။ သုတွာ၊ ကြားနာကုန်၍။
ဘိက္ခူ၊ရဟန်းတို့သည်။ ဓာရေဿန္တိ၊
ဆောင်ထားကြပါလိမ့်မည် အရှင်
ဘုရား-တဲ့။

အတို ချုပ်ဆို လို တာက
တော့ တပည့်တော်တို့ တရားတွေကို
သိနားလည်ကြရတာဟာ မြတ်စွာ
ဘုရားက ဟောလို့ သိရပါတယ်။
တပည့်တော်တို့ သိရတဲ့တရားတွေ
ဟာ မြတ်စွာဘုရားလျှင် အရင်းခံရှိ
ပါတယ်။ဒါကြောင့် ယခုမေးတဲ့တရား
ရဲ့ အနက်အဓိပ္ပါယ်ကို မြတ်စွာဘုရား
ပင် ဖြေရှင်းဟောကြားတော်မူပါ။
တပည့်တော်တို့ ရဟန်းတွေကတော့
မြတ်စွာဘုရား တရားစကားတော်
ကို ကြားနာမှတ်သားပြီး ဆောင်
ထားကြပါမည်ဘုရားလို့ လျှောက်ကြ
ပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရား
က ဒီလို ဖြေရှင်းဟောကြားတော်မူ
တယ်။

## မြတ်စွာဘုရား ဖြေရှင်းချက်

အဿုတဝတော ဘိက္ခဝေ
ပုထုဇ္ဇနဿ ဥပ္ပဇ္ဇတိ လာဘော၊
သော န ဣတိ ပဋိသဉ္စိက္ခတိ ဥပ္ပ
န္နော ခေါ မေ အယံ လာဘော၊
သော စ ခေါ အနိစ္စော၊ ဒုက္ခော
ဝိပရိဏာမဓမ္မောတိ ယထာဘူတံ
နပ္ပဇာနာတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ အ
ဿုတဝတော ပုထုဇ္ဇနဿ၊ အကြား
အမြင်မရှိသော ပုထုဇဉ်ပုဂ္ဂိုလ်အား။
လာဘော၊ လာဘ်ရမှုသည်။ဥပ္ပဇ္ဇတိ၊
ဖြစ်ပေါ်၏။ သော၊ ထိုလာဘ်ရသော
ပုထုဇဉ်ပုဂ္ဂိုလ်သည်။ န ဣတိ ပဋိ
သဉ္စိက္ခတိ၊ ဤသို့ မဆင်ခြင် မစဉ်း
စားမိ။ မေ၊ ငါ့အား။ လာဘော၊
လာဘ်ရခြင်းသည်။ဥပ္ပန္နော၊ ဖြစ်ပေါ်
လာခဲ့ပြီ။သောစ ခေါ လာဘော၊ ထို
လာဘ်ရခြင်းသည်လည်း။ အနိစ္စော၊
မမြဲသောတရားပါတကား။ ဒုက္ခော၊
ဆင်းရဲပါတကား။ ဝိပရိဏာမဓမ္မော
တိ၊ပြောင်းလဲဖောက်ပြန်ခြင်းသဘော
ရှိသော တရားပါတကားဟူ၍။
ယထာ ဘူတံ၊ ဟုတ်တိုင်းမှန်စွာ။
နပ္ပဇာနာ တိ၊ မသိဘဲရှိလေတော့၏။

ဆိုလိုတာကတော့ အကြား
အမြင်မရှိတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်မှာ လာဘ်
ရခြင်းဆိုတဲ့ လောကဓံတရားနဲ့ တွေ့
ရတယ်ဆိုပါတော့။ဒါကလည်း တွေ့
ရခဲတာ မဟုတ်ပါဘူး။ ကံအကျိုးပေး
ကောင်းနေတဲ့ သူတွေမှာ နေ့စဉ်လို
လိုပဲ တွေ့နေကြရတာတွေပါ။ ရွှေ
ငွေဥစ္စာ၊ ဆန်ရေစပါး၊ စားစရာ သုံး
စရာ၊ အသုံးအဆောင် ပစ္စည်းအမျိုး
မျိုး၊ဆင်၊မြင်း၊ကျွဲ၊ နွား၊ ယာဉ်ရထား၊
အိမ်၊ လယ်ယာစသည် ဒီလိုဟာတွေ
ကို ရအောင် ရှာလည်းရှာနေကြတယ်။
ထိုက်သည်အားလျော်စွာ ရလည်း ရ
နေကြတယ်။ ပင်ပင်ပန်းပန်း အား
မထုတ်ရဘဲနဲ့ အလွယ်တကူ ရတာ
လည်းရှိတယ်။ ပင်ပင်ပန်းပန်းအား
ထုတ်ပြီးမှ ရတာလည်းရှိတယ်။
အရောင်းအဝယ် စက်ရုံအလုပ်ရုံကြီး
တွေနဲ့ အောင်မြင်ထမြောက်ပြီး ရ
တာလည်း ရှိတယ်။ အဲဒီလို ဝင်ငွေ
ကောင်းပြီး လာဘ်ရတဲ့အခါမှာ
အကြားအမြင်မရှိတဲ့သူက ဒီလိုမစဉ်း
စားမိ၊ မဆင်ခြင်မိဘူးတဲ့။ စဉ်းစား
ဆင်ခြင်ပုံကတော့ ငွေတွေ၊ ရွှေတွေ
အစရှိတဲ့ အသုံးအဆောင်တွေ ဒီ
ပစ္စည်းတွေကို ယခုငါရလာတယ်။
ဒါဟာ လာဘ-လာဘ်ရခြင်းဆိုတဲ့
လောကဓံတရားပဲ။ဒီရလာတဲ့ ပစ္စည်း
တွေဟာ အမြဲတည်နေကြမှာမဟုတ်
ဘူး။ သုံးစွဲလို့လည်း ကုန်သွားနိုင်
တယ်။ ရေ၊ မီး၊ မင်း၊ ခိုးသူစသော
ရန်သူမျိုးငါးပါးကြောင့်လည်း ပျက်စီး
သွားနိုင်တယ်။အလုပ်အကိုင် အဆင်
မပြေလို့လည်း ကုန်ဆုံးသွားနိုင်တယ်။
ဒါကြောင့် မမြဲတဲ့ အနိစ္စတရားတွေ
ပဲ၊ နောက်ပြီးတော့ ဒီရုပ်ပစ္စည်းတွေ
ဟာ ခဏမစဲ ဖြစ်ပျက်နေတဲ့ မမြဲ
တဲ့ အနိစ္စတရားတွေပဲ။ ဒီပစ္စည်းတွေ
ရဲ့ ပိုင်ရှင်လို့ဆိုရတဲ့ မိမိသန္တာန်က
ရုပ်နာမ်တရားတွေလည်း မမြဲတဲ့
အနိစ္စတရားတွေပဲလို့ ဒီလိုလည်း သူ
က မစဉ်းစား၊ မဆင်ခြင်မိဘူး။
နောက်ပြီးတော့ မမြဲတဲ့အတွက် နှစ်
သက်သာယာဖွယ်မရှိတဲ့ ဆင်းရဲ
တွေ၊ မကောင်းတာတွေပဲ ရလာတဲ့
ဒီပစ္စည်းတွေ အကြောင်းပြုပြီး ဆင်းရဲ
ဒုက္ခ ရောက်နိုင်တဲ့အတွက်လည်း
ဆင်းရဲတွေပဲလို့ ဒီလိုလည်း သူက
မစဉ်းစား မဆင်ခြင်မိဘူး။ နောက်
ပြီးတော့ ရလာတဲ့ ဒီပစ္စည်းတွေဟာ
မတည်မမြဲ ပြောင်းလဲတတ်တဲ့
သဘောရှိတယ်။ ယခုကိုယ့်ဟာ ဖြစ်
နေပေမယ်လို့ တော်တော်ကြာရင်
သူများဟာလည်း ဖြစ်သွားနိုင်တယ်
လို့ ဒီလိုလည်း သူက မစဉ်းစား၊ မ
ဆင်ခြင်မိဘူး။ အကြားအမြင်မရှိတဲ့

www.foreverspace.com.mm



အတွက် အဲဒီလို ဆင်ခြင်ရမှန်းတောင် သူက မသိဘူး။ ဟုတ်တယ်။ ဗုဒ္ဓသာသနာ မထွန်းကားတဲ့ အရပ်ဒေသမှာဆိုရင် ဒီလိုတရားကို ကြားတောင် မကြားဖူးကြဘူး။ ဗုဒ္ဓသာသနာ ထွန်းကားနေတဲ့ ဒီမြန်မာပြည်မှာတောင် တချို့က မကြားဖူးရှာကြဘူး။ မကြားဖူးလို့ မသိတော့ မဆင်ခြင်တတ်ဘူးပေါ့။ မဆင်ခြင်တော့ အဲဒီလာဘ်လာဘနဲ့စပ်ပြီး သိသင့်သိထိုက်တဲ့ အမှန်တရားတွေကို မသိရဘဲ ဖြစ်နေပါတယ်။

ထို့အတူပဲ အလာဘ-လာဘ်မရခြင်းဆိုတဲ့ လောကဓံနဲ့ တွေ့ရတဲ့အခါမှာလည်း အဲဒီလာဘ်မရတာရယ်၊ ရပြီးသားတွေ ပျက်စီးဆုံးရှုံးသွားတာရယ်၊ အဲဒါတွေနဲ့ စပ်ပြီးတော့ မမြဲတဲ့သဘော ဆင်းရဲသဘော၊ ပြောင်းလဲဖောက်ပြန်တတ်တဲ့သဘောတွေကို မဆင်ခြင်မိဘူး။ မဆင်ခြင်တဲ့အတွက် အမှန်တရားတွေကို မသိဘဲ ဖြစ်နေပါတယ်။ အဲ ဒီလိုမသိတော့ ဘယ်လိုဖြစ်တတ်သလဲဆိုရင် အဲဒါကို မြတ်စွာဘုရားက ဒီလိုဆက်ပြီး ဟောတော်မူပါတယ်။

တဿ၊ ထိုသို့သဘောမှန်ကို မသိသော ပုထုဇဉ်ပုဂ္ဂိုလ်၏။စိတ္တံ၊ ကြည်လင်ကောင်းမြတ်သော စိတ်ကို။ လာဘောပိ၊ လာဘ်ရခြင်းကလည်း။ ပရိယာဒါယ၊ အကြွင်းမဲ့ယူ၍။ ဝါ-ကုန်ပျောက်စေ၍။ တိဋ္ဌတိ၊ တည်၏။ အလာဘောပိ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ၊ လာဘ်မရခြင်းကလည်း ကောင်းတဲ့စိတ်ကို ကုန်ပျောက်စေ၍ တည်၏-တဲ့။

လာဘ်ရတာကိုရော၊ ရလာတဲ့ ပစ္စည်းတွေကိုရော၊ မမြဲဆင်းရဲ ပြောင်းလဲဖောက်ပြန်တတ်တဲ့ တရားပဲလို့ မဆင်ခြင်မိလို့ အမှန်အတိုင်း မသိတဲ့သူမှာ အဲဒီလိုချည်း အမြဲတမ်း ရနေလိမ့်မယ်လို့လည်း မျှော်လင့်နေတတ်တယ်။ အဲဒီရလာတဲ့ ပစ္စည်းတွေကိုလည်း ကိုယ်တစ်ဦးတည်းပိုင်အနေနဲ့ အမြဲတည်နေလိမ့်မယ်လို့လည်း အထင်ရောက်ပြီး ဝမ်းမြောက်တက်ကြွတဲ့စိတ်တွေချည်း စဉ်းစားမိတိုင်း ဖြစ်နေတတ်တယ်။ ဒါကြောင့် အဲဒီလိုအချိန်အခါတွေမှာ ကြည်လင်ကောင်းမြတ်တဲ့ ကုသိုလ်စိတ်ဟာ ဖြစ်ခွင့်မရဘဲရှိနေတယ်။ တရားနာဖို့၊ တရားအားထုတ်ဖို့ တိုက်တွန်းရင် အလုပ်ကိစ္စတွေက များနေလို့ မအားသေးဘူးလို့တောင် အဲဒီလိုပုဂ္ဂိုလ်က ပြောတတ်သေးတယ်။ အဲဒါဟာ ကောင်းမြတ်တဲ့ စိတ်တွေ ဖြစ်ရမည့်အစား လာဘ်လာဘနဲ့စပ်တဲ့စိတ်က သူချည်းနေရာယူပြီး တည်နေတာပါပဲ။ တစ်နည်းအားဖြင့်ဆိုရင် အဲဒီစိတ်ကောင်းတွေ ဖြစ်ခွင့်မရအောင်၊ကုန်ပျောက်အောင် လုပ်ပြီး သူက တည်နေတာပါပဲ။

အဲဒီလိုပုဂ္ဂိုလ်မှာ လာဘ်မရရင်လည်း သည်းမခံနိုင်ဘူး။ရပြီးသား ပစ္စည်းတွေ ဆုံးပါးသွားရင်လည်း သည်းမခံနိုင်ဘူး။ သူများတွေတော့ ရကြတယ်။ ငါတော့ မရဘူးလို့ ဒီလိုစဉ်းစားပြီးတော့လည်း စိတ်ပျက်ဝမ်းနည်းနေတတ်တယ်။ ငါ့ဥစ္စာတွေကုန်ပါပြီ၊ ဖြစ်မှဖြစ်ရလေခြင်း စသည်ဖြင့် စဉ်းစားပြီးတော့လည်း စိတ်ပျက်ဝမ်းနည်းနေတတ်တယ်။ အဲဒီလို စိတ်ပျက်ဝမ်းနည်းနေရင်လည်း ကောင်းမြတ်တဲ့ ကုသိုလ်စိတ်တွေ ဖြစ်ခွင့်မရဘဲ အဲဒီမရတာနဲ့ ဆုံးပါးတာတွေကို ထပ်တလဲလဲ စဉ်းစားပြီး အချိန်ကုန်နေတတ်တယ်။

အဲဒီလို လာဘ်ရရင်လည်း ဝမ်းသာနေတာ၊ လာဘ်မရပြန်တော့ ဝမ်းနည်းနေတာတွေဟာ လာဘ်လာဘပစ္စည်းဥစ္စာတွေနဲ့ လိုက်လျောပြီး အမြတ်တနိုး မက်မောနေတာ။ ပစ္စည်းဥစ္စာဆုံးပါးတာနဲ့ ဆန့်ကျင်ပြီး စိတ်ပျက်နေတာတွေပါပဲ။ ဒါကြောင့် မြတ်စွာဘုရားက ဒီလိုဆက်ပြီး ဟော ပြန်ပါတယ်။

သော၊ထိုသို့ ရရင်ဝမ်းသာ၊ မရရင် ဝမ်းနည်းနေသော ပုဂ္ဂိုလ်သည်။ဥပ္ပန္နံလာဘံ၊ ဖြစ်ပေါ်လာသော လာဘ်လာဘပစ္စည်းဥစ္စာကို။အနုရုဇ္ဈတိ၊ လိုက်လျောနှစ်သက်ကာ သာယာမြတ်နိုးလျက်ရှိ၏။ အလာဘေ၊ မရခြင်း ဆုံးပါးပျက်စီးခြင်း၌။ ပဋိဝိရုဇ္ဈတိ၊ ဝမ်းနည်းစိတ်ပျက် ဆန့်ကျင်လျက်ရှိ၏။ (ရတာကိုတော့ နှစ်သက်သဘောကျ အားရနေတယ်၊မရတာ ဆုံးပါးတာကိုတော့ အမျက်ထွက်ပြီး စိတ်ပျက်နေတယ်။ဖြစ်မှဖြစ်ရလေခြင်း၊ ဖြစ်မှဖြစ်ရလေခြင်းနဲ့ အဖန်ဖန်အထပ်ထပ် ခလုတ်တိုက်သလို ဆန့်ကျင် ထိခိုက်နေတယ်။)

□ **ဆက်လက်ဖော်ပြပါမည်**

www.foreverspace.com.mm





# နောက်တုန်းက ဘယ်လိုများ နေခဲ့ကြသတုံး

## မိုးကုတ်ဆရာတော်ဘုရားကြီး

(ယခင်လမှအဆက်)

ကြားတတ်တဲ့စိတ်ကလေးရော မရှိဘူးလား။ အဲဒါ အာရုံဒွါရ တိုက်တိုင်း၊ တိုက်တိုင်း ပေါ်တဲ့စိတ်။

နှာခေါင်းထဲ နံတယ်၊ ပုပ်တယ်၊ ညှီတယ်လို့ ရှူတဲ့ ရှိုက်လိုက်တဲ့ စိတ်ကလေးရော မရှိဘူးလား။ အဲဒါလည်း ခင်ဗျားတို့ပေါ်ရင် မသိပေဘူးလား။ သိရင်မှတ်ထားပါ။ သုံး စိတ်ရှိသွားပြီ။

လျှာပေါ်မှာ ချိုတယ်၊ချဉ်တယ်၊ဖန်တယ်၊ ငန်တယ်၊ စပ်တယ်၊ ခါးတယ်ကို သိတဲ့စိတ်ကလေးရော။ ဒါလည်း သူလည်း အမြဲပေါ်တာမဟုတ်ပါဘူး။ ကိုယ်ပေါ်မှာယားတယ်၊ ကောင်းတယ်ဆိုတဲ့ စိတ်ကလေးများရော မပေါ်ဘူးလား။

ဒါဖြင့် အဲဒီစိတ် (၅)ခုကို အပြင်ဇည့်သည် (၅)ခုလို့ မှတ်လိုက်စမ်းပါ။ ဒီ (၅)ခုဘယ့်နှယ်ဆိုပါ့မယ်။

စာလို မသုံးနဲ့တဲ့။ စာကတော့ အဇ္ဈတ္တိကာယတနလို့ သုံးတယ်။

ဘုန်းကြီးကတော့ ဒီလိုမသုံးပါဘူး။ ဒကာ၊ ဒကာမတွေ နားလည်ဖို့၊ ရှုတတ်ဖို့၊ ဝိပဿနာဉာဏ်ရဖို့ အဆိုပေးထားတာ အပြင်ဇည့်သည်(၅)ယောက်လို့၊ အပြင်မှာပေါ်နေတယ်။

မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားစိတ်၊ ကောင်းစိတ်ကို ဘာဆိုကြမလဲ။ အပြင်ဇည့်သည်(၅)ခုလို့ဆိုတာ သေချာပြီလား။

ကောင်းပြီ။ ဒါဖြင့် ဒီ(၅)ခုလာတိုင်း၊လာတိုင်း ဒါ သဋ္ဌာယတနခေါ်တာပဲ။ သဋ္ဌာယတနထဲက မနာ

www.foreverspace.com.mm

ယတနခေါ်တယ်။ အဲဒီဟာ လာလို့ရှိရင် ဟောဒီနေရာမှာ ခင်ဗျားတို့က မြင်စိတ်ပေါ်လည်း ဒီကနေပြီးသကာလ ဉာဏ်ကလေးထားပြီးတော့ 'သြော် ..ဖြစ်ပြီးပျက်တဲ့ အနိစ္စပဲ' လို့ ဟဒယ ဒီနေရာက ရှုပေးရတယ်။ ရှုရင် ဒီအဆက်ပြတ်ထွက်သွားမယ်။ မပြတ်ပါနဲ့ဆိုလို့ မရပါဘူး။

(ဤနေရာတွင် စက်ဝိုင်းကို ပြတော်မူသည်။)

မရတော့ သူကဖြစ်ပျက်၊ သူကမဂ်ဖြစ်သွားတယ်။ဒကာ၊ဒကာမတွေ ငေးမနေနဲ့။ ဒကာ၊ ဒကာမတွေ ရိပ်မိကြပြီလား။ ဒီက ဒီကူးသေးသလား။

မကူးရင် ပစ္စုပ္ပန် ထပ်မိုက်သေးသလား။ သမုဒယသစ္စာ ထပ်လုပ်သေးလား။ မလုပ်လို့ရှိရင် ဒီဘက်ကို ထွက်သွားပါလိမ့်မယ်တဲ့။ ပဋိစ္စသမုပ္ပါဒ်ထွက်လမ်း၊ မထွက်ပေဘူးလား။

ဘာဖြစ်လို့တုံးဆိုတော့ 'စိတ္တနိရောဓော တဏှာနိရောဓော' စိတ်ချုပ်လို့ရှိရင် တဏှာချုပ်တာပဲ။ ဝေဒနာချုပ်လည်း တဏှာချုပ်တာပဲ။ စိတ်ချုပ်ရင်ရော တဏှာချုပ်တာပဲ။ ဒီစိတ်နဲ့ ဝေဒနာက သဟဇာတကိုး။ ပဋ္ဌာန်းနည်းနဲ့ပြောတော့ ..။

ဒါဖြင့် ဒီဘက်မှာ အထူးထပ်မိုက်သေးသလား။ ဒါဖြင့် အပြင်ဧည့်သည်ဘယ်နှယောက် ရှိသတုံး။ (၅)ယောက်ပါ။ သေသေချာချာမှတ်ကြပါ ဒကာ၊ ဒကာမတို့၊ ခင်ဗျားတို့က အရေးတကြီးပြောနေတဲ့ ဥစ္စာကို ခင်ဗျားတို့ ထွက်လမ်း၊ ခင်ဗျားတို့

> သူ ဟဒယဝတ္ထုပဲ၊ ဟဒယဝတ္ထု ပေါ်ကနေပြီးသကာလ ဒကာ၊ဒကာမတို့ အနိစ္စသိတဲ့ ပညာကလေးနဲ့ မြင်စိတ်ပေါ်လည်း မြင်စိတ်က ဖြစ်ပျက်၊ ရှုတာက မဂ် မဟုတ်ဘူးလား။

ဒုက္ခကျွတ်လမ်းကို ပြောတာနော်။

ဘုန်းကြီးတို့ အကျိုးက ဓမ္မဒေသနာကုသိုလ်ပဲ ရပါတယ်။ ခင်ဗျားတို့က ဝဋ်ပြတ်ပါတယ်။

ကဲ..ဒါဖြင့် ဒကာ၊ဒကာမတို့ အပြင်ဧည့်သည် (၅)ယောက်တော့ ရှင်းပြီလား။ ပေါ်တိုင်း၊ပေါ်တိုင်း သူ့ကို အနိစ္စမြင်အောင်ရှုမယ်၊ အတွင်းဧည့်သည်ကလည်း ရှိသေးတယ်။ ဒကာ၊ ဒကာမတို့ အတွင်းဧည့်သည် ဟောဦးမယ်။

အတွင်းဧည့်သည်ကတော့ ခင်ဗျားတို့ မိုးလင်းလာရင် ရှေးဦးစွာ ဆွမ်းခံမလာခင် လာတဲ့စိတ်ကို မှတ်ပါ။ လောဘစိတ်၊ ဆွမ်းတော်ထက် စောတယ်လို့ အောက်မေ့ပါ။ မစောဘူးလား။ စောပါတယ်။ စောပါတယ်။ အိပ်ရာကထလို့ရှိရင် ဒီစိတ်က အရင်လာတာ။ ရိပ်မိပြီလား။

ဒါဖြင့် ဒီစိတ်သည် လောဘစိတ်ရင်လည်း လာမယ်။ ကလေးကဆူနေလို့ရှိရင်လည်း 'အို ..အိပ်ရာက ထထချင်း စိတ်ကိုပျက်ပါပြီ။ဆူလိုက်တာ' ဆိုတော့ ဒေါသစိတ်ရင်လည်း အရင်လာမယ်။ အတွင်းဧည့်သည်နော်။

အဲဒါက ဟဒယဝတ္ထုပေါ်မှာ ပေါ်သောကြောင့် လောဘ၊ဒေါသက အတွင်းဧည့်သည်လို့မှတ်လိုက်ပါ။ အိပ်နေတုန်းက မရှိဘူး။ ခုမှပေါ်တာ။

ဒါကြောင့်သူ့ကို ဧည့်သည်လို့ပဲမှတ်ပါ။ အတွင်းဧည့်သည် နှစ်ယောက်ရသွားပြီ။

ကြည့်လိုက်တဲ့အခါကျတော့ ကိုယ့်အိပ်ရာက ကိုယ်နိုးပြီး ထကြည့်လိုက်တဲ့အခါကျတော့ ခြင်ထောင်သိမ်းဖို့၊ ကုဋီအိမ်သာသွားဖို့ ဒါတွေကို ဒုက္ခပါလားလို့ မသိတော့ အဝိဇ္ဇာကလည်း လာပြန်တယ်။ မသိတာက အဝိဇ္ဇာ မောဟပေါ့။ ဘယ်နှခုရှိသွားပြီလဲ။ သုံးခုရှိသွားပြီ။

ကောင်းပြီ၊ ဒါက အတွင်းမှာ သူဧည့်သည်အဖြစ်နဲ့ ပေါ်သလား။ အိမ်သည်အဖြစ်နဲ့ ပေါ်သလားဆိုတာတော့ ရိပ်မိကြပြီလား။ နိုးမှလာတာ ဧည့်သည်ပေါ့။

ဧည့်သည်က တော်တော်ကြာ ခင်ဗျားတို့ကို အပါယ်ပို့မှာစိုး

www.foreverspace.com.mm



လို့ ဧည့်သည်ကိုလည်း သိအောင်လုပ်နေရသေးတယ်။

တစ်ခါတလေ ကျပြန်တော့လည်း ခင်ဗျားတို့က အလောဘဆိုတဲ့ မိုးလင်းလာပြီလေ။ ဆွမ်းတော်ကလေး ဘာကလေး တင်ဦးမှ၊ ဘုရားရှေ့ ပန်းကလေးဘာကလေးလည်း တင်ဦးမှဆိုတဲ့ အလောဘဆိုတဲ့ ကုသိုလ်စိတ်ကလေးလည်း လာတတ်ပါတယ်။ ဒါလည်း ဧည့်သည်ပဲ။

အဒေါသဆိုတဲ့ 'သဗ္ဗေ သတ္တာ အဝေရာဟောန္တု' ဆိုပြီး သကာလ မေတ္တာကလေးပို့တဲ့ ဧည့်သည်လည်း လာတတ်ပါတယ်။ သဘောကျပြီလား။

ဒါဖြင့် အတွင်းဧည့်သည်က လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊အဒေါသ၊ ငါးခုပဲ ထားလိုက်ပါတော့။ အတွင်းဧည့်သည်က ဘယ်နှယောက်ပါလိမ့်။ ငါးယောက်ပါ။

ငါးယောက်ဆိုတော့ အပြင်ဧည့်သည်က ငါးယောက်၊အတွင်းဧည့်သည်က ငါးယောက်။

အိမ်သည်နှစ်ယောက် ထည့်လိုက်ပါတော့တဲ့။ ဒါကုန်ပါပြီတဲ့ စိတ်။ အိမ်သည်နှစ်ယောက်က လေကိုထုတ်တဲ့စိတ်၊ လေကိုပြန်ရှိုက်တဲ့စိတ်။ သူကတော့ သက်စောင့်ဖြစ်သောကြောင့် အိမ်သည်စိတ်တဲ့။ ရှင်းကြပြီလား။

ဒကာ၊ ဒကာမတွေ သက်စောင့်ဖြစ်သောကြောင့် သူမရှိ သေမှာကိုး။ မသေဘူးလား။ သေပါတယ်။ အဲဒီစိတ်နှစ်ခုကို ခင်ဗျားတို့က အားလုံးပေါင်းလိုက်တဲ့အခါကျတော့ ငါး နှစ်လီရယ်၊ နှစ်ရယ်ပေါင်းတော့ ဆယ့်နှစ်မနေဘူးလား။

အဲဒီ ဆယ့်နှစ်မှာ အမြဲတမ်းရှုရမှာက ထွက်တဲ့စိတ်နဲ့ ဝင်တဲ့စိတ်ကို အမြဲတမ်းရှု၊ ဧည်သည်ကပေါ်မှသာရှု၊ အိမ်သည်ပေါ်ရင် အိမ်သည်လိုက်ပါ။ ဧည့်သည်ပေါ်ရင် ဧည့်သည်လိုက်ပါ။

ဧည့်သည်လိုက်တော့ကို ဟောဒီနေရာကနေပြီး သူ့လိုက်တာပဲ။ သူ ဟဒယဝတ္ထုပဲ၊ ဟဒယဝတ္ထုပေါ်ကနေပြီးသကာလ ဒကာ၊ဒကာမတို့ အနိစ္စသိတဲ့ ပညာကလေးနဲ့ မြင်စိတ်ပေါ်လည်း မြင်စိတ်က ဖြစ်ပျက်၊ ရှုတာက မဂ်၊ မဟုတ်ဘူးလား။

ကြားစိတ်ပေါ်လည်း ကြားစိတ်က ဖြစ်ပြီးပျက်တာပဲ၊ ရှုတာက မဂ်ပါ။ ကူးသေးရဲ့လား။ မကူးတော့ပါဘူး။

နံစိတ်ပေါ်လို့ရှိရင်လည်း အရှုခံရတာက ဖြစ်ပျက်၊ ရှုတာက မဂ်၊ ဒီလိုဆိုတော့ သခင်ဝတင် စဉ်းစားရမယ်။ ကူးသေးရဲ့လား။ မကူးတော့ သမုဒယသစ္စာ နောက်ထပ်ဖြစ်သေးရဲ့လား။ မဖြစ်ရင် ဒီဒုက္ခသစ္စာက မဖြစ်ပါဘူး။

ဒါဖြင့် သူ မဖြစ်ကတည်းက နိဗ္ဗာန်ရောက်နေပြီ။ နိဗ္ဗာန်က ဒီဘက်မကူးမှရောက်တာ။ ဒီဘက်ကူးရင် မရောက်ပါဘူး။ ရိမ်မိပြီလား။ နိဗ္ဗာန်ဟာ နီးသလား၊ ဝေးသလား။ နီးပါတယ်။

နို့ ဘာဖြစ်လို့ နိဗ္ဗာန်ကို ဝေးတယ်လို့ ဟောနေကြသတုံးဆိုတော့ ဒီကူးတဲ့စပ်တဲ့ နေရာကလေးက ခင်ဗျားတို့ကို ဖြတ်ပေးမည့်လူမရှိလို့ ဝေးနေတာ။

ကြည့် 'တဏှာနိရောဓော နိဗ္ဗာနံ' သံယုတ်ပါဠိတော်မှာ မဟောဘူးလား။ တဏှာနိရောဓောဖြစ်တော့ကို ဒီဇာတိဆိုတဲ့ ခန္ဓာကြီးက လာသေးရဲ့လား။ မလာတော့ပါဘူး။

ဒါဖြင့် 'ခန္ဓာနိရောဓော နိဗ္ဗာနံ' ဆိုတာရော မှားသလား။ ဒါဖြင့် တဏှာချုပ်၊ ခန္ဓာချုပ်ပေါ့ဗျာ။ ဇာတိချုပ်၊ သဘောပါလား။

ဒါဖြင့် ဒကာ၊ဒကာမတို့ ဒီနေရာကလေးက ခင်ဗျားတို့ နှစ်လမ်းခွဲတဲ့၊ရှုတဲ့ဘက်ကကို သွားလိုက်လို့ရှိရင်လည်း ပဋိစ္စသမုပ္ပါဒ်ထွက်လမ်း။

မရှုတဲ့ဘက်သွားလို့ရှိရင် ဝေဒနာပစ္စယာ တဏှာ၊ စိတ္တပစ္စယာ တဏှာနဲ့ ပဋိစ္စသမုပ္ပါဒ်လည်လမ်း။ လည်တဲ့လမ်းပါပဲ။ ရိပ်မိပြီလား။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဘယ်လမ်းလိုက်မတုံးတဲ့။ ထွက်လမ်းလိုက်မယ်။ အပြောကတော့ သာခုခေါ်စရာနော်။အပြောကတော့ သာခုခေါ်စရာပဲလေ၊ ဒီ ဒကာ၊ဒကာမတွေ အပြောကတော့ မခေဘူး။

ဘုန်းကြီး ဒကာ၊ဒကာမတွေဖြစ်နေတော့ ခင်ဗျားတို့ ဘုန်းကြီးပြုံးတဲ့အချိန် ပြုံးကြပါ။ ဘုန်းကြီးမပြုံးသေးလို့ရှိရင် ခင်ဗျားတို့က မပြုံးနဲ့ဦး။ ငါ ဝဋ်မကျွတ်သေးဘူးဆုံး ဖြတ်ချက်ချပါ။

ဝဋ်ဆိုတာ ဘာတုံးလို့မေး

www.foreverspace.com.mm



ဖို့ မလိုပါဘူး၊ဒကာ၊ ဒကာမတို့၊ ဒီဟာသည်ကားလို့ဆိုလို့ရှိရင်၊ ဘာတုံးလို့ မေးတဲ့အခါကျလို့ရှိရင် တဏှာဥပါဒါန်က ကိလေသာဝဋ်၊ ဒါက ကမ္မဝဋ်၊ ဒီဘက်ကြည့်ပါလား၊ ဝိပါကဝဋ်။ ဇာတိ၊ ဇရာ၊ မရဏတွေ မပါဘူး။ ဒါကြောင့် ဝိပါကဝဋ်ရှစ်ပါး။

ဒါဖြင့် ဒီကနေပြီးဖြစ်တဲ့ ဒီမှာရှိတဲ့စိတ်ကို ခုနပြောတဲ့ ဆယ့်နှစ်ခုစိတ်ကို ဖြစ်ပျက်ရှုလိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ကိလေသာဝဋ်ရော မချုပ်ဘူးလား။ ကမ္မဝဋ်၊ ဒီဘက်လာတော့ ဝိပါကဝဋ်ချုပ်ပါတယ်။ ဒါဖြင့် ဒါဝဋ်ကျွတ်တာ ဆုတောင်းယူရမှာလား။ ရှုရမှာလား။ ဒီကနေပြီးတော့ ရှုရမှာပါ။

အဲဒါ ခင်ဗျားတို့က ဘုရားရှေ့လက်အုပ်ချီပြီး ဝဋ်ဘဝတိုတို့နဲ့ မဂ်ဖိုလ်ရရပါလို၏လို့ လုပ်မနေနဲ့။

ဘုရားက ဖြတ်မပေးနိုင်ဘူး။ မင်းတို့ဟာမင်းတို့ ဆက်တာငါမတတ်နိုင်ဘူး။ ခင်ဗျားတို့ကို ပြောလိုက်ပါ့မယ်။ သဘောကျရဲ့လား။

ဒါဖြင့် မဂ္ဂသစ္စာဟာ အဖြစ်အပျက်ရှုတဲ့မဂ်ကို မဂ္ဂသစ္စာလို့ မှတ်လိုက်စမ်းပါ။ မဂ္ဂသစ္စာမပါဘဲနဲ့ ဦးသံဒိုင် နိဗ္ဗာန်ရောက်ပါ့မလား။

သူက ‘ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ’ကိုး။တစ်ကြောင်းတည်းနဲ့ ငါ နိဗ္ဗာန်ပို့မယ်ဆိုတာ သူပဲရှိတယ်။ ဒီ့ပြင်ရှိသေးရဲ့လား။

အဲဒါကြောင့် အခုခဏပဲ နာရတယ်ဆိုတာ ဒကာ၊ ဒကာမတွေမှာ ဒီဝဋ် ကျွတ်-မကျွတ်၊ ရှုတဲ့ပုဂ္ဂိုလ်မှာ ဒီဝဋ် ကျွတ်-မကျွတ်။

ဒီဝဋ်ကျွတ်ရင် ကိလေသာဝဋ် ကျွတ်ပြီ။ ကိလေသာဝဋ်ကျွတ်ရင် ကမ္မဝဋ်က ငါချည်းလုပ်မယ်ဆိုလို့ ရသလား။ ကိလေသာအုပ်ချုပ်နေမှ ကမ္မဝဋ်က ဖြစ်တာ၊ သဘောကျရဲ့လား။

ကမ္မဝဋ်မရှိတဲ့ပုဂ္ဂိုလ်၊ ကံမရှိတဲ့ပုဂ္ဂိုလ်၊ ဝိပါကဝဋ်ဆိုတဲ့ သူတို့ရှစ်ပါး လာဦးမလား။ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏ လာပါ့မလား။ ဒါဖြင့် ဝဋ်ကျွတ်ချင်လို့ရှိရင် ခင်ဗျားတို့ (၂)က (၃)ကို မကူးစေနဲ့။ (၂)က ကူးတဲ့ပုဂ္ဂိုလ်ရှိရင် ကိုယ့်ဟာကိုယ် မိုက်လို့သာ အောက်မေ့ပေတော့။ ကူးရင်၊ ကူးရင် ဘယ့်နှယ်ဆိုကြမလဲ။

မိုက်တာက အရွယ်ကြီးမှ မိုက်တာလား၊ ငယ်တုန်းကမိုက်တာလားဆိုတာလည်း ကိုယ့်အသက်နဲ့ ကိုယ်ချိန်ရင် သိမယ်။

ဦးမာဒင် စောင်းပြောတယ်လို့လည်း အောက်မေ့မနေပါနဲ့၊ စောင်းမြောင်းနေတယ်လို့လည်း အောက်မေ့မနေပါနဲ့။ အရွယ်ကြီးမှ မိုက်တာလားဟေ့ဆိုတော့ မိုးလင်းလာလို့ရှိရင်ဖြင့်တဲ့ ကိလေသာဝဋ်က အရင်ပေါက်ပြေးလာတတ်တယ်။

ကိလေသာဝဋ် လာလို့ရှိရင် ကာယကံ၊ ဝစီကံနဲ့ ဦးသံဒိုင်တို့က ဘယ်သူက ဘယ်သွားကွ၊ ဘယ်သူက ဘယ်ဆိုင်သွားကွ၊ ဒါဘာတုံး ဦးသံဒိုင်၊ ဝစီကံ၊ ဝစီကံဆိုတာ့ ကမ္မဝဋ်မကျဘူးလား။

ဒါဖြင့် ဘာဖြစ်လို့ ဒီကမ္မဝဋ်က လာတာတုံးမေးတော့ ဟောဒီ ငွေလိုချင်တဲ့ ကိလေသာဝဋ်က ရှိတယ်။ကိလေသာဝဋ်ရှိသောကြောင့် ခင်ဗျားတို့ဟာ ဘာတွေပြောလေ့ ဆိုလေ့ရှိသတုံး။ ကမ္မဝဋ်က လုံလောက်ပြီလားတဲ့။ ကာယကံ၊ ဝစီကံနဲ့ ပြောလိုက်တော့ လုံလောက်နေပါပြီ။ မသေသေးလို့သေရင် ဝိပါကဝဋ်လာမယ်။ သဘောကျပြီလား။

ဒါဖြင့် တစ်နေ့ကို ဒကာ၊ ဒကာမတွေ ဒီကံပေါင်း ဘယ်လောက်ရှိသတုံး။ အများကြီး လှည့်နေတယ်။

ဒါဖြင့် ဒကာ၊ ဒကာမတွေ သွားပြီ၊ မျှော်လင့်ချက်မရှိဘူး။ ခင်ဗျားတို့ လှုပြည်အလည်လာတာ၊ အလည်လာတာသက်သက်ပေါ့။

အဲဒီတော့ ဘုန်းကြီးများက ပြောလိုပါတယ်။ ဒီဒကာ၊ဒကာမတွေ၊ ခင်ဗျားတို့ အခုဘဝ မိုက်ထားတာတွေလည်း မနည်းပါဘူး။ သဘောကျပြီလား။ ဟို စက်ရှင်မှုတွေ မဟောပါဘူး။ ဒီလောက်မိုက်တာ၊ ရူးတာ၊ မူးတာကို မဟောပါဘူး။ မနောက မိုက်ထားတာတွေဟောနေတာ။ သဘောကျပြီလား။

အဲဒီလောက်မိုက်ထားတာ ဒကာ၊ ဒကာမတို့ ဦးမြတို့ လူစုက တပည့်တော်တို့ ကောင်းမှုပြုထားတယ်။ ကျောင်းလည်း ဆောက်ထားတယ်။ ဘုရားလည်း တည်တယ်။

အို‥မင်းကျောင်းဆောက် ဘုရားတည်တာကကွာ တစ်နေ့ဖြစ်တဲ့ အကုသိုလ်တွေနဲ့ စာစမ်းပါ။ ဘယ့်နှယ်တုံး။

ဟင် ‥ယှဉ်သာရဲ့လား။

www.foreverspace.com.mm



**ဒီမှာလည်း ဘုန်းကြီးက နည်းသာပေးတတ်တယ်။ ခင်ဗျားတို့ အားလုံးသော ပုဂ္ဂိုလ်တွေကို နိဗ္ဗာန် ရောက်အောင် ထမ်းမခေါ်နိုင်ဘူး။**

မကယ်ဘူးကွ။ ပြီးရော၊ သွားရော၊ မကယ်ဘူးကွ။

ဘာကြောင့် မကယ်ဘူးကွလို့ဆိုတော့၊ ဟို ··ဒွါရခြောက်ပေါက်က ဒီက ခုနက အတွင်းဧည့်သည်လာလည်း မရှုမိ၊ အပြင်ဧည့်သည်လာရင်ရော၊ အိမ်သည်နှစ်ခုလာရင်ရော၊ မရှုမိတော့ မဂ်က ဘယ်တော့ပေါ်ပေးသတုံး။ ဒါဖြင့် ကံ ဖြတ်မဂ်က လာသေးရဲ့လား။

မလာတော့ ခင်ဗျားတို့ တဏှာ၊ ဉပါဒါန်၊ ကံ။ တဏှာ၊ဉပါဒါန်၊ ကံ။ တဏှာ၊ ဉပါဒါန်၊ ကံ။ ဒါတွေချည်းလုပ်နေတယ်။ ဒါချည်းလုပ်နေတော့ တပည့်တော်တို့ ရှေ့များဘာဖြစ်မယ်လို့ အရှင်ဘုရားမြင်ပါသတုံး။ အရှင်ဘုရားကတော့ တပည့်တော်တို့နဲ့စာလို့ရှိရင် ပညာလည်း နည်းနည်းကြီးပါတယ်။ 'အို ··ဒါက ဆုံးဖြတ်ချက်ချလိမ့်မယ်ဟော့'ရိပ်မိပြီလား။

(စက်ဝိုင်းကို ထောက်ပြ ဟောတော်မူသည်။)

ဘယ်သူက ဆုံးဖြတ်ချက်ချမတုံး။ တဏှာ၊ ဉပါဒါန်၊ ကံက ကိုယ့်အထဲဖြစ်တာ။ဘုရားက တဏှာ၊ ဉပါဒါန်၊ ကံဖယ်ပြီး သားတော် ရာဟုလာကို ဆွဲတင်လို့မရဘူး။

ပဋိစ္စသမုပ္ပါဒ်က ဘုရားမပွင့်ခင်ကတည်းက ရှိတာကိုးဗျ။ ဘုရားပွင့်ရော၊ ဘုရားပွင့်တော့ နာမည်ပေးဖော်ရတယ်။

ဘုရားမပွင့်ခင်က သူ အမြဲတမ်းရှိတယ်။ သဘောကျပြီလား။

ဒါဖြင့် တပည့်တော်သေရင် ဘယ်သွားမှာတုံးဆိုတော့၊ ဒါ စဉ်းစားတာပေါ့ကွာ။ သူတို့စီမံရာပေါ့။ သူတို့ မလာလို့ရှိရင်လည်း ဒီဘက်သွားမဟော့၊ နိဗ္ဗာန်သွားမယ်။ ဒီမှာ ရှုတဲ့ ပုဂ္ဂိုလ်က ···။

မရှုတဲ့ပုဂ္ဂိုလ်ကတော့ ဒီပါဠိတော်အတိုင်း ဒီပဲသွားမယ်ဟော့၊ မဆိုထိုက်ဘူးလား။ ဆိုထိုက်သလား။

ဒါဖြင့် ဒီကနေ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချပြီးပြီလား။ ဘယ့်နှယ်ချထားသလဲ။ တစ်လမ်းသွားပါပဲလား။ တစ်လမ်းသွားပါပဲ။ အဲဒါကြောင့် အားလုံး ဒကာ၊ဒကာမတွေ၊ ခင်ဗျားတို့ အခု သေသေချာချာ လာပြီးသကာလ အကြောင်းတိုက်ဆိုင်နေလို့ ပြောနေတာ။ ခင်ဗျားတို့လုပ်တာ အလွဲချည်းမို့ပြောနေတာ။ ဦးမြ နာသလား ခင်ဗျား။

မနာကြနဲ့နော်။ မနာကြနဲ့။ အလွဲချည်းလုပ်နေတာ။ အလွဲက ဖြတ်လမ်းကို ဘယ်တော့မှ မလုပ်ဘူး။ လုပ်ရဲ့လား။ ဖြတ်လမ်းက လုံးဝမပါဘူးဆိုတော့ ဒီဘက်လည်လမ်းချည်း လုပ်နေတယ်။

ဒါဖြင့် ကိလေသာဝဋ်ကြောင့် ကမ္မဝဋ်ကျပ်ဖြစ်မယ်။ ကမ္မဝဋ်ကြောင့် သေသည်၏အခြားမဲ့၌ ဝိပါကဝဋ်ဖြစ်မယ်။ ဝိပါကဝဋ်ထဲက ကိလေသာဝဋ် ပြန်ပေါက်ပွားဦးမယ်။

ဒါဖြင့် ကိလေသာဝဋ်လုပ်ပြန်တော့ ဒီကမ္မဝဋ်က မလာပေဘူးလား။ ဒီဝိပါကဝဋ်ကရော၊ လာပါတယ်။

ဒါဖြင့် ဝိပါကဝဋ်ထဲက ကိလေသာဝဋ်ပေါက်ပွားမလား၊မပေါက်ပွားဘူးလား။ ပေါက်ပွားရင် ကမ္မဝဋ်က မလာဘူးလား။ ကမ္မဝဋ်လာရင် ဝိပါကဝဋ် မလာပေဘူးလား။ ဝိပါကဝဋ်ထဲက ဘာပေါက်ပွားမလဲ။ ဟော ကိလေသဝဋ် ပေါက်ပွားပြီ။

ကဲ ··ဒကာ၊ ဒကာမတို့၊ ခင်ဗျားတို့ဟာ ဘယ်မှာထွက်လမ်းပါသေးသလဲ။ ဒကာ၊ ဒကာမတွေ ပါသေးရဲ့လား။

အချိန်ကလေး မီလိုက်ရုံကလေးရှိတယ်နော်။ ဦးမြ မြန်မြန်လုပ်ကြပါ။

ဒကာ၊ ဒကာမတွေ ရက်ရွှေ့ရင် မှားပြီ၊ ဒကာ၊ ဒကာမတွေ

www.foreverspace.com.mm



ရက်ရှေ့ရင် မှားတယ်ဆိုတာ ခင်ဗျားတို့က မျက်လုံးမဖွင့်ဘဲ နားမထောင်ဘဲနေနိုင်ရဲ့လား။ မနေနိုင်ရင် ဒါတွေပဲ ထပ်လာတာပဲ။

ကဲ ..ရက်ရှေ့သလောက် မနာဘူးလား။ ငွေရက်ရှေ့ပြီး တွက်တာက အတိုးတက်ရုံပဲရှိမယ်။ ပစ္စုပ္ပန် မှာ တောင်းပန်ရင် ရသေးတယ်။ ဒါက တောင်းပန်ရင် ရမရ၊ ရနိုင်ပဲ့ မလား။

ကမ္ဘာဝပစ္စယာ ဇာတိ၊ ဘယ်သူတောင်းပန်လို့ရမလဲ။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေမှာတဲ့ အင်မတန်မှ အကျိုးတွေနစ်နာပြီးသကာလ သာမညကုသိုလ်ကို အကြီးအကျယ် ကုသိုလ်ထင်ပြီးသကာလ အားကိုးလုံးထုတ်နေမှာ အင်မတန်စိုးရိမ်တယ်။ ဝဋ်က မပြတ်ဘူး။ သဘောပါကြရဲ့လား။

သာမညကုသိုလ်ကို ခင်ဗျားတို့က ရွှေတိဂုံ ရွှေအပြည့်ချနိုင်တာနဲ့ တော်လောက်ပြီလို့ အောက်မေ့ချင် အောက်မေ့နေမှာ။ မဟုတ်သေးပါဘူးတဲ့။

ဒါ ခင်ဗျားတို့ သစ္စာမသိလို့ရှိရင် သင်္ခါရပစ္စယာ ဝိညာဏံပဲလာမယ်။ ကမ္မဘဝပစ္စယာ ဇာတိပဲလာမယ်။

သို့သော် ဇာတိမှာ ခင်ဗျားတို့အထင်ကတော့ အထက်တန်းကျတယ်လို့ ထင်လိမ့်မယ်။ ဩော် ..တပည့်တော် သုဂတိဇာတိပဲလို့ ထင်ချင်ထင်ကြလိမ့်မပေါ့ဗျာ။

သုဂတိဇာတိကို သစ္စာဖွဲ့ကြည့်တော့ ဟောဒီက သက်သေခံတယ်။ ဘာသစ္စာလဲ။ ဒုက္ခသစ္စာပါ။ သဘောကျပြီလား။ ဒုဂ္ဂတိဇာတိကို သစ္စာဖွဲ့တော့ရော၊ အင်း ..ဘာထူးသေးသတုံးဗျ။ သစ္စာဖွဲ့တော့ ဒုက္ခသစ္စာချည်းပဲ။

ဒါဖြင့် သစ္စာမသိတဲ့ပုဂ္ဂိုလ် လုပ်တာဟူသရွေ့ အမှန်ပဲလို့ ဆိုကြမလား။ အလွဲပဲလို့ ဆိုကြမလား။ အလွဲလို့ သေသေချာချာမဆိုထိုက်ဘူးလား။

အေး..အေး ..ဒါကြောင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေအတွက်မှာ အမြင်ကျယ်လေ စိတ်ညစ်စရာကောင်းလေ။ အမြင်ကျယ်လေလေ စိတ်ညစ်စရာကောင်းလေလေဆိုတာ ပေါ်ကြပြီလား။

ကဲ ..ဒါဖြင့် ဒကာ၊ဒကာမတို့ ဘုန်းကြီးကလည်း စေတနာကောင်းကောင်း၊ ခင်ဗျားတို့ကလည်း ဆရာသမားရောက်တယ်ဆိုတော့ ဝိုင်းလာကြ၊ အင်မတန်မှလည်း သိချင်တော့ ဒကာ၊ ဒကာမတို့ ဒီကနေ့ မပြတ်သရွေ့ ကာလပတ်လုံး ကိစ္စမပြီးသေးပါဘူးဆိုတာ ဘယ်သူပြောတာမျှ မယုံနဲ့။ သဘောကျပြီလား။

ဒီနေရာမှာ မဂ်မဝင်နိုင်သေးသရွေ့ ကာလပတ်လုံး၊ဝိပဿနာမဂ် မဝင်နိုင်သေးသရွေ့ ကာလပတ်လုံး ခင်ဗျားတို့ ငါတော်ပြီဆိုတဲ့ စကားကို ဘယ်သူမျှ မသုံးပါနဲ့။ ရှင်း ပြီလား။

ငါတော်ပြီဆိုတဲ့ စကား၊ သုံးရင် မှားတယ်ဆိုတာ သဘောပါကြလား။

ဒါဖြင့် ဒကာ၊ ဒကာမတို့ သေသေချာချာပြောပါမယ်တဲ့။ ဒီကြည့်၊ ခင်ဗျားတို့အတိတ်ကြောင်းက အဝိဇ္ဇာသင်္ခါရဆိုပါတယ်တဲ့၊ ဆိုပင်ဆိုငြားသော်လည်း အဝိဇ္ဇာရယ်၊သင်္ခါရရယ်၊ တဏှာရယ်၊ ဥပါဒါန်ရယ်၊ဘဝ၊ ပါပါနေတယ်နော်၊ မပါဘူးလား။

အဲဒါ အတိတ်အကြောင်းက ငါးပါး၊ ဟောဒီ ပစ္စုပ္ပန်အကျိုးကလည်း ငါးပါးပဲလာတယ်။ မလာဘူးလား။ ပစ္စုပ္ပန်အကျိုးကလည်း ငါးပါးပဲမနေဘူးလား။

ဟောဒီ ပစ္စုပ္ပန်အကြောင်း ထပ်လုပ်ပြန်တာကလည်း တဏှာ ဥပါဒါန်၊ ဘဝတဲ့။ အဝိဇ္ဇာ၊ သင်္ခါရနဲ့ပဲ ခင်ဗျားတို့ပြန်လုပ်တယ်။ မလုပ်ဘူးလား။

အဲဒီတော့ အနာဂတ်အကျိုးမှာလည်း ရှစ်ပါးမလာပေဘူးလား။ ဒီသုံးခုနဲ့ရောလိုက်ဗျာ၊ ဒီအပေါ်က ငါးခုနဲ့။

အဲဒီတော့ ဒကာ၊ဒကာမတွေ၊ ရှေးဘဝက တပည့်တော် ဘာများဖြစ်ခဲ့ပါလိမ့်မလဲဘုရားလို့ မေးဖို့ မလိုဘူးလား။ ဒီသစ္စာ၊ ဒီသစ္စာ၊ ဒီသစ္စာ၊ ဒါပဲလုပ်ခဲ့တယ်။ မဂ္ဂသစ္စာ ပါဖူးကြရဲ့လား။ နိရောဓသစ္စာ မပါဘူး။

ဒါဖြင့် ခင်ဗျားတို့ဟာက မီးပဲ၊ သမုဒယသစ္စာက မီး၊ ဒုက္ခသစ္စာက ခန္ဓာဖြစ်သောကြောင့် ထင်း၊ ထင်းနဲ့မီးချည်းပဲ လုပ်ခဲ့တယ်။ သဘောကျရဲ့လား။

မီးငြိမ်းကြောင်းနဲ့ မီးသေ

www.foreverspace.com.mm



တဲ့နေရာဌာန လုပ်ဖူးကြရဲ့လား။

ဒါဖြင့် လွဲလိုက်တာကို လွှန်နေပြီဆိုတာရော မပေါ်ကြသေးဘူးလား။ ရှင်းကြပြီလား။

ဒါဖြင့် ထင်းနဲ့မီးကလည်း ခင်ဗျားတို့ စဉ်းစားကြည့်ပါတဲ့ခန္ဓာကိုယ်ကြီးထဲမှာလည်း ဒုက္ခသစ္စာ၊ ဒါ ထင်း၊ ဒီထဲမှာ ဒါတွေပေါက်ပွားတော့ကဲ ··သခင်ဝတင် ဘာသစ္စာလို့ဆိုမလဲ။

ဒုက္ခသစ္စာဆို သမုဒယသစ္စာနဲ့ပေါင်းလိုက်တော့ မလောင်ဘူးလား။ သမုဒယက မီး၊ ဒုက္ခက ထင်း။

ဦးမြကြီး တိုင်းပြည်လှည့်ပြေးနေတာ ဘာပြုလို့ပြေးနေတယ်ထင်ကြသလဲ၊ မီးလောင်လို့ပြေးနေတာ။ ဟိုလည်းစိတ်မချ၊ သည်လည်းစိတ်မချနဲ့ လောဘမီး၊ ဒေါသမီးလောင်တော့ ခန္ဓာကြီးကတော့ အသက်(၇၀)ပြည့်နေပြီ၊ ပြေးနေလို့ကောင်းတုန်းပဲ သူက၊ ပြေးလောင်နေတာ၊ အတော်မဆိုးဘူးလား။

ဦးသံဒိုင်တို့လိုလူတွေက ဒီအတိုင်းမဟုတ်ဘူး။ ဆွေးပြီးလောင်တယ်။ ပြေးလောင်မဟုတ်ဘူး။ ဆွေးလောင်တယ်၊ ရိပ်မိပြီလား။ အင်မတန်ဆိုးဝါးနေတယ်။

ဦးသန်းမောင်ကြီးက ဘယ်လောင်ထဲကတုံး၊ ပြေးလောင်တာလား၊ ဆွေးလောင်တာလား။ ပြေးလောင်မို့ ခြောက်မိုင်ပြေးလိုက်၊ ရှစ်မိုင်ပြေးလိုက်ပေါ့။

ကဲ ··ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ အခု ခန္ဓာထဲမှာ အခုအချိန်နဲ့ပဲ တရားကိုသိနေတဲ့ဉာဏ်ကလေးပါတယ်။ ကျန်တဲ့အချိန်မှာ မီးနဲ့ သူနဲ့ တွဲလောင်နေတယ်။ ဦးသန်းမောင်။

ကားနဲ့သွားတာတောင်နေးတယ်ထင်ပြီးတော့ လောင်ချက်ဘယ်လောက်ပြင်းတယ်ထင်သလဲ။ မပြင်းဘူးလား။ လေယာဉ်ပျံနဲ့သွားရော။

ဟ ··ဘယ့်နှယ်ကြောင့်တုံးဆိုတော့ လောင်ချက်ပြင်းလွန်းလို့ အပြေးမြန်တာ။ သဘောပါပြီလား။ ခု ဟသ်ာတက လာစောင့်နေတဲ့ ဒကာကြီးဟာ အတော်ကြာသွားပြီ။ အတော်များလောင်နေရော့လား၊ မလောင်ဘူးလား။ ဟော့ မောင်ထွန်းအောင်တို့ သဘောပါကြရဲ့လား။

ကိုင်း ··ဒါဖြင့် ဒကာ၊ ဒကာမတို့ လွန်လေပြီးသောအတိတ်ကာလက ဘာသစ္စာလုပ်ခဲ့သတုံး။ အခုဘဝမှာ ဘာသစ္စာတွေပေါ်နေသတုံး။

ဟော ··ပစ္စုပ္ပန်အကျိုးတဲ့။ ဒုက္ခသစ္စာတွေ ပေါ်နေတယ်။

ဘုန်းကြီးတရားကို မလိုက်နာတော့ဘူး၊ သူ့အတိုင်းထားလိုက်ရင်တော့ ခင်ဗျားတို့ဘဝဟာဖြင့် ဒီဆရာသမားနဲ့မတွေ့ရင် ရှုံးပြီ။ အားလုံး ဒကာ၊ ဒကာမတွေ ဆရာကောင်း၊ သမားကောင်း မတွေ့ရင် ဘယ့်နှယ်ဆိုကြမလဲ။ အချိန်မီသေးသနော် ဦးမြ။

ဒကာ၊ ဒကာမတွေ၊ အခု ဘုန်းကြီး ဘာဆုံးမသလဲ၊ အချိန်မီသေးတယ်လို့ ဆုံးဖြတ်ချက်ချပါ။

အချိန်တော့မီပါရဲ့ဘုရား၊ တပည့်တော်တို့က ကိစ္စတွေက သိပ်များတယ်ဆိုပြီး ကိုယ့်ကိုယ်ကို လှံနဲ့မထိုးလိုက်ပါနဲ့။ ကိစ္စတွေ သိပ်များတယ်ဆိုတာ တပည့်တော် မလုပ်နိုင်ဘူး ပြောတာ။ မလုပ်နိုင်ဘူးပြောတော့ ဒါပဲလုပ်နိုင်တယ်ပြောတယ်။ ဒကာ၊ဒကာမတွေ (၃)နံပါတ်ပဲ လုပ် နိုင်တယ်ပြောတယ်။

ဒီနေရာ မလုပ်နိုင်ဘူးဆိုတော့ ဒီဟာတော့ လုပ်နိုင်တယ်။ ပြောတယ်။ မဂ္ဂသစ္စာတော့ မလုပ်နိုင်ဘူး၊ သမုဒယသစ္စာတော့ လုပ်နိုင်ပါတယ်။ ဟ ···မောင်ကိုတို့ ဦးမြတို့ ဘယ်လောက်မနာဘူးလား။

ဒါကြောင့် ခင်ဗျားတို့ ဦးမြတို့ အသက်(၇၀)လည်း ပြည့်နေပြီ၊ ဦးသံဒိုင်လည်းကြီးပြီ၊ ဦးမာဒင်လည်းကြီးပြီ၊ အခုအချိန်မှာ ဖြတ်လမ်းပဲ လုပ်ဖို့လိုတော့တယ်။ ဒကာ၊ဒကာမတွေ ဘာလိုကြသလဲ။

ဖြတ်လမ်းပဲလုပ်ဖို့ လိုတော့တယ်။ ဖြည်းဖြည်းမှ ဖြတ်ချင်သလား၊ မြန်မြန်ဖြတ်ချင်သလား။ အပြောကဖြင့် ဒီလိုမလုပ်ကြပါနဲ့တဲ့၊ ဒီလိုမလုပ်ကြပါနဲ့ ဒကာ၊ ဒကာမတို့။

ဟော့ ··ဆန်းဦးညွန့်ကြီး၊ မြန်မြန်လုပ်မှရမယ်။ မြန်မြန်လုပ်၊ ရှုပ်မနေနဲ့၊ မြန်မြန်လုပ်ကြစမ်းပါ။

နို့မို့လို့ရှိရင် ဟောဒီအဝိဇ္ဇာနဲ့ တဏှာဟာ ပုံတောင်း၊ ပုံတောင်းဆိုတာ အခုအခါတော့ စက်လည်တဲ့ဘောကြီးပဲ၊ သူက လှည့်ပေးနေတာ၊ သူက လှည့်ပေးလိုက်တဲ့အခါကျတော့ ဒီလို ဒီအတိုင်း မလည်ပေဘူးလား။

www.foreverspace.com.mm



ဟောဒီ သင်္ခါရတွေက မမြင်ဘူးလား၊ ဒီမှာပြထားတာ ဒေါက်တွေပေါ့။ ဒါတွေ ဒေါက်တွေပဲ၊ သူတို့က ဒေါက်တွေမှာ ဘယ်သူအုပ်ချုပ်ထားတုံးဆိုတော့ ဇရာ၊မရဏ အကွပ်ကြီးက ဒီကနေ ကွပ်ထားတော့ ခင်ဗျားတို့မှာ ပုံတောင်းရယ်၊ ဒေါက်ရယ်၊ အအိုရယ်၊ အသေရယ်၊ အကွပ်ကြီးနဲ့ လည်နေကြတယ်။ အကောင်းပါသေးရဲ့လား။

အဲဒီအထဲမှာ ဒါကြီးနဲ့ လည်နေတဲ့အထဲမှာ သားဝန်၊သမီးဝန်၊ ဆွေဝန်၊ မျိုးဝန်၊ မင်းဝန်၊စိုးဝန်တွေကလည်း ထမ်းနေရသေးတယ်။ လမ်းကလည်း (၉၆)ပါးလမ်းကြမ်းထဲမှာ ဒကာ၊ ဒကာမတွေ သွားနေတယ်။ ဘယ်လမ်းလဲ၊ (၉၆)ပါးလမ်းကြမ်းထဲမှာ သားဝန်၊ သမီးဝန်၊ ဆွေဝန်၊ မျိုးဝန် စိတ်မချ၊ လက်မချ ထမ်းပြီးသွားနေတယ်။

လမ်းကလည်း လမ်းကြမ်း၊ ဝန်ကရော ဝန်လေး၊ ဖြည်းဖြည်းသွားရသလား၊ နှေးနှေးသွားရသလား။ ဖြည်းဖြည်းသွား မရောက်ဘူး၊ အသွားမြန်မြန်၊ မင်းတို့ ဒါကြောင့်ဖျင်းနေတာ၊ စီးပွားရေး ဒါကြောင့် မင်းတို့ချို့တဲ့နေတာ၊ အသွားသုတ်သုတ်၊ အပြန်သုတ်သုတ်ဆိုတာ မကြားဖူးဘူးလား။ အောင်မာ ဒကာ၊ ဒကာမတို့ကို ဆုံးမနေတာ။ ဒီလိုဆုံးမပြီးသကာလ ဦးမြတို့ကျတော့ မဆုံးမရဘူး၊ ကိုယ့်ဟာကိုယ် ပြေးနေတာပဲ။

အဲဒီတော့ (၉၆)ပါးလမ်းကြမ်းမှာ သားဝန်၊ သမီးဝန်၊ ဆွေဝန်၊ မျိုးဝန်၊ မင်းဝန်၊ စိုးဝန်တွေ ထမ်းပြီးပြေးတော့၊ ဒကာ၊ ဒကာမတွေပြေးတော့ လမ်းမှာ ဟပ်ထိုးလဲသေကြတယ်။ ဘယ်လောက်ကြောက်စရာကောင်းသလဲ။

နောက်ဘဝ ထလာပြန်တော့လည်း ဒီဟပ်ထိုးလဲနဲ့ပဲ သေတာပဲ။ နောက်ဘဝထလာပြန်တော့ရော ဟပ်ထိုးလဲနဲ့ပဲ သေတာပဲ။ ဘယ်သူကများ ခင်ဗျားတို့ ထူပေးမည့်သူ၊မ ပေးမည့်သူ ရှိသတုံး၊ အဲဒီမဂ်ပဲ အကူအညီကို ရတယ်။ ဒကာ၊ ဒကာမတို့၊ ဒီပြင် ဘုန်းကြီးတို့ ဘာမျှ မတတ်နိုင်ဘူး။

ဘုရားဟာ ရာဟုလာ သူ့သားမဟုတ်ဘူးလား။ သူ့ဟာသူ ထမ်းခေါ်နိုင်ရဲ့လား၊ နိဗ္ဗာန်ကို။ ရာဟုလောဝါဒသုတ်၊ ရာဟုလာဆုံးမတဲ့သုတ်ဆိုပြီး ဟောရပြန်တယ်။ မင်းဒီသုတ်ကို ဒီအတိုင်းနှလုံးသွင်းပါဆိုပြီး သွင်းလိုက်တော့မှ သူ့ဟာသူ လိုက်ရတာကိုး။

ဒီမှာလည်း ဘုန်းကြီးက နည်းသာပေးတတ်တယ်။ ခင်ဗျားတို့ အားလုံးသော ပုဂ္ဂိုလ်တွေကို နိဗ္ဗာန်ရောက်အောင် ထမ်းမခေါ်နိုင်ဘူး။

ကြည်ညိုကြပါတယ်။ ခင်ဗျားတို့ ဆရာသမားလည်း အားကိုးပါတယ်။ အားကိုးပေမယ်လို့ ထမ်းခေါ်နိုင်တဲ့ ဆရာသမားမဟုတ်ဘူး။ ဘုရားမှ မခေါ်နိုင်ဘဲနဲ့ ဘုန်းကြီးတို့က ဘယ်ခေါ်နိုင်ပါ့မလဲ။

မခေါ်နိုင်တော့ ခင်ဗျားတို့ ဉာဏ်နဲ့ ခင်ဗျားတို့ လိုက်ရမယ်။ ဉာဏ်တော့ပေးမယ်၊ မရ မရှိရဘူး။ ဉာဏ်တော့သေသေချာချာရမယ်။ ဒကာ၊ ဒကာမတို့ စွဲစွဲမြဲမြဲကလေးသာ မှတ်ပါ။ ဉာဏ်သေသေချာချာရမယ်။ ရှင်းကြပြီလား။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ယနေ့ပြတာကဖြင့် အတိတ်ဘဝက ဘာသစ္စာနဲ့ သေခဲ့ကြသတုံး၊ ဒါ အတိတ်ပေါ်နေပြီနော်။

ယခုဘဝ ဘာသစ္စာရထားသတုံး၊ ဒုက္ခသစ္စာရထားတယ်။

အင်း ..ယခု သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ ဘာသစ္စာလုပ်ပြန်သတုံး။ သမုဒယသစ္စာလုပ်ပါတယ်။ အင်း ..သေသည်၏အခြားမဲ့၌ ဘာဖြစ်မှာတုံး။ ဒီဒုက္ခနဲ့ သေရတဲ့လူဟာတဲ့ မသိတဲ့အဝိဇ္ဇာလာ၊ မလာ၊ လာပါတယ်။

ဒါဖြင့် ဒီဘက်က ပြန်ပတ်မယ်၊ (၁)နံပါတ်ပြန်ရောက်မယ်။ မရောက်ပေဘူးလား။ (၁)နံပါတ်ပြန်ရောက်တယ်ဆိုရင် (၂)ကူးမှကူးပါ့မလား။ ဒီအဆက်က ပြနေတယ်။ သဘောကျပြီလား။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီလိုပဲ အဝိုင်းပြေး ပြေးနေတော့မလား၊ ဖြတ်မလား၊ ရှင်းကြရဲ့လား။ အဟုတ်ဖြတ်မှာလား။ ခင်ဗျားတို့ အဟုတ်ဖြတ်ရင်တော့ နည်းပေးရမယ်။ အဟုတ်ဖြတ်ရင်တော့ နည်းပေးရမယ်။ နို့မို့ရင်တော့ နည်းကို မပေးနိုင်ဘူး။ သဘောပါကြရဲ့လား။

ကဲ ..ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု ..သာဓု ..သာဓု ■



နူးညံ့ခြေလက်၊ ဂျုန်ရက်သဏ္ဍာန်၊ ခြေရုံမကျဲ၊ ထုံပါးပြုံကြ

တော်ဝင်နွယ်

www.foreverspace.com.mm

www.foreverspace.com.mm



**နူးညံ့ခြေလက်၊ ကွန်ရက်သဏ္ဌာန်၊ ခြေရုံမကွဲ၊ ထံပါးမြဲ၏ တော်ဝင်နွှယ် ချစ်ဖွယ်စကား၊ ပေးကမ်းငြား၍၊ စီးပွားဆောင်လင့်၊ ကိုယ်တူကျင့်ဟု၊လေးဆင့်သင်္ဂြိုဟ်၊ သူ့ကိုယ်ထောက်ထား၊ ကောင်းမှုအားကြောင့်၊ လက်ဖဝါးနှင့်၊ ခြေဖဝါးပါ၊ နူးညံ့စွာ၏။ ရှစ်ဖြာလက်ချောင်း၊ ဆယ်ချောင်းခြေတော်၊ ညီမျှသော်ကြောင့်၊ မုယော်တွင်လစ်၊ အတွင်းဆစ်၌၊ ရေးရစ်ဖြောင့်လေ့၊ စပါးစေ့များ၊ ပွတ်တံခါးသို့၊ ဖြောင့်သားညီညာ၊ လက္ခဏာဖြင့်၊ ကောင်းစွာ သိမ်းဆည်း၊ လုံးစည်းပေါင်းစု၊ လက်တွင်းပြုအပ်၊ ပရိသတ်သာ ရှိတော်မူပါသော မြတ်စွာဘုရား၊ မြတ်စွာဘုရား။**

## (က) အကြောင်းကောင်းမှု

ရှင်တော်ဘုရားဟာ အလောင်းတော်သူမြတ်ဖြစ်စဉ် ဘဝများစွာတွေမှာ တွေ့ကြုံဆက်ဆံရသူလူအပေါင်းကို သင်္ဂဟတရား(၄)ပါးနဲ့ ချီးမြှောက်တော်မူခဲ့ပါတယ်။ပေးကမ်းမှ နှစ်သက်သူကို ပေးကမ်းခြင်း "ဒါန"ဆိုတဲ့ သင်္ဂဟတရားနဲ့၊ယဉ်ကျေးပျူငှာ ချိုသာစွာ ပြောဆိုမှ သဘောကျသူကို ချစ်ခင်ချိုသာစွာ ပြောဆိုခြင်း "ပေယျဝဇ္ဇ"ဆိုတဲ့ သင်္ဂဟတရားနဲ့၊အကျိုးစီးပွားဆောင်ရွက်ပေးမှ နှစ်ခြိုက်သူကို အကျိုးဆောင်ပေးခြင်း "အတ္ထစရိယာ"ဆိုတဲ့ သင်္ဂဟတရားနဲ့၊ သွားအတူ၊ လာအတူ တန်းတူရည်တူ ပေါင်းသင်းမှ ကြိုက်နှစ်သက်သူကို ကိုယ်နဲ့တစ်တန်းတည်းထားခြင်း "သမာနတ္တတာ"ဆိုတဲ့ သင်္ဂဟတရားနဲ့ ချီးမြှောက်ပေါင်းသင်းတော်မူခဲ့ပါတယ်။ ဒါဟာ ရှင်တော်ဘုရားရဲ့ ထူးခြားလှတဲ့ ရှေးရှေးအကြောင်း ကောင်းမှုတစ်ပါးဖြစ်ပါတယ်။

တစ်ခါတုန်းက ဘုရားအလောင်းတော်ဟာ ဗာရာဏသီပြည်မှာ တရားသဖြင့် မင်းပြုအုပ်ချုပ်တော်မူတဲ့ ဘုရင်မင်းမြတ်တစ်ဦးဖြစ်ခဲ့ဖူးပါတယ်။ တစ်နေ့မှာတော့ နယ်ခြားဒေသမှာ ဆူပူလှုပ်ရှားနေတဲ့ သူပုန်တွေကို သွားရောက်နှိမ်နင်းရာမှာ အရေးနိမ့်ပြီး ထွက်ပြေးရပါတယ်။ ဘုရင်မင်းမြတ်ဟာ နယ်ခြားရွာကလေးတစ်ရွာထဲကို မြင်းစီးပြီး ဝင်သွားတဲ့အခါ ရွာသားအများစုဟာ ကြောက်လန့်ပြီး ထွက်ပြေးပုန်းအောင်းနေကြပါတယ်။

ရွာသားတစ်ဦးကတော့ မင်းကြီးကို သူ့ရဲ့အိမ်ကို ခေါ်ဆောင်သွားပြီး လိုအပ်တာတွေကို ပြုစုဆောင်ရွက်ပေးပါတယ်။ မြင်းကိုလည်း ဂရုတစိုက်စောင့်ရှောက်ကျွေးမွေးပါတယ်။အဲဒီရွာသားဟာ ဘုရင်မင်းမြတ်ကို သာမန်စစ်သည်တစ်ဦးလို့ပဲ ထင်မှတ်နေပါတယ်။

မင်းကြီးဟာ အဲဒီအိမ်မှာ သုံးလေးရက်လောက် အပန်းဖြေနားနေပြီး ထွက်ခွာခါနီးမှာ "မိတ်ဆွေ၊ ကျွန်ုပ်ကို 'မြင်းစီးကြီး'လို့ ခေါ်ကြပါတယ်။ မြို့လယ်ကောင်မှာ ကျွန်ုပ်အိမ်ရှိပါတယ်။ မြို့တော်ကိုရောက်တဲ့အခါ တောင်တံခါးမှူးထံ မေးမြန်းပြီး သူ့ကို လိုက်ပို့ခိုင်းပါ"လို့ ရွာသားကြီးကို မှာကြားခဲ့ပါတယ်။ မြို့တော်ပြန်ရောက်တဲ့အခါမှာလည်း တောင်တံခါးမှူးကို တီးတိုးမှာကြားထားပါတယ်။

အဲဒီလိုဖြစ်ပြီးတဲ့နောက် နှစ်အတန်ကြာလာတဲ့အထိ နယ်ခြားရွာသားကြီးဟာ မြို့တော်ကို ရောက်မလာခဲ့ပါဘူး။ ဒါနဲ့ ဘုရင်မင်းမြတ်ဟာ အဲဒီလူနေတဲ့ရွာကို သုံးကြိမ်တိုင်ဆက်ပြီး အခွန်တောင်းခံလိုက်ပါတယ်။ အဲဒီအခါ အခွန်ဒဏ်ကို ခံနိုင်ရည်မရှိတော့တဲ့ ရွာသားတွေဟာ အဲဒီရွာသားကြီးထံ သွားရောက်ကြကာ "သင့်မိတ်ဆွေ မြင်းစီးကြီးလာသွားတဲ့ အချိန်ကစပြီး ငါတို့ရွာဟာ အခွန်ဒဏ်ပိခဲ့ရတယ်။ဒါကြောင့် သင်ဟာ မြို့တော်ကိုလိုက်သွားပြီး သင့်မိတ်ဆွေမြင်းစီးကြီးကို အကျိုးအကြောင်းပြောပြကာ အခွန်ကနေလွတ်အောင် ဆောင်ရွက်ပေးပါ"လို့ စုပေါင်း ပြောဆိုကြပါတယ်။

ဒါနဲ့ အဲဒီရွာသားကြီးဟာ ရွာကလူတွေ စီမံပေးလိုက်တဲ့ လက်ဆောင်ပစ္စည်းတွေကိုယူကာ မြို့တော်ဆီကို ခရီးနှင်လာခဲ့ပြီး တောင်တံခါးမှူးထံသွားရောက်ကာ 'မြင်းစီးကြီး'ကို မေးမြန်းပါတယ်။ တောင်တံခါးမှူးလည်း ဝမ်းသာအားရ ရွာသားကြီးကို ဘုရင်မင်းမြတ်ထံ လိုက်ပို့ပေးပါတယ်။

ဘုရင်မင်းမြတ်လည်း ရွာသားကြီးကို ဝမ်းမြောက်ဝမ်းသာဖက်လှဲတကင်း ကြိုဆိုပြီး ရွာသားကြီးရဲ့ မိသားစုအကြောင်း၊ သာရေး၊ နာရေးအကြောင်းတွေ မေး

www.foreverspace.com.mm



မြန်းပါတယ်။ ရှာသားကြီး ယူဆောင်လာတဲ့ အဝတ်အစား လက်ဆောင်ပစ္စည်းတွေကို မိမိကိုယ်တိုင်လည်း သုံးဆောင်ပြီး မှူးကြီးမတ်ရာတွေနဲ့ မိဖုရားကြီးကိုပါ သုံးဆောင်စားသောက်စေပါတယ်။ ဒါတွင်မက မင်းကြီးဟာ အမတ်တစ်ယောက်ကိုခေါ်ပြီး ဒီရှာသားကြီးကို ဆံမုတ်ဆိတ်တွေ ပြုပြင်သုတ်သင်ကာ နံ့သာရေနဲ့ ရေချိုးစေပြီး တစ်သိန်းတန် ကာသိတိုင်းကဖြစ်တဲ့ အဝတ်တွေကို ဝတ်ဆင်စေပါတယ်။ အားလုံးပြီးတဲ့အခါ မင်းဝတ်တန်ဆာတွေကို ဆင်ယင်စေပြီး နိုင်ငံကို တစ်ဝက်ခွဲကာ မင်းစည်းစိမ်ကို ထက်ဝက်ခွဲပေးတော်မူပါတယ်။

ဘုရင်မင်းမြတ်လုပ်ပုံတွေကို သဘောမတွေ့နိုင်တဲ့ အမတ်တွေဟာ သားတော်ကြီး အိမ်ရှေ့မင်းသားကို တိုင်ကြားပြီး မင်းကြီးရဲ့လုပ်ရပ်တွေကို ကန့်ကွက်တားမြစ်ခိုင်းကြပါတယ်။ ဒါကြောင့် အိမ်ရှေ့မင်းသားက ခမည်းတော်မင်းကြီးထံ ဝင်ရောက်ပြီး ကန့်ကွက်စကား လျှောက်ထားတဲ့အခါ မင်းကြီးက 'ငါစစ်ရှုံးစဉ်က သူ့အိမ်မှာ ခိုအောင်းနေခဲ့ရတယ်။ သူ့ရဲ့ ပြုစုစောင့်ရှောက်မှုကြောင့် ငါဟာ နာလန်ထပြီး မင်းအဖြစ်ကို ပြန်ရခဲ့တာပါ။ ဒီမင်းအဖြစ်ဟာ သူ့ကျေးဇူးနဲ့ ဆက်စပ်နေပါတယ်။ ဒီလို ကျေးဇူးများတဲ့သူကို ဘာကြောင့် ငါဟာ ဒီမင်းစည်းစိမ်ကို နှမြောတွန့်တို မပေးလိုဘဲ နေရမှာလဲ။ ဒီမှာ ငါ့သား၊ လောကကြီးမှာ မပေးသင့်တဲ့သူကို ပေးပြီး၊ ပေးသင့်တဲ့သူတွေကို မပေးဘဲနေသူဟာ ဘေးရန်ကြုံတဲ့အခါတွေမှာ ကူညီစောင့်ရှောက်မယ့်သူကို မရနိုင်ဘူး''လို့ ဆုံးမဩဝါဒ ပေးတော်မူလိုက်ပါတယ်။

## (၁)အကျိုးလက္ခဏာတော်

အဲဒီလို ထူးခြားတဲ့ အကြောင်းကောင်းမှု ကုသိုလ်ကံတွေကြောင့် အလောင်းတော်သူမြတ်ဟာ နတ်ပြည်နတ်ရွာမှာ ဂုဏ်ထူး(၁၀)ပါးနဲ့ တခြားနတ်တွေထက် သာလွန်ထူးကဲစွာ ခံစားစံစားရပါတယ်။ နတ် ပြည်မှ စုတေပြီး လူ့ပြည်၊ လူ့ရွာ ရောက်လာတဲ့အခါမှာလည်း လက်ဖဝါးတော်၊ ခြေဖဝါးတော် နူးညံ့သိမ်မွေ့ခြင်း 'မုဒုတလုဏဟတ္ထပါဒတာ လက္ခဏာ'နဲ့ ရွှေဇာကွန်ရက်ခက်သလို ညီညာလှပတဲ့ လက်ချောင်း၊ ခြေချောင်းတော်ရှိခြင်းဆိုတဲ့ 'ဇာလဟတ္ထပါဒတာ လက္ခဏာတော်'(၂)ပါးကို ရရှိပိုင်ဆိုင်တော်မူပါတယ်။

သာမန်လူတွေမှာ လက်ဖဝါး၊ ခြေဖဝါး နူးညံ့သိမ်မွေ့သူ အင်မတန်ရှားပါတယ်။ များသောအားဖြင့် ကြမ်းတမ်းမာကျောကြပါတယ်။ ရှင်တော်ဘုရားရဲ့ လက်ဖဝါး၊ ခြေဖဝါးတွေကတော့ အကြိမ်တစ်ရာ ဖတ်ထားတဲ့ ဝါဂွမ်းလို လွန်စွာနူးညံ့သိမ်မွေ့တော်မူပါတယ်။ သက်တော်ရွယ်တော် ကြီးရင့်တော်မူလာတဲ့ တိုင်အောင် သိမ်မွေ့တော်မူပါတယ်။ အဲဒီလို လက်ဖဝါး၊ခြေဖဝါးတော်တွေ နူးညံ့သိမ်မွေ့တော်မူခြင်းကို (မုဒု- နူးညံ့သော+တလုဏ-သိမ်မွေ့သော+ ဟတ္ထပါဒတာ-လက်ခြေတော်ရှိခြင်း)

**ရှင်တော်ဘုရားရဲ့ လက်ဖဝါး၊ ခြေဖဝါး တွေကတော့ အကြိမ်တစ်ရာ ဖတ်ထားတဲ့ ဝါဂွမ်းလို လွန်စွာနူးညံ့ သိမ်မွေ့တော်မူပါတယ်။ သက်တော် ရွယ်တော် ကြီးရင့်တော်မူလာတဲ့ တိုင်အောင် နုပျိုတော်မူပါတယ်။**

'မုဒုတလုဏဟတ္ထပါဒတာ လက္ခဏာ'လို့ ခေါ်တော်မူပါတယ်။

သာမန်လူတွေမှာ လက်ချောင်း၊ ခြေချောင်းတွေဟာ အရှည်အတို မညီကြပါဘူး။ အရှည်အတို မညီတာကြောင့် လက်ဆစ်အကွက်တွေလည်း မညီညာ၊ မလှမပဖြစ်ရပါတယ်။ ရှင်တော်ဘုရားမှာတော့ လက်မတော်တွေကလွဲပြီး ကျန်တဲ့ လက်ချောင်း၊ ခြေချောင်းတော်တွေဟာ အရှည်အတို လုံးပတ်ပမာဏအားဖြင့် ညီတူညီမျှရှိကြပါတယ်။ အဲဒီလို လက်ချောင်း၊ ခြေချောင်းတော်တွေ ညီတော်မူတဲ့အတွက် လက်ဆစ်တွေကလည်း တစ်ချောင်းနဲ့

www.foreverspace.com.mm



တစ်ချောင်း အစိပ်အကျဲညီတော်မူကာ အင်မတန်ကျွမ်းကျင်တဲ့ လက်သမားက လေသာနန်းတံခါးမှာ စိုက်ထားတဲ့ ရွှေပွတ်လုံးတိုင်တွေလို တင့်တယ်လှပတော်မူပါတယ်။ စပါးစေ့သဏ္ဌာန် အဆက်အကွက်ကလေးတွေဟာလည်း ညီတူညီမျှဖြစ်တာမို့ ရွှေဇာကွန်ရက်ဖြန့်ကြက်ထားသလို ကြည့်ရှုမဝ လှပတော်မူပါတယ်။ ဒီလိုလက္ခဏာတော်ကို "ဇာလဟတ္ထပါဒတာ လက္ခဏာတော်" လို့ ခေါ်ဆိုပါတယ်။

## (ဂ) လက္ခဏာတော်၏ အကျိုးဆက်

အဲဒီလို မဟာပုရိသ လက္ခဏာတော်ကြီး (၂)ပါးနဲ့ ပြည့်စုံတော်မူတာမို့ အလောင်းတော်သူမြတ်ဟာ အိမ်ရာတည်ထောင် လူ့ဘောင်မှာ နေရင် စကြာမင်းအဖြစ်နဲ့လည်းကောင်း၊တောထွက်တော်မူရင် သမ္မာသမ္ဗုဒ္ဓဘုရားရှင်အဖြစ်နဲ့လည်းကောင်း ကောင်းစွာသိမ်းဆည်း လုံးစည်းပေါင်းစုလက်တွင်းပြုအပ်သကဲ့သို့ မပြတ်ဆည်းကပ်ခစားသော ပရိသတ်အခြံအရံရှိခြင်းဆိုတဲ့ အကျိုးဆက်ကို ရတော်မူပါတယ်။

## (ဃ) တိုက်တွန်းချက်

ဒီလို ရှင်တော်ဘုရားရဲ့ အကြောင်းကောင်းမှု၊ အကျိုးလက္ခဏာ၊လက္ခဏာတော်ရဲ့ အကျိုးဆက် ဒီ(၃)ချက်ကို ဆင်ခြင်နှလုံးသွင်းကြကာ ဗုဒ္ဓမြတ်စွာရဲ့ မုဒုတလုဏဟတ္ထပါဒတာ၊ ဇာလဟတ္ထပါဒတာ လက္ခဏာတော်ကြီး (၂)ပါးကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာပွားများပြီး မိမိတို့ဆိုင်ရာ ပရိသတ်ကိုလည်း သင်္ဂဟတရား(၄)ပါးနဲ့ ချီးမြှောက်နိုင်၊ သိမ်းသွင်းနိုင်အောင် အမြဲသတိထားကာ ကြိုးစားအားထုတ်ကြပါလေ။

## (င) ဘုရားရှိခိုး

ဇနသင်္ဂဟတော ပုဗ္ဗေ၊ မုဒုဟတ္ထပဒေါ ဇိနော၊
ဇာလဟတ္ထပဒေါ စေဝ၊ သု သင်္ဂဟဇနော နမေ။

ယော ဇိနော-အကြင်မြတ်စွာဘုရားသည်၊ ပုဗ္ဗေ-ဘဝများစွာ၊ရှေးရှေးအခါ၌၊ဇနသင်္ဂဟတော-သင်္ဂဟလေးပါးဖြင့် လူအများကို ချီးမြှောက်ခဲ့ခြင်းကြောင့်၊ မုဒုဟတ္ထပဒေါ စေဝ-သိမ်မွေ့သော လက်ခြေတော်ရှိသည်လည်းကောင်း၊ ဇာလဟတ္ထပဒေါ စေဝ-ဇာကွန်ရက်ပမာ ညီညာစွာ တည်သော လက်ချောင်းတော်၊ ခြေချောင်းတော်ရှိသည်လည်းကောင်း၊ သုသင်္ဂဟဇနောစ-မခွဲမခွာ အမြဲပါအောင် ကောင်းစွာသိမ်းသွင်းအပ်သော အခြွေအရံပရိသတ်ရှိသည်လည်းကောင်း၊ဟောတိ-အကြောင်းအလိုက် အကျိုးဆိုက်၍ သိုက်မြိုက်ထင်ပေါ် ဖြစ်ထွန်းတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ-ဘုရားတပည့်တော် (တပည့်တော်မ)သည်၊ နမေ (နမာမိ)-ယုံကြည်မြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏။ အရှင်ဘုရား။

□ တော်ဝင်နွယ်

## ပထမရွှေကျင် ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်များ

**ADMONITION BY FIRST SHWEGYIN SAYADAW**

မသူတော်သည် အမျက်ထွက်သည်ဖြစ်စေ၊ မထွက်သည်ဖြစ်စေ၊ စကားလှသည်ဖြစ်စေ၊ မလှသည်ဖြစ်စေ ရွံစရာသာတည်း။

The wicked are loathsome whether they are angry or not, and whether they speak sweetly or bitterly.

❖ ❖ ❖ ❖ ❖

ဆုံးမချင်သူ သဲလုံးအတူ များပါစေဟု ရှင်ရာဟုလာ နှလုံးသွင်းသည်။

Shin Rahula wished to have ***as many*** admonishers ***as*** grains of sand.

www.foreverspace.com.mm



## အောင်ဆန်းဆရာတော်
## ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ (မဟာကမ္မဋ္ဌာနာစရိယ)နှင့်
## အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနပြုတက္ကသိုလ်
## ပြည်ပဒီပလိုမာ သင်တန်းသားများ ၏
## ●မွှအတွေး အမေးအဖြေများ

ကိုရွှေသောင်းဝင်း
မှတ်တမ်းပြုပူဇော်သည်

(ယခင်လမှအဆက်)



**မေး။ ကမ္မဋ္ဌာန်းထိုင်တာ မိနစ်အနည်းငယ် နာရီအနည်းငယ် ကြာပြီးနောက်မှာ နာကျင်တာတွေယားယံတာတွေ ခံစားလာရတယ် လို့ထင်ပါတယ်။ အဲဒီအချိန်မှာ မိုးကုတ်ဆရာတော်ရဲ့နည်းအရ ကမ္မဋ္ဌာန်းထိုင်တဲ့ပုံစံ ပြောင်းလဲနိုင်ပါသလား။**

**(သီရိလင်္ကာ)**

ဖြေ။ သမထ ဝိပဿနာတရား အားထုတ်ရာမှာ ခန္တီသံဝရဆိုတာ အရေးတကြီးလိုပါတယ်။ အတော်အတန် ဒုက္ခကိုတော့ သည်းခံပြီး ရှုနေမှ သမာဓိဉာဏ် ဖြစ်နိုင်တယ်။ သည်းမခံဘဲ ခဏခဏပြုပြင် ပြောင်းလဲနေရင် သမာဓိဉာဏ် မဖြစ်နိုင်ဘူးဆိုတာ ထိထိရောက်ရောက် အားထုတ်ဖူးတဲ့သူတိုင်း

www.foreverspace.com.mm

သိပြီးဖြစ်နေပါတယ်။ ဒါကြောင့် အခံခက်တဲ့ ဒုက္ခဝေဒနာ ဖြစ်လာရင် စွမ်းနိုင်သမျှ သည်းခံပြီး ရှုနေရတယ်။ အဲဒီလို သည်းခံနေတဲ့အတွက် ခန္တီသံဝရဖြစ်ပါတယ်။ မြတ်စွာဘုရားအလိုတော်ကျ ခန္တီသံဝရနဲ့ သတိ၊ သမာဓိ၊ ပညာ ဖြစ်ပွားနေပါတယ်။

မြတ်စွာဘုရား အလိုတော်ကတော့ စွမ်းနိုင်မယ်ဆိုရင် ထိုင်ခြင်း ဣရိယာပုတ်ကို မပြင်ဘဲ၊ တစ်ထိုင်အတွင်းမှာ အရဟတ္တဖိုလ် ရောက်အောင် မဆုတ်မနစ် အားထုတ်တာကို ပိုပြီး နှစ်သက်တော်မူပါတယ်။ ဒါ့ကြောင့် မူလပဏ္ဏာသ မဟာဂေါသိင်္ဂသုတ်မှာ "ငါ၏ စိတ်သည် မစွဲလမ်းဟူ၍ အာသဝေါတရားတို့မှ မလွတ်သေးသမျှ ကာလပတ်လုံး ဤထက်ဝယ်ဖွဲ့ခွေ ထိုင်နေခြင်းကို မဖျက်တော့ဘူး" လို့ အဓိဋ္ဌာန်ပြုပြီး ထိုင်လျက် အားထုတ်နေရင် အဲဒီလိုအားထုတ်တဲ့ရဟန်းဖြင့် ဂေါသိင်္ဂမည်တဲ့ အင်ကြင်းတောကျောင်းတိုက်ဟာ တင့်တယ်နိုင်တယ်လို့ မိန့်တော်မူပါတယ်။ အဲဒီရဟန်းဟာ တောကျောင်းကို တင့်တယ်စေနိုင်တဲ့ အကောင်းဆုံး ပုဂ္ဂိုလ်ဖြစ်တယ်လို့ ဆိုတာပါပဲ။

ဒါ့ကြောင့် သီလ သမာဓိပညာဖြစ်ရေးမှာ မပြုပြင်ဘဲ သည်းခံပြီး ရှုနေရင် အကောင်းဆုံးပါပဲ။

**မေး။** **သစ္စာ ၄-ပါး တရားတော်အရ ဗုဒ္ဓဟာ တဏှာကို သမုဒယသစ္စာလို့ဟောပြီး ဘာကြောင့် အဝိဇ္ဇာကို သမုဒယသစ္စာလို့ မဟောသလဲ။**

**ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ အဝိဇ္ဇာ (မောဟ)တရားဟာ သက်ရှိသတ္တဝါတွေရဲ့ အစဦးဆုံးတရား ဖြစ်ပါသလား။**

**(တရုတ်ဗုဒ္ဓဘာသာရဟန်းတော်)**

ဖြေ။ ဆင်းရဲဖြစ်ပွားကြောင်း ဒုက္ခသမုဒယ အရိယသစ္စာဆိုတာ ဘဝအသစ် ဖြစ်ခြင်းအစ၊ ဥပါဒါနက္ခန္ဓာ အဆုံးရှိတဲ့ ဆင်းရဲအစစ်တွေကို ဖြစ်စေတတ် ပွားစေတတ်တဲ့ တရားပဲ။ ဆင်းရဲကင်းချင်ရင် အဲဒီ ဆင်းရဲအစစ်ဖြစ်ကြောင်းတရားကို သိဖို့ရာက အရေးကြီးပါတယ်။ ရောဂါပျောက်စေချင်ရင် ရောဂါဖြစ်ကြောင်း ကို သိပြီး ပယ်ဖျက်ရတာလိုပါပဲ။

အဲဒီသမုဒယသစ္စာက ဘာလဲဆိုရင် တဏှာပါပဲ။ တဏှာဆိုတာ ဆာတဲ့ သဘောပဲ။ ထမင်းဆာတာ ရေဆာတာလို သူက အာရုံတွေ ဆာတဲ့သဘောပဲ။

အဲဒီအာရုံဆာတဲ့တဏှာက ပေါနောဗ္ဘဝိကာ- တစ်ဖန် ဘဝသစ်ကိုလည်း ဖြစ်စေတတ်တယ်တဲ့။ အဲဒီတဏှာမကင်းသေးသမျှ ကာလပတ်လုံး ဘဝအသစ်အသစ်တွေ ထပ်ကာ ထပ်ကာ ဖြစ်ဖြစ်နေရမယ်။

လူဖြစ်ဖို့၊နတ်ဖြစ်ဖို့၊ယောကျ်ားဖြစ်ဖို့၊ မိန်းမဖြစ်ဖို့၊ လူဖြစ်ပြီး ကာမဂုဏ် အာရုံတွေ ခံစားဖို့၊ နတ်ဖြစ်ပြီး ကာမဂုဏ် အာရုံတွေ ခံစားဖို့၊ ယောကျ်ားဖြစ်ပြီး မိန်းမဖြစ်ပြီး ကာမဂုဏ် အာရုံတွေ ခံစားဖို့ လိုလား နှစ်သက်နေတာတွေဟာ ကာမတဏှာချည်းပါပဲ။

မြင်ရလို့ဖြစ်စေ၊ကြားရလို့ဖြစ်စေ၊ နံ့ရ၊ စားရလို့ဖြစ်စေ၊ တွေ့ထိရလို့ဖြစ်စေ၊ ကောင်းတယ်ထင်ရင် သာယာနှစ်သက်မှုက ဖြစ်တော့တာပဲ။ အဲဒီမှာ ကောင်းတယ်ထင်တာက အဝိဇ္ဇာပဲ။

အဝိဇ္ဇာဆိုတာ အာရုံရဲ့သဘောမှန်ကို ဖုံးကွယ်ပြီး အလွဲအမှားကို သိနေတဲ့ သဘောပဲ။ မမြဲတာကို မြဲတယ်လို့ သူက ထင်တယ်။ ခဏမစဲ ဖြစ်ပျက်နေတဲ့ ဆင်းရဲသဘောတွေကို ချမ်းသာလို့ ထင်တယ်။ အတ္တကောင် အသက်ကောင် မဟုတ်တဲ့ ရုပ်နာမ် သဘောတရားမျှကို အတ္တကောင် အသက်ကောင်လို့ ထင်တယ်။ မတင့်တယ်တဲ့ သူ့ကိုယ်၊ ကိုယ့်ကိုယ်တွေကို တင့်တယ်တယ်လို့ ထင်တယ်။ အဲဒါတွေဟာ ကောင်းတယ်လို့ ထင်တာချည်းပါပဲ။ အဲဒီလို ကောင်းတယ်ထင်တော့ နှစ်သက်လိုချင်တဲ့ တဏှာဖြစ်တယ်။ နှစ်သက်လိုချင်တော့ စွဲလမ်းတယ်။ စွဲလမ်းတော့ ကိုယ့်အလိုအတိုင်း ပြီးပြည့်စုံအောင် ကံတွေ အားထုတ်တယ်။ အဲဒီ အားထုတ်တာဟာ ကံနဲ့ သင်္ခါရပဲ။ အဲဒီ ကံသင်္ခါရတွေကြောင့် ဘဝသစ် ရုပ်နာမ်ခန္ဓာတွေ ဖြစ်ရတယ်။ ဒါ့ကြောင့် နှစ်သက်လိုချင်မှု ဖြစ်တိုင်းဖြစ်တိုင်း ဘဝသစ်ဖြစ်ခြင်းကို ခံယူနေရတာပါပဲ။

www.foreverspace.com.mm





ဒီတော့ ဘဝသစ်ဆိုတဲ့ (ဒုက္ခ)ရဲ့ အဓိက တရားခံက တဏှာပဲပေါ့။ အဝိဇ္ဇာက ဘဝသစ်ကို ဒုက္ခလို့ မထင်ရအောင် အမှောင်ဖုံး ပေးထားတာ။ တဏှာက ဘာမသိ ညာမသိ လိုချင်တာ။ အဝိဇ္ဇာက အပြစ်မမြင်အောင် ဖုံးပေးတာ။ မိတ်ကပ်လူးပေးတာ။ တဏှာက အဲဒါကို လိုချင်တာ။ တကယ်လို့ မိတ်ကပ်လိမ်းလိမ်း၊ မလိမ်းလိမ်း လိုချင်တဲ့တဏှာ မရှိရင် ဘာပြဿနာမှ မရှိဘူး။ ဒီတော့ တဏှာက အရင်းခံဖြစ်လို့ တဏှာကို သမုဒယသစ္စာလို့ ပြောတာ။

သတ္တဝါ ဘယ်ကစသလဲ။ သတ္တဝါအစ ရှိသလားဆိုတဲ့ ပြဿနာက နှစ်ပေါင်းများစွာက ပေါ်ခဲ့တာပါ။ သတ္တဝါဟာ ဘဝပေါင်း ဘယ်လောက်က စခဲ့သလဲလို့ မေးတဲ့အခါ သတ္တဝါမှာ အစသာရှိခဲ့ရင် ဘုရားက ဟောခဲ့ရင် ဟောခဲ့မှာပါ။

အမှန်ကတော့ သတ္တဝါအစ မရှိပါ။ မြတ်စွာဘုရားကလည်း ဒီလို အစမရှိကြောင်းကို သိစေချင်လို့ ပဋိစ္စသမုပ္ပါဒ်ကို ဟောခဲ့တာပါ။ ပဋိစ္စသမုပ္ပါဒ်မှာ အစမရှိဘူး ဆိုပေမယ့် အဝိဇ္ဇာကစပြီး ဇရာမရဏမှာ ဆုံးသလို ဖြစ်နေပါတယ်။ ဒါက ဒေသနာစဉ်ပါ။ ဖြစ်စဉ်က ဒီလို မဟုတ်ပါဘူး။ အမှန်က ပဋိစ္စသမုပ္ပါဒ် တစ်ခုလုံးမှာ အစလည်းမရှိ၊ အဆုံးလည်းမရှိ၊ သတ္တဝါတွေရဲ့ သံသရာလည်ပုံပါပဲ။

သတ္တဝါ ဘယ်က စသလဲဆိုတာကို မျောက်က စပြီး လူဖြစ်တယ်။ ဗြဟ္မာကြီး (၄) ယောက်က လူဖြစ်တယ်လို့ ပညတ်နည်းနဲ့လည်း ပြောလို့မရပါဘူး။အဘိဓမ္မာနည်းနဲ့ အဝိဇ္ဇာက စတယ်၊ တဏှာက စတယ်၊ ဥပါဒါန်က စတယ်လို့ ဒီလိုလည်း ပြောလို့မရပါဘူး။ ပဋိစ္စသမုပ္ပါဒ် ဆိုတာကိုက လည်နေရမှာပါ။

အများအားဖြင့် ထင်နေကြတာက ဒေသနာစဉ်မှာ အဝိဇ္ဇာက စထားတော့ ပဋိစ္စသမုပ္ပါဒ်ရဲ့ အစကို အဝိဇ္ဇာလို့ ထင်နေတာပါ။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ် ဆိုတော့ အဝိဇ္ဇာရဲ့အကြောင်းကို အစ ,ပြန်ကောက်လိုက်ရင် အာသဝတွေကို တွေ့ရလိမ့်မယ်။ အဲဒီ အာသဝ ဘာကြောင့်ဖြစ်၊ ဇရာမရဏကြောင့်ဖြစ်၊ ဇရာမရဏ အကြောင်းရှာလည်း ဇာတိကို တွေ့ရမှာ။ဒီလိုပဲ ဆက်ကာဆက်ကာ အကြောင်းရှာလိုက်တော့ ဘဝ၊ဥပါဒါန်၊တဏှာ၊ ဝေဒနာ၊ ဖဿ၊ သဠာယတန၊ နာမရူပ၊ ဝိညာဏ်၊ သင်္ခါရ၊ အဝိဇ္ဇာ၊ အာသဝ၊ ဇရာမရဏ(မုစ္ဆာ)၊ ဇာတိ၊ ဘဝ၊ ဒီလိုပဲ ပြန်လည်သွားမှာပါ။

ဒီတော့ သတ္တဝါမှာလည်း ဘဝအစမရှိ၊ ပဋိစ္စ

www.foreverspace.com.mm





သမုပ္ပါဒ်မှာလည်း အစမရှိကြောင်း သဘောပေါက်လောက်ပါပြီ။

⁂

**မေး။ ဖဿပစ္စယာ ဝေဒနာအရ ဖဿနဲ့ ပတ်သက်ပြီး ထပ်မံရှင်းလင်း ပြစေချင်ပါတယ်ဘုရား။ နောက်ပြီး အဲဒါတွေက ဘာတွေလဲ၊ ဥပမာလေး အထိုက်အလျောက် ပေးနိုင်မလားဘုရား။**

**(ကမ္ဘောဒီးယားရဟန်းတော်)**

ဖြေ။ ဒွါရ(ပသာဒ)နဲ့ အာရုံ ထိခိုက်တာကို ဖဿ (သမ္ဖဿ)လို့ ခေါ်တယ်။

မိလိန္ဒပဉှာမှာတော့ ဘာနဲ့ ဥပမာပေးသလဲဆိုတော့ ဆိတ်နှစ်ကောင် ခတ်သလိုပဲတဲ့။ ဆိတ်တစ်ကောင်က ပသာဒဆိုရင် ကျန်တစ်ကောင်က အာရုံ၊ စက္ခုပသာဒနဲ့ ရူပါရုံဆိုပါစို့၊ ဆိတ်တစ်ကောင်က "စက္ခုပသာဒ" ဆိုရင် ကျန်တစ်ကောင်က "ရူပါရုံ" အဲဒီ ဆိတ်နှစ်ကောင်ခတ်သလို စက္ခုပသာဒနဲ့ ရူပါရုံတွေ့ဆုံမှုကို ဖဿတဲ့။

နောက် လက်ခုပ်တီးတာနဲ့ ဥပမာပြတယ်။ လင်းကွင်းတီးတာနဲ့ ဥပမာပြတယ်။တစ်ခုက ဒွါရ၊ တစ်ခု က အာရုံ၊ နှစ်ခုပေါင်းဆုံ ထိခတ်ခြင်းက ဖဿ။

ဆိုတော့ စက္ခုနဲ့ ရူပါရုံ တွေ့ထိတဲ့အခါ စက္ခုသမ္ဖဿ ဖြစ်လာတော့ ကောင်းတဲ့အာရုံမှာ သူ့သဘောကျရင် သုခဝေဒနာ၊ မကောင်းတဲ့အာရုံ အနိဋ္ဌာရုံနဲ့တွေ့ရင် သဘောမကျတော့ ဒုက္ခဝေဒနာ ဖြစ်ပါတယ်။ ဝေဒနာဆိုတာက စိတ်ချမ်းသာမှ သုခဝေဒနာ၊ စိတ်ဆင်းရဲမှ ဒုက္ခဝေဒနာအထိသာ ဖြစ်တာမဟုတ်သေးပါဘူး။ ကောင်းတဲ့ ဣဋ္ဌာရုံနဲ့ တွေ့တော့ သဘောကျရင် သုခဝေဒနာ၊ မကောင်းတဲ့ အနိဋ္ဌာရုံတွေ့တော့ သဘောမကျရင် ဒုက္ခဝေဒနာ၊ သာမည ရူပါရုံနဲ့တွေ့တော့ ဥပေက္ခာဝေဒနာလို့ အာရုံတစ်ခုခုမှာ ဝေဒနာ ၃-မျိုးစီ ရှိပါတယ်။ ဒါပေမယ့် လွယ်ကူအောင် ဖဿ ၆-မျိုး ရှိတော့ ဝေဒနာ ၆-မျိုးပဲ ခွဲပါတယ်။

ဝေဒနာ ၆-မျိုးမှာ စက္ခုနဲ့ ရူပါရုံ တိုက်ဆိုင်တဲ့ စက္ခုသမ္ဖဿကို ဝေဒနာနဲ့ တွဲလိုက်တော့ စက္ခုသမ္ဖဿဇာ ဝေဒနာလို့ ပါဠိတော်မှာ လာပါတယ်။ ဒါ့ကြောင့်-

၁။ စက္ခုသမ္ဖဿဇာ ဝေဒနာ
၂။ သောတသမ္ဖဿဇာ ဝေဒနာ
၃။ ဃာနသမ္ဖဿဇာ ဝေဒနာ

www.foreverspace.com.mm





၄။ ဖိဋ္ဌဗ္ဗသမ္ဖဿဇာ ဝေဒနာ

၅။ ကာယသမ္ဖဿဇာ ဝေဒနာ

၆။ မနောသမ္ဖဿဇာ ဝေဒနာ လို့ ဝေဒနာ၆-ပါး ရှိပါတယ်။"ဇာဝေဒနာ" ဆိုတာက ဖဿ ကြောင့်ဖြစ်တဲ့ ဝေဒနာလို့ ပြောတာပါ။

ဝေဒနာ ၆-မျိုးမှာ တစ်ခုတစ်ခုမှ (သုခ၊ ဒုက္ခ၊ ဥပေက္ခာ) လို့ ၃-မျိုး ရှိလို့ (၆×၃=၁၈) မျိုးလို့လည်း ပြောနိုင်ပါတယ်။

စက္ခုနဲ့ ရူပါရုံ တိုက်ဆိုင်တဲ့အခါ ဖဿဖြစ်တယ် ဆိုတာ "မဖြစ်ဘူး" လို့ တစ်ကမ္ဘာလုံးက ဘယ်ဘာသာဝင်ကမျှ ငြင်းလို့ရတဲ့ သဘောတရား မဟုတ်ပါ။ ဖဿဖြစ်ရင် ချမ်းသာသော်လည်းကောင်း၊ ဆင်းရဲသော်လည်းကောင်း၊ ဥပေက္ခာသော်လည်းကောင်း ဝေဒနာ တစ်ခုခု ဖြစ်ရမယ်ဆိုတာလည်း ဘယ်သူမှ မငြင်းနိုင်ပါဘူး။နိယာမအတိုင်း၊ ဖြစ်စဉ်ဖြစ်နေတဲ့အတိုင်း သဘောတရားတွေ ဖြစ်နေတာကို ဘုရားက ဟောထားခဲ့တာပါ။ ဒါကြောင့် ဖဿရှိရင် ဝေဒနာရှိမှာပဲဆိုတာ လူတိုင်းဝန်ခံနိုင်တဲ့ တရားပါ။

ဖဿရှိတဲ့အတွက် ဝေဒနာခံစားမှုက ရှိတာပါ။ ဖဿ မရှိရင် ဝေဒနာခံစားမှု မရှိနိုင်ပါ။ လူလို့ ခေါ်နေတဲ့ သမုတ်နေတဲ့ လူဆိုတာက ပဋိစ္စသမုပ္ပါဒ်အမြင်နဲ့ ပြောတဲ့ အခါ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ပါပဲ။ လူဖြစ်နေတယ်၊ လူ့ဘဝရောက်နေတယ်ဆိုတာ အားလုံးနားလည်တဲ့စကားနဲ့ ပြောနေတာပါ။ ပဋိစ္စ သမုပ္ပါဒ်စကားနဲ့ပြောတော့ လူဆိုတာ မရှိပါဘူး။တကယ် ဖြစ်နေတာက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿနဲ့ ဝေဒနာပါပဲ။

အဲဒီလို လူလုံးပျောက်သွားအောင် ရှုဖို့ဆိုရင် ပဋိစ္စသမုပ္ပါဒ်ကို သဘောကျအောင် လေ့လာရမှာပါ။

**မေး။** **ကျွန်ုပ်တို့မှာ ခန္ဓာ ၅-ပါးရှိနေရင် တစ်ချိန်တည်းမှာပဲ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဆိုတာတွေလည်း ရှိနေပါတယ်။ ခန္ဓာ ၅-ပါးကို ဘယ်လိုပယ်နိုင်ပါ့မလဲ။**

**(တရုတ်-တိုင်ပေရဟန်းတော်)**

ဖြေ။ ဆရာတော်ဘုရားကြီး စကားနဲ့ ပြောရရင် လွှန်ကုန်ပြီ။ ဘုန်းကြီးတို့ အခုရောက်နေတာက ၂-အကွက်ထဲမှာ။ ဝိပါကဝဋ်ခန္ဓာကြီး ရနေပြီ။ အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓာတွေ ဖြစ်နေပြီ။နောက် ဘဝက သစ္စာ ၄-ပါးမသိတဲ့ အဝိဇ္ဇာ၊ အဝိဇ္ဇာကို လက်သပ်မွေးခဲ့တဲ့အတွက်၊ မခွဲနိုင်တဲ့အတွက် ဟိုဘဝက ဆုတောင်းတဲ့ တဏှာလာတယ်။ တဏှာလာတော့ ဘဝရောက်ကြောင်း ကုသိုလ်တွေလုပ်၊ ကုသိုလ်လုပ်တော့ ဒီဘဝမှာ ဝိညာဏ် နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ခန္ဓာ ၅-ပါး ပေါ်ပြီ။

ဟိုက အရှိန်နဲ့ ဒီရောက်နေတာကို သူ့အကျိုးဆက်ခရုံပဲ ရှိတော့တယ်။ သူ့အကျိုးဆက်ကို ဘုန်းကြီးတို့ တွေ့ကြုံနေပြီ။ အတိတ်က အဝိဇ္ဇာ သင်္ခါရကြောင့် ပစ္စုပ္ပန် ခန္ဓာကြီး ရနေပြီ။ ဒီတော့ အတိတ်ကဟာကို မသတ်နိုင် ဘူး။ မသတ်နိုင်လို့ဘဲ ခန္ဓာကြီးဟာ အိုဘေး၊ နာဘေး၊ သေဘေးနဲ့ ကြုံနေရတာပေါ့။

ဆိုတော့ ဘုန်းကြီးတို့က ပြီးပြီးသားအကြောင်းကို သတ်လို့ မရတော့ဘူး။ သူ့မျိုးစေ့တောင် ဒီမှာ ကျနေပြီ။ သူ့မျိုးစေ့ထဲကနေပြီးတော့ အဝိဇ္ဇာသီး၊ သင်္ခါရသီး မသီးဖို့ပဲ အရေးကြီးတော့တယ်။ ဒီခန္ဓာကိုယ်ကြီးကနေ အဝိဇ္ဇာသီး၊ သင်္ခါရသီး မသီးပါစေနဲ့။ အဝိဇ္ဇာသင်္ခါရကြောင့်တော့ ခန္ဓာပင်ကြီး ဖြစ်လာပြီ။ ဒီ ခန္ဓာပင်ကြီးက အဝိဇ္ဇာသီး၊သင်္ခါရသီး မသီးရအောင်လုပ်၊ပစ္စုပ္ပန်ခန္ဓာကြီး အပေါ်မှာ တဏှာ၊ ဥပါဒါန်၊ ကံတွေ လာမယ်။ တဏှာလာရင် ဥပါဒါန်လာမယ်။ ဥပါဒါန်လာရင် ကံလာမယ်။ ကံလာရင် နောက်အနာဂတ် ဇာတိ၊ ဇရာ၊ မရဏ လာမယ်။

ဆိုတော့ ပစ္စုပ္ပန်ခန္ဓာထဲမှာ အဝိဇ္ဇာ၊ တဏှာ ကံတွေ မပေါ်ဖို့ အရေးကြီးတာပေါ့။ ပစ္စုပ္ပန်ခန္ဓာ အစွဲပြုပြီး အဝိဇ္ဇာ၊ တဏှာ၊ ကံတွေ မပေါ်လို့ရှိရင် ဒီအနာဂတ် ခန္ဓာဆိုတာ ပြတ်တာပါပဲ။

ဒီတော့ ယခု ရရှိပြီးတဲ့ ခန္ဓာ ၅-ပါးကတော့ ပယ်လို့မရတော့ဘူး။ လွန်ခဲ့ပြီ။ ဒီခန္ဓာကို တွယ်တာတဲ့ တဏှာမရှိရင် ဥပါဒါန် ကံတွေ မလာတော့ဘူး။ အနာ

**တချို့ပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရားထံက တရားကို နာယူမှပဲ တရားကို သိမြင်နိုင်တယ်။ အဲဒီပုဂ္ဂိုလ်မျိုးကို ဗုဒ္ဓဝေနေယျလို့ ခေါ်တယ်။ တချို့ကျတော့ မြတ်စွာဘုရားထံက တရားနာရင်လည်း သိမြင်နိုင်တယ်။ မြတ်စွာဘုရားရဲ့ တပည့်သာဝက တစ်ပါးပါးထံက တရားနာရင်လည်း သိမြင်နိုင်တယ်။ အဲဒီလို ပုဂ္ဂိုလ်မျိုးကို သာဝကဝေနေယျလို့ ခေါ်တယ်။**

ဂတ်ခန္ဓာ မရတော့ဘူး။ ဒါ့ကြောင့် မြတ်စွာဘုရားရှင်ကလည်း-

**ရူပံ ဘိက္ခဝေ န တုမှာကံ၊ တံ ပဇဟထ။ ယော ဘိက္ခဝေ ရူပသ္မိံ ဆန္ဒရာဂေါ၊ တံ ပဇဟထ၊ ဧဝံ တံ ရူပံ ပဟီနံ ဘဝိဿတိ။ (သံ၊ ၁၊ ၂၈။ သံ၊ ၂၊ ၁၃၈)** လို့ ဟောတော်မူပါတယ်။

အဓိပ္ပါယ်ကတော့ ရုပ်တရားသည် သင်တို့ဥစ္စာ မဟုတ်။ အဲဒီ သင်တို့ကိုယ်ပိုင် မဟုတ်တဲ့ ရုပ်ကို ပယ်လိုက်ပါ-တဲ့။

ရှေ့စကားအရ သာမန်ကြည့်ရင် ရုပ်ကို ပယ်ရမယ်လို့ ပြောပေမယ့် ရုပ်ဟာ ပဟာတဗ္ဗ(ပယ်အပ်တဲ့) တရား မဟုတ်ဘူး။ ဆိုတော့ နောက်အပိုဒ်က ရုပ်ကို



www.foreverspace.com.mm



တပ်မက်မောတဲ့ ဆန္ဒရာဂကို ပယ်ပါတဲ့၊အဲဒီ ဆန္ဒရာဂကို ပယ်ရင် ရုပ်ကိုပယ်သလိုပါပဲ-တဲ့။

အားလုံးကို ကောက်ချက် ချလိုက်တော့ ရရှိပြီး တဲ့ ဝိပါကဝဋ်ခန္ဓာကြီးတော့ ပယ်လို့ မရတော့ပါ။ သူ့ ကို တွယ်တာတဲ့ တဏှာကိုပယ်ရင် နောင်ဘဝ ခန္ဓာမရ တော့ဘူးပေါ့။

ညှိနှိုင်းစဉ်းစားဖို့ ပါဠိတော်တွေကို ထည့်သွင်း ဖော်ပြပေးပါဦး မယ်။

**ယံ ဘိက္ခဝေ န တုမှာကံ တံ ပဇဟထ။ တံ ဝေါ ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ။ (သံ၊ ၁၊ ၂၈)**

သင်တို့ကိုယ်ပိုင် မဟုတ်သည့် အရာကို ပယ် လိုက်ပါ။ ချမ်းသာ စီးပွား အကျိုးများပါလိမ့်မည်။

**ရူပေ ဘိက္ခဝေ ယော ဆန္ဒရာဂေါ ယာ နန္ဒီ ယာ တဏှာ တံ ပဇဟထ။ဧဝံ တံ ရူပံ ပဟီနံ ဘဝိ-ဿတိ ဥစ္ဆိန္နမူလံ တာလာဝတ္ထု ကတံ အနဘာဝံ ကတံ အာယတိံ အနုပ္ပါဒဓမ္မံ။ (သံ၊ ၂၊ ၁၃၀)**

ရုပ်ကို တပ်မက် နှစ်သက်တဲ့ တဏှာကို ပယ် လိုက်ပါ။ အဲဒီလို ပယ်ရင် ရုပ်ကို အမြစ်ပြတ် ပယ်ရာ ရောက်ပါတယ်။ ထန်းငုတ်က အတက်မထွက်သလို နောက်ထပ် မဖြစ်တော့ပါဘူး။

ဒီအဖြေကတော့ လုံလောက်ပါပြီ။

**မေး။ တပည့်တော်တို့ဟာ မိုးကုတ်၊ မဟာစည်၊ စွန်းလွန်း စတဲ့ ကမ္မဋ္ဌာန်းရိပ်သာကြီး တွေကို သွားရောက်ပြီးပါပြီဘုရား။သူတို့ အကြံပြုကြတာက မဟာစည်နည်းကို လိုက်ဖို့၊ စွန်း လွန်းနည်းကို လိုက်ဖို့၊ မိုးကုတ်နည်းအတိုင်း လိုက်ဖို့ အကြံပြုကြပါတယ်။**

**ဘယ်သင်းဟာ နည်းမှန် လမ်းမှန်ပါလဲ ဘုရား။**

**(တောင်အာဖရိက)**

ဖြေ။ ဝိပဿနာတရား ပွားများအားထုတ်နည်း ကတော့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ နည်းပါ။ မဟာစည်နည်း၊ မိုးကုတ်နည်း၊ စွန်း လွန်းနည်း ဆိုပြီး (ကျမ်းဂန်မှာ) မရှိပါဘူး။ ဒါပေမယ့် ကျမ်းစာမှာလာတဲ့ ဘုရားဟောတဲ့နည်းတွေကို အဆိုပါ

www.foreverspace.com.mm



မိုးကုတ် ဆရာတော်၊ မဟာစည်ဆရာတော်ဘုရားကြီးများက သူတို့ရဲ့ လက်တွေ့ ကျင့်ကြံပွားများအားထုတ်မှု၊ သူတို့ရဲ့ ဉာဏ်တော်များနဲ့ ညှိနှိုင်းတိုက်ဆိုင်ပြီး ဆရာတော်ဘုရားများ သဘောပေါက်သလို တပည့်ဒါယကာ ဒါယိကာမများကိုလည်း လက်တွေ့ဟောပြောပြသ ကျင့်ကြံပွားများ အားထုတ်စေခဲ့လို့ မဟာစည်နည်း မိုးကုတ်နည်း စသည် အမည်တွင်နေခြင်း ဖြစ်ပါတယ်။

စွန်းလွန်းဆရာတော်ဘုရားကြီးဆိုလည်း ငယ်စဉ်က ပရိယတ်စာပေကောင်းကောင်း မသင်ကြားခဲ့ရပါဘူး။ သို့ပေမယ့် သူ့ရှေ့က ဆရာ့ ဆရာတော်ကြီးများ ဟောကြားခဲ့တဲ့ တရားနည်းလမ်းလေးတွေကို မှတ်မိသမျှ လိုက်နာကျင့်ကြံရင်း တရားထူးရသွားတဲ့ ဆရာတော်ကြီးပါ။ သူ့ခေတ် သူ့အခါက စွန်းလွန်းဆရာတော်ရဲ့ ဟောပြောချက်တွေကို ဘုရားဟောနဲ့ ညီမညီ ဆိုတာကို ပရိယတ် အကျော်အမော် ဆရာတော်ကြီးတွေ မေးမြန်းစိစစ်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ဘုရားဟောဒေသနာများနဲ့ လျော်ညီလို့ စွန်းလွန်းနည်းဆိုပြီး ယနေ့ထက်တိုင် လိုက်နာကျင့်သုံးကြဆဲပါ။

အဲဒီမှာ ဘယ်နည်းက အမှန်လဲဆိုတော့ ယနေ့ထက်တိုင် ဆရာတော်ဘုရားကြီးများရဲ့ တရားရှုမှတ်နည်းတွေကို ဓမ္မာနုလောမ မဖြစ်(တရားနဲ့ မလျော်ပါဘူး)လို့ ဘယ်သူကမျှ ကန့်ကွက်သူ မပေါ်ပေါက်သေးတော့ အားလုံးအမှန်ပါပဲလို့ ဆိုရမှာပါပဲ။

သို့သော် ဓမ္မာနုလောမ တရားနဲ့လျော်စွာ အများထောက်ပြသူ ပေါ်ပေါက်လာရင်လည်း "မဟာပဒေသ (၄) ပါး" နဲ့ညှိပြီး လက်ခံ ကျင့်သုံးရမှာ ဖြစ်ပါတယ်။ မဟာပဒေသ (၄) ပါးဆိုတာက-

၁။ **သုတ္တ** - ဘုရားဟော သံဂါယနာဝင် ပါဠိတော်များနဲ့ ညှိနှိုင်းရပါမယ်။

၂။ **သုတ္တာနုလောမ**-အဋ္ဌကထာ ဋီကာများနှင့် ညှိနှိုင်းရပါမယ်။

၃။ **အာစရိယဝါဒ** - ဆရာသမားတွေရဲ့ ခိုင်လုံတဲ့ အယူအဆနဲ့ ညှိနှိုင်းရပါမယ်။

၄။ **အတ္တနောမတိ** -မိမိရဲ့ ဟုတ်မှန်စွာ ဝေဖန်ယူဆမှု သဘောနဲ့ ညှိနှိုင်းရပါမယ်။

အဲဒီလို မဟာပဒေသ ၄-ပါးနဲ့ တိုက်ဆိုင်ညှိနှိုင်းပြီး လက်ခံကျင့်သုံးရမှာ ဖြစ်ပါတယ်။ ဘယ်ဆရာတော်ဟောလို့ အမှန်ဖြစ်ရမယ်လို့ ဆရာစွဲ ဝါဒစွဲနဲ့ တရားသေ မှတ်လို့မရပါဘူး။ အဓိက အမှန် "စံ" ထားရမှာကတော့ ထေရဝါဒ ပိဋကတ်တော်များပါပဲ။

အဲဒီ မဟာပဒေသ ၄-ပါးမှာတောင် နောက်ဆုံးဖြစ်တဲ့ အတ္တနောမတိ-ဟာ မိမိရဲ့ ကိုယ်ပိုင် အယူအဆဖြစ်လို့ "**အတ္တနောမတိယာ သဗ္ဗဒုဗ္ဗလတ္တာ သာရတော န ဂဟေတဗ္ဗံ - ကိုယ်ပိုင် အယူအဆဟာ ဝါဒအားလုံးတို့ထက် အားနည်းလို့ အနှစ်သာရအားဖြင့် မယူထိုက်**" လို့ ဆိုထားသဖြင့် အတ္တနောမတိကို ရှေ့တန်း မတင်ထိုက်ပါဘူး။

ဒီနေရာမှာ ဘုန်းကြီးသတိပေးလိုတာက တရားကို သိမြင်တဲ့ နေရာမှာ တချို့ပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရားထံက တရားကို နာယူမှပဲ တရားကို သိမြင်နိုင်တယ်။ အဲဒီပုဂ္ဂိုလ်မျိုးကို ဗုဒ္ဓဝေနေယျလို့ ခေါ်တယ်။ တချို့ကျတော့ မြတ်စွာဘုရားထံက တရားနာရင်လည်း သိမြင်နိုင်တယ်။ မြတ်စွာဘုရားရဲ့ တပည့်သာဝက တစ်ပါးပါးထံက တရားနာရင်လည်း သိမြင်နိုင်တယ်။ အဲဒီလို ပုဂ္ဂိုလ်မျိုးကို သာဝကဝေနေယျလို့ ခေါ်တယ်။

အဲဒီမှာ သာဝကဝေနေယျဆိုတာ ရှင်သာရိပုတ္တရာဟောလို့ ကျွတ်တမ်းဝင်တာ၊ ရှင်မောဂ္ဂလာန်ဟောလို့ ကျွတ်တမ်းဝင်တာ စသည် ရှိတာပေါ့။ ပြောလိုတာက ယနေ့ခေတ်မှာလည်း မိုးကုတ်နည်းဖြစ်စေ၊ မဟာစည်နည်းဖြစ်စေ၊ စွန်းလွန်းနည်းဖြစ်စေ၊ တခြားဘယ်ဆရာတော်ထံကဖြစ်ဖြစ် နည်းကောင်းလမ်းမှန်များကို မိမိတို့ဉာဏ်စရိုက်နဲ့ ကိုက်ညီအောင် ကျင့်ကြံကြဖို့ လိုရင်းပါပဲ။ ဟိုဆရာ ဒီဆရာ၊ ဟိုရိပ်သာ ဒီရိပ်သာ အစွဲကင်းမှ တရားကိန်းမယ်ဆိုတာ သတိရှိကြဖို့ပါပဲ။

**(ဆက်လက်ဖော်ပြပါမည်)**

www.foreverspace.com.mm





# အထုပ်များသော ဘုန်းကံပေါ်

တိပိဋကဓရ(ယော)ဆရာတော်

စိတ်မှာ ခွန်အားကြီး(၅)ခု ရှိတယ်။ သဒ္ဓါ၊ ဝီရိယ၊ သတိ၊သမာဓိ၊ ပညာဆိုတဲ့ ဗိုလ်(၅)ပါးပါ။ အဲဒီ (၅)ပါးက တာဝန်ကိုယ်စီ ကျေပွန်အောင် ထမ်းဆောင်ပေးကြပါတယ်။ သဒ္ဓါက အထုပ်၊ ဝီရိယက အလုပ်၊ သတိက အချုပ်၊သမာဓိက အအုပ်၊ ပညာက အဟုတ်တဲ့။ အဲဒါက ပေါ်လွင်တဲ့ ပဓာနစွမ်းဆောင်ချက်ကိုစွကို ပြောတာပါ။ တစ်ပါးစီခွဲဖြစ်နိုင်တာတော့ မဟုတ်ပါဘူး။ တစ်ပါးဖြစ်ရင် ကျန်တာတွေလည်း တွဲဖြစ်ကြရတာပဲ။

သဒ္ဓါတရားက ကောင်းတာမှန်သမျှ လက်ခံနိုင်တယ်။ကောင်းမှုတရားအားလုံးနဲ့ ထိုက်တန်တဲ့ စိတ်ကောင်း ပေါ်လာအောင် ဖော်ထုတ်ပေးနိုင်တယ်။ စိတ်ကို ကြည်လင်အေးမြအောင် သန့်စင်ပေးရတယ်။ ကိုယ်ပိုင်ကောင်းမှု တစ်ခုခုလုပ်ချင်ရင် သဒ္ဓါတရားထံ စာရင်းပေးသွင်းမှ သဒ္ဓါတရားက စာရင်းအတိအကျ ရယူပေးရတဲ့သဘောပါ။ ကိုယ်ပိုင်ကောင်းမှု အထုပ်တွေ ထုပ်ယူနိုင်

www.foreverspace.com.mm

လောက်အောင် ကိုယ်ပိုင်စိတ်ကောင်းတွေ ထုတ်ပေးတတ်လို့ "သဒ္ဓါက အထုပ်"လို့ ပြောတာပါ။

တရားနာရလို့၊ စာပေဖတ်ရှု လေ့လာရလို့ စိတ်ထားတတ်ရင် ကုသိုလ်စိတ်ဖြစ်တတ်ပါတယ်။သဒ္ဓါတရား ကောင်းလာနိုင်ပါတယ်။ဒါပေမယ့် ဝီရိယက ကြိုးစားအားထုတ်မပေးရင် ကုသိုလ်စိတ်ဖြစ်ရုံနဲ့ ကုသိုလ်အလုပ် ဖြစ်မလာတတ်ဘူး။ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ အဖြစ် ရောက်မလာတတ်ဘူး။ဝီရိယနဲ့ ရဲရဲရင့်ရင့် တမင်ကြိုးစားယူမှ ကုသိုလ်အလုပ်ဖြစ်လာတာပါ။ ဒါကြောင့် ကိုယ်ပိုင်အထုပ်ပေါ်လာအောင် ကြိုးစားပြုလုပ်ပေးတတ်လို့ အလုပ်များသလောက်လည်း စွမ်းရည်ပေါ်ရတာဖြစ်လို့ "ဝီရိယက အလုပ်"လို့ ပြောရင်ဖြစ်တယ်။

သတိကတော့ တရားအားလုံးကို ချုပ်ကိုင်ထားတာဖြစ်လို့ ဘယ်ကုသိုလ်ပဲပြုပြု၊ သတိကောင်းမှ တိတိကျကျ ပြည့်ပြည့်ဝဝ ရနိုင်ပါတယ်။ "သင်တို့ ဘယ်လောက်ပဲ ကောင်းကောင်းကွာ၊ ငါမကောင်းရင် ဘာတစ်ခုမျှ မတိကျ မပြည့်ဝနိုင်ပါဘူး"လို့ ဆိုရလောက်အောင် အရာရာမှာ အရေးပါအရာရောက်တာကြောင့် အားလုံးရဲ့အချုပ်ပါ။ သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့်သမာဓိ၊ မပိုမလို မတိမ်းမစောင်း အမြဲတမ်းညီနေအောင် သတိက ချုပ်ချုပ်ရပ်ရပ် အမြဲကပ်နေရပါတယ်။ ဒါကြောင့် "အချုပ်"ပါ။

သမာဓိဆိုတာ သတိရှိမှ တက်လာနိုင်တာပါ။သမာဓိက အတူဖြစ်နေကြတဲ့ စိတ်စေတသိက်တွေကို ဖရိုဖရဲ ပြန့်ပြန့်ကြဲ မဖြစ်ရအောင် ဟိုလွင့်သည်လွင့်၊မလွင့်ရအောင် စုစုစည်းစည်း စူးစူးစိုက်စိုက် ထိန်းသိမ်းအုပ်ချုပ်ပေးရတယ်။ ပေါင်းစုစည်းရုံး ပေးရတယ်။ ကိုယ့်တပ် မပျက်ရအောင် ပေါင်းစုစည်းရုံး ထိန်းအုပ်ပေးနေရတဲ့ မင်းများလို စိတ်စေတသိက်တွေ ကစဉ့်ကလျား မလွင့်ပါးရအောင် ပေါင်းစု ထိန်းအုပ်ပေးတတ်တယ်။ အိမ်ကိုလုံအောင် အုပ်ပေးတဲ့၊ ခေါင်အုပ်များလို အပူအရှုပ် အညစ်အလှူပ်တွေ အဝင်မခံဘဲ စိတ်ကို လုံအောင်ဖုံးအုပ်ပေးတယ်။ သမာဓိရှိမှ စွမ်းရည်ပြည့်ဝစုံလင်မယ်။ ဒါကြောင့် "အအုပ်"ပါ။

ပညာဆိုတာ သတိ၊သမာဓိကောင်းမှ သန့်စင်နိုင်တယ်။ ပညာက စစ်ပေးပါတယ်။ စစ်ပုံက (၃)မျိုးပါ။ (၁)မှန်အောင် စစ်ဆေးတယ်။ ကောင်းအောင် စစ်ပေးတယ်။ အစစ်ကို ရွေးပေးတယ်။ ဟုတ်မဟုတ်၊မှန်မမှန်၊ ပြည့်မပြည့်၊ သင့်မသင့် သေသေချာချာ စေ့စေ့စပ်စပ် စစ်ဆေးလို့လည်းပေးတယ်။ (၂)မြူမှုန်တွေ၊ မလိုအပ်တဲ့ အဖတ်အကာတွေ မပါဝင်ရအောင် ရေစစ်နဲ့ စစ်ပေးသလို ကောင်းမှုတွေ စင်ကြယ်သန့်ရှင်းသွားအောင်၊ မလိုအပ်တာတွေ မပါရအောင် စစ်လို့လည်းပေးတယ်။(၃)ပြီးတော့ အယောင်ဆောင်အတုတွေ မပါဝင်ရအောင် အစစ်အမှန်တွေ ချည်းရနိုင်အောင်လည်း ကြည့်ရှုသုံးသပ်ဆုံးဖြတ်ပေးတယ်။ အဲဒီလို ပညာက စစ်ဆေးတယ်။ စစ်ထုတ်တယ်။ အစစ်ယူပေးတယ်။ဒါကြောင့် "ပညာက အဟုတ်"တဲ့။

ဒီလို အစီအစဉ်နည်းလမ်းကောင်းနဲ့ အထုပ်တွေထုပ်တတ်ရင် အထုပ်ကောင်းချည်းပဲ။ အထုပ်ကောင်းများတော့ ဘုန်းကံ(ပုဥ်းကံ)တွေ ကြီးကြီးမားမား ထူးထူးခြားခြား ပေါ်ပေါက်တိုးလာရပါတယ်။ အံ့သြစရာကောင်းလောက်အောင် ကောင်းကျိုးတွေ ရောက်လာတော့မှာပဲ။

ကံဆိုတာ ကောင်းချင်တိုင်း ကောင်းခွင့်ရနိုင်တာ မဟုတ်ပါဘူး။ သဒ္ဓါစတဲ့ တရားတွေ ကောင်းပေးမှ စေတနာကောင်းနိုင်မယ်။ စေတနာ သန့်စင်ကောင်းမွန်သလောက်ပဲ ကံကောင်းနိုင်မှာပါ။

## "အကျဉ်းချုပ် ဆောင်ပုဒ်"

* လုံ့လတရား၊ အလုပ်များ၊ ကြိုးစားလုပ်ပေးသည်။
* အလုပ်များသော်၊စွမ်းရည်ပေါ်၊ရှင်ပျော်ထူးခြား တိုးတက်သည်။
* သဒ္ဓါတရား၊ အထုပ်များ၊ ကြိုးစားထုပ်ပေးသည်။
* အထုပ်များသော်၊ ဘုန်းကံပေါ်၊ ရှိန်စော်စီးပွား တိုးတက်သည်။
* သမာဓိအုပ်၊ သတိချုပ်၊ အဟုတ်ပညာ စစ်ပေးသည်။
* ကိုယ်ပိုင်အလုပ်၊ ဥစ္စာထုပ်၊ အဟုတ်တကယ် စိတ်အေးသည်။

■

www.foreverspace.com.mm





# သစ္စာသုံးခိုင် နိဗ္ဗာန်တိုင် တရားတော်

## နမ္မားဆရာတော်

(ယခင်လမှအဆက်)

မောင်စိန်၏ မျက်စိနဲ့ ရူပါရုံ တိုက်ဆိုင်မိတဲ့အခါ မြင်မှုဖြစ်ပေါ်၍ မလာဘူးလား။ (ဖြစ်လာပါတယ် ဘုရား)

အဲဒီမြင်မှုကို စက္ခုဝိညာဉ် ခေါ်သော စိတ်ပရမတ်လို့ မြတ်စွာဘုရားက ဟောတော်မူတယ်။ အဲဒီမြင်မှုခေါ် စိတ်ပရမတ်သည် အထင်အရှား မရှိပါလား။ (ရှိပါတယ်ဘုရား)

နားနှင့်အသံ ထိခိုက်တဲ့အခါ ကြားမှုဖြစ်ပေါ်၍ မလာဘူးလား။ (လာပါတယ်ဘုရား)

အဲဒီကြားမှုကို သောတဝိညာဉ်လို့ မြတ်စွာဘုရား ဟောတော်မူတယ်။ဒီကြားမှု ခေါ်သော သောတဝိညာဉ်စိတ်ပရမတ်သည် အထင်အရှား မရှိပါလား။ (ရှိပါတယ်ဘုရား)

နှာခေါင်းနှင့် အနံ့ထိခိုက်တဲ့အခါ နံမှုဖြစ်ပေါ်၍ မလာဘူးလား။ (ဖြစ်လာပါတယ်ဘုရား)

အဲဒီ နံမှုကို ဃာနဝိညာဉ်စိတ်လို့ ဟောတော်မူတယ်။ ဒီနံမှုခေါ်သော ဃာနဝိညာဉ် စိတ်ပရမတ်သည် အထင်အရှား မရှိဘူးလား။

(ရှိပါတယ်ဘုရား)

လျှာနှင့်အရသာ ထိခိုက်တဲ့အခါ ချို-ချဉ်-ဖန်-ခါးကို သိမှုဖြစ်ပေါ်၍ မလာပါလား။ (ဖြစ်လာပါတယ်ဘုရား)

အဲဒီ သိမှုကို ဇိဝှာဝိညာဉ်စိတ်လို့ ဟောတော်မူတယ်။ ဒီလျက်သိ စိတ်ပရမတ်သည် အထင်အရှား မရှိပါလား။ (ရှိပါတယ်ဘုရား)

ကိုယ်ကာယနှင့် ဖောဋ္ဌဗ္ဗာရုံတို့ ထိခိုက်တဲ့အခါ ပူမှန်း၊ အေးမှန်း၊ နုမှန်း၊ ကြမ်းမှန်းကို သိမှုဖြစ်ပေါ်၍ မလာဘူးလား။ (ဖြစ်လာပါတယ်ဘုရား)

အဲဒီသိမှုကို ကာယဝိညာဉ်စိတ်လို့ ဘုရားက ဟောတော်မူတယ်။ ဒီ စိတ်ပရမတ်သည် အထင်အရှား မရှိပါလား။ (ရှိပါတယ်ဘုရား)

မနောအကြည်နှင့် ဓမ္မာရုံ ပေါင်းဆုံမိတဲ့အခါ တွေးတောကြံစည်မှု ဖြစ်မလာဘူးလား။ (ဖြစ်လာပါတယ် ဘုရား)

အဲဒီ တွေးတောကြံစည်မှုကို မနောဝိညာဉ်စိတ်လို့ ဟောတော်မူတယ်။ ဒီမနောဝိညာဉ်စိတ်ပရမတ်သည် အထင်အရှားမရှိပါလား။(ရှိပါတယ်ဘုရား)

ယခု ပြောခဲ့ပြီးတာက စိတ်ပရမတ်ဖြစ်တယ်။ စေတသိက်ပရမတ်ကို ပြောဦးမယ်။ နားထောင်ကွယ့် မောင်စိန်ရဲ့။ (မှန်ပါ၊ ဟောတော်မူပါဘုရား)

စက္ခုဝိညာဉ်ခေါ် မြင်စိတ်သည် တင့်တယ်ကောင်းမြတ်သော ရူပါရုံကို မြင်တဲ့အခါ သဘောကျမှုဖြစ်မလာပါလား။(ဖြစ်ပါတယ်ဘုရား)

အဲဒီ သဘောကျမှုကို သောမနဿဝေဒနာ စေတသိက်လို့ ခေါ်တယ်။ ဘာကြောင့် စေတသိက်လို့ ခေါ်သလဲဆိုတော့ မြင်စိတ်ဖြစ်မှ သူဖြစ်နိုင်တယ်။ မြင်စိတ်မဖြစ်ရင် သူမဖြစ်နိုင်ဘူး။ စိတ်ကိုမှီပြီး ဖြစ်ရတယ်။ ဒါကြောင့် 'စေတသိက် နိဿိတံ စေတသိကံ' လို့ ဆိုသည့်အတိုင်း စေတသိက်ဟု ဆိုရသည်။ ဒီဝေဒနာ စေတသိက်သည် အထင်အရှား မရှိပါလား။ (ရှိပါတယ်ဘုရား)

မြင်စိတ်သည် မကောင်းသော ရူပါရုံကို မြင်တဲ့အခါ သဘောမကျမှု ဖြစ်မလာဘူးလား။ (ဖြစ်လာပါတယ်ဘုရား)

အဲဒီသဘောမကျမှုကို ဒေါမနဿဝေဒနာ စေတသိက်လို့ ခေါ်တယ်။ သူရော အထင်အရှား မရှိဘူးလား။ (ရှိပါတယ်ဘုရား)

မြင်စိတ်သည် ရူပါရုံကို မြင်တဲ့အခါ အဖြူ၊ အနီ၊ အဝါစသည်ကို မှတ်သားမှု ဖြစ်မလာဘူးလား။ (ဖြစ်ပါတယ်ဘုရား)

အဲဒီ မှတ်သားမှုကို သညာစေတသိက်လို့ခေါ်တယ်။ သူရော အထင်အရှား မရှိပါလား။ (ရှိပါတယ်ဘုရား)

မြင်စိတ်သည် တင့်တယ်သော ရူပါရုံကို မြင်တဲ့အခါ ခိုးချင်သော အကုသိုလ်စေတနာ၊ သို့မဟုတ် ဘုရားကို လှူလိုသောကုသိုလ်စေတနာ ဖြစ်မလာဘူးလား။ (ဖြစ်လာပါတယ်ဘုရား)

အဲဒီ အဆိုးဘက်ကို ပြုလိုမှု၊ အကောင်းကို ပြုလိုမှုကို စေတနာစေတသိက်လို့ ခေါ်တယ်။ သူရော အထင်အရှားမရှိပါလား။ (ရှိပါတယ်ဘုရား)

ယခုပြောခဲ့တာက စေတသိက် ပရမတ်ဖြစ်တယ်။ ရုပ်ပရမတ်ကို ပြောကြဦးစို့ကွယ့် မောင်စိန်ရဲ့။ (ပြောတော်မူပါဘုရား)

ခန္ဓာကိုယ်မှာ တကယ်ရှာလျှင် တကယ်တွေ့ရတာက မာသဘော၊ နုသဘော၊ ပူသဘော၊ အေးသဘော၊တွန်းကန်သဘော၊ လှုပ်ရှားသဘော၊ ဖွဲ့စည်းသဘော၊ ယိုစီးသဘော၊ စက္ခု၊ သောတ၊ ဃာန၊ဇိဝှာ၊ ကာယ စသည်တို့ပဲ ဖြစ်တယ်မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား)

မြေကြီးမှာရှိသော ပထဝီမာသဘောသည် ရေနှင့်ထိရင် ရွှံ့ဖြစ်ပြီး နုသဘောသို့ ဖောက်ပြန်၍ မသွားပါလား။ (သွားပါတယ်ဘုရား)

တစ်ခါ အဲဒီရွှံ့တွေဟာ နေပူပြန်တော့ ခြောက်ပြီး မာသဘောသို့ တစ်ဖန်ပြန်၍ မဖောက်ပြန်လား။ (ဖောက်ပြန်ပါတယ်ဘုရား)

မင်းတို့ငါတို့ ခန္ဓာမှာရှိသော မာသဘောသည်လည်း၊ နွေရာသီရောက်၍ အပူနှင့်တွေ့သောအခါ ချွေးထွက်ပြီး အသားအရေနူးညံ့ခြင်းသို့ ရောက်မလာပါလား။ (ရောက်ပါတယ်ဘုရား)

တစ်ခါ အဲဒီနူးညံ့သော အသားအရေတို့သည် ဆောင်းရာသီရောက်၍ အအေးနှင့်တွေ့ပြန်သောအခါ အသားတွေပတ်ကြားကွဲလျက် ကြမ်းတမ်းခက်မာခြင်းသို့ တစ်ဖန်

www.foreverspace.com.mm



ဘာကြောင့်
စေတသိက် လို့
ခေါ်သလဲဆိုတော့
မြင်စိတ်ဖြစ် မှ
သူဖြစ်နိုင်တယ်။
မြင်စိတ်မဖြစ်ရင်
သူမဖြစ်နိုင်ဘူး။
စိတ်ကိုမှီပြီး
ဖြစ်ရတယ်။
ဒါကြောင့်
'စေတသိက် နိဿိတံ
စေတသိကံ'လို့
ဆိုသည့် အတိုင်း
စေတသိက်ဟု
ဆိုရသည်။

ပြန်၍ မဖောက်ပြန်ပါလား။ (ဖောက်ပြန် ပါတယ်ဘုရား)

ခန္ဓာကိုယ်မှာရှိသော တေဇော ပရမတ်ကလည်း နွေရာသီရောက်လိုက် ချွေးထွက်၍ အေးလိုက်၊ ဆောင်းရာသီရောက်လိုက် ချွေးပိတ်၍ ပူလိုက်နှင့် ဖောက်ပြန်၍ မနေပါလား။ (ဖောက်ပြန်ပါတယ်ဘုရား)

ဝါယောပရမတ်ကလည်း ငြိမ်နေသောအခါ ထောက်ကန်ဝါယောဖြစ်၍၊ ထကြွသောအခါ လှုပ်ရှားဝါယောဖြစ်ကာ ဖောက်ပြန်၍ မနေပါလား။ (ဖောက်ပြန်ပါတယ်ဘုရား)

အာပေါ ပရမတ်ကလည်း အပူနှင့်တွေ့ရင် ချွေးထွက်ကာ ယိုစီးအာပေါဖြစ်၍၊ အအေးနှင့်တွေ့သောအခါ ချွေးပိတ်ပြီး ဖွဲ့စည်းအာပေါအဖြစ်သို့ ဖောက်ပြန်မသွားပါလား။ (ဖောက်ပြန်ပါတယ်ဘုရား)

စက္ခုပသာဒကလည်း အပူနှင့်တွေ့ရင် မျက်စိတွေ နီမလာဘူးလား။ (နီလာပါတယ် ဘုရား)

အေးမြသော မျက်စဉ်းခတ်လိုက်တော့ တစ်ဖန်ပြန်၍ ဖြူမလာပါလား။ (ဖြူလာပါတယ်ဘုရား)

အဲဒီလို အအေးနှင့်တွေ့ရင် တစ်မျိုး၊ အပူနှင့်ကြုံရင်တစ်ဖုံ၊ ဖောက်ပြန်သောကြောင့် ရုပ်လို့ခေါ်တယ်။ မြတ်စွာဘုရားကလည်း 'သီတေနပိ ရုပ္ပတိ၊ ဥဏှေနပိ ရုပ္ပတိ' လို့ ဟောတော်မူတယ်ကွယ့် မောင်စိန်ရဲ့။ (မှန်ပါဘုရား)

ယခုပြောခဲ့သော ဖောက်ပြန်တတ်သည့် သဘောတရားတွေဟာ ခန္ဓာမှာ အထင်အရှားမရှိပါလား။ (ရှိပါတယ်ဘုရား)

ခန္ဓာကိုယ်မှာ တကယ်ရှာရင် တကယ်တွေ့ရတာက ဒီစိတ်၊ စေတသိက်၊ ရုပ် ပရမတ်တွေပဲရှိတယ်။အဲဒီ ပရမတ်ကိုမြင်၍ ပညတ်စွဲတွေ ကွာရင် ဒီပုဂ္ဂိုလ်ကို ကလျာဏပုထုဇဉ်လို့ ဆိုတယ်။ မိမိကိုယ်ကို ပညတ်စွဲ ကွာမကွာ ဘယ်လိုသိရသလဲဆိုတော့ ပြဿဒါးကိုကြောက်သေးသလား။ ရက်ရာဇာကို အားကိုးသေးသလားဆိုတာကို ဆင်ခြင်ကြည့်ရမယ်။ အကုသိုလ်ကို ကြောက်ရဲ့လား။ ကုသိုလ်ကို အားကိုးရဲ့လား ဆိုတာကို ဆင်ခြင်ကြည့်ရမယ်။ တနင်္ဂနွေ၊ တနင်္လာဆိုတာကို ပါးစပ်က သမ္မုတိသစ္စာအတိုင်း ပြောရုံသာ ပြော၍ အနှစ်သာရအားဖြင့် မထင်ရင် ကုသိုလ်ကိုသာ အားထား၍၊ အကုသိုလ်ကြောက်ရင် ငါတော့ပညတ်စွဲကွာပြီဟု ဆုံးဖြတ်လိုက်၊ အန္ဓပုထုဇဉ်ဘဝမှ ကလျာဏပုထုဇဉ်ဖြစ်ခဲ့ပြီ။ မဟာသောတာပန်ဖြစ်အောင် ကြိုးစားဖို့သာ လိုတော့တယ်ဟု အားတက်ကွယ့် မောင်စိန်ရဲ့။ (မှန်ပါဘုရား)

မောင်စိန်ရေ ..နိဗ္ဗာန်ပရမတ်ကို ပြောဖို့ကျန်သေးတယ် မဟုတ်လား။ (မှန်ပါ၊ ကျန်ပါသေးတယ်ဘုရား)

နိဗ္ဗာန်ပရမတ်ကို အလွတ်ပြောလို့ မရဘူး၊ ကြေးဖလားမှာရှိတဲ့ အရောင်ကို၊ ကြေးညိတွေကို ပြောင်အောင် မတိုက်ဘဲ တွေ့နိုင်ပါ့မလား။ (မတွေ့ရပါဘုရား)

အဲဒီလိုပေါ့၊ နိဗ္ဗာန်မမြင်ရအောင် ဖုံးကွယ်ထားသော ကိလေသာ ကြေးညှော်တွေကို ပြောင်အောင် ပွတ်နိုင်မှ မြင်ရမှာကွယ့်။ အဲဒီ ကိလေသာ ကြေးညှော်တွေ ပြောင်ဖို့ကလည်း အရိယသစ္စာ (၄)ပါးမြင်

www.foreverspace.com.mm



အောင် ဟောပြောမှ ကိလေသာ ကြေးညှော်ပြောင်မှာကွယ့်။ဒါကြောင့် နိဗ္ဗာန်ပရမတ်ကို မပြသေးဘဲ အရိယသစ္စာ (၄)ပါးကို ပြကြဦးစို့ကွယ့် မောင်စိန်ရဲ့။ မြတ်စွာဘုရားကလည်း အောက်ပါအတိုင်း ဟောတော်မူတယ်။ ဟောပုံက ဒီလိုတဲ့ …

စတုန္နံ အရိယသစ္စာနံ၊ ယထာဘူတံ အဒဿနာ။

သံသရိတံ ဒီဃမဒ္ဓါနံ၊တာသု တာသွေ၀ ဇာတိသု။

ဘိက္ခဝေ၊ သံသရာဘေး လာမည့်ရေးကို မြော်တွေးကြောက်ငြား အိုချစ်သားတို့။ စတုန္နံ၊ သချာအားဖြင့် (၄)မျိုး (၄)စားရှိကုန်သော။ အရိယသစ္စာနံ၊ သဘောအားဖြင့် မဖောက်မပြန် အမှန်စင်စစ် အနှစ်ဓမ္မ သာရမြဲတော ဆိုအပ်ပေငြား အရိယသစ္စာတရားတို့ကို။ ယထာဘူတံ၊ အကြောင်းက ဘယ်အမျိုး၊ အကျိုးက ဘယ်အနေဟု အခြေပါပါ ပညာဉာဏ်ဖြင့် ဟုတ်မှန်သောအတိုင်း။ အဒဿနာ၊ အဝိဇ္ဇာအမှောင် ပိတ်ဖုံးသဖြင့် လုံးလုံးကြီး အမှန်မပေါ်အောင် ဉာဏ်ချော်၍ နေကြကုန်သောကြောင့်။ သတ္တာ၊ သူရောငါပါ သတ္တဝါအနန္တမှန်သမျှတို့သည်။ တာသု တာသွေ၀ ဇာတိသု၊ ထိုထိုများစွာ ဘဝသံသရာတို့၌။ ဒီဃမဒ္ဓါနံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ သံသရိတံ-သံသရိ၊ ကျင်လည်ပြေးသွား မျောပါးနစ်မွန်းကာ နေခဲ့ရကြရလေပြီတကား။

အဓိပ္ပါယ်ကတော့ အရိယသစ္စာ(၄)ပါးကို မသိကြသောကြောင့် နိဗ္ဗာန်ကိုမရဘဲ သံသရာထဲမှာ ကျင်လည်ပြီး နေကြရတာလို့ဆိုတယ်။ သို့အတွက် အရိယသစ္စာ (၄)ပါးကို ပြကြစို့လား။ မောင်စိန်ရဲ့။ (မှန်ပါ ပြတော်မူပါဘုရား)

အရိယသစ္စာဆိုတာ ဒုက္ခသစ္စာ၊သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ အဲဒီ(၄)ပါးကိုခေါ်တယ်။ ၄င်းသစ္စာ (၄)ပါးသရုပ်ကို သိတာက သစ္စဉာဏ်ခေါ်တယ်။ ဒုက္ခသစ္စာက ပိုင်းခြား၍သိရမည့်သစ္စာ၊ သမုဒယသစ္စာက ပယ်ရမည့်သစ္စာ၊ နိရောဓသစ္စာက မျက်မှောက်ပြုရမည့်သစ္စာ၊ မဂ္ဂသစ္စာက ပွားများရမည့်သစ္စာ၊အဲဒီလို လုပ်ရမည့်အလုပ်ကို သိတာက ကိစ္စဉာဏ်ခေါ်တယ်။ မဂ္ဂသစ္စာသည် ပွားရမည့် သစ္စာလို့ဆိုပြီး ဘာကိုပွားရမှာလဲဆိုတော့ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိအောင်လုပ်တာကိုခေါ်တယ်။ မှန်တယ်။ မဂ္ဂသစ္စာဖြင့် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိလိုက်လျှင် သမုဒယသစ္စာကို ပယ်မှုကိစ္စနိရောဓသစ္စာကို မျက်မှောက်ပြုမှုကိစ္စတို့သည် တစ်ခါတည်း အပြီးအစီးဖြစ်သွားတော့တာပဲ။ ဒါ့ကြောင့် ဒုက္ခသစ္စာကိုသာ ပြကြစို့ မောင်စိန်ရဲ့။ (ပြတော်မူပါဘုရား)

ဒုက္ခသစ္စာနှင့် ဒုက္ခဝေဒနာကို ရှေးဦးစွာ ခွဲခြား၍ သိထားကြဦးကွယ့်။ဒုက္ခဝေဒနာဆိုတာက ကိုယ်စိတ်(၂)ပါး မခံသာတာကို ခေါ်တယ်။ ဒီဒုက္ခဝေဒနာသည် သုခသောမနဿဖြစ်သောအခါ သူမဖြစ်ဘူး။ ဒုက္ခသစ္စာဆိုတာကတော့ ဘာဝေဒနာပဲ ဖြစ်ဖြစ်၊ သင်္ခါရတရားမှန်လျှင် ပါတာချည်းပဲ။ဒုက္ခသစ္စာမှာ သဘော (၄)ခုရှိတယ်။ သင်္ခတသဘော၊ဝိပရိဏာမသဘော၊ ပီဠနသဘော၊သန္တာပသဘော၊ ၄င်း(၄)ခုရှိတယ်။ အဲဒီအထဲက သင်္ခတသဘောကို ပြောကြစို့။ (ပြောတော်မူပါဘုရား)

သင်္ခတဆိုတာက မာဂဓစကား၊ မြန်မာလိုပြောရလျှင် သူ့ဘာသာသူ ဖြစ်နိုင်သောသတ္တိမရှိပါ။ အကြောင်းတရားတွေ စုပေါင်းပြီး ထောက်ပံ့မှ ဖြစ်နိုင်တယ်လို့ ဆိုတာကွယ့်။ ဒါကိုပင် ကာရကသတ္တိ၊ ဝေဒကသတ္တိ၊ အတ္တသတ္တိမရှိဘူးလို့ ဆိုရတယ်။ ဒါကြောင့် …

ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော။

သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဇဝံတံ သမ္မဒဿနံ။

ကမ္မဿ၊ ကုသိုလ်ကံ၊ အကုသိုလ်ကံကို။ ကာရကော၊ ပြုတတ်သော သူသည်လည်း။ နတ္ထိ၊ ပရမတ္ထဓာတ်သဘာဝကြောင့် မုချပုံသေ မရှိချေ။ ဝိပါကဿ စ၊ ကုသိုလ်ကံ၊အကုသိုလ်ကံ ထိုနှစ်တန်၏ အကျိုးဝိပါက် ယင်းအချက်ကို။ ဝေဒကော၊ ခံစားတတ်သော ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါးသည်လည်း။ နတ္ထိ၊ ကြောင်းကျိုးနှစ်ဝ ယင်းကိစ္စကြောင့် မုချပုံသေ မရှိချေ။ သုဒ္ဓဓမ္မာ၊ ပုဂ္ဂိုလ်မဖက်သက်သက်သော အကြောင်း အကျိုး ထိုနှစ်မျိုးတို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကာ ပျက်ကာ ပြောင်းလဲကာ နေကြကုန်၏။ ဇဝံ၊ဤသို့အကြောင်း အကျိုး ထိုနှစ်မျိုးတို့သာပါတကား ဟု မြင်သော။ တံဒဿနံ၊ ထိုအမြင်

www.foreverspace.com.mm



သည်။ သမ္မဒဿနံ၊ ဘုရားပစ္စေက ဗုဒ္ဓါအရိယာတို့ ကောင်းစွာမသေ့မြင် သော အမြင်တို့သာတည်း။

ကိုင်း …စိတ်ပရမတ်ကို စိစစ်ကြစို့ကွယ့် မောင်စိန်ရဲ့။ (စိစစ်တော်မူပါဘုရား)

မြင်စိတ်ဟာ မျက်စိအကြည်မရှိဘဲ သူ့သတ္တိနှင့်သူ ဖြစ်နိုင်ပါ့မလား။ (မဖြစ်နိုင်ပါဘုရား)

မျက်စိရှိပေမယ့် ရူပါရုံမရှိရင်ရော ဖြစ်နိုင်ပါ့မလား။ (မဖြစ်နိုင်ပါဘုရား)

မျက်စိနှင့် ရူပါရုံရှိပါတယ်တဲ့။ အလင်းရောင် မရှိရင် ဖြစ်နိုင်ပါ့မလား။ (မဖြစ်နိုင်ပါဘုရား)

မျက်စိ၊ ရူပါရုံ၊ အလင်းရောင် သုံးပါးလုံးရှိပါတယ်တဲ့။ရူပါရုံသို့ ဦးလှည့်မှုဟုခေါ်ဆိုအပ်သော နှလုံးသွင်းခြင်း မနသိကာရ မဖြစ်ရင် ဖြစ်နိုင်ပါ့မလား။ (မဖြစ်နိုင်ပါဘုရား)

ဒီမျက်စိ၊အဆင်း၊အလင်း နှလုံးသွင်းဆိုတဲ့ အကြောင်းတရားလေးပါး မပေါင်းဆုံမိခင်က ခန္ဓာကိုယ်ထဲမှာ မြင်စိတ်ရယ်လို့များ ရှိရဲ့လား။ (မရှိပါဘုရား)

ဥပမာ ပေးကြဦးစို့ကွယ့် မောင်စိန်ရဲ့။ (ပေးတော်မူပါဘုရား)

ကြေးစည်ထဲမှာ အသံဟာ အမြဲတမ်းရှိနေသလား။ (မရှိပါဘုရား)

မရှိပေမယ့် တုတ်နှင့်ခေါက်လိုက်ရင် အသံဟာ ပေါ်မလာဘူးလား။ (ပေါ်လာပါတယ်ဘုရား)

ဒီလိုဆိုတော့ အသံဟာ ကြေးစည်နှင့်တုတ် မထိမီကလည်း မရှိ၊ ထိပြီးရင်လည်း မရှိ။ ထိဆဲ ပစ္စုပ္ပန်ခဏမှာသာ ဖြစ်နေတာ မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား)

အဲဒီလိုပဲ မျက်စိက ကြေးစည်နှင့်တူတယ်။ ရူပါရုံက တုတ်နှင့်တူတယ်။ အလင်းရောင်က လက်မောင်းနှင့်တူတယ်။ နှလုံးသွင်းက အားထုတ်၍ တီးမှုနှင့်တူတယ်။ မြင်စိတ်က အသံနှင့်တူတယ်။ အသံသည် ပစ္စုပ္ပန်ခဏမှာသာ ရှိသလို မြင်စိတ်သည်လည်း မျက်စိ၊အဆင်း၊ အလင်း၊ မနသိကာရတို့ ပေါင်းစုကာ ထောက်ပံ့ဆဲ ပစ္စုပ္ပန်ခဏမှာသာ ရှိတယ်။ အမြဲတမ်း ရှိ၍မနေ။ အဲဒီသဘောကို သင်္ခတသဘောလို့ ခေါ်တယ်။ ဒီလိုအကြောင်းတရား ထောက်ပံ့၍သာ ဖြစ်ပေါ်လာရ၏။ သူ့သတ္တိနှင့်သူ ဖြစ်ပေါ်လာနိုင်သော သတ္တိမရှိ၊ ဒါတွေကိုမြင်တော့ အနတ္တဉာဏ် အမြင်ပေါက်၍ အတ္တသတ္တိ၊ ကာရကသတ္တိ၊ဝေဒကသတ္တိတွေမရှိ၊ ဆိတ်သုဉ်း၍ နေတာကို မြင်တော့တာပေါ့။အဲဒီလို မြင်တာကို သုညတ ကို မြင်တယ်လို့ဆိုတယ်။ ကဲ ..ကဲ ဝိပရိဏာမသဘောကို ပြောကြဦးစို့ ကွယ့် မောင်စိန်ရဲ့။ (ပြောတော်မူပါ ဘုရား)

မောင်စိန်ရေ။ (ဘုရား)

ကုလားကြီးနှင့် ကုလားမကြီးက မွေးတဲ့သူကို ဘာလေးလို့ ခေါ်မလဲ။ (ကုလားကလေးလို့ ခေါ်ပါတယ်ဘုရား)

အဲဒီလိုပေါ့။ မြင်စိတ်၏ အမေနှင့်တူသော မျက်စိအကြည်ကလည်း အပူနဲ့တွေ့လိုက် နီလိုက်၊ အအေးနှင့်တွေ့လိုက် ဖြူလိုက်နှင့် ဖောက်ပြန်တတ်သော အမျိုး၊ မြင်စိတ်၏ အဖေနှင့်တူသော ရူပါရုံကလည်း သစ်ရာမှ ဟောင်း၍သွားတတ်သဖြင့် ဖောက်ပြန်တတ်သောအမျိုး၊ အဲဒီလို ဖောက်ပြန်တတ်သော အကြောင်းတရားတွေ ထောက်ပံ့၍ ဖြစ်ပေါ်လာရသော မြင်စိတ်သည် အဘယ်မှာ မဖောက်ပြန်ဘဲ နေပါ့မလား ကွယ့် မောင်စိန်ရဲ့။ မြင်စိတ်ဖြစ်ပေါ်လာပြီးလျှင် အမြဲတမ်းရှိ၍ နေရဲ့လား။ (မနေပါ ဘုရား)

မျက်စိကို မှိတ်လိုက်လျှင် ချုပ်၍မသွားလား။ (ချုပ်သွားပါတယ်ဘုရား)

အဲဒါ ဖြစ်ခြင်း ဥပါဒ်သဘောမှ ပျက်ခြင်း ဘင်သဘောသို့ ဖောက်ပြန်တာပဲ မဟုတ်လား။(မှန်ပါတယ်ဘုရား)

ကဲ ..ပီဠနသဘောကို ပြောကြဦးစို့ မောင်စိန်ရဲ့။ (ပြောတော်မူပါဘုရား)

ပီဠနဆိုတာ မြန်မာလိုပြောရရင် အနှိပ်စက်ခံနေရတဲ့ သဘောလို့ အဓိပ္ပါယ်ပေါက်တယ်။ ဘယ်တရားတို့၏ အနှိပ်စက်ကို ခံရသလဲဆိုတော့ ဒီမြင်စိတ်မှာ ဖြစ်မှုခေါ်တဲ့ ဇာတိဘေး၊ ရင့်မှုခေါ်တဲ့ ဇရာဘေး၊ ပျက်မှုခေါ်တဲ့ မရဏဘေး ၄င်းဘေးသုံးပါးတို့၏ အနှိပ်အစက်ကို ခံနေရသည့်အတွက် ဖြစ်လိုက်၊ပျက်လိုက်နှင့် တည်တံ့ခွင့်ကို မရဘဲ ပင်ပန်းနေရတာ မဟုတ်လားကွယ့်။ (ဟုတ်ပါတယ်ဘုရား)

www.foreverspace.com.mm



အဲဒီလို အနှိပ်အစက်ခံနေရ၍ ပင်ပန်းနေတဲ့သဘောကို ပီဠနသဘောလို့ခေါ်တယ်။ (မှန်ပါဘုရား)

သန္တာပသဘောကို ပြောကြဦးစို့ကွယ် မောင်စိန်ရဲ့။ (ပြောတော်မူပါဘုရား)

သန္တာပဆိုတာ မြန်မာလိုပြောရရင် ပူပန်ရတဲ့သဘောလို့ဆိုတယ်။ ဘယ်လိုပူပန်နေရသလဲဆိုတော့ ဥပမာ ပေးဦးမကွယ့်။ မောင်စိန်တို့ ရွာမှာ သူခိုး၊ ဓားပြရှိတယ်ဆိုရင် စိတ်ချ၍ မအိပ်ရဘဲ ငါတို့ အိမ်များ တိုက်မလားလို့ ပူမနေရဘူးလား။ (ပူနေရပါတယ်ဘုရား)

အဲဒီလိုပေါ့၊ စိတ်၊ စေတသိက်၊ ရုပ်ဆိုတဲ့ သင်္ခါရတရားထဲမှာ ဘယ်သင်္ခါရပဲဖြစ်ဖြစ် ဒီသုံးပါးပါလာတဲ့အတွက် အိုဘေး၊ နာဘေး၊ သေဘေးကို အမြဲပူနေရတယ်။ ပူလို့ရောရသလားဆိုတော့ မရပါဘူး။အိုတာ၊ နာတာ၊ သေတာပါပဲ။ မလွတ်ပါဘူး။ အဲဒီလို ပူစရာကောင်းတဲ့ ဘေးသုံးပါးရှိနေတာကိုပင် သန္တာပသဘောလို့ ခေါ်တယ်ကွယ့် မောင်စိန်ရဲ့။ (မှန်ပါဘုရား)

ယခုပြောခဲ့တာက စိတ်ပရမတ်မှာရှိသော ဒုက္ခသစ္စာအနက်လေးချက်ကွယ့်။ ကျန်တဲ့စေတသိက်၊ ရုပ်တို့မှာလည်း ၄င်းအတိုင်းပဲ။ ဖိုးသူတော် စိပ်ပုတီးစိပ်သလိုပေါ့ကွယ်။ မင်း ..ဖိုးသူတော်စိပ်ပုတီး စိပ်တာကို ကြားဖူးသလား။ (မကြားဖူးပါဘုရား)

အေး ..မကြားဖူးသေးရင်လည်း ပြောရဦးမှာပေါ့။ ရှေးတုန်းက ဆရာတော်ကြီးတစ်ပါးက သူ့ကျောင်းမှာနေသော ဖိုးသူတော်ကို အမိန့်ပေးသတဲ့။ ပေးပုံက- "ဟဲ့-သူတော်၊ နင်စားပြီးအိပ်နေ ဘိက္ခဝေ၊ သေရင် ငုတ်တုတ် ဂိစ္ဆကုဋ်" ဆိုတာလို စားကာ၊ အိပ်ကာမနေနှင့်၊ ပုတီးတစ်နေ့လျှင် အပတ်(၁၀၀)ရအောင် စိပ်ဟဲ့လို့ အမိန့်ပေးသတဲ့။ ဒါနဲ့ ဖိုးသူတော်က ပုတီးစိပ်ရန် ကမ္မဋ္ဌာန်းတောင်းသတဲ့။ ဒီတော့ ဆရာတော်ကြီးက ပုတီးတစ်လုံးကို 'သော ဘဂဝါ ဣတိပိ အရဟံ' ဟုဆို၍ စိပ်လို့ပေးလိုက်သတဲ့။ ဒါနဲ့ ဖိုးသူတော်ကလည်း ၄င်းကမ္မဋ္ဌာန်းကို မမေ့အောင် ပါးစပ်ကဆိုလျက် မိမိနေရာဇရပ်ကျောင်းကို ပြန်၍ တင်ပျဉ်ခွေကာ 'သော ဘဂဝါ ဣတိပိ အရဟံ' ဟု တစ်ခါဆိုလိုက် ပုတီးတစ်လုံးချလိုက်နှင့် ပြုလုပ်ရာ၊ ပုတီး ၄-၅ လုံး ချမိတော့ စဉ်းစားပြန်သတဲ့။ ဟိုအလုံးလည်း အရဟံ၊သည်အလုံးလည်း အရဟံ၊အတူတူချည်းပဲ။ စာရေးတဲ့အခါမှာ တူနေလျှင် "၄င်း" လို့ ရေးရတာပဲ။ အခုလည်း မထူးပါဘူးလေဟု အကြံဖြစ်ကာ စိပ်ပုတီးကို လက်ညှိုးမှာစွပ်လျက် '၄င်း၊ ၄င်း' ဟုဆိုကာ အပတ်တစ်ရာပြည့်အောင် ဝင့်လိုက်သတဲ့။ ၄င်းနောက် ကိုင်း ..ဒီနေ့တော့ နေ့တွက်စီပြီဆိုပြီး တခေါခေါနှင့် အိပ်ရောတဲ့ကွယ့်။ အဲဒီလိုပေါ့ တရားဆိုတာတစ်ခုလောက် သဘောပေါက်သွားလျှင် '၄င်း' တွေချည်းပဲ မောင်စိန်ရဲ့။ (မှန်ပါဘုရား)

ယခု ပြောဆိုခဲ့ပြီးသော ဒုက္ခသစ္စာအနက် သဘောကြီးလေးချက်ကိုမြင်မှ ဒုက္ခသစ္စာကို မြင်သည်၊ မည်တယ်။ ဗိုက်ထဲက နာတာတွေ၊ ကျောထဲက အောင့်တာတွေ၊ ပေါင်တွေတောင့်တင်းတာတွေကို ဒုက္ခဝေဒနာလို့ မှတ်ရမယ်။၄င်းဒုက္ခဝေဒနာကိုတော့ ခွေးလည်းသိတာပဲ။ ဝက်လည်း သိတာပဲ။ နွားလည်းသိတာပဲ။ ဒီဒုက္ခဝေဒနာကိုသိလို့သာ တရားသိရမယ်ဆိုရင် ငရဲသားတွေက အရင်ဆုံးကျွတ်တမ်းဝင်ရမှာပေါ့။ ယခု လူတွေပြောနေကြတာက မအောင့်နိုင်တာ ဒုက္ခသစ္စာလို့ ပြောနေကြတယ်၊မဟုတ်ပါဘူး။ မအောင့်နိုင်တာ ဒုက္ခဝေဒနာလို့သာ ဆိုရမယ်။ ဒုက္ခဝေဒနာနှင့် ဒုက္ခသစ္စာကိုခွဲခြား၍ သိနိုင်ခဲတယ်။ ဆရာကောင်းနှင့်တွေ့မှ ခွဲခြား၍သိရတယ်။ အချို့ကလည်း ပြောကြသေးတယ်။ ဘုရားတောင် ဒုက္ကရစရိယာကျင့်ရသေးတာ။ အဆင်းရဲမခံဘဲ ဘယ့်နှယ် နိဗ္ဗာန်ကို ရမလဲလို့ဆိုကြတယ်။ ဒီလူတွေကို ကြောင်တောင်ကန်းတွေလို့ ဆိုချင်တယ် မောင်စိန်ရဲ့။ (အမိန့်ရှိပါဦးဘုရား)

မြတ်စွာဘုရားသည် ဒုက္ကရစရိယာ ကျင့်တာကတော့ မှန်ပါတယ်။ ဒါပေမယ့် ဒုက္ကရစရိယာကျင့်လို့ ဘုရားဖြစ်တာလား။ သို့မဟုတ် ၄င်းအကျင့်သည် အတ္တကိလမထာနုယောဂအကျင့်သာ ဖြစ်သည်ဟု သိပြီး ထိုအကျင့်ကို ပယ်ကာ ခန္ဓာကိုယ်ကို အားရှိအောင်မွေး၍ မယ်သူဇာတာပေးသော နို့ဆွမ်းကို စားပြီးမှ ဘုရားဖြစ်တာလားဆိုတာကို မောင်

www.foreverspace.com.mm



စိန်ရေ စဉ်းစား၍ ဖြေစမ်း။ (မယ်သူဇာ၏ ဆွမ်းကို စားပြီးမှ ဖြစ်ရပါတယ်ဘုရား)

အဲဒီ မယ်သူဇာရဲ့ နို့ဆွမ်းကို စားပြီး ဘုရားဖြစ်ကြောင်းကို သိကြပါလျက်သားနှင့် ဒုက္ကရစရိယ ကျင့်လို့ပဲ ဖြစ်သယောင်ယောင် ပြောနေကြတာ ကြောင်တောင်ကန်းပဲ မဟုတ်လားကွယ့် မောင်စိန်ရဲ့။ (မှန်ပါဘုရား)

လူတိုင်းလိုလိုပင် ထင်ကြတာ တောထွက်မှပဲ တရားရမယောင်ယောင်၊ ဂူထဲအောင်းမှပဲ တရားတွေ့မယောင်ယောင် ထင်နေကြတယ်ကွယ့် မောင်စိန်ရဲ့။ (အမိန့်ရှိပါဦး ဘုရား)

တရားဆိုတာ တောထဲထွက်တိုင်းလည်း မရ။ ဂူထဲအောင်းတိုင်းလည်း မရဘူးကွယ့်။ ဘယ်လိုမှ ရမှာလဲဆိုတော့ တရားပြဆရာကလည်း သပ္ပုရိသဖြစ်ပါမှ၊မိမိကလည်း တရားကို နာ၍ရှိရှိသေသေ ဆင်ခြင်ကာ ပယ်သင့်တာကို ပယ်ပြီး ယူသင့်တာကိုယူမှ တရားကို ရတာကွယ့်။ တရားဆိုတာ ခန္ဓာမှာသာ ရှိတယ်။ တောထဲမှာ မရှိဘူး။ တောထွက်တယ်၊ ဂူအောင်းတယ်ဆိုတာ အာရုံဆိတ်ငြိမ်ဖို့မျှသာ ဖြစ်တယ်။ အရေးကြီးတာက ဆရာကောင်းတွေ့ဖို့ပဲ မောင်စိန်ရဲ့။ မင်းရော လူတွေထင်သလို တောထွက်မှ၊ဂူအောင်းမှ ထင်သလား။ (တပည့်တော်လည်း ထင်ခဲ့ပါတယ်ဘုရား)

(ဆက်လက်ဖော်ပြပါမည်)

## မာရာဏသီဆရာတော်ဘုရားကြီး၏ ဩဝါဒရတနာများ

ကိုယ်ကျင့်တရားကောင်းစေ၍
မိမိတာဝန်ကို ထမ်းဆောင်ကြပါ

သံသရာဝဋ်ကို ကြောက်လန့်၍ နိဗ္ဗာန်ရောက်ရန် မျှော်လင့်လျက်ရှိနေကြသော ရဟန်းသံဃာတို့၊ အရှင်ဘုရားတို့မှာ နိဗ္ဗာန်သို့ ရောက်ချင်သည့် စိတ်ဆန္ဒကလေး ရှိရမည်။ သို့မှသာ ဦးပဉ္ဇင်းကောင်း၊ ကိုရင်ကောင်း ဗီသပါလိမ့်မည်။

**ပိယော စ ဂရု ဘာဝနီယော၊ ဝတ္တာ စ သဝနက္ခမော၊**
**ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နော ဋ္ဌာနေ နိယောဇကော။**

ဆိုသည့် ဂါထာအတိုင်း လိုက်နာကျင့်သုံးမှသာ သီတင်းသုံးဖော်ကောင်း၊ မိတ်ကောင်းဆွေကောင်း ဗီသပါလိမ့်မည်။

ဂါထာ အနက်အဓိပ္ပါယ်ကား-

၁။ ချစ်အပ်သော ပုဂ္ဂိုလ်ဖြစ်ရမည်။

၂။ လေးစားအပ်သော ပုဂ္ဂိုလ်ဖြစ်ရမည်။

၃။ ချီးမွမ်းအပ်သော ပုဂ္ဂိုလ်ဖြစ်ရမည်။

၄။ ဆိုဆုံးမတတ်သူ ဖြစ်ရမည်။

၅။ ဆိုဆုံးမသည်ကို သည်းခံတတ်သူ ဖြစ်ရမည်။

၆။ မသင့်တော်သော အရာဌာနကို မတိုက်တွန်းသောသူ ဖြစ်ရမည်။ ဤအချက် (၆)ချက်တို့တွင် **ဝတ္တာဂုဏ်** နှင့် **ဝစနက္ခမဂုဏ်**တို့ အရေးကြီးပါသည်။

စာပေကျမ်းဂန်များကို လေ့လာသင်ကြားနေလျက်ရှိကြသော စာသင်သားတို့၌ အကုသိုလ်တရား မပါဝင်ပါဘူး၊ ပေါ့ပေါ့ဆဆနေကြလျှင် ထမင်းခိုးစားချင်ကြသည်။ ပွဲကြည့်ချင်သည် ဖြစ်ပါလိမ့်မည်။

သစ္စာဆိုတာ နှစ်မျိုးရှိပါသည်။ ဝစီသစ္စာနှင့် ကိုန်သစ္စာတို့ ဖြစ်ပါသည်။ ယင်းတို့အနက် ကိုန်သစ္စာကို မပြောဆိုသင့်ပါဘူး။ ဝိရတီ သစ္စာဖြစ်သော ဝစီသစ္စာကိုသာ ပြောဆိုသင့်ပါသည်။ 'ငါဒီနေ့မှစ၍ မည်ကဲ့သို့သော အကုသိုလ်ကိုမျှ မလုပ်တော့ပါ' ဟုဆိုပြီး ကိုယ့်ကိုယ်ကို သစ္စာဆိုရပါမည်။

ငါ့အရှင် စာချဘုန်းကြီးတို့သည် ကိုယ့်တာဝန်ဖြစ်သော စာသင်၊ စာပြမှုကို စေ့အောင် ဆောင်ရွက်ကြ ရမည်။ စာသင်သားတွေကလည်း စာကျက်၊ စာဖတ်၊ စာသင်မှုစတဲ့ သူတို့ရဲ့အလုပ်ကို အကွက်စေ့အောင် ဆောင်ရွက်ကြရပါမည်။

www.foreverspace.com.mm



www.foreverspace.com.mm



## ဆရာကောင်းနဲ့ တွေ့ရသူ

မောင်ချစ်ညို(ပဲခူး)

အခန်း(၁)

"ခုတ်ဟေ့ ..သတ်ဟေ့"

"အသောကမင်းတရားရဲ့တပ်ကွ"

"ငါဟဲ့၊ အသောက၊ ကျူပြင်ခုတ်၊ ကျူငုတ် မကျန်၊ မြင်မြင်ရာ အကုန်သာသတ်"

ကျူးကျော်နန်းလု ရန်စသူ အသောကမင်းသား ဦးဆောင်သောတပ်များ၏ အသံသည် တစ်စတစ်စနီး ကပ်လာခဲ့ပြီ။ ဤဘက်မှ တပ်များကလည်း ကျူးကျော် လာသော အသောက၏တပ်များကို မကြောက်မရွံ့၊ ရှုပ် ရှုပ်ချုံချုံ ခုခံကာကွယ်နေခဲ့သည်။

သို့သော် အင်အားမှာ ကွာခြားလွန်းသဖြင့် အသောကမင်းသား၏ တပ်များသာ အနိုင်ရနေခဲ့သည်။

အသောကမင်းသားသည် ရှင်ဘုရင်ဖြစ်ရေး အတွက်၊ ထီးနန်းရရေးအတွက် ညီဖွားနောင်တော် ကိုး ဆယ့်ရှစ်ယောက်ကို သုတ်သင်ရှင်းလင်းခဲ့ပြီးပြီ။

ရက်စက်ကြမ်းကြုတ်သော အသောကမင်းသား သည် "စဏ္ဍာသောက"ဟူ၍ အမည်တွင်ခဲ့ပြီ။ ရက်စက် သူ စဏ္ဍာသောကမင်းသားက ကိုးဆယ့်ကိုးယောက် မြောက် သုတ်သင်ရှင်းလင်းမည့်သူမှာ "သူ"ပင်ဖြစ်လိမ့် မည်။

သုမနမင်းသားကြီးသည် သက်ပြင်းကို ရှိုက် သည်။ တုံ့လှည့်ဝင့်ကြွေးရှိလျှင်ဖြင့် ကျေအောင်ပေးဆပ် ရဦးမည်။

သုမနမင်းသားကြီး၏ နံဘေးတွင် ချစ်ဇနီး ကြင်ယာတော် သုမနဒေဝီသည် ခင်ပွန်းသည်၏ မျက်နှာ ကို တစ်ရံမလပ်အကဲခတ်နေသည်။ သူမမှာလည်း မျက်စိ မျက်နှာပျက်နေရှာပါသည်။

"မောင်တော်၊ တိုက်ပွဲရဲ့ အသံတွေဟာ သိပ်ပြီး နီးကပ်လာခဲ့ပြီ၊ သုမနဒေဝီတို့ ပြေးကြပါစို့"

သုမနမင်းသားကြီးသည် ပြတ်သားစွာ ဆုံး ဖြတ်သည်။

"နှမတော် သုမနဒေဝီ၊ ထွက်ပြေးတယ်ဆိုတာ ယောကျ်ားကောင်းတွေရဲ့ ပြုဖွယ်ကိစ္စ မဟုတ်ပေဘူး။ ယောကျ်ားကောင်းတို့ရဲ့ သွေးဟာ ရဲရဲတောက်ပါတယ်။ ဒါကြောင့် ကျူးကျော်သူ နန်းလုဘုရင် အသောကမင်း ရဲ့တပ်ကို မောင်တော်ကိုယ်တိုင် ရဲရဲဝံ့ဝံ့တိုက်မယ်"

"မောင်တော်ရယ်၊ သုမနဒေဝီကိုလည်း ငဲ့ပါ ဦးဘုရား၊ မောင်တော်နိုင်ရင်ဖြင့် ကောင်းပါရဲ့၊ တကယ် လို့များ မောင်တော်စစ်ရှုံးခဲ့ရင် ..."

သုမနဒေဝီသည် စကားမဆက်နိုင်တော့ဘဲ ဦးခေါင်းကို ငုံ့သည်။ သူမ၏မျက်ဝန်းများက သူမ၏ဝမ်း ဗိုက်ဆီမှာ အတော်ပင် ပေါ်လွင်နေသော ကိုယ်ဝန်မို့မို့ထံ ရောက်သွားသည်။ သူမ၏ မျက်လုံးများမှာ ပုလဲငွေမျက် ရည်က တစ်ပေါက်ချင်း အဆက်မပြတ် လိမ့်ဆင်းလာ သည်။

သုမနမင်းသားကြီးသည် ချစ်ဇနီး သုမနဒေဝီ ၏ ဝမ်းဗိုက်ဆီမှ သားဦးသန္ဓေသားကို လှမ်းကြည့်သည်။ ပြီးနောက် စိတ်ကိုတင်းသည်။ အံကို တင်းတင်းကြိတ် သည်။

"နှမတော် ..တော်တော့။ မျက်ရည်လုံးဝမကျ နဲ့။ မောင်တော်မနှစ်သက်ဘူး။ စစ်ပွဲတစ်ပွဲတိုက်ပြီဆိုရင် နိုင်တာနဲ့ ရှုံးတာ နှစ်ခုပဲ အဆုံးအဖြတ်ရှိတယ်။ လူဆို တာ တစ်သက်မှာ တစ်ခါပဲ သေရိုးထုံးစံရှိတယ်။ သူရဲ ကောင်းတို့မှာ တိုက်ပွဲဝင်ရင်း သေခြင်းဟာ မြတ်သော သေခြင်းပဲ"

"နှမတော်ကို မောင်တော်မှာခဲ့မယ်၊ လေးလေး နက်နက်နားထောင်ပါ။ မောင်တော် ယခုပင်လျှင် တိုက်ပွဲ ထဲဝင်တော့မယ်။ တိုက်ပွဲကို နားစွင့်ပါ။ မောင်တော်နိုင် တဲ့ အသံကြားရင်ဖြင့် နှမကြိုဆိုပါ။ မောင်တော်ကျဆုံး ခဲ့ပြီ၊ သေပြီဆိုတာ ကြားရင်ဖြင့် နှမထွက်ပြေးပေရော့။ သူဆင်းရဲမအသွင်ယူ၍ ကျေးရွာဇနပုဒ်မှာနေပါ။ ငါ၏ သန္ဓေသားကို ကောင်းစွာပြုစု စောင့်ရှောက်ပါ"

မောင်တော် သုမနမင်းသားသည် ပြတ်သား စွာ မှာကြားသည်။ ပြီးနောက် သူမ၏ဆံနွယ်စများကို တစ်ချက်နမ်းရှုပ်ကာ နန်းဆောင်အတွင်းမှ လျင်မြန်စွာ ထွက်ခွာသွားခဲ့သည်။ သုမနဒေဝီမှာ လေသာပြတင်းဆီ မှ တိုက်ပွဲကို လှမ်းမျှော်ကြည့်ရင်း မောင်တော်စစ်နိုင် ပါစေကြောင်း ဆုတောင်းပေးနေမိသည်။

www.foreverspace.com.mm



တိုက်ပွဲမှာ ဆူညံသော အသံများနှင့်အတူ ပြင်းထန်လှပါသည်။ မကြာပါ။ ပျော်ရွှင်စွာ အော်ဟစ်လိုက်သောအသံကို ကြားလိုက်ရသည်။

"ငါ့ အသောကမင်းတဲ့ဟေ့၊ သုမနမင်းသားကြီး ကျသွားပြီဟေ့။ သူ့ရဲ့ဦးခေါင်းကိုဖြတ်လို့ သူ့တပ်ကို မြင်အောင်ပြရော့မယ်၊ ငါဟဲ့ အသောက"

သုမနဒေဝီသည် ကြားလိုက်ရသော စကားကြောင့် မူးမေ့လဲပြိုမတတ် ခံစားလိုက်ရသည်။ မောင်တော်ကျဆုံးပြီ။ မောင်တော်သေပြီတဲ့။ ခွေလဲမတတ် ယိုင် နွဲ့နေဆဲ။

"ကျူပြင်ခုတ်၊ ကျူငုတ်မကျန်စေနဲ့။ သူ့ကြင်ရာတော်ကို ရှာပြီးသတ်၊ သူ့ရဲ့အခြွေအရံ၊ ရံရွေတော်၊ သစ္စာခံမှန်သမျှကိုလည်း သတ်"

အသောက၏ အမိန့်စကားက ရက်စက်လွန်းပါသည်။သုမနဒေဝီသည် ချစ်သော မောင်တော်နှင့်အတူ သေဝံ့ပါသည်။

သို့သော် သူမ၏ဝမ်းကြာတိုက်တွင် မောင်တော့်ရင်သွေးလေး ရှိနေခဲ့သည်။ ဤကလေးကို မွေးဖွားရဦးမည်။ ပြုစုစောင့်ရှောက်ရဦးမည်။ သုမနဒေဝီ သေ၍မဖြစ်သေး။ သုမနဒေဝီ၏ အားငယ်စိတ်၊ ဝမ်းနည်းကြေကွဲစိတ်များ ပျောက်ကွယ်သွားသည်။

မိခင်တစ်ယောက်၏ စိတ်ဓာတ်၊ မိခင်တစ်ယောက်၏ မေတ္တာ၊ မိခင်တစ်ယောက်၏ အားမာန်သည် သုမနဒေဝီတွင် ဖြစ်ပေါ်လာသည်။

သူမသည် သူမ၏ကိုယ်ခန္ဓာပေါ်မှ လက်ဝတ်ရတနာများကို ဖြုတ်ချသည်။ ထို့နောက် တောင်းပလုံးတစ်ခုတွင်ထည့်သည်။ အပေါ်မှ စပါးစေ့များ အပြည့်ဖြင့် ဖုံးအုပ်သည်။

ဆံထုံးကိုလျှော့၍ ဆံနွယ်ယဉ်ကြော့များကို ဖွာ ရရာကြဲအောင် ပြုလုပ်သည်။ ချည်စောင်နွမ်းတစ်ထည်ဖြင့် ခေါင်းကိုပေါင်းသည်။ မျက်နှာကို ကျပ်ခိုးများဖြင့် သုတ်လိမ်းသည်။

သစ်လွင်လှပသော ခါးဝတ်တန်ဆာများကို ချွတ်၍ ခဝါသည် လျှော်ဖွပ်လှန်းထားသော ရံရွေတော်တစ်ဦး၏ အဝတ်ဟောင်းများကို ယူငင်လဲလှယ်သည်။ ကြင်ယာတော် သုမနဒေဝီ၏ရုပ်သွင်မှာ သူဆင်းရဲ တောသူမနှင့် အတူကြီးတူခဲ့ပါပြီ။

သုမနဒေဝီသည် စပါးတောင်းကို ခေါင်းပေါ် ရွက်ရင်း ပြေးလွှားနေသော လူအုပ်နှင့်အတူ လိုက်ပါလာခဲ့သည်။ သူမ၏အသွင်အပြင်မှာ သူဆင်းရဲမကြီးနှင့် တူနေသည်မို့ မည်သူမျှ စိတ်မဝင်စားကြပါ။

သုမနဒေဝီသည် ပြေးရင်းလွှားရင်း နေပြည်တော်နှင့် ဝေးကွာခဲ့ပါပြီ။ ကျေးရွာနေပုဒ်တွင် သူဆင်းရဲမ အသွင်ကိုယူ၍နေပါဟူသော မောင်တော့်စကားကို နားထောင်ရမည်။

သုမနဒေဝီသည် မောပန်းလွန်းသော်လည်း မနားနိုင်သေး။ လယ်ကွက်များကိုဖြတ်၍ မရပ်မနားပြေးလွှားခဲ့သည်။ အတော်ပြေးမိသောအခါ အရိပ်ကောင်းစွာရသော ညောင်ပင်ကြီးတစ်ပင်ကို တွေ့လိုက်ရသည်။

အရိပ်ရ အေးမြသော ညောင်ပင်ကြီးကို တွေ့သောအခါ သုမနဒေဝီ၏စိတ်ထဲ အနားယူချင်လာသည်။ ညောင်ပင်အနီးသို့ ချဉ်းကပ်လာခဲ့သည်။

"အလို ..."

သုမနဒေဝီမှာ အံ့အားသင့်မိပါသည်။ အဝေးမှ ကြည့်စဉ်က ညောင်ပင်အောက်မှာ ဘယ်သူမျှမရှိပါ။ ညောင်ပင်အနီးသို့ သူမရောက်လာသောအခါ ညောင်ပင်အောက်တွင် ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအိုတစ်ဦးရှိနေခဲ့သည်။ ဝတ်ဖြူစင်ကြယ်အဖိုးအိုသည် မျက်လုံးကိုစုံမှိတ်၍ တစ်စုံတစ်ခု ရှုမှတ်ကျင့်ကြံနေဟန်ရှိသည်။ သုမနဒေဝီမှာ ညောင်ပင်အောက်သို့ ဝင်သင့်မဝင်သင့် တွေဝေနေဆဲမှာပင် အဘိုးအို၏မျက်လုံးများသည် ပွင့်လာသည်။

အို ...။

သုမနဒေဝီကို စူးစူးစိုက်စိုက်ကြည့်သော မျက်လုံးများမှာ အရှိန်အဝါ တန်ခိုးတစ်ခု ပျော်ဝင်နေဟန်ရှိသည်။ သုမနဒေဝီ၏ ရင်ထဲအထိ ထွင်းဖောက်မြင်နိုင်သည့်ဟန်ရှိသည်။

"ချစ်သမီး သုမနဒေဝီ၊ ဒုက္ခသည်မလေး .. လာခဲ့"

အဘိုးအို၏အသံမှာ အသံဩဇာနှင့် ပြည့်စုံလှေစွ။

www.foreverspace.com.mm



သုမနဒေဝီ၏ အမည်ကိုလည်း သိနှင့်နေခဲ့သည်။ အဘိုးအိုသည် လူစင်စစ်မှ ဟုတ်ပါလေစ။

"သမီး …ဘာတွေစဉ်းစားနေသလဲ။ ငါ့သမီး သုမနဒေဝီကို စောင့်ရှောက်ဖို့ အဘမှာ တာဝန်ရှိတယ်။ ငါ့သမီးရဲ့ ဝမ်းကြာတိုက်မှ ဘုန်းရှင်ကံရှင် သန္ဓေသားကို သမီး ချောချောမောမောမွေးရဦးမယ်"

အဘိုးအို၏ စကားများသည် မှန်ကန်နေသောကြောင့် သုမနဒေဝီ မငြင်းဆန်ဝံ့တော့ပါ။ သုမနဒေဝီ၏ ခြေလှမ်းများသည် ညောင်ပင်အောက်သို့ ဦးတည်နေခဲ့ပါပြီ။

"ကဲ ..ဒုက္ခသည်မလေး၊ အဘရဲ့အရိပ်မှာ အေးချမ်းစွာ ခိုလှုံပေတော့"

ညောင်ပင်အောက်တွင် သန့်ရှင်းသပ်ရပ်သော ဝါးကွပ်ပျစ်လေးတစ်ခုက အသင့်ရှိနေခဲ့သည်။ သုမနဒေဝီရင်ထဲမှ အပူမီးများနှင့် အမောအပန်းများကို ဖြေလိုလှပြီ။

အဘိုးအို ညွှန်ပြသော ကွပ်ပျစ်ပေါ်သို့ လဲလျောင်းလိုက်သည်နှင့် သုမနဒေဝီမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။

## အခန်း(၂)

"အမယ်လေး ..ကျွတ် ..ကျွတ်၊ နာလှချည်ရဲ့"

သုမနဒေဝီ ဝမ်းကြာတိုက်မှ သန္ဓေသားမှာ နေ့လစေ့ခဲ့ပြီမို့ လှုပ်ရှားရုန်းကန်နေခဲ့ပြီ။ သို့သော် သုမနဒေဝီမှာ အားမငယ်ပါ။

ဤသန္ဓေသားသည် မောင်တော်မျှော်လင့်တမ်းတခဲ့သော သန္ဓေသားဖြစ်သည်။ သန္ဓေသားကို အောင်မြင်ချောမောစွာ မွေးဖွားပေးရမည့်တာဝန်မှာ သုမနဒေဝီ၏ တာဝန်ဖြစ်သည်။

အဘိုးအိုသည် မနီးမဝေးတွင် ကျောခိုင်းရပ်တန့်ရင်း သူမကို မေတ္တာပို့ပေးနေသည်။

သူမ၏ နံဘေးတွင် ပြည့်စုံစွာ လုပ်ကျွေးပြုစုနေသော အခြွေအရံများမှာလည်း အဘိုးအို၏ တန်ခိုးအစွမ်းအစဖြင့် ရှိနေခြင်းဖြစ်မည်။ သုမနဒေဝီကို လိုအပ်သမျှ ပြုစုပေးနေကြသည်။

"အူဝဲ …အူဝဲ"

"သားလေးဟေ့၊ ယောက်ျားလေး"

အလုပ်အကျွေး မိန်းမများက သတင်းပေးသည်။ မောင်တော့်ရင်သွေး သားကလေးအတွက် သုမနဒေဝီ ကျေနပ်ရသည်။ အမောပြေရသည်။ အဘိုးအိုက သားကလေးကို အမည်ပေးသည်။

"ဘုန်းရှင်၊ကံရှင်သားလေး၊ ညောင်ပင်အောက်မှာ မွေးတဲ့သားလေး၊ ဒီသားလေးကို ညောင်ပင်ကို အစွဲပြုလို့ နိဂြောဓ (မောင်ညောင်ပင်)လို့ပဲ အမည်ပေးကြပါစို့ရဲ့"

သားလေး နိဂြောဓကို တစိမ့်စိမ့်ကြည့်ရင်း သုမနဒေဝီ ကျေနပ်အားမာန်ဖြစ်ရပါသည်။ သားလေးသည် ဘုန်းရှင်၊ ကံရှင်သားလေးတဲ့။

သုမနဒေဝီအဖို့ သားလေးနှင့်အတူ ညောင်ပင်အောက်တွင် အဘိုးအို၏ အစောင့်အရှောက်ကို ခံယူရင်းနေရသည်မှာ လိုလေသေးမရှိပါ။ သားကလေး၏ ငိုသံက သီချင်းသံနှယ် သာယာလှပါသည်။

တစ်နေ့ ….

သားလေး နိဂြောဓ ငိုယိုနေသည်မို့ သုမနဒေဝီ ချော့နေမိသည်။

ညောင်ပင်ရှေ့သို့ လာရပ်သောအရိပ်ကြောင့် သုမနဒေဝီ မော့ကြည့်သည်။

"အလို …"

ရဟန်းတော်တစ်ပါး ဆွမ်းရပ်နေသည်။သားလေး၏ ဘုန်းကံကြောင့်ပင်ဖြစ်မည်။ ဘုန်းကြီးရဟန်း ဆွမ်းရပ်သည်မှာ ကောင်းသောနိမိတ်ပင် ဖြစ်သည်။

သုမနဒေဝီသည် မိမိတွင်ရှိသော စားသောက်ဖွယ်ရာများထဲမှ ထွတ်မြတ်သော ခဲဖွယ်ဘောဇဉ်များကို လောင်းလှူလိုက်သည်။

"ကျန်းမာချမ်းသာပါစေ"

ရဟန်းတော်က ဆုပေးသွားသည်။ နောက်တစ်နေ့ ရဟန်းတော် ဆွမ်းရပ်ပြန်ပါပြီ။ သုမနဒေဝီသည် မိမိတွင်ရှိသမျှ စားသောက်ဖွယ်ရာများကို လောင်းလှူသည်။ ရဟန်းတော်က ဆုပေးသည်။

"ကျန်းမာ ချမ်းသာပါစေ"

နောက်တစ်နေ့ ရဟန်းတော် ဆွမ်းရပ်ပြန်ပါပြီ။ သုမနဒေဝီတွင် လောင်းလှူစရာ အရန်သင့် ဘာမျှမရှိပါ။

"ဒီနေ့တော့ ကန်တော့ဆွမ်းပါဘုရား"

ရိုသေစွာ တောင်းပန်မိသည်။ ရဟန်းတော်က အေးမြသော မျက်နှာတော်ဖြင့် ....

"ကျန်းမာ ချမ်းသာပါစေ"

မေတ္တာပို့သွားပြန်ပါသည်။ စင်စစ်သုမနဒေဝီတို့ ထံ ဆွမ်းခံကြွသူမှာ အရှင်ဝရဏအမည်ရှိသော ရဟန္တာ မထေရ်မြတ်ကြီး ဖြစ်ပါသည်။

အရှင်ဝရဏသည် မောင်နိဂြောဓလေး၏ ဘုန်းကံနှင့် သာသနာပြုနိုင်မည့် အရည်အချင်းကို သိထားသူဖြစ်သည်။ ထို့ကြောင့် ကုသိုလ်တရား ချီးမြှောက်သောအားဖြင့် နေ့စဉ်ဆွမ်းခံကြွနေခြင်း ဖြစ်သည်။

ဤသို့ဖြင့် သုမနဒေဝီတို့ သားအမိ ညောင်ပင်အောက်တွင် အဘိုးအို၏ အစောင့်အရှောက်ဖြင့် နေလာခဲ့သည်မှာ ခုနစ်နှစ်ကျော်ကြာခဲ့ပြီ။

သားလေး နိဂြောဓလည်း ခုနစ်နှစ်သားရှိခဲ့ပြီ။ သုမနဒေဝီမှာ ညောင်ပင်အောက်တွင် နေရသောဘဝကြောင့် သားလေးနိဂြောဓ၏ ရှေ့ရေးအတွက်မျှော်တွေးရင်း ရင်မအေးနိုင်ဖြစ်ရပါသည်။

နန်းတော်ထဲမှ မင်းညီမင်းသား သွေးသားလေးသည် ဆင်းဆင်းရဲရဲနေရရှာသည်ဟု စိတ်မကောင်းဖြစ်မိသည်။

ထိုစဉ်မှာပင် အရှင်ဝရဏမထေရ်မြတ်ကြီး ဆွမ်းရပ်ပါပြီ။ သုမနဒေဝီလည်း ရိုသေစွာဖြင့် ဆွမ်းလောင်းလှူပါသည်။

"ဒကာမကြီး၊ ဒကာမကြီးရဲ့သားကို သာသနာ့ဘောင်သို့ ချီးမြှင့်လိုသည်။ ဒကာမကြီး ခွင့်ပြုမည်လော"

အရှင်ဝရဏမထေရ်မြတ်ကြီးက မိန့်တော်မူသည်။ ကြားရသည်မှာ ပီတိဖြစ်လှပါဘိ။ သုမနဒေဝီသည် ဝမ်းမြောက်ဝမ်းသာ ပြန်လည်လျှောက်တင်သည်။

"ခွင့်ပြုပါတယ်ဘုရား"

"ကဲ ..ဒါဖြင့် နိဂြောဓကို ယခုပင် ကျောင်းတော်သို့ ထည့်လေတော့"

---

ရဟန်းတော်တစ်ပါး
ဆွမ်းရပ်နေသည်။
သားလေး၏
ဘုန်းကံကြောင့်ပင်ဖြစ်မည်။
ဘုန်းကြီးရဟန်း
ဆွမ်းရပ်သည်မှာ
ကောင်းသောနိမိတ်ပင်
ဖြစ်သည်။
သုမနဒေဝီသည်
မိမိတွင်ရှိသော စားသောက်
ဖွယ်ရာများထဲမှ
ထွတ်မြတ်သော
ခဲဖွယ်ဘောဇဉ်များကို
လောင်းလှူလိုက်သည်။

---

သုမနဒေဝီသည် ကလေးသဘာဝ ဆော့ကစားနေသော သားလေးနိဂြောဓကိုခေါ်သည်။

"သားမောင် ...နိဂြောဓ၊ လာခဲ့ပါဦးကွယ်"

"လာပါပြီ မိခင်"

"သားမောင်ကို မိခင်မှာစရာရှိတယ်။ သားမောင်ကို ယခုပင် သာသနာ့သားတော် ရှင်သာမဏေအဖြစ် ပြုပေးတော့မယ်၊ ဘုန်းဘုရားနှင့်အတူ ကျောင်းတော်သို့ လိုက်သွားပေတော့၊ လိမ်လိမ်မာမာနေပြီး သာသနာ့အာဇာနည်တစ်ပါးဖြစ်အောင် ကြိုးစားပေတော့"

နိဂြောဓလေးသည် အရွယ်နှင့်မလိုက်အောင် ဉာဏ်ပညာ ထက်မြက်သူဖြစ်သည်။ မိခင်နှင့်ခွဲခွာကာ သာသနာတော်အတွင်းသို့ ဝင်ရမည့်အတွက် ဝမ်းမနည်းပါ။ သွက်လက်စွာပင် မိခင်ကို ကတိပေးပါသည်။



www.foreverspace.com.mm

“စိတ်ချပါ မိခင်”

သို့ဖြင့် နိဂြောဓတစ်ယောက် အရှင်ဝရဇာမထေရ်ကြီးနှင့်အတူ ကျောင်းတော်သို့ လိုက်ပါခဲ့ပါပြီ။

နိဂြောဓကို ဆံပင်ရိတ်ပေးခါနီးတွင် အရှင်ဝရဇာမထေရ်မြတ်ကြီးက သင်ကြားပေးပါသည်။

“နိဂြောဓ …သင့်ကို ငါဆံချပေးတော့မည်။ ဆံပင်ရိတ်ပယ်နေစဉ်တွင် အောက်ပါဂါထာကို ရွတ်ဖတ်ပွားများပါလော့”

**အတ္ထိ ဣမသ္မိံ ကာယေ**

**ကေသာ လောမာ နခါ ဒန္တာ တစော၊**

**တစော ဒန္တာ နခါ လောမာ ကေသာ။**

ဟု ရွတ်ဖတ်ရင်း ငါ့၏ကိုယ်တွင် ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေလို့ ကိုယ်ခန္ဓာကိုယ်ကို အနုလုံ၊ ပဋိလုံကမ္မဋ္ဌာန်း စီးဖြန်းပါ”

“ကောင်းပါပြီဘုရား”

နိဂြောဓ ကိုရင်လေးသည် ဆရာအရှင်မထေရ်မြတ်ကြီးစေခိုင်းသည့်အတိုင်း သူ၏ခန္ဓာကိုယ်ကို ကမ္မဋ္ဌာန်းစီးဖြန်းပါသည်။

“သြော် …ငါ့မှာ နိဂြောဓလို့ အမည်သညာသတ်မှတ်စရာ အစိတ်အပိုင်းဘာမျှမရှိ၊ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေသာရှိပါလား။ ဖွဲ့စည်းထားပါလား။ ငါဆိုသောအရာ ဘာမျှမရှိ”

နိဂြောဓသာမဏေငယ်လေးမှာ ဉာဏ်ပညာထက်မြက်သူဖြစ်သဖြင့် ခေါင်းရိတ်ဆဲ ဆံပင်လေးပုံတစ်ပုံအပြီးတွင် သောတာပတ္တိမဂ်သို့ ဆိုက်ရောက်ခဲ့ပါသည်။

လေးပုံ နှစ်ပုံတွင် သကဒါဂါမိမဂ် ရရှိပါသည်။

လေးပုံ သုံးပုံတွင် အနာဂါမိမဂ် ဖိုလ်။

ဆံပင်များ ရိတ်သိမ်းပြီးချိန်တွင် အရဟတ္တဖိုလ် ဆိုက်ရောက်၍ အာသဝေါကင်းကွာခဲ့ပါပြီ။

ရဟန္တာအရှင်ဖြစ်ခဲ့ပါပြီ။

ပဋိပတ္တိအရာ ပြည့်စုံခဲ့ပါပြီ။ သို့သော် နိဂြောဓသာမဏေမှာ ပရိယတ္တိအရာတွင် မပြည့်စုံသေးပါ။ နိဂြောဓသာမဏေကို ဆရာအရှင် ဝရဇာရဟန္တာမထေရ်မြတ်ကြီးက ပရိယတ္တိစာပေများ သင်ကြားပေးပါသည်။

နိဂြောဓ သာမဏေသည် ဆရာအရှင်၏ ကျေးဇူးကြောင့် ရဟန္တာဘဝကို ရောက်ခဲ့ရမှန်း ဆင်ခြင်မိပါသည်။

ထို့ကြောင့် ဆရာအရှင်၏ ဝတ်ကြီး၊ ဝတ်ငယ်များကို ပြုစုရင်း ဆရာအရှင်သင်ကြားပေးသော ပရိယတ္တိစာပေများကို ကြိုးကြိုးစားစား သင်ယူပါသည်။

ရဟန်းတို့၏ ကျင့်ဝတ်ဖြစ်သော ဆွမ်းခံဝတ်ကိုလည်း မပျက်ကွက်စေဘဲ ပြုလုပ်ပါသည်။ ဆရာကောင်းနဲ့ တွေ့ခဲ့သော နိဂြောဓ၏ဘဝမှာ အထွတ်အထိပ် တင့်တယ်ခဲ့ပါပြီ။

အခန်း(၃)

အသောကမင်းတရား၏ စိတ်နှလုံးမှာ ညစ်ညျုး ရှုပ်ထွေးနေပါသည်။

သူကိုးကွယ်နေရသော တိတ္ထိ တက္ကတွန်းများကို စိတ်ထဲ၌ မကြည်ညိုခြင်းမှာ အဆိုးဝါးဆုံး ဖြစ်နေသည်။

ရှုပ်ပွေတွန့်လိမ်သော ဆံကေသာများ၊ ရှည်လျား ရှုပ်ထွေးသော မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ နေရာယူထားသော အဆီပြန်မျက်နှာများက ရွံ့ရှာဖွယ် ဖြစ်နေသည်။

လိုချင်ရမ္မက်၊ ကိလေသာရာဂမီး တောက်လောင်နေသော မျက်လုံးများက စက်ဆုပ်ဖွယ်ဖြစ်သည်။

ကျင့်ကြံသော အကျင့်များကလည်း ပန်းဦးအလှူခံခြင်း၊ ရေငုပ်၊ တုံးခုန်၊ မီးလှုံ၊ ဇယ်ခုတ်၊ အဝတ်ဗလာ ခြိုးခြံခြင်းတဲ့။ ဤတိတ္ထိများနှင့် ပြောဆိုဆက်ဆံနေရသည်မှာ ကြည်ညိုစရာ နတ္ထိ။

ကြည်ညိုဖွယ်ရာ၊ ကိုးကွယ်စရာ၊ ဆရာသမားကောင်း လိုချင်လိုက်ပါဘိ။

အသောကမင်းတရားသည် လေသာပြတင်းမှ ပြင်ပသို့ မျှော်ကြည့်ရင်း စိတ်ညစ်ညျုးမှုများကို ဖြေသိမ့်နေမိသည်။

“အလို …”

ထိုစဉ်မှာပင် အသောကမင်းတရား၏ မျက်ဝန်းထဲသို့ ထူးဆန်းသော ပုံရိပ်သဏ္ဌာန်တစ်ခု ဝင်လာပါသည်။

ခုနစ်နှစ်ကျော်အရွယ် သာမဏေငယ်လေး။

www.foreverspace.com.mm



ဝါရွှေရောင်သက်န်းနှင့် ဝင်းဝါသော အသားအရေက လိုက်ဖက်လှသည်။ ပြောင်နေသော ဦးပြည်းစိမ်းစိမ်းက အသောကမင်းတရား မြင်တွေ့နေကျဖြစ်သော ရှုပ်ထွေးပွေလီသည့် ဆံပင်ရှည်များနှင့် တခြားစီ၊ ကြည့်ကောင်းနေသည်။

စက္ခုဣန္ဒြေ မျက်လွှာချထားသဖြင့် တပ်မက်မှု၊ ရာဂ၊ လောဘ၊ ဒေါသစသော ပုံရိပ်များမှာ မျက်နှာပေါ်၌ ပျောက်ကွယ်ကာ အေးချမ်းနေသည်။

ဣန္ဒြေ ရှိလှပါဘိ။ တင့်တယ်လှပါဘိ။ ကျက်သရေရှိလှပါဘိ။ ဤအရှင်၏မျိုးနွယ်သည် အဘယ်မျိုးနွယ်ပါလိမ့်။ ဤအရှင်၏ အယူဝါဒသည် အဘယ်အယူဝါဒပါလိမ့်။

အသောကမင်းတရား၏ စိတ်တွင် ကြည်ညိုစိတ်နှင့် သိလိုစိတ်သည် ပြင်းပြစွာပေါ်လာသည်။

ထို့ကြောင့် မင်းချင်းတစ်ယောက်ကို စေလွှတ်၍ ခေါ်စေပါသည်။

"မင်းချင်း …လေသာပြတင်းက ကြည့်စမ်း၊ တွေ့လား။ အခုမြင်ရတဲ့၊ နန်းရင်ပြင်မှာ သွားနေတဲ့ အရှင်ကလေးကို ခေါ်ခဲ့စမ်း။ ငါဘုရင် အခေါ်လွှတ်တယ်လို့ ပြောခဲ့"

မင်းချင်းယောက်ျားသည် အသောကမင်းတရား စေလွှတ်သည့်အတိုင်း နိဂြောဓသာမဏေငယ်လေးနောက်သို့ အပြေးအလွှားလိုက်ပါသည်။ ဣန္ဒြေရရ ဖြည်းညင်းစွာကြွနေသော သာမဏေငယ်လေးကို တစ်ခဏ ချင်းပင် မီခဲ့ပါပြီ။

"ခဏရပ်ပါဦး အရှင်၊ အသောကမင်းတရားကြီး အခေါ်လွှတ်ပါတယ်။ အခုပင် လိုက်ခဲ့ပါတော့"

အသောကမင်းကြီးသည် နန်းရင်ပြင်မှ လှမ်းမြင်နေသော မြင်ကွင်းကိုကြည့်နေမိသည်။

မင်းချင်းက ထိုအရှင်လေးကို ကပ်၍ပြောသည်။ အရှင်လေး၏ မျက်နှာမှာ ပျော်ရွှင်မှု၊ တုန်လှုပ်မှု ဘာမျှမရှိ။ နဂိုမျက်လွှာအတိုင်း တည်ငြိမ်မြဲ။

ဘာစကားမျှမပြန်၊ စက္ခုဣန္ဒြေကိုချုပ်၍ မင်း ချင်းနောက်မှ ဖြည်းညင်းစွာကြွလာသည်။

မင်းကြီး အခေါ်လွှတ်တိုင်း အဆီပြန်မျက်နှာများက သွားအဖြဲသားရယ်ရင်း၊ ဝတ်ရုံကြီးတဖားဖားလေထဲလွင့်အောင် အပြေးအလွှား ကြွလာကြသော တက္ကတွန်းများနှင့် အကွာခြားကြီး ကွာခြားသည်မို့ မင်းကြီး သဘောကျသွားသည်။

နိဂြောဓကိုရင် နန်းတော်ကြီးထဲသို့ ရောက်ခဲ့ပါပြီ။ အနီးကပ်မြင်ရမှ ပို၍ကျက်သရေရှိ တင့်တယ်နေသော ကိုရင်လေးကြောင့် အသောကမင်း ကျေနပ်မိသည်။

ကိုရင်လေးက ဣန္ဒြေရှိစွာရပ်ဆဲ။ အသောကမင်းကြီးသည် ကိုရင်လေး၏ အဆင့်အတန်းအပေါ် အကဲခတ်လိုသဖြင့် ….

"အရှင်လေး …နန်းတော်ထဲမှာ နေရာတွေအများကြီးခင်းထားပါတယ်။ သင်နဲ့ သင့်တော်မယ်ထင်တဲ့ နေရာမှာ သီတင်းသုံးနိုင်ပါတယ်"

အသောကမင်းတရား၏ စကားကို ကြားသော နိဂြောဓသာမဏေလေးသည် မျက်လွှာကို အသာပင့်၍ နန်းဆောင်အတွင်း အကဲခတ်ပါသည်။

နန်းဆောင်အတွင်းတွင် ကိုရင်နိဂြောဓထက် အသက်ဝါကြီးသော ကိုရင်ကြီးများ၊ ရှိသေရမည့် ရဟန်းတော်များကို မတွေ့သောအခါ ကိုရင်နိဂြောဓသည် အသောကမင်းကြီးသာ ထိုင်ခွင့်ရှိသော သီဟာသနပလ္လင်ကြီးပေါ်သို့ တက်ထိုင်ပါသည်။

အသောကမင်းကြီးမှာ ဆရာတက္ကတွန်းကြီးများ လာတိုင်း သူ့ခြေရင်းတွင် လူးလိမ့်ခစားတတ်သော ပုံစံကို မြင်ယောင်ရင်း ဤအရှင်လေးအတွက် ကျေနပ်သွားမိသည်။

ဤအရှင်လေးသည် မိမိကိုးကွယ်ကြည်ညိုထိုက်သူ အစစ်အမှန်ဟုလည်း ယုံကြည်လိုက်မိသည်။

"အရှင် …အရှင်ဟာ ဘာအမျိုးအနွယ်ကပါလဲ"

"မင်းကြီး၊ ကိုရင်သည် မြတ်စွာဘုရားရှင်၏ သားတော် ရှင်သာမဏေငယ်၊ ကိုရင်လေးဖြစ်ပါသည်"

"ကိုရင့်နာမည် ဘယ်သူလဲ"

"ဒကာတော်မင်းကြီး၊ ကိုရင်၏ဘွဲ့မှာ နိဂြောဓ အမည်ရပါသည်"

"ကိုရင် ဘယ်ဝါဒကို အယူရှိသလဲ"

"ဂေါတမမြတ်စွာဘုရားရှင်၏ အယူဖြစ်သော သစ္စာအယူရှိ၏"

"ကိုရင်ရဲ့ အယူဝါဒကို ရှင်းပြတဲ့ တရားတစ်ပုဒ် လောက် ပြောပြပါဦး"

"ဒကာတော်မင်းကြီး၊ ကိုရင်သည် ပညာသင် နေဆဲမို့ တရားရှည်ရှည် မဟောတတ်ပါ"

"ကိုရင် ဟောတတ်သလိုသာ ဟောပါတော့။ ဗုဒ္ဓရဲ့သစ္စာအယူရှိတဲ့တရားကို အကျွန်ုပ် သိချင်လို့ပါ"

"ကောင်းပြီ ဒကာ၊ကောင်းစွာ မှတ်သားနာယူ လော့"

**အပ္ပမာဒေါ အမတံ ပဒံ၊**
**ပမာဒေါ မစ္စုနောပဒံ။**
**အပ္ပမတ္တာ န မီယန္တိ၊**
**ယေ ပမတ္တာ ယထာ မတာ။**

"အဓိပ္ပါယ်ကိုလည်း ရှင်းပြပါဦးဘုရား"

"ဒကာတော်မင်းကြီး၊ ကောင်းမှုကုသိုလ်ကို မမေ့မလျော့ဘဲ အမြဲပြုလုပ်သူတွေဟာ နိဗ္ဗာန်ရောက်နိုင် တယ်။ ကုသိုလ်ကောင်းမှုကို မပြုလုပ်ဘဲ မေ့လျော့နေ သူတွေကတော့ ငရဲကိုပဲ ရောက်မယ်။ ကုသိုလ်တရားကို မမေ့တဲ့ သူတွေဟာ မသေသူတွေပါ။ ကုသိုလ်ကောင်းမှု ကို မေ့သူတွေက သေဆုံးသူတွေပါပဲ"

"ကောင်းလိုက်တာ ဘုရား၊ တရားတိုတိုလေး ပေမယ့် ထိမိလိုက်ပါဘိ"

ဆရာကောင်းကို တွေ့သွားသော အသောက ၏ ရင်တွင် ကြည်နူးပီတိလှိုင်းများ တဖျပ်ဖျပ်ခတ်နေ သည်။

"ကိုရင်လေးကို တပည့်တော် ဆွမ်းရှစ်အုပ် လှူပါတယ် ဘုရား"

"ဤဆွမ်းရှစ်အုပ်ကို ဥပဇ္ဈာယ်ဆရာအား အကျွန်ုပ်လှူပါ၏"

"ဆရာ ဥပဇ္ဈာယ်ဆရာဆိုတာ ဘာပါလိမ့် ကိုရင်"

"ကျွန်ုပ်အား ကိုရင်ဘဝသို့ရောက်အောင် ပြု လုပ်ပေးခဲ့သော၊ ကျွန်ုပ် အပြစ်မှန်သမျှ ဆုံးမဖွယ်ရာ မှန်သမျှကို ဆုံးမပေးသောဆရာကို ဥပဇ္ဈာယ်ဆရာလို့ ခေါ်ပါတယ်"

"နောက်ထပ် ဆွမ်းရှစ်အုပ်ကို ကိုရင်အား လှူပါ၏"

"ဒီ ဆွမ်းရှစ်အုပ်ကို ဆရာအား လှူပါ၏"

"ဆရာ ဟုတ်လား၊ နောက်ထပ်ဆရာရှိသေး လား"

"ဆရာဆိုတာ အကျွန်ုပ်ကို ပရိယတ္တိစာပေ ကျမ်းဂန်များ သင်ကြားပေးသော ဆရာကိုခေါ်ပါတယ်"

"ဒါဆို နောက်ထပ် ဆွမ်းရှစ်အုပ် လှူဒါန်းပါ ၏"

"ထိုဆွမ်းရှစ်အုပ်အား သံဃာတော်များကို ရည်မှန်း၍ လှူပါ၏"

"သံဃာ၊ သံဃာဆိုတဲ့အဓိပ္ပါယ်ကို ပြောပါဦး ကိုရင်"

"သံဃာဆိုတာ မြတ်စွာဘုရားရဲ့ သစ္စာဝါဒ အတိုင်း ကျင့်ကြံကြသော နှစ်ရာ့နှစ်ဆယ်ခုနစ်သွယ် သော သိက္ခာပုဒ်များကို စောင့်ရှောက်တော်မူသော သူတော်စင် အရှင်မြတ်များကို ဆိုလိုပါတယ်"

"ဒါဖြင့် နောက်ထပ် ဆွမ်းရှစ်အုပ်လှူပါ၏"

"ကျွန်ုပ်လက်ခံသည် ဒကာတော်မင်းကြီး"

အသောကမင်းကြီးသည် ရက်စက်ကြမ်းကြုတ် သော အယူဝါဒ၊ လွဲမှားသော စဏ္ဍာသောကမင်းဘဝမှ ဆရာကောင်းကျေးဇူးကြောင့် မှန်ကန်သော အယူဝါဒရှိ သူ ဖြစ်ခဲ့ပါပြီ။ သီရိဓမ္မာသောကဘဝသို့ ရောက်ခဲ့ပြီ။

မောင်နိဂြောဓသည်လည်း ဆရာကောင်းဖြစ် သော အရှင်ဝရုဏ ရဟန္တာမထေရ်မြတ်ကြီး ကျေးဇူး ကြောင့် ရဟန္တာအရှင် နိဂြောဓသာမဏေဘဝ ရောက်ခဲ့ ရသည်။

ဆရာသမားကောင်းတို့၏ ကျေးဇူးကား ကြီး မားလှပါတကား။

■ **မောင်ချစ်ညို (ပဲခူး)**

www.foreverspace.com.mm



သုတေသနသရုပ်ပြ
အဘိဓာန်ကျမ်းပြုဆရာတော်

အရှင်သြဘာသာဘိဝံသ

# အမေးအဖြေကဏ္ဍ

## စွန်းလွန်းဝိပဿနာ အမေးအဖြေကျမ်းနှင့် ယောဂီအခြေခံကျင့်စဉ်ကျမ်း

### အခန်း(၁၀)

သည်နေရာမှာ ပိဋကတ်ကျမ်းဂန်တတ် စာပေအကျော် အဘိဓမ္မာပညာ ညဝါတက္ကသိုလ်ခေါ်နေကြတဲ့ တောင်မြို့၊ တူးမောင်းတိုက် ဆရာတော်ဘုရားကြီးရဲ့ ဖြစ်ပုံကို သွားပြီး သတိရတယ်ဟေ့။

ဒကာ။ မှန်ပါ့၊ တူးမောင်းဆရာတော်ဘုရားကြီးဟာဘယ်
လိုများဖြစ်ပြီးသွားပါ သလဲဘုရား။ ဖြစ်ပုံကို မိန့်ကြားတော် မူပါဦး။

ဆရာ။ အေး၊ အဲသည်တူးမောင်းတိုက် အဘိဓမ္မာအကျော် ဆရာတော်ဘုရားကြီးကလည်း ဦးစံထူးလိုပဲ၊ တစ်ဆင့်ကြားစကားနဲ့ ရှုံးရဲ့တရားကို အားကြီးအပြစ်ပြော ကဲ့ရဲ့စွပ်စွဲတာပေါ့။နောက်တော့ ရှုံးရဲ့ထဲမှာ ဆရာတစ်ဆူလုပ်ပြီး နည်းပြနေတဲ့ သူ့တပည့်ဟောင်း ရဟန်းတော်တစ်ပါးက ဆရာတော်ကြီးထံ သွားရောက်ကန်တော့တဲ့အခါမှာ ရှုံးရဲ့ကမ္မဋ္ဌာန်းရဲ့ နည်းလမ်းကျင့်စဉ် ဖြစ်ပျက်ပုံအကြောင်းစုံကို အဖုံဖုံ ကုန်စင်အောင် မေးမြန်းစစ်ဆေးပြီး တပည့်ကြီး၏ ဖြေဆိုပြောကြား အစစ်ခံချက်များကို စဉ်းစားဝေဖန်ကြည့်လိုက်တာ ဆရာတော်ဘုရားကြီးရဲ့ စိတ်ထဲမှာ အတော်ကျေနပ်သဘောကျလာသတဲ့။

ဒကာ။ မှန်ပါ့၊ ဒါနဲ့ ရှုံးရဲ့တရားကို တူးမောင်းဆရာတော်ဘုရားကြီးက စီးဖြန်းပွားများရော့လား ဘုရား။

ဆရာ။ အေး ..ဒါနဲ့ တပည့်ဖြစ်သူက တပည့်တော်ဟာ ဆရာတော်ဘုရားထံမှာ အဘိဓမ္မာပညာတွေ သင်ယူတတ်မြောက်လာတဲ့သူဖြစ်လို့ ဆရာတော်ဘုရားရဲ့ ကျေးဇူးတွေကို တပည့်တော်က တစ်ဖန်အကျင့်ပဋိပတ်တရားနဲ့ ပြန်လည်ကာ ကျေးဇူးဆပ်ပါရစေဘုရား။ တပည့်တော်ရဲ့ ရှုံးရဲ့ဘာဝနာတရားကို ဆားမြည်းတဲ့သဘောနဲ့ ပွားများအားထုတ်တော်မူကြည့်ပါဘုရားလို့ လျှောက်ထားတောင်းပန်သတဲ့။

အဲသည်အခါမှာ ဆရာတော်ကြီးဟာ အိမ်း..မင်းတို့ ကမ္မ-

www.foreverspace.com.mm



ဌာန်းကို စစ်ဆေးစုံစမ်းတဲ့သဘောနဲ့ ကိုယ်တွေ့ဝင်ပြီး တစ်ထိုင်လောက် မြည်းစမ်းကြည့်ဦးမည်။ မှားရင်လည်း ငါကိုယ်တိုင် ဦးစွာသိတော့ ငါ့ဒကာ၊တပည့်တွေကို တားမြစ်ဆုံးမရမှာကိုး။ သူတို့က ငါ့လောက်ပညာမရှိတော့ အမှားအမှန် မဝေဖန်နိုင်ဘူးကွဟုဆိုကာ ဆရာတော်ကြီးဟာ သူတို့ပြတဲ့ နည်းအတိုင်း ဌာန်းက ရိုဏ်းကျကျနဲ့ ကြိုးစားပွားများ အားထုတ်လိုက်တာ ဝေဒနာနုပဿနာ စခန်းမှာ ရုပ်နာမ်ဓမ္မ ပရမတ္ထသဘာဝတို့ရဲ့ ဖြစ်ပျက်ပုံ ဥဒယဗ္ဗယသဘောလက္ခဏာကို သည်တစ်ထိုင်တည်းနဲ့ပဲ ဝိပဿနာဉာဏ်နဲ့ သေချာစွာကွဲပြား သိမြင်ပြီး နှစ်သက်ကျေနပ်သွားတာပဲတဲ့။

အဲသည် အချိန်ကစပြီး စွန်းလွန်းဝိပဿနာတရားနည်းကို သူကိုယ်တိုင် အားပေးကာ တူးမောင်းတိုက်နားမှာပဲ စွန်းလွန်းရိပ်သာတည်ဆောက်လျက် စည်စည်ကားကားနဲ့ သူ့ဒကာ၊ ဒကာမတွေကိုပါ ဆက်လက်အားထုတ် ပွားများစေခိုင်းနေတာ တို့များကိုယ်တိုင် တွေ့မြင်ခဲ့တာကို သတိရမိတယ်ကွ။

မင်းတို့ရဲ့ ဆရာကြီးဦးစံထူးဟာလည်း အဲသည်အချိန်က သူကိုယ်တိုင် စွန်းလွန်းနည်းပြ ဆရာတော်များထံ သွားရောက်စုံစမ်းမေးမြန်း စစ်ဆေးမှုပြုလိုက်ရင် အမှန်ပင် စွန်းလွန်းကမ္မဌာန်းဆရာကြီးဘဝသို့ ရောက်သွားမှာပဲလို့ ထင်သကွ။ ဒါကြောင့် ဆရာကြီး ဦးစံထူးစွပ်စွဲပြောကြားသလို စွန်းလွန်းဝိပဿနာတရားဟာ အတ္တကိလမထာနုယောဂနည်း မဟုတ်ဘူးလို့သာ တိုတိုနဲ့ တစ်ထစ်ချ မှတ်ပေရော့ကွာ။

ဒကာ။ ဒါဖြင့်ရင် အတ္တကိလမထာနုယောဂ အကျင့်များကို တပည့်တော်တို့ ဘယ်လို မှတ်သား သိရှိထားရမှာလဲဘုရား။ ပြတ်သားစွာ မိန့်ကြားတော်မူပါဦး။

ဆရာ။ အတ္တကိလမထာနုယောဂ အကျင့်ဆိုတာ ရုပ်တရား၊ နာမ်တရားတို့ကိုလည်း မသိ၊ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုသဘောလက္ခဏာကိုလည်း ဘာမျှမနာယူမသင်ကြား၊ ရုပ်နာမ်တရားတို့၏ဖြစ်ကြောင်း မူလကိုလည်း မလေ့လာမလိုက်စား၊ ဒိဋ္ဌိစွဲမှား အတ္တတရားကိုလည်း လက်မလွှတ်ဘဲ၊ သူတို့ရဲ့အကျင့်တရားထဲမှာ "သတိပြဋ္ဌာန်းတဲ့ သတိရဲ့တည်ထား ကြည့်ရှုရာတရားလေးပါးတို့တွင် ပါဝင်ခြင်း၊ စိစစ်ဝေဖန်ခြင်းလည်း ဘာမျှမရှိဘဲ" ဗုဒ္ဓသာသနာခေါ် ဘုရားရှင်၏အဆုံးအမတော်မှ တစ်ပါး ဟိုမှာဘက်အစွန်အဖျားကနေပြီး ကြီးကြီးကျယ်ကျယ်လုပ်ကာ–

"မထဘဲ ငုတ်တုတ်ထိုင်နေခြင်း၊ မထိုင်ဘဲ မတ်တတ်ရပ်နေခြင်း၊ အစာအာဟာရကို ငါ့ပါးစပ်ထဲကျလာမှပဲ စားတော့မယ်လေဟု ပေတေနေခြင်း၊ အာဟာရကို ကိုယ်ကာယ၌ မမျှမတတစ်နေ့လုံးမှ တစ်လုတ်စ၊ နှစ်လုတ်စသာ စားမျိုု၍နေခြင်း၊ (၇)ရက်မှ တစ်ခါသာစားခြင်း၊ အစာရေစာကို လုံးဝမစားမသောက်တော့ဘဲ အငတ်ခံနေခြင်း၊ ခွေးလိုလေးဖက်ထောက်သွားကာ နူးညံ့ကောင်းမွန်မြင့်မြတ်တဲ့ ဘောဇဉ်ခဲဖွယ်တို့ကို ရှောင်ရှားပြီး ကြမ်းတမ်းတဲ့ နွားချေးခြောက်စသည်တို့ကိုသာ ကောက်၍ စားနေခြင်း၊ နွားလို နွားတို့၏ အမူအရာကိုယူ၍ ကျင့်နေခြင်း၊ အဝတ်မဆီး ကိုယ်တုံးလုံးကြီးနဲ့ ချမ်းချမ်းစီးစီးထဲမှာ နေခြင်း၊ ကျင်ကြီးကျင်ငယ်တွေကို လက်နဲ့သုတ်ယူလိမ်းကျံနေခြင်း၊ ကိုယ်ကိုပြာတွေလူးပြီး အရူးကြီးလို အဝတ်မပါ သွားလာလှည့်လည်နေခြင်း၊ ဆူးတွေပေါ်မှာ နေထိုင်အိပ်စက်ခြင်း၊ ကိလေသာ အာသဝေါ ကုန်ခန်းအောင် ကိုယ်ကိုနေခြောက်လှန်းခြင်း၊ ရေစိမ်ခြင်း၊ မီးကင်ခြင်း စတဲ့ "သတိလေးပါး ဘာဝနာတရားမပါဘဲ" မိမိကိုယ်ကိုဆင်းရဲပင်ပန်းအောင်လုပ်ပြီး ကျင့်တဲ့အကျင့်မျိုးတွေ ဟူသမျှကို "အတ္တကိလမထာနုယောဂ" အကျင့်ဆိုးလို့ချည်းသာ သိရှိမှတ်သားထားပေရော့ကွာ။

ဒကာ။ ဘာသာရေးမှာ အဘက်ဘက်က တိုးတက်နေတဲ့ ခုလို စာတတ်ပေတတ် ဆဖန်ရေးခေတ်ကြီးထဲမှာ သည်လို မိမိကိုယ်ကို ဆင်းရဲမှုတွေပြုကာ ကျင့်ကြံအားထုတ်နေတဲ့ ဒိဋ္ဌိမျိုးတွေဟာ ရှိပါသေးသလား ဘုရား။

ဆရာ။ ဟာ..ရှိတာပေါ့ကွ။၁၃၁၈–ခုနှစ်က တို့များကိုယ်တိုင် ဗုဒ္ဓသာသနာ လေ့လာရေးခေါင်းဆောင်အဖြစ်နဲ့ အိန္ဒိယ၊ပါကစ္စတန်၊ နီပေါ၊ သီဟိုဠ်(သီရိလင်္ကာ) တိုင်းပြည်တို့ကို သွားရောက်လေ့လာ

www.foreverspace.com.mm



ခဲ့ရာ အိန္ဒိယပြည်ထဲမှာ အတ္တကိလမထာနုယောဂ အကျင့်သမားအမျိုးမျိုးတွေ အများကြီး တွေ့ခဲ့ရတယ်။ အဲသည် အယူအကျင့်မျိုးတွေဟာလည်း အတ္တကိလမထာနုယောဂ အကျင့်မျိုးတွေပဲဟု မှတ်ရမယ်။

အဲဒါ မင်းမှတ်သားဖို့ ပြတ်ပြတ်သားသား ပြောလိုက်တာပဲကွ။ အကျယ်သိချင်ရင် မူလပဏ္ဏာသပါဠိတော် စူဠဓမ္မသမာဒါနသုတ်မှာ ကြည့်။ဖွ၁-မျိုးတောင်ပါတယ်။ ကိုင်း ပြတ်သားရဲ့လားဟေ့။

ဒကာ။ မှန်ပါ့၊ တပည့်တော်ဉာဏ်ထဲမှာ ပြတ်သားရှင်းလင်းစွာ သိရလို့ ကျေးဇူးတင်လှပါတယ်ဘုရား။ အခု ဆရာတော်မိန့်ကြားသွားတဲ့ အဖြေစကားထဲမှာ- သတိပြဋ္ဌာန်းတဲ့ သတိရဲ့ တည်ထားရှုကြည့်ရာ တရားလေးပါးတို့တွင် ပါဝင်ခြင်း၊ စိစစ်ဝေဖန်ခြင်းလည်း ဘာမျှမရှိဘဲဆိုတာက ဘယ်လေးပါးထဲမှာ ပါဝင်တဲ့ တရားကို ဘယ်လိုရှုကြည့်ပြီး စိစစ်ဝေဖန်ရမှာလဲ။ ရှုကြည့်စိစစ် ဝေဖန်ပုံနည်းများကို သဲကွဲအောင် ပြောပြပါဦးဘုရား။

ဆရာ။ အိမ်း ..မင်းရဲ့ အသည်းနှလုံးထဲ ကွဲပြားသွားအောင် သတိပဋ္ဌာန်ပါဠိတော်ထဲက နည်းနည်းယူဆောင်ပြီး စိစစ်ဝေဖန်ပြမယ်။နားထောင်နော်။ သတိပြဋ္ဌာန်းတဲ့ သတိရဲ့ တည်ထားရှုကြည့်ရာ တရားလေးပါးဆိုတာက-

(၁) **ကာယာနုပဿနာ သတိပဋ္ဌာန်**ခေါ်တဲ့ ကိုယ်အစုထဲ၌ သတိတရားကို တည်ထားရှုကြည့် မှတ်သားပွားများနေခြင်းအားဖြင့် လောကရှိ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမခေါ်တဲ့ ဤကိုယ်ကောင်ကြီးတွေအပေါ်မှာ ရုပ်-နာမ်နှစ်ပါးတို့၏ ဖြစ်ပျက်ဖောက်ပြန်မှု၊ မစိုးမပိုင်နိုင်မှု၊ မတင့်တယ်မှုစတဲ့ ဟုတ်တိုင်းမှန်ရာကိုသာ သတိတရားဖြင့် တည်ထားရှုကြည့်ပြီး စိစစ်ဝေဖန်နေခြင်းဖြစ်လို့ ငါ့ကိုယ်၊ သူ့ကိုယ်၊လူ့ကိုယ်၊ နတ်ကိုယ်၊အပျိုလေးရဲ့ကိုယ်၊ လူပျိုလေးရဲ့ကိုယ် စသည်၌ စွဲမက်နှစ်သက်ခြင်း တဏှာ၊ ငါတကားဟု မောက်ကြွားပလွှားခြင်း မာန၊ ငါသူတစ်ပါး၊ ယောကျ်ား၊ မိန်းမရှိသည်၊ မြဲသည်၊ တည်တံ့ခိုင်ခံ့သည်ဟု စွဲယူနေသော ဒိဋ္ဌိ၊ အဲသည် တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲ တရားဆိုးကြီးများကို ကင်းစင်၊ ကင်းစင် သွားစေနိုင်တယ်တဲ့ကွ။ အဲဒါကို သတိရဲ့ တည်ထားရှုကြည့်ရာ တရားတစ်ပါးလို့ မှတ်ထား။ စွန်းလွန်းယောဂီတွေဟာ အဲသည် ကာယာနုပဿနာ သတိပဋ္ဌာန်၊အာနာပါနဖုသနနည်း ထိသိမှုကို အမြဲကြည့်ရှုမှတ်သားသတိတရားနဲ့ ပွားများနေကြတာကွ။

(၂) **ဝေဒနာနုပဿနာ သတိပဋ္ဌာန်**ခေါ်တဲ့ ကိုယ်ခန္ဓာထဲမှာ ချမ်းသာဆင်းရဲ ဖောက်လွဲဖောက်ပြန် ဖြောင်းဆန်အောင် ကပြောင်းကပြန်ဖြစ်နေတဲ့ ဝေဒနာတရားတွေကို သတိဖြင့်ကြည့်ရှုမှတ်သား ပွားများနေခြင်းကြောင့်လည်း လောကကြီးထဲ တဝဲလည်လည် တပ်မက်ခင်တွယ်ရာ တဏှာ၏ မူလအမြစ်ရင်းကို တူးဖြိုပယ်နုတ်ခြင်းဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သဗ္ဗေသင်္ခါရာ ဒုက္ခာလို့ ဟောထားတဲ့အတိုင်း ယောဂီရဲ့ ဉာဏ်ထဲမှာ သုခဝေဒနာဟူ၍ တစ်ဆံချည်လောက်မျှ မတွေ့မမြင်၊ ဒုက္ခဝေဒနာတွေကိုသာ အမှန်အတိုင်း ထင်မြင်လာတော့မှာမို့ "ဝေဒနာပစ္စယာ တဏှာ"ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကို တော်လှန်ကာ သည်နေရာမှာ တဏှာမလာနိုင်အောင် "ဝေဒနာပစ္စယာ အနိစ္စသညာ ဒုက္ခသညာ၊ အနတ္တ သညာ"ဟု ရှုပြီး အခါခါပွားများ စိစစ်ဝေဖန်နေခြင်းဖြစ်လို့ပဲတဲ့ကွ။အဲဒါကိုလည်း သတိရဲ့ တည်ထားရှုကြည့်ရာတရား တစ်ပါးလို့ မှတ်ထား။ စွန်းလွန်းယောဂီတွေဟာ အဲသည်ဝေဒနာကို လိုက်မှတ်နေကြတာကွ။

(၃) **စိတ္တာနုပဿနာ သတိပဋ္ဌာန်**ခေါ်တဲ့ မိမိ၌ဖြစ်ပေါ် ဖြစ်ပေါ်နေတဲ့ ကောင်းစိတ်၊ မကောင်းစိတ် စသည်တို့ကို စိတ်ဖြစ်တိုင်း၊ ဖြစ်တိုင်း ဒါဟာ ဘာစိတ်ပဲ၊ ဘာစိတ်တွေဖြစ်နေတာပဲဟု သတိကို မြဲစွာထားပြီး သီးသန့်၊ သီးသန့် ခြားနားကာ ရှုကြည့်စိစစ်ဝေဖန် သိမှတ်ပွားများနေခြင်းဖြင့်လည်း သတ္တဝါတွေကို အို-နာ-သေရန် အဖန်ဖန်စီမံနေတဲ့ ကံ-ကိလေသာတို့၏ စီမံချက်ကို ပယ်ဖျက်သုတ်သင်ခြင်းဖြစ်နိုင်တယ်တဲ့ကွ။ အဲဒါကိုလည်း သတိရဲ့ တည်ထားရှုကြည့်ရာ တစ်ပါးလို့ မှတ်ထား။

(၄) **ဓမ္မာနုပဿနာ သတိပဋ္ဌာန်**ခေါ်တဲ့ ဓမ္မမျိုးပြား များစွာတို့

www.foreverspace.com.mm



အနက်-

အကုသိုလ်ဘက်ဆိုင်ရာ အာသဝ၊ ဩဃ၊ ယောဂ၊ ဥပါဒါန၊ ဂန္ထ၊ နီဝရဏစတဲ့ ဓမ္မတွေကို ကြည့်ရှုမှတ်သား မဖြစ်ပေါ်နိုင်အောင် စိစစ်ပွားများခြင်းဖြင့်လည်း ဈာန်မဂ်ဖိုလ်၏ အညစ်အကြေးဖြစ်သော ကိလေသာတို့မှ ကင်းဝေးစင်ကြယ်စေနိုင်ခြင်းဖြစ်တယ်။

ခန္ဓာ၊ အာယတန၊ ဓာတ်ဘက်ဆိုင်ရာ ဓမ္မတွေကို မှတ်သားပွားများနေခြင်းအားဖြင့်လည်း လူပဲ၊ နတ်ပဲ၊ ဗြဟ္မာပဲဟု ကိုယ်ခန္ဓာထဲ၌ တပ်မက်စွဲလမ်းနေကြသူတို့၏ တဏှာစွဲအမှား၊ မာနစွဲအမှား၊ ဒိဋ္ဌိစွဲအမှား၊ ပပဉ္စခေါ်တဲ့ တရားဆိုးကြီးသုံးပါးတို့ကို ပယ်ရှားကင်းလွတ်စေနိုင်ခြင်းဖြစ်တယ်။

ဗောဓိပက္ခိယတရား(၃၇)ပါးနဲ့ သစ္စာလေးပါးတရားတို့ကို ပွားစီးစေခြင်းဖြင့်လည်း ဒုက္ခဆင်းရဲဤလောကကြီးထဲမှ လွတ်မြောက်ရေးဆိုင်ရာ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာလုပ်ငန်းရပ်တို့ကို အပြီးသတ်တိုင် ရရောက်ပြီးစီးအောင်မြင်စေနိုင်ခြင်း ဖြစ်တယ်လို့ မှတ်ကွ။အဲဒါတစ်ပါးနဲ့ဆိုတော့ ပေါင်း "သတိရဲ့ တည်ထောင်ရှုကြည့်ရာတရား"လေးပါး ဖြစ်သွားတာပေါ့။

ဒကာ။ မှန်ပါ့၊ ဆရာတော်ရဲ့ ရှင်းလင်းဖြေဆိုချက်များဟာ ကောင်းမွန်ပြတ်သားလိုက်တာဘုရား၊ တပည့်တော်မှာ ကျေးဇူးများလွန်းလို့ပါ "ပါဝင်ခြင်း၊ စိစစ်ဝေဖန်ခြင်း ဆိုတာကို"ဆက်လက်မိန့်ကြားတော်မူပါဦးဘုရား။

ဆရာ။ အိမ်း .."ပါဝင်ခြင်း၊စိစစ်ဝေဖန်ခြင်း" ဆိုတာက အဲသည်လိုလည်း ကိုယ်အားထုတ်ပုံနည်းနဲ့ အားထုတ်ပွားများမည့် တရားကို ငါ့တရားဟာ သတိပဋ္ဌာန်လေးပါးထဲ ပါဝင်ရဲ့လား။ ပါဝင်ရင် ဘယ်သတိပဋ္ဌာန်အမျိုးအစားထဲက ပါဝင်နေသလဲဆိုတာ အခါခါ ဝေဖန်စိစစ်မှု ပြုရတယ်ဒကာရဲ့။ ခု မင်းမေးနေတဲ့ အတ္တကိလမထာနုယောဂစတဲ့ "ဒိဋ္ဌိတို့ရဲ့ အကျင့်တရားထဲမှာ သတိမရှိဘူး၊ သတိမပါဘူး၊ သတိစေတသိက်နဲ့လည်း မယှဉ်ဘူး၊ သတိပြဋ္ဌာန်းတဲ့ သတိပဋ္ဌာန်တရားလည်း မဟုတ်ဘူး" စွန်းလွန်းတရားက သတိရှိတယ်။ ပါတယ်။ သတိနဲ့ယှဉ်တယ်၊ သတိပြဋ္ဌာန်းတဲ့ သတိပဋ္ဌာန်တရားပဲဟာ၊ ဘယ်ကလာ အတ္တကိလမထဖြစ်နိုင်ပါ့မလဲ။

အမယ်လေးဟ၊ မင်းကို ပြောရတာ မောပါ့ကွာ။ အဲဒါဟာ သတိရဲ့ တည်ထားရှုကြည့်ရာ တရားလေးပါးခေါ်တဲ့ သတိပဋ္ဌာန်တရားလေးပါးထဲ ပါဝင်ခြင်းကို စိစစ်ဝေဖန်ပုံ အကျဉ်းနည်းပါပဲဗျား။ ကဲ- မင်းရဲ့ အသည်းနှလုံးထဲ ကွဲကွဲပြားပြား စွဲသွားပြီလားဟေ့။

ဒကာ။ မှန်ပါ့၊ သတိတရားဖြင့် အောက်မေ့ဆင်ခြင်ပုံ အခြင်းအရာများကို တပည့်တော်ရဲ့ နှလုံးသားထဲမှာ ကွဲပြားစွာ သိသွားပါပြီဘုရား။ သည်လိုဆိုတော့ ဆရာတော် ခုနပြောခဲ့တဲ့ အတ္တကိလမထအကျင့်သမား ဒိဋ္ဌိများမှာလည်း "သူတို့ရဲ့ အကျင့်တရားကို မေ့မသွားအောင် အဖန်ဖန် အောက်မေ့မှု ပြုတတ်တဲ့"သတိတရားဟာ ဖြစ်ရရှိရမှာပေါ့။

ဒိဋ္ဌိတို့အကျင့်တရားထဲမှာ သတိမရှိ၊ သတိမပါ၊ သတိစေတသိက်နှင့် မယှဉ်ဘူးဆိုတဲ့ ဆရာတော်ရဲ့စကားကို တပည့်တော် ယုံမှားသံသယဖြစ်နေပြန်ပါတယ်ဘုရား။

ဆရာ။ အိမ်း ..မင်းက မမေ့မလျော့ဘဲ အောက်မေ့တာမှန်သမျှကို သတိလို့ချည်း ထင်နေတာကိုကွ။ သည်နေရာမှာ မင်းဟာ သင်္ကြိုဟ်စိတ်ယှဉ်၊စေတသိက်ယှဉ်ကလေးလောက် လေ့လာထားရင် ကောင်းမှာကွာ။ သည်ပြဿနာမှာ မင်းရဲ့ သံသယငြောင့်ငုတ်ဆူးကို ဟောသည်အဋ္ဌသာလိနီ အဋ္ဌကထာ မေး-ဖြေစကားနှင့် ပယ်နုတ်ဖြုတ်တူးပေးလိုက်မယ်။ ကိုင်း-နားထောင်ဟေ့။

ဒကာ။ မှန်ပါ့၊ဦးထိပ်ရွက် ပန်ဆင်လျက်ပါဘုရား၊ မိန့်ကြားတော်မူပါ။ တပည့်တော်ကတော့ မမေ့မလျော့ဘဲ အောက်မေ့မိတာမှန်သမျှ သတိလို့ချည်း ထင်နေတာပဲ။ လူအများကလည်း "အောက်မေ့တာကို သတိရတယ်လို့ပဲ"ခေါ်နေကြတယ် မဟုတ်လားဘုရား။

□ **ဆက်လက်ဖော်ပြပါမည်**

www.foreverspace.com.mm






# ဘဝအထွေထွေ ကြုံရလေသမျှ

ဦးတင်ဦး(မြောင်)

**ဒေါက်တာဘရိုင်ယန်ဝိတ်(စ်)၏**
**Many Lives,Many Masters ကို**
**ဘာသာပြန်ဆိုသည်**
**(စိတ်ပညာပါရဂူတစ်ဦး နှင့်သူ့လူနာတစ်ဦးတို့၏ ဆန်းကြယ်သောတကယ့်ဖြစ်ရပ်များ)**

(ယခင်လမှအဆက်)

၁၉၈ဝ-ပြည့်နှစ်တွင် ဂျေးကော့သည် အစ္စရေးနိုင်ငံတွင် ခရီးသွားနေရာ၊ ဂျူးလူမျိုးတစ်ဦးဖြစ်သည်နှင့်အညီ ဟီဗရွန်မြို့ရှိ Patriarchs တို့၏ဂူသို့ ဘုရားဖူးခရီးသွားရောက်ခဲ့လေသည်။ ထိုဂူကြီးကား ဂျူးတို့နှင့်မွတ်စလင်တို့၏ အထွတ်အမြတ်ဒေသတစ်ခုဖြစ်သည်။ ဟော်လန်နိုင်ငံတွင် မော်တော်ဆိုင်ကယ်တိုက်ခံရပြီးနောက် သူသည် ဘာသာရေးကို ပိုမို၍ကိုင်းရှိုင်းလာခဲ့လေသည်။ ဘုရားဝတ်ပြုခြင်းအလုပ်ကိုလည်း ပုံမှန်လုပ်၍လာခဲ့၏။ သူသွားရောက်ဖူးမြော်ရာအရပ်၏ အနီးတွင် မွတ်စလင်ဗလီကျောင်းတစ်ခု တွေ့ရသဖြင့် ထိုဗလီသို့ဝင်ရောက်ကာ မွတ်စလင်တို့နှင့်အတူ ဘုရားဝတ်ပြုလေသည်။ ဝတ်ပြုပြီး၍ ပြန်ထလာသောအခါ မွတ်စလင်အမျိုးသားလူအိုကြီးတစ်ဦးက သူ့ထံရောက်လာပြီးလျှင် "ခင်ဗျားက တခြားလူတွေနဲ့ မတူဘူး၊ တခြားလူတွေက ကျုပ်တို့နဲ့အတူဝင်ပြီး ဘုရားဝတ်ပြုလေ့ မရှိကြပါဘူး"။ အဘိုးအိုသည် ခေတ္တမျှဆိုင်းငံ့နေပြီးနောက် ဂျေးကော့အား စေ့စေ့ကြည့်ပြီးလျှင် "ခင်ဗျား ဘုန်းကြီးနဲ့တွေ့ခဲ့တယ်နော်။ အဲဒီဘုန်းကြီးပြောခဲ့တာတွေကို မမေ့နဲ့နော်"ဟု ဆို၏။ မိုင်ပေါင်းထောင်သောင်းကွာဝေးရာ ဟော်လန်နိုင်ငံတွင် ဂျေးကော့ထိခိုက်ဒဏ်ရာရပြီး သတိမေ့မျောနေခိုက်မှာ တွေ့ခဲ့ရဖူးသော ဘုန်းကြီးအကြောင်းကို ထိုအဘိုးအိုက ထိုဖြစ်ရပ်ဖြစ်ပွားပြီးနောက် ငါးနှစ်အကြာတွင် သိရှိနေခြင်း ဖြစ်လေသည်။

ကျွန်ုပ်၏ ရုံးခန်းထဲမှာ တစ်ယောက်တည်းရှိစဉ် ကေသီနောက်ဆုံးပြောပြချက်ကို ပြန်ပြောင်းသုံးသပ်နေမိခဲ့ပါ၏။ လူဟာ မွေးလာစဉ်က တစ်ဦးနဲ့တစ်ဦး အခြေအနေချင်း ခြားနားခဲ့ကြတယ်။ ကိုယ်ပိုင်အရည်အချင်းတွေ၊ စွမ်းရည်သတ္တိတွေ မတူကြတာကတော့ ရှေးဘဝအကြောင်းခံချင်း မတူကြတဲ့အတွက် ဖြစ်ပါသတဲ့။ ဒါပေမယ့် နောက်ဆုံးတစ်နေ့မှာတော့ အားလုံးတူညီ

www.foreverspace.com.mm



သွားကြလိမ့်မယ်လို့လည်း ဆိုသေးတယ်။ ဒီအချက်ကို အမေရိကန်နိုင်ငံ စတင်ထူထောင်ခဲ့ကြသူ လူကြီးသူမတွေက ဒီစကားကို ဘယ်လိုများသဘောထားကြလေမလဲဟူ၍ တွေးနေမိပါသည်။ ကေသီပြောစကားအရ "နောက်ဆုံးတစ်နေ့"ဆိုတာကတော့ ဘဝပေါင်းအသင်္ချေအသင်္ချာကြာတဲ့ကာလကို ပြောလိုဟန်ရှိပါ၏။ ကမ္ဘာကျော်ဂီတဆရာကြီးမိုးဇက်၏ ကလေးအရွယ်က ပညာပါရမီထူးချွန်ပုံအကြောင်းများကိုလည်း ဆက်လက်စဉ်းစားနေမိခဲ့ပါသည်။ ထိုပုဂ္ဂိုလ်ကြီးသည်လည်း ဟိုဘဝကပါလာခဲ့သော ပင်ကိုအရည်အသွေးများကြောင့်ပင် ဤမျှလောက် ထူးထူးချွန်ချွန်ဖြစ်ခဲ့ရခြင်းပေလော။ စင်စစ်သော်ကား လူတိုင်းမှာ ကိုယ်စွမ်းကိုယ်စတွေသာမက ဘဝဝဋ်ကြွေးတွေကိုလည်း တစ်ဘဝမှ နောက်တစ်ဘဝများသို့ သယ်ဆောင်သွားကြရစမြဲဟု သဘောပေါက်မိပါသည်။

လူတွေ၏ သဘာဝမှာ ခတ်တူရာ စုဝေးမိကြပုံကိုလည်း တွေးမိပါသည်။ခတ်မတူသူတွေကို မပေါင်းသင်းလိုကြရုံမျှမက စိုးရွံ့ခြင်းမျိုးပင် ရှိတတ်ကြပေသည်။ ဤသည်မှာ လူနှင့်လူချင်း မကြည်ဖြူနိုင်ခြင်းနှင့် အုပ်စုတစ်ခုနှင့်တစ်ခု မုန်းတီးခြင်းများ၏ အကြောင်းရင်းဖြစ်တန်ရာ၏။ စရိုက်ချင်းတူတဲ့လူကို ရွေးပြီးပေါင်းသင်းတယ်ဆိုတာ နည်းလမ်းမကျပါဘူး။စရိုက်ချင်းကွဲပြားခြားနားသူတွေနဲ့လည်း ပေါင်းသင်းဆက်ဆံကြဖို့လိုပါတယ်ဟူ၍ ကေသီပြောသွားသည်ကို အမှတ်ရနေမိခဲ့ပါ၏။ အဲဒီစရိုက်ကွဲပြားသူတွေကို ကူညီမ'စဖို့ကိစ္စကို ကေသီပြောသွားချက်မှာ လူ့စိတ်ခတ်ရေးရာတွင် အမှန်ပင်အရေးပါကြောင်း ကျွန်ုပ်ခံစားမိခဲ့ပါသည်။

ကေသီက ဆက်လက်ပြောကြားသည်မှာ "ကျွန်မ လူ့ဘဝထဲ ပြန်လာရဦးမှာပါ"ဟု ဆိုပါသည်။ ဘယ်လိုဘယ်အကြောင်းများကြောင့်ပါလိမ့်ဟူ၍ ကျွန်ုပ်သိလိုခဲ့ပါ၏။ ရောဘတ်ဂျရော့ဟူသော နာမည်ကို သူပြော သွားရာ ထိုသူကား ဘယ်သူပေလဲ။ ထိုသူက ကျွန်ုပ်၏ မ'စမှုကို လိုအပ်နေသည့်အကြောင်းလည်း ပြောသွား သေးသည်။

ထိုသူ့အကြောင်းကို ကေသီ မသိရှာပေ။"ကျွန်မလည်း မသိဘူး၊ တခြားဘုံဘဝတစ်ခုခုမှာ ရှိနေသူဖြစ်နိုင်တယ်။ ကေသီသည် ထိုသူ့အား ရှာကြည့်ပါသော်လည်း ရပုံမပေါ်ပါချေ။ "သူက လာချင်ရင်လာဖို့ ဆုံးဖြတ်ရမယ့် ကိစ္စပါ"ဟု ကေသီက လေသံသဲ့သဲ့ကလေးဖြင့် ပြောပြရှာသည်။ "အဲဒီလူက ဆရာရဲ့ မ'စမှုကို လိုသူဖြစ်ပါတယ်။သူကစပြီး အကြောင်းကြားပါလိမ့်မယ်"

ဂီတဆရာကြီး မိုးဇက် ကလေးသူငယ်ဘဝက မယုံနိုင်လောက်အောင် စွမ်းရည်ပြခဲ့ခြင်းမှာလည်း အတိတ်ဘဝများက ပါလာသော စွမ်းရည်သတ္တိထူးကြောင့်ပင် ဖြစ်ပေလိမ့်မည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့အားလုံး လူစွမ်းလူစတွေကို ဘဝဟောင်းမှ ဆက်ခံထားရသည့်နည်းတူ၊ ကြွေးမြီဟောင်းများလည်း ပေးဆပ်ရန် ဆက်ခံလာကြရသည်မှာ သိသာပေပြီ။

ကိုယ်နှင့်စရိုက်ချင်းတူရာ ပုဂ္ဂိုလ်ချင်းသာ ပေါင်းသင်းနေထိုင်တတ်ကြသော လူ့သဘာဝကိုလည်း စဉ်းစားမိပါသည်။ ခတ်မတူသူများကိုမူကား ရှောင်၍နေလေ့ရှိကြပေသည်။ ကေသီပြောခဲ့သည့်စကားလေးတစ်ခွန်းမှာ "ကိုယ်နဲ့ စရိုက်မတူသူတွေနှင့်လည်း ပေါင်းသင်းတတ်ဖို့ လေ့ကျင့်ထားရပါမယ်" သူ့ပြောစကားအရ ထိုသို့စရိုက်မတူသူတို့အား လိုအပ်သလို ကူညီမ'စနိုင်ရန် ထိုသို့ကျင့်ကြံရမည်ဟု ဆိုပါ၏။ ထိုစကား သင့်လှပေစွ။

ကေသီက ဆက်၍ ပြောပြန်ပါသည်။ "ကျွန်မ လူ့ပြည်ပြန်လာရဦးမှာပါ" ကျွန်ုပ်သည် သူ့ထံမှ ပို၍သိလိုသေးသဖြင့် ရောဘတ်ဂျရော့ဆိုသူက ဘယ်သူလဲဟု မေးမိပါသည်။ ကေသီနောက်ဆုံး ပြောသွားသည့်စကားထဲတွင် ထိုအမည်ရှိ ပုဂ္ဂိုလ်တစ်ဦးက ကျွန်ုပ်၏မ'စမှုကို လိုအပ်သည်ဟုဆိုပါ၏။

ကေသီက ထိုသူအား အမှန်ပင်မသိခြင်းဖြစ်လေသည်။ တိုးတိုးကလေးဆက်၍ သူပြောသည်မှာ "သူဆန္ဒရှိရင်ဖြင့် ဒီလူ့ဘုံကို လာတွေ့ချင်တယ်ဆိုရင် ကျွန်မဆီ သူ့အကြောင်းကြားပါလိမ့်မယ်။ ရှင့်အမအစလိုတာတော့ အမှန်ပါ"

ကျွန်ုပ်အဖို့မှာကား ကျွန်ုပ်က ဘယ်လို ကူညီမ'စနိုင်မည်ကို မတွေးတတ်အောင်ရှိရပါ၏။ ထိုအခါ

www.foreverspace.com.mm



ကေသီက ပြန်ပြောပုံမှာကား-

"ကျွန်မ မပြောတတ်ပါ။ ရှင်က သင်ယူစရာ ရှိတဲ့သူပါ။ ကျွန်မ မဟုတ်ပါ"

ဤစကားမှာ အလွန်စိတ်ဝင်စားဖွယ် ရှိလှပါ၏။ ကျွန်ုပ်အတွက် အကြောင်းအရာသစ်တစ်မျိုးပေလော။ ရောဘတ်ဂျရော့ဆိုသူဆီက ကျွန်ုပ်က သင်ယူခြင်းဖြင့် သူ့အားမ'စရမည်ဟု ဆိုလိုခြင်းသာ။ မည်သို့ပင်ဖြစ်စေ ထိုပုဂ္ဂိုလ်ထံမှ နောက်ထပ်သတင်းစကား မကြားကြရတော့ချေ။

"ကျွန်မ ပြန်သွားရတော့မယ်" ကေသီက ထပ်၍ပြောပြန်၏။ ပထမဆုံး ကျွန်မ အဲဟိုအလင်းရောင်ရှိရာကို သွားရပါမယ်။ ရုတ်ချည်းဆိုသလို သူအထိတ်တလန့်ပြောသည်မှာ "အို ..အို ..ကျွန်မသိပ်တုံ့ဆိုင်းနေမိခဲ့တာကိုး။ ကျွန်မ တုံ့ဆိုင်းနေတာကြောင့် ခုတော့ စောင့်ရဦးတော့မှာပါ" သူစောင့်ဆိုင်းနေခိုက်တွင် ဘာတွေတွေ့နေရသလဲ။ ဘယ်လိုခံစားချက်တွေ ဖြစ်နေသလဲဟု မေးကြည့်မိပါသည်။

"တခြား ဝိညာဉ်တွေ၊ တခြားပုဂ္ဂိုလ်တွေချည်း တွေ့ရပါတယ်။ သူတို့လည်း ကျွန်မလိုပဲ စောင့်ဆိုင်းနေကြရသူတွေပါ"။ သူယခုလို စောင့်ဆိုင်းနေရခိုက်မှာ ကျွန်ုပ်တို့အား သင်ပြဖို့ကိစ္စများရှိသလားဟု မေးကြည့်မိပါ၏။ ကျွန်ုပ်တို့ သိမှတ်စရာကိစ္စက ဘာလဲလို့ ပြောနိုင်ပါ့မလားဟု မေးမိပါသည်။

"အဲဒီ ဝိညာဉ်တွေက ကျွန်မကို တစ်ခုခုပြောဖို့ မဟုတ်ပါ" ကေသီ၏ ထိုစကားမှာ အလွန်အံ့ဖွယ်ရှိပါ၏။ အကြောင်းမှာ ထိုအခိုက်တွင် အထက်ဆရာကြီးများက သူ့အား မှာကြားဖွယ်မရှိဟု နားလည်ရပါ၏။ကေသီမှာ တစ်စုံတစ်ရာသော သိဖွယ်အကြောင်းအချက်ကို သူ့သဘောအလျောက် သူပြောကြားခွင့် မရှိကြောင်း ထင်ရှားပါသည်။

"ဒီမှာ နေနေရတာ နေသားမကျပါဘူး။ ဘဝပြောင်းချင်လှပါပြီ။ အချိန်ကျရင် ကျွန်မ ဘဝပြောင်းရတော့မှာပါ" မိနစ်အတန်ကြာ ကေသီငြိမ်သက်၍နေပြန်၏။ နောက်ဆုံးတွင် ဘဝပြောင်းချိန်တန်ပြီဟု ဆိုရမည်ထင်ပါ၏။ ကေသီသည် ဘဝသစ်တစ်ခုတွင် ကျရောက်သွားပါလေပြီ။

"သစ်သော့သီးပင်တွေနဲ့ ပြီးတော့ အိမ်တစ်လုံး၊ အိမ်ဖြူကြီးပါ။ ကျွန်မက အဲဒီအိမ်ကြီးမှာ နေပါတယ်။ သစ်သော့သီးတွေကတော့ အပုပ်တွေပါ။ စားဖို့မကောင်းပါဘူး။ ပိုးတွေကျနေတယ်။ ဒန်းတစ်ခုလည်း ဆင်ထားတယ်။ သစ်ပင်မှာပေါ့"။ "မင်း ကိုယ်ကိုမင်း ပြန်ကြည့်လိုက်ပါဦး"ဟု ကျွန်ုပ်က ဆိုလိုက်ရာ-

"ကျွန်မဆံပင်က ပြောင်းဖူးမွေးရောင်၊ ကျွန်မ ငါးနှစ်သမီးပါ" ကျွန်ုပ်မှာ အံ့အားသင့်သွားရ၏။ ကေသီ၏ မျက်မှောက်ဘဝကို ပြန်ရောက်နေခြင်းအတွက် ဖြစ်ပါသည်။ ကေသီ ငါးနှစ်သမီးအရွယ် ဖြစ်နေ၏။ ယခုကဲ့သို့ မျက်မှောက်ဘဝ ပြန်ရောက်နေရခြင်းကား အကြောင်းထူး ရှိပေလိမ့်မည်။ "အဲဒီ အိမ်ကြီးမှာ ဘာတွေများ ဖြစ်ကြသလဲ"ဟု ကျွန်ုပ်က မေးရာ-

"အဖေက စိတ်ဆိုးနေတယ်၊ ကျွန်မတို့ အိမ်ကထွက်တာ အဖေမကြိုက်ဘူး။ အဖေက ကျွန်မကို ရိုက်ပါတယ်။ တုတ်အကြီးကြီးနဲ့ရိုက်လို့ ကျွန်မ နာလှပါပြီ။ အဖေ့ကို ကျွန်မကြောက်တယ်။ ကေသီသည် ကလေးလေးလိုပင် ငိုညည်းနေပေသည်။ "အဖေရိုက်ပြီဆိုရင် နာအောင်ကို ရိုက်တာပါ။ ဘာလို့ အဲဒီလိုနာအောင် လုပ်ချင်ရတာလဲ။ အဖေ့စိတ်ထား ဆိုးလှပါလား"

ဘဝကို ကိုယ့်အမြင်ထက် ပိုပြီးမြင့်မားတဲ့ အမြင်မျိုးနှင့်ကြည့်တတ်အောင် ကျွန်ုပ်က ကေသီအား တိုက်တွန်းရပါ၏။ ထိုသို့ကြည့်တတ်လျှင် သူ့မေးခွန်းများ၏ အဖြေပေါ်လိမ့်မည်ဟု ပြောပြပါသည်။ မကြာမီကပင် ဤအကြောင်းကို စာစောင်တစ်ခုမှာ ဖတ်မိခဲ့၏။ ထိုသို့ ပို၍မြင့်မားသည့် ရှုထောင့်မျိုးမှ ရှုမြင်သုံးသပ်တတ်သူများလည်း ရှိတတ်ကြောင်း မှတ်သားလိုက်ရပါသည်။ ထိုသို့ရှုမြင်တတ်မှုကို "ကြီးမြတ်သော အမြင်" ဟု ခေါ်သူလည်း ရှိပါသည်။ ကျွန်ုပ်မှာကား ကေသီသည် ထိုအကြောင်းမျိုး ရရှိသူအဖြစ် တက်လာကောင်းလာလေမည်လောဟူ၍ သိလိုဇောဖြစ်ပေါ်ခဲ့ပေသည်။ ထိုသို့သာ ရရှိလာပါလျှင် အသိဉာဏ်ထူး ရရာရကြောင်း ဖြတ်လမ်းသဖွယ် အကျိုးပြုနိုင်မည့် ကုထုံးတစ်ရပ်ဟုပင် ဆိုရချိမ့်မည်။

www.foreverspace.com.mm



"အဖေက ကျွန်မတို့ကို လုံးဝလိုလားတာ မဟုတ်ပါ" ကေသီက အသံတိုးတိုးကလေးဖြင့် ပြောပြနေသည်။ "သူ့ဘဝမှာ ကျွန်မတို့က ဝင်ရှုပ်နေတဲ့သူတွေလို့ သူက သဘောထားတာပါ။ ကျွန်မတို့ မရှိရင် သူကြိုက်တာပေါ့"

"မင်းရဲ့အစ်ကိုကိုလည်း သူက ဒီလိုပဲသဘောထားတာပဲလား"

"ဟုတ်ပါတယ်။ အစ်ကို့ကိုတော့ ပိုပြီး မလိုလားတာပေါ့။ အမေနဲ့အဖေတို့ ဆန္ဒအရ စီစဉ်ပြီးမွေးခဲ့တဲ့ သားမှမဟုတ်ဘဲကိုး။ အစ်ကို့ကို ကိုယ်ဝန်ရှိတုန်းက အဖေနဲ့အမေတို့က လက်မထပ်ကြရသေးပါဘူး" ဤစကားမှာ ကေသီ့အဖို့ အံ့စရာကောင်းသော ဖြစ်ရပ်ဆန်းကြီးပေတည်း။ သူကိုယ်တိုင်လည်း ဤဖြစ်ရပ်အကြောင်း ကြားဖူးခဲ့ခြင်းမရှိချေ။ နောက်ပိုင်းတွင် အမေ့အား ပြန်မေးကြည့်ရာ ထိုအတိုင်းပင် မှန်ကြောင်း အမေက ပြောလေသည်။

ကေသီသည် ဘဝတစ်ခုလုံးအကြောင်းကို ပြန်ပြောင်းပြောပြနေခြင်း ဖြစ်သော်လည်း ဘဝကို သုံးသပ်ပုံမှာ ရင့်ကျက်ခြင်းရှိသည်ကို တွေ့ရပေသည်။ ယခင်အခါများကဆိုလျှင် ဤကဲ့သို့ပြောကြားပုံမျိုးကို တစ်ဆင့်ခံအသိမျိုးမှသာ ရရှိခဲ့ခြင်းဖြစ်စေကာမူ ယခုမှာမူ သူကိုယ်တိုင် အမြင်ထူးဖြင့် ပြန်ပြောနေခြင်း ဖြစ်လေသည်။ သူ့စိတ်ထဲတွင် သာမန်သိနေကျ သိမြင်ပုံထက် မြင့်မားသည့် အသိအမြင်ရှိနေသည်ဟု ဆိုရမည် ဖြစ်ပေသည်။ ရှေ့တွင် ဖော်ပြခဲ့ပြီးသည့် "ကြီးမြတ်သောအမြင်"မျိုးဟု ဆိုထိုက်ပေသည်။ ထိပ်တန်းအသိဉာဏ်ဟု ခေါ်နိုင်ကောင်းပေသည်။ အထက်ဆရာကြီးများနှင့် ကြုံကြိုက်သဖြင့် သိရှိရခြင်းမျိုးမဟုတ်၊ သူကိုယ်တိုင်မှာပင် လေးနက်၍ ထူးခြားသည့် သိပုံ မြင်ပုံမျိုးကို ထိုသို့ထိပ်တန်းအသိဉာဏ်မျိုး ဝင်နေခိုက်များတွင် ရရှိတတ်ပုံကို သူ့အစ်ကို ပဋိသန္ဓေတည်ခဲ့ပုံကိစ္စကဲ့သို့သော ဖြစ်ရပ်များတွင် အထင်အရှားတွေ့နေရပြီး ဖြစ်လေသည်။ အိပ်မွေ့ချခြင်းမခံရသော သာမန်အနေအထားတွင် ကေသီ၏ အသိဉာဏ်မှာ ထောက်ထားငဲ့ညှာတတ်၍ ဤမျှလောက် ပွင့်လင်းခြင်း မရှိတတ်ပေ။ နှိုင်းယှဉ်၍ ဆိုရသော် ဤမျှထက်မြက်ပြတ်သားမှု မရှိတတ်ပါ။ သူ့အနေနှင့် ဤထိပ်တန်းအသိဉာဏ်မျိုးကို တစ်နေ့ရာရာမှာ လိုအပ်သလို ထုတ်ယူအသုံးပြုနိုင်စွမ်းတော့ ရှိမည်မထင်ပါ။ အရှေ့တိုင်းနှင့် အနောက်တိုင်းအသီးသီးတို့မှ "သိဒ္ဓိမြောက်သူ"ဟု ခေါ်ဆိုကြသော ဘာသာရေးဆရာကြီးများသည် မိမိတို့ သိမြင်ကြသော အသိပညာတို့ကို ဤကဲ့သို့သော ထိပ်တန်းအသိဉာဏ်မျိုး ပေါ်ဆဲပေါ်ခိုက်တွင် ခံယူရရှိခဲ့ကြခြင်းပေလောဟု ကျွန်ုပ်တွေးဆနေမိပါသည်။ ကားလ်ဂျွန်း(စ်)ခေါ် စိတ္တဗေဒပါရဂူကြီးက "လူတို့မှာ သိမှုစွမ်းရည်ချင်း ကွဲပြားခြားနားတတ်သည့်အကြောင်းကို ဖော်ပြခဲ့ခြင်းကိုထောက်၍ ကျွန်ုပ်တို့ အသီးသီးမှာပင် အလားတူ ထူးခြားထက်မြက်သော အသိဉာဏ်ကိုယ်စီရှိကြသည်ဟုဆိုလျှင် ဆိုခွင့်ရှိချေသည်။ ကားလ်ဂျွန်(စ်)က ကေသီ၏ ထိပ်တန်းအသိဉာဏ်ကဲ့သို့သော ထူးခြားသည့်စိတ်အနေအထားမျိုးကို "စုပေါင်းဖြစ်ပေါ်လေ့ရှိသော မသိစိတ်"ဟု တင်ပြဆွေးနွေးခဲ့ဖူးပေသည်။

ကျွန်ုပ်အဖို့မှာ ကေသီ၏ ပကတိအသိဉာဏ်နှင့် ဈာန်ဝင်ခိုက်မျိုးမှာ ဖြစ်ပေါ်လေ့ရှိသော ထိပ်တန်းအသိဉာဏ်တို့မှာ ဆက်စပ်၍ မရနိုင်လောက်အောင် ခြားနားလှပုံကို တွေ့ကြုံရတိုင်း အကြီးအကျယ်စိတ်ပျက်အားလျော့မိရပါလေသည်။ အိပ်မွေ့ချခံရခိုက်များတွင် ကေသီနှင့် စကားပြောရသည်မှာ ထိပ်တန်းအသိဉာဏ်ပိုင်းမှလာသော ကေသီ၏ လေးနက်သည့် တွေးခေါ်မြော်မြင်မှုတွေကို ကြားရတတ်သော်လည်း သာမန်အချိန်ကာလတွင်မူကား ကေသီသည် တွေးခေါ်မြော်မြင်မှုသဘောဆန်သော အမြင်မျိုး လုံးဝမရှိတတ်ချေ။ ထိုသို့လေးနက်သည့် ကိစ္စမျိုးတွင် သူသည် စိတ်ဝင်စားခြင်း မရှိတတ်ချေ။ သူ့စိတ်ဝယ် ရှိထားသော ထူးချွန်သည့်ဉာဏ်ရည်ဉာဏ်သွေး၏ အကြောင်းကိုလည်း သူရိပ်မိပုံမရချေ။

ထိုစဉ်တွင် ကေသီ၏ ဖခင်ဖြစ်သူကလည်း အမျိုးမျိုးစိတ်ဆင်းရဲအောင် ပြုလျက်ရှိနေလေသည်။ သူ ထိုသို့ပြုမူရခြင်းအကြောင်းမှာလည်း ပို၍ပေါ်လွင်လာနေပေသည်။ "သူ့မှာ လောကကြီးထဲက သင်ယူစရာကိစ္စတွေ ရှိနေလို့လား"ဟု ကျွန်ုပ်က မေးကြည့်မိပါ၏။

"ဟုတ်ပါတယ်"ဟု ကေသီက ဖြေသည်။

□ **(ဆက်လက်ဖော်ပြပါမည်)**

www.foreverspace.com.mm



www.foreverspace.com.mm



www.foreverspace.com.mm



# မကောင်းကြံ မကောင်းဖြစ်

ငွေဥဒေါင်း

ရှင်ဒေဝဒတ်၏ ညာလက်ရုံးကြီးတစ်ဦးဖြစ်သော ‘ကောကာလိလ’အမည်ကိုထောက်၍ ‘ကောက’ ဟူသော အမည်ရှင်များသည် လူဆိုးလူသွမ်းများဖြစ်ပုံရ၏။ သူ့အမည်မှာလည်း ကောကပင်တည်း။ လူဆိုးလူသွမ်း မိစ္ဆာဒိဋ္ဌိတောမုဆိုးပေတည်း။

ယခုတစ်လော ရက်သတ္တပတ်ခန့်အတွင်းတွင် ကောကအဖို့ သားကောင်ဟူ၍ တစ်ကောင်တစ်မြီးမျှ ရှာ၍မရသောကြောင့် သူရော၊ သူ့ဇနီးပါ ညိုးငယ်၍နေကြ၏။ သားကောင် မရသောအခါ ခွေးများပင်လျှင် အရိုးအရင်း အစာအာဟာရ မလုံမလောက်သောကြောင့် သိသိသာသာပင် ပိန်၍သွားကြသည်။

သားကောင် မရခြင်းမှာ သားကောင် မရှိသောကြောင့်ကား မဟုတ်။ ကံမကောင်း အကြောင်းမသင့်သည့်အခိုက်နှင့် ကြုံကြိုက်နေသောကြောင့် ဖြစ်သည်။ အကြောင်းမှာ မိမိမရသော်လည်း မိမိနှင့်တန်းတူ အခြားမုဆိုးများမှာမူ သားကောင်မပြတ်ရရှိနေသည်ကို တွေ့ရသောကြောင့် ဖြစ်ပေသည်။

အရိုးအရင်း၊ အရိုးအရွဲများကို ဆန်ကွဲနှင့် ပျစ်ပျစ်ကျို၍ မပြတ်ကျွေးလေ့ရှိသော သားလိုက်ခွေးကြီးများမှာ အရိုးအရင်းကင်းပြတ်၍နေသောကြောင့် အညှီအနံ့ကလေးမျှ မပါသော ဆန်ကွဲကျိုရည်မျှဖြင့်တည်း၍ထားရ၏။ သို့ရာတွင် အမဲရမှ အသပြာရသည်၊ အသပြာရမှ ဆန်ကို ဝယ်ရလေရာ အမဲမရသောအခါ အသပြာကင်းပြတ်သဖြင့် ဆန်ကွဲကျိုရည်မျှကိုပင် လုံလောက်အောင် မကျွေးနိုင်သောကြောင့် တစ်နေ့တခြား ပိန်၍ကြုံလှီလာကြသည်။အစာအာဟာရ မဝသောအခါ ခွေးများသည်လည်း သခင်နှင့်အတူ ညိုးငယ်၍ ပို၍ ဆိုး၊ ပို၍ဒေါသထွက်နေကြသည်။

ကောကတို့ မိသားစုအဖို့မူ အမဲမရသောကြောင့်လည်း ညိုးငယ်ရ၏။ သူများနည်းတူ အလုပ်တူ၊ ဂုဏ်တူ ပြိုင်ဘက်တို့အပေါ်တွင် မျက်နှာငယ်ရသောကြောင့် လည်း ဒေါသထွက်ရ၏။

သည်တော့ သူတို့လုပ်နည်းလုပ်ဟန်အတိုင်း အမဲသားကောင်များရှာ၍ ရပါစေကြောင်း၊ ပေါပေါများများ ရပါစေကြောင်း ကြိုးစား၍ လုပ်သည်။ လုပ်နည်းလုပ်ဟန်ဟူသည်ကား ဖိရိုးဖလာကိုးကွယ်ဆည်းကပ်လာခဲ့ကြသော အမဲနတ်မင်းကြီးအထံတွင် ဆုတောင်းဆုယူပြုခြင်းပင်ဖြစ်၏။

အမဲရှာ၍ မရသည်မှဆက်၍ သာဝတ္ထိပြည်တွင် မကြာမီကမှ ပေါ်ပေါက်ထွန်းကားလာသော ဘုရားရှင်နှင့် တပည့်သား သံဃာဆိုသူတို့ကိုလည်း တွေးမိတိုင်း ဒေါသထွက်၏။ အကြောင်းကား အသားမစားသော ဗြာဟ္မဏဝါဒီတို့ ထွန်းကားနေပြီးသည့်အပေါ်တွင် ဗုဒ္ဓသာသနာ ပေါ်ပေါက်လာသောအခါ ဘုရားရှင်နှင့် သံဃာတော်များက ပဉ္စသီငါးပါးတည်းဟူသော ဂရုဓမ္မသီလ စောင့်ထိန်းမှု၊ ယင်းပဉ္စသီငါးပါးမှ ပါဏာတိပါတ-သူတစ်ပါးအသက်ကို မသတ်ရဟူသော သတ်မှတ်ချက်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ညွှန်ပြဟောကြားလာကြသောအခါ အသားစားသူတို့ လျော့ပါး၍လာကာ အမဲဈေး ကျဆင်းလာရသောကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် ကောကတို့လို အမဲလုပ်သား မုဆိုးများအဖို့ ဖွံ့ဖွံ့ဖြိုးဖြိုးမရှိလှသောအချိန်လည်းဖြစ်သည်။ ကောကတို့ မုဆိုးအုပ်စုသည် သာဝတ္ထိ၏ အနောက်စွန်း၊ တစ်နေရာတွင် အုပ်စုဖွဲ့၍ နေထိုင်ကြ၏။သူတို့အရပ်ကို မုဆိုးရွာဟုပင် ခေါ်ဆိုကြ၏။ သာဝတ္ထိနှင့် တစ်စပ်တည်းလိုလို ဖြစ်သော်လည်း မြို့အစွန်တွင် သီးသန့်ရွာ၊ သီးသန့်အုပ်စုကလေးလို ဖြစ်နေပေသည်။

သီးသန့် မနေ၍လည်း မဖြစ်ပေ။ အကြောင်းကား သူတို့၏ ဆိုးသောခွေးများ၊ အမဲခုတ်ထစ် ဖြန့်လှန်းမှုများ၊ အညှီအဟောက်နံ့များကြောင့် အခြားမြို့သူမြို့သားများနှင့် ရောယှက်နေထိုင်၍ မဖြစ်နိုင်သောကြောင့်ဖြစ်သည်။

“တစ်နေ့လုံး လူရောခွေးပါ ပင်ပန်းလိုက်တာ လွန်ရော၊တစ်ကွက်မျှ အဆင်မပြေဘူး၊ တစ်နေရာမှာ တစ်ချီတည်းပဲ သားကောင်ကို တွေ့တယ်၊ နို့ပေမယ့် အကွက်အကွင်းက မဟန်တော့ လက်လွတ်ရပြန်ရော”

“သူများတကာတွေ တစ်

www.foreverspace.com.mm



ထမ်းကြီး တစ်ပိုးကြီး နေ့တိုင်းလိုလို ရလာကြတယ်။ ရှင့်မတော့ တစ်ကောင်တစ်မြီးမှမရတာ ခြောက်ရက်တောင် ရှိသွားပြီ။ ရက်စရာတောင် ကောင်းနေပြီ"

"ဒါတော့ အဆင်မသင့်ရင် ဘယ်တတ်နိုင်မလဲကွာ၊ ငါလည်း ကြိုးစားတာပဲ"

"အဆင်မသင့်တာက အရေးမကြီးဘူး၊ ဒီအတိုင်းဆိုရင် ငတ်သေဖို့ပဲ ရှိတော့တယ်၊ ရှင့်ကလေးတွေကလည်း ဟန်ပျက်လှပြီ"

"အေးပါကွာ၊ နက်ဖြန်တော့ တောနက်ထဲရောက်အောင် သွားပြီး မရရအောင် ရှာပါမယ်"

ဤသည်ကား မနေ့ညနေက တောမှအပြန်တွင် ဇနီးဖြစ်သူက မီးထိုးလာသောစကားဖြစ်၏။ ဟုတ်လည်း ဟုတ်သည်။ အတူတူ မရကြသည်ချင်းတူလျှင် တော်သေး၏။ယခုသော် မိမိလောက် အစွမ်းအစမရှိသူများပင်လျှင် သားကောင်တွေရလာကြပါလျက် မိမိမရသောအခါ ဇနီးဖြစ်သူ ပြောစရာဖြစ်လာသည်။

ထို့ကြောင့် အမဲနတ်မင်းကို တိုး၍ပူဇော်ဆုတောင်းကြသည်။ အမဲနတ်မင်း မစတော်မူတော့လေမည်လားမသိ။ ထိုနေ့ည သန်းခေါင်ကျော်တွင် ဇနီးဖြစ်သူက ပျာပျာသလဲ လှုပ်၍ နှိုးသောကြောင့် နိုးလာရသည်။

"ဘာတုံးကွ၊ ဘာဖြစ်လို့ နှိုးရတာလဲ"

"ထပါဦး ကိုကောကရဲ့၊ ကျွန်မ ထူးထူးခြားခြားအိပ်မက်မက်လို့"

"ဘာတွေ မက်လို့လဲကွ"

"ဒီနေ့ အမဲကောင်းကောင်းရဖို့ သေချာပြီ၊ အိပ်မက်ထဲမှာ အမဲနတ်မင်းကြီးကိုယ်တိုင် ကျားကြီးစီးပြီး သမင်တွေ ခေါ်လာလိုက်တာ တသီကြီးပဲ"

"ဟေ ....ဟုတ်လား၊ သေချာပြီပေါ့ကွ"

***

ထိုနေ့နံနက် တောလိုက်ထွက်ရန် ပြင်သောအခါ ဇနီးဖြစ်သူ၏ အိပ်မက်ကြောင့် တက်တက်ကြွကြွ ရှိလှသည်။ သီချင်းကလေး တညည်းညည်းဖြင့် တောလိုက်ခွေးကြီးများကို ကြိုးချည်၏။ လေး မြားတို့ကို သေသေချာချာပြင်ဆင်သည်။

ကောကတွင် ငယ်စဉ်ကပင် သင်ကြားထားခဲ့သော တောလိုက်ခွေးကြီး သုံးကောင်ရှိသည်။ အရိပ်ပြ အကောင်ထင်ဟု ဆိုရလောက်အောင် သခင်၏ အလိုကိုသိသော ခွေးကြီးများ ဖြစ်သည်။ သားကောင်တွေ့လျှင် မလွတ်တမ်းဆိုရလောက်အောင် စွမ်းသော ခွေးကြီးများလည်းဖြစ်သည်။

ခွေးကြီးများကို တောစပ်အဝင်အထိ ကြိုးချည်၍ သွားရမြဲဖြစ်သည်။ မချည်လျှင် ရွာအတွင်း၌ အခြားခွေးများ၊ လူများနှင့်တွေ့ပါက ပြဿနာဖြစ်ကာ ကြန့်ကြာတတ်သည်။ တောအဝင်ကျမှ ကြိုးဖြုတ်၍ လွှတ်သည်။ အပြန်တွင်လည်း တောမှထွက်လျှင် ကြိုးချည်ပြီးနောက် ခြံဝင်းအတွင်းရောက်မှ လွှတ်သည်။

ယင်းသို့ဖြင့် လူရောခွေးပါ တက်တက်ကြွကြွ ထွက်လာကြသည် မှန်ပါ၏။ သို့ရာတွင် ရွာမှအထွက် လောက်၌ ထိုနေ့တွင်မှ မတွေ့ချင်၊ မမြင်ချင်သော ပုဂ္ဂိုလ်တစ်ယောက်ကို မြင်လိုက်ရသောကြောင့် ကောကမျက်နှာညှိုးသွားသည်။ မြင်ရသူကား ဇေတဝန်ကျောင်းတော်တွင် တောပျော် ဧကစာရဟန်းတစ်ပါးဟု အသိများသော ဝနဝါသီမထေရ်တည်း။

အယူအစွဲရှိသူတို့ လောက၌ အမြင်နိမိတ်၊ အကြားနိမိတ်ဟူ၍ ရှိ၏။ မိမိတို့ အလိုမရှိအပ်သောအရာကို မြင်လျှင်၊ ကြားလျှင် မင်္ဂလာမရှိ။ အလိုရှိအပ်သောအရာကိုမြင်လျှင် ကြားလျှင် မင်္ဂလာရှိသည်ဟူ၍၊ အထူးသဖြင့် အိပ်ရာမှထစအချိန် နံနက်စောစောအချိန်များသည် ယင်းအယူအစွဲနှင့် ပတ်သက်သည်။ အိပ်ရာထ နံနက်စောစောတွင် အမင်္ဂလာကို မြင်ပါက ထိုနေ့တစ်နေ့လုံးသည် မင်္ဂလာမရှိပါ။ ကြံသမျှ စည်သမျှ အလုပ်အကိုင် အပေါက်အလမ်း မတည့်။ ယင်းအယူအစွဲ ရှိသူတို့အဖို့ မင်္ဂလာကို မမြင်မကြားရသော်ရှိစေ၊ အမင်္ဂလာနှင့် မတွေ့ရဖို့ အရေးကြီး၏။

ရဟန်းကို မြင်ရခြင်းသည်ကား ကောကတို့လို မုဆိုးဒိဋ္ဌိ ယင်းအယူအစွဲရှိသူတို့အဖို့ အမင်္ဂလာပေတည်း။

ကောက၏ အမြင်၌ ရဟန်းတော်၏ တစ်ကိုယ်လုံးတွင် မင်္ဂလာ

www.foreverspace.com.mm



ဟု ထင်စရာတစ်ကွက်မျှမရှိ။ကြည့် ပါ။ လူတို့ ကျက်သရေမင်္ဂလာဟု ထင်သော ဦးစွန်းဆံပင်ကို ဖြတ် ထား၏။ သူတောင်းစားပမာ အိုးတို လည်ပြတ်ခွက်ကြီးကို ကိုင်စွဲထား၏။ သူတောင်းစားပမာ အဖာတစ်ရာ အစပ်တစ်ရာရှိသော အမြင်မလှ၊ အဆင်မလှ ဝါညိုညို မှိုင်းပုပ်ပုပ် အဝတ်ကြီးကို ဝတ်ဆင်ထား၏။ကြည် ညိုတတ်သူတို့အဖို့ ကြည်ညိုဖွယ်ကို ဆောင်သော်လည်း မကြည်ညိုတတ် သူတို့အဖို့ကား အမြင်မတော် အဆင်မတော်ပင် ဖြစ်၏။

ထိုအချိန်က ယနေ့ ရဟန်း တော်တို့ ဝတ်ဆင်အပ်သော ဘုရား ရှင်၏ အစီအစဉ်တွင် အရှင်အာနန္ဒာ ပြုပြင်ချုပ်စပ်အပ်သည့် လယ်ကွက် ပမာ စနစ်တကျသင်္ကန်းမျိုးကို ခွင့် ပြုတော်မမူသေးပေရာ ရဟန်းတော် တို့၏ သင်္ကန်းဟူသည်မှာ ရလာသမျှ သော အဝတ်အစ အတိုအရှည် အ စုတ်အပြတ်များကို ရသလို ဖြစ်သလို ချုပ်စပ်ထားခြင်းမျှ ဖြစ်၏။

ဤရဟန်းတော်မှာ အဝတ် အဆင်ကို ပဓာနမထား။ သင်္ကန်း ဖြစ်ကာမျှကိုသာ ဝတ်ဆင်သည့် ဇကေစာ တရားသမား တောပျော် ရဟန်းတစ်ပါးဖြစ်ပေရာ ဖုန်အလိမ်း လိမ်းကပ်သော သင်္ကန်းကြီး ဖား ဖားလျားလျားနှင့်မို့ ကောကအဖို့ ပို၍ အမြင်မလှ အဆင်မလှ ဖြစ်ရ၏။

ယင်းသို့လျှင် အသွင်အမူ အားဖြင့် မကြည်ဖြူဖွယ်ရာဖြစ်သည့် အပေါ်တွင် ပြဒါးတစ်လမ်း သံတစ် လမ်းဆိုသကဲ့သို့ အယူကတ္တား ခြား လေသူလည်း ဖြစ်သောကြောင့် စိတ် မချမ်းသာဖွယ်ရာ ပို၍ ဖြစ်ရ၏။

သို့ရာတွင် မိမိနှင့်မဆိုင်၊ သူ့အသွင် သူဖန်တီး၍ သူ့ခရီး သူ သွားနေကျဖြစ်ပေရာ မင်္ဂလာမရှိဟူ သော မိမိ၏အယူကြောင့် မိမိဘာ သာ စိတ်မချမ်းမသာဖြစ်နေရသော် လည်း ကောကအဖို့ အဘယ်ပုံတတ် နိုင်ပါအံ့နည်း။ညက အိပ်မက်ကောင်း သော်လည်း နံနက်စောစော ဤ ရဟန်းဆိုသူကို တွေ့မြင်ရသည်မှာ မင်္ဂလာမရှိလေစွတကားဟု စိတ် မချမ်းမသာ ဖြစ်ရသည်။

အိပ်မက်သည် အကျိုးပေး ဟန် တူ၏။ သူတို့ အမဲနတ်မင်းဆို သူကလည်း မ စလိုက်ဟန်တူ၏။ ထို နေ့တွင် တောနက်အတွင်းသို့ ရောက် သည်အထိ ကြိုးစားရှာဖွေစေကာမူ အမဲဟူ၍ တစ်ကောင်တစ်မြီးမျှ မရ ရှိပြန်ပေ။ သို့ဖြစ်လေရာ အချိန်ကုန် သောအခါ စိတ်မချမ်းမသာနှင့်ပင် ပြန်လာခဲ့ရပြန်သည်။

ကောက၏ အမြင်တွင်မူ ကား ဇနီးဖြစ်သူ၏အိပ်မက်သည် အမှန်ပင် နိမိတ်ကောင်းကို ဆောင် သော အိပ်မက်ဖြစ်၏။ အမဲနတ်မင်း သည်လည်း ယနေ့ အမှန်ပင် မ စဖို့ ရှိ၏။ သို့ရာတွင် နံနက်က မြင်ခဲ့ရ သော အမင်္ဂလာရဟန်းကြောင့်သာ ရောက်လာမည့် လာဘ်များနှင့် လွဲရ သည်ဟု အယူရှိကာ အမဲမရတိုင်း ရဟန်းကိုသာ ဒေါသတဖြစ်ဖြစ်နှင့် တွေးတောထင်မြင်လျက်ရှိနေခဲ့သည်။

ယင်းအမြင်နိမိတ်၏ အယူ အစွဲသည် သူတို့အဖို့ ကြီးမားလှ၏။ ရှင်ဘုရင်သည် နံနက်အိပ်ရာမှအထ တွင် လေသာပြုတင်းကို ဖွင့်လိုက် သောအခါ၊ နန်းရင်ပြင်သို့ ဖြတ်သွား သောအခါ ခါးကုန်းလူအိုကို မြင်သ ဖြင့် မင်္ဂလာမရှိဟုဆိုကာ သူအိုကို ဖမ်းယူနှိပ်စက်သောထုံး ရှိခဲ့သည်။ အာဏာရှင် ဘုရင်မို့ နှိပ်စက်နိုင် ခြင်းဖြစ်၏။ သူ့အဖို့ကား မင်္ဂလာမရှိ ရုံ၊ စိတ်မချမ်းမသာရုံမျှ ဖြစ်ခဲ့ရသည်။

သို့ရာတွင် အဆင်မပြေ ချင်တော့ အမဲမပါသော လက်ချည်း ဖြင့် ညနေပိုင်း၌ ညှိုးငယ်စွာ ပြန်လာ သောအခါ တောမှအထွက်တွင် ယင်း ရဟန်းတော်ကိုပင် ပက်ပင်းတွေ့ရ ပြန်သတည်း။

ဖြစ်ဟန်ကား ဤရဟန်း တော်သည် သာဝတ္ထိ၏ အရံကျောင်း တစ်ကျောင်းတွင် သီတင်းသုံးသော် လည်း နံနက် မိုးလင်းသည်ဆိုလျှင် ဆွမ်းခံထွက်၍ ကျောင်းသို့ မပြန်တော့ ဘဲ တောသို့ဝင်ကာ တရားကျင့်သုံး သည်။ နေ့အချိန်ကုန်မှ ကျောင်းသို့ ပြန်သည်။ ဤသည်ကား ဤရဟန်း တော်၏ နိစ္စပတ်အလုပ်ပင်ဖြစ်၏။ ယနေ့အဖို့ အဆင်မပြေချင်တော့ ဤမုဆိုးကောကနှင့် အသွားတွင် ရော အပြန်တွင်ပါ တွေ့နေရသည်။ ရဟန်းတော်က တွေ့ရခြင်းမဟုတ်။ ကောကဘက်မှ သူ့အယူအစွဲနှင့်သူ တွေ့နေရခြင်းဖြစ်သည်။

နံနက်က အမင်္ဂလာရဟန်း ကို တွေ့ခဲ့ရသည့်အရေး၊ အမဲမပါ သောကြောင့် အိမ်ရောက်လျှင် မယား နှင့် ပြဿနာတက်ရဦးတော့မည့် အရေး၊ သားသမီးတို့၏ ညှိုးငယ်

www.foreverspace.com.mm



သော မျက်နှာများကို မြင်ရတော့မည့် ထွေလာအရေးများကို တွေးတောကာ မကြည်မသာဖြင့် ပြန်လာသော ကောကအဖို့ တောမှအထွက်တွင် ဤရဟန်းကိုပင် တွေ့မြင်ရပြန်သောအခါ ဒေါသထောင်းခနဲ ထွက်လာ၏။

ဤရဟန်းကား ငါ့အတွက် အမင်္ဂလာသက်သက် အနှောင့်အယှက် သတ္တဝါတည်း။ နံနက်ကနှင့် အားမရသေး၍ ယခုညနေတိုင် တွေ့လာရပြန်သည်။ သင်း ငါ့အကြောင်း သိစေရမည်ဆိုကာ တောမှ အထွက်တွင် ချည်ထားပြီးဆဲဆဲ ခွေးကြီးများကို ကြိုးဖြုတ်၍ ရဟန်းတော်ဆီသို့ ရှူးတိုက်လွှတ်လိုက်သည်။

သို့ဖြစ်ရာ အစာငတ်လျက်ရှိသော ခွေးကြီးများသည် သခင်၏ အမိန့်ဖြင့် ရဟန်းတော်အား အမဲကောင်ပမာ သဘောထားကာ ရဟန်းတော်ဆီသို့ တစ်ဟုန်ထိုး ပြေးလာကြပြီဖြစ်ပြီး၊ ခွေးများသာမက ကောကကိုယ်တိုင်လည်း ရဟန်းတော်အား ပစ်တော့အံ့ပမာ လေးနှင့်မြားကို ပန်းမှဖြုတ်၍ တစ်ဟုန်ထိုး ပြေးလိုက်လာသည်။

ရဟန်းတော်ကား မမျှော်လင့်သော သေဘေးနှင့်ရင်ဆိုင်ရပြီဖြစ်၏။ ရဟန်းတော် အဘယ်သို့ပြု မည်နည်း။

***

သာမန်အားဖြင့် ဆိုသော် မနိုင်ခါမှရှိစေ၊ ရောက်လာသော အန္တရာယ်ကို စွမ်းနိုင်သမျှဖြင့် ပြန်

**အိပ်ရာထ နံနက်စောစောတွင်**
**အမင်္ဂလာကို မြင်ပါက**
**ထိုနေ့တစ်နေ့လုံးသည် မင်္ဂလာမရှိပါ။**
**ကြံသမျှ စည်သမျှ အလုပ်အကိုင်**
**အပေါက်အလမ်း မတည့်။**
**ယင်းအယူအစွဲ ရှိသူတို့အဖို့**
**မင်္ဂလာကို မမြင်မကြားရသော်ရှိစေ၊**
**အမင်္ဂလာနှင့် မတွေ့ရဖို့**
**အရေးကြီး၏။**

လည် တုံ့ပြန်ခုခံရမည် ဖြစ်၏။ မခုခံလို၍ ရှောင်တိမ်းရမည်ဆိုသော် ရဟန်းတော်မှာ တန်ခိုးရှင်မဟုတ်သေး၍ မိုးသို့လည်းမပျံနိုင်ခဲ့။ မြေသို့လည်း မလျှိုးနိုင်ရှာ။

သို့ရာတွင် တရားအသိသတိမပြတ်သော ရဟန်းတော်အဖို့ ရန်ကိုရန်ဖြင့် တုံ့ပြန်ခြင်းသည် ရဟန်း၏ အလုပ်မဟုတ်သည်ကို သတိထားလိုက်သည်။ ထို့ကြောင့် 'ဒါယကာ၊ ဤသို့ မလုပ်ပါနှင့်။ ဤသို့ မလုပ်စကောင်းပါ' ဟုသာ တောင်းပန်ရှာရင်း အသက်ဘေးမှ လွတ်ရာ လွတ်ကြောင်း ထွက်ပေါက်ကို ကြည့်ရသည်။ ရဟန်းတော်အဖို့ တစ်ခုတည်းသော ထွက်ပေါက်သည်ကား အနီးရှိ သစ်ပင်များသာတည်း။

'ဘာဖြစ်လို့ မလုပ်ရမှာလဲ၊ နင်သေပေတော့။ နင့်ကြောင့် ငါ တစ်နေ့လုံး ဒုက္ခတွေ့ခဲ့ရတယ်' ဟု ကောကက ယုတ်မာစွာပြောရင်း ရှေ့သို့သာ တစ်ဟုန်ထိုး တိုးလာသည်။

မီးလောင်ရာတွင် ဝါစဉ် မရွေးနိုင်ဟူသော စကားရှိသော်လည်း မိမိအသက်ထက် ဝိနည်းကို အလေးဂရုပြုသော တရားရှင်ရဟန်း

www.foreverspace.com.mm



တော်အဖို့ကား မိမိ၏ အားထားရာအဖြစ် သစ်ပင်ထက်သို့ တက်ရတော့မည်ဖြစ်ရာ သစ်ပင်ကို ရုတ်ခြည်းရွေးချယ်လိုက်ရပေသေးသည်။ အကြောင်းမူကား ရဟန်းသည် သစ်ပင်မတက်ရဟူသော ဝိနည်းပညတ်တော်ရှိနေ၏။သို့ရာတွင် အသက်အန္တရာယ်၊ သို့မဟုတ်ခိုင်လုံသော အကြောင်းကြုံလာလျှင်မူ တစ်သူ(လက်ခုပ်တစ်ဖောင်ခန့်)အမြင့်ရှိသော သစ်ပင်တို့ကား တက်နိုင်သည်ဟူသော ခြွင်းချက်ရှိနေပေရာ တစ်သူခန့်မြင့်သော သစ်ပင်ကို ရွေးချယ်တော်မူရသည်။

ထို့ကြောင့် အနီးတွင်ပင် အဆင်သင့်ရှိသော လက်ခုပ်တစ်ဖောင်ခန့်အမြင့်ရှိ သစ်ပင်ထက်သို့ သပိတ်ပရိက္ခရာတို့ကို ချကာ ခွေးတို့အန္တရာယ်မှ လွတ်သည်ဆိုရုံကလေးမျှ ရုတ်ခြည်းရောက်အောင် တက်နိုင်ခဲ့၏။ ရဟန်းတော်အဖို့ တရားကြောင့် ကံကောင်းသည်ဟု ဆိုရမည်မှာ မိမိတက်ခဲ့သော သစ်ပင်သည် အမြင့်သို့ရောက်ရုံမျှမဟုတ်။ အကိုင်းအခက် ကြီးကြီးဖြင့် အောက်သို့ လွတ်မကျရန် ခိုင်လုံသောအပင် ဖြစ်နေခြင်းပင်ဖြစ်၏။

သို့သော် ဤမျှလောက်ဖြင့် ပြီးစတမ်းလော။ ဒါလောက်တော့ ဘာရမလဲဟူသော ဒေါသအစွမ်းဖြင့် ကောကက အောက်မှနေ၍ မြားဖြင့် ထိုး၏။ ခွေးများက မမီမကမ်းတွင်ရှိသော ရဟန်းတော်ကို ခုန်၍ ခုန်၍ဟပ်၏။

ခွေးများဟပ်သည်က မမီ၊ ကောကမြားဖြင့် ထိုးသည်ကမူ မီ



ရဟန်းတော်အဖို့ တရားကြောင့် ကံကောင်းသည်ဟု ဆိုရမည်မှာ မိမိတက်ခဲ့သော သစ်ပင်သည် အမြင့်သို့ရောက်ရုံမျှမဟုတ်။ အကိုင်းအခက် ကြီးကြီးဖြင့် အောက်သို့ လွတ်မကျရန် ခိုင်လုံသောအပင် ဖြစ်နေခြင်းပင်ဖြစ်၏။

လေရာ နာကျင်လှသောကြောင့် သည်ဘက်မှ ထိုးလျှင် ဟိုဘက်သို့ရွှေ့၊ ဟိုဘက်မှထိုးလျှင် သည်ဘက်သို့ရွှေ့ကာ ပါးစပ်မှလည်း 'ဤသို့မလုပ်ပါနှင့်ဒါယကာ၊ ဤသို့မလုပ်ကောင်းပါ' ဟု ပြောရှာရင်း တလူးလူးတလွန့်လွန့်ဖြင့် သည်းခံရှောင်တိမ်းနေရသည်။

ရဟန်းတော်အဖို့ သင်္ကန်းကို ကိုယ်မှမကျွတ်စေခြင်းသည် စောင့်ထိန်းအပ်သော အကျင့်တစ်ပါးဖြစ်သည် မှန်ပါ၏။ သို့ရာတွင် လက်နှစ်ဖက်လုံး မအားလပ်နိုင်လောက်အောင် ကာကွယ်ရမည့်အန္တရာယ် ကျရောက်နေပြီဖြစ်ရာ သင်္ကန်းကိုမျှ မထိန်းနိုင်၊ မသိမ်းနိုင် ကိုယ်မှကျွတ်လေပြီ ဖြစ်၏။ သို့ဖြစ်ရာ 'ဤသို့မပြုကောင်းပါ ဒါယကာ' ဟု တညည်းညည်း တညူညူ တောင်းပန်စကားပြောကြားရင်းဖြင့် ဝတ်ရုံအပ်သော သင်္ကန်းကြီးသည် ကိုယ်မှကျွတ်ကျ၍ သွားလေပြီဖြစ်၏။

သို့ရာတွင် ကျသွားသော သင်္ကန်းကြီးမှာ လွတ်လွတ်ကျွတ်ကျွတ်မဟုတ်။လှုပ်ရင်းရှားရင်း ယမ်းရင်း၊ ခါရင်းဖြင့် ကျသွားခြင်းဖြစ်ပေရာ ကောကအပေါ်သို့ ကွန်ဖြင့်အုပ်လိုက်သကဲ့သို့ ဖြစ်သွားသည်။

ထိုအခါတွင် အံ့ဩဖွယ်ရာပြောင်းလဲသွားခြင်းမှာကား ခွေးကြီး

www.foreverspace.com.mm



များသည် ရဟန်းတော်သို့ ဦးတည် တိုက်ခိုက်နေကြရာမှ သင်္ကန်းအုပ် လိုက်မိသဖြင့် ဗလုံးဗထွေးဖြစ်လျက် ရှိသော ကောကဏ်အပေါ်သို့ ခုန်၍ အုပ်လိုက်ကြကာ တစ်ကောင်က လည်ပင်းကို ခဲသည်။ တစ်ကောင်က ဝမ်းဗိုက်ကို ဆွဲသည်။ တစ်ကောင်က ခြေကို ခဲသည်။ အဖြေကား အခိုက် အတန့်အတွင်း၌ပင် အော်ရင်းဟစ် ရင်း ရုန်းကန်ရင်းဖြင့် ကောက သေ ရှာလေပြီတည်း။

ခွေးကြီးများ အမြင်တွင် သစ်ပင်ပေါ်က ရဟန်းကျလာသည် ဟု မြင်ဟန်ရှိသည်။ မြားဖြင့်ထိုးဆွ ထားသောကြောင့် သွေးစ သွေးနံ့ တို့ကလည်း သင်္ကန်းတွင် တွယ်ကပ် ထွက်ပေါ်လျက်ရှိသည်။ အစာငတ် သောကြောင့် ခွေးများကလည်း ဒေါသအဟုန်ပြင်းနေသည်။ ကောက အဖို့ လက်ငင်းဆိုက်ရောက်လာ သော မကောင်းမှု၏ အကျိုးပေး တည်း။

ရဟန်းတော်အဖို့ သစ်ပင် အောက်မှဖြစ်ရပ်ကို သစ်ပင်ပေါ်မှ အံ့သြစွာကြည့်ရှုရင်း အန္တရာယ်ရှိနေ သေးသည့်အတွက် အသံမျှမပေးရဲ၊ ငြိမ်သက်စွာနေရသည်။ အသံရှန်း ရင်းကြောင့် ခရီးသွားလူအချို့ရောက် လာမှ အကျိုးအကြောင်းပြောပြကာ သစ်ပင်ပေါ်မှ ဆင်းရသည်။ ခွေးများ မှုကား ရောက်လာသူတို့၏ မောင်းနှင် မှုကြောင့်လည်းကောင်း၊ သစ်ပင်ပေါ် မှ ရဟန်းတော်ဆင်းလာသောအခါ သူတို့၏ မှားယွင်းသောအဖြစ်မှန်ကို သိလေဟန်ဖြင့်လည်းကောင်း ထွက် ခွာသွားကြသည်။

ရဟန်းတော်သည် ဇေတ ဝန်ရှိ ဘုရားရှင်အထံတော်သို့ တိုက် ရိုက်ကြွ၏။ ကြုံတွေ့ရသောဖြစ်ရပ် တို့ကြောင့် စိတ်မကောင်းဖြစ်ရသည့် အပေါ်တွင် ဤဒါယကာ သေဆုံးရ ခြင်းသည် အကုသိုလ်၏ လက်ငင်း အကျိုးပေးဆိုဦးတော့၊ မိမိတည်းဟူ သော အကြောင်းကြောင့် ဖြစ်ရပေ ရာ မိမိသည် ရဟန်းဟုတ်မှ ဟုတ် ပါသေး၏လောဟူသော သံသယကို ဘုရားရှင်အား လျှောက်ထားလိုသော ကြောင့်ဖြစ်ပေ၏။

ဇေတဝန်တွင် ဘုရားရှင် ကို အဆင်သင့်ဖူးတွေ့ရ၍ ဖြစ်ရပ် ဥဿုံ အလုံးစုံကို လျှောက်ထားသော အခါ ဘုရားရှင်က သင့်တွင်အပြစ် မရှိပါဟု မိန့်တော်မူရုံမျှမက ကောင်း ချီးသာခုခေါ်တော်မူသည်။ ခေါ်သည့် အကြောင်းကား သားတော်ရဟန်း သည် အသက်ဘေးနှင့်ရင်ဆိုင်ရဆဲ အချိန်ကလေးအတွင်း၌ပင်လျှင် တရားအသိ လက်မလွှတ်ဘဲ ဝိနည်း တော်အတိုင်း တိတိကျကျလိုက်နာ ကျင့်သုံးနိုင်ခဲ့သောကြောင့် ဖြစ်ပေ ၏။

ကောက မုဆိုးကား ယခု ဘဝတွင်သာမဟုတ်။ ရှေးဘဝက လည်း ဆေးသမား၊ လူဆိုးတည်း။ ယခုဘဝတွင်သာ ဤအဖြစ်ကို ခံရ သည်မဟုတ်။ ရှေးဘဝကလည်း ဤအဖြစ်မျိုးဖြစ်၍ ဤအဖြစ်မျိုး ခံ ခဲ့ရဖူးသည်သာတည်းဟူ ကောက၏ အတိတ်ကို ဆောင်တော်မူသည်။

ဆောင်ဟန်ကား အတိတ်က ဆေးဆရာဘဝတွင် မြွေကို သစ် ခေါင်းအတွင်းသို့ထည့်၍ သစ်ပင် အောက်တွင် ဆော့ကစားလျက်ရှိ သော ကလေးသူငယ်များကို ဆက် ရက်ငှက်ငယ်ရှိသည်ဆိုကာ အနိုက် ခိုင်းသည်။ရည်မှန်းချက်ကား ကလေး ကို မြွေကိုက်လျှင် သူဆေးကုသ၍ အသပြာရမည်ဟူ၏။

တက်၍နှိုက်သောသူငယ် သည် ဆက်ရက်ကို မတွေ့။ မြွေကို တွေ့၍ ကြောက်အားလန့်အားဖြင့် မြွေကို ဆွဲယမ်းလွှင့်ပစ်လိုက်သောအခါ မြွေသည် ဆေးသမား၏လည်ပင်းကို ပတ်မိရုံမျှမက မြွေကိုက်၍ ဆေးသမား သေပါလေ၏။ ဆေးသမားသည် သူ တစ်ပါးကိုကုဖို့ ကြံရွယ်သော်လည်း မိမိကိုယ်ကိုကား ကုနိုင်ဟန်မတူပေ။ ဤကား ကောက၏ အတိတ်ဇာတ် လမ်းဖြစ်၏။

မိမိ၏ ရဟန်းအဖြစ်သည် မပျက်စီးဟု သိရသောကြောင့်လည်း ကောင်း၊မိမိ၏စင်ကြယ်သော သီလ အတွက် ဘုရားရှင်၏ ကောင်းချီးပြု သံကို နာခံရသောကြောင့်လည်း ကောင်း ရဟန်းတော်၏စိတ်သည် ထိုအခိုက်၌ အထူးကြည်လင်၏။ဝမ်း မြောက်ရွှင်လန်း၏။

ယင်းအနေအထားတွင် ဘုရားရှင်က ဆက်လက်၍ တရား ဟောလိုက်သောအခါ ရဟန်းတော် မှာ တစ်ထိုင်တည်း အတွင်း၌ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကာ ရဟန္တာဖြစ်သွားသတည်း။

■



# အကောင်ကြီး ဖြစ်နေတယ်ဘုရား

## ဓမ္မဒူတ အရှင်ပညာဇောတ

ဤခေတ်ကား ဝိပဿနာခေတ်မို့လား မသိပါ။ ဝိပဿနာအမည်ခံ တရားပြသူလည်း ပေါ၏။ အားထုတ်သူလည်း ပေါ၏။ မှန်ကန်သော ဝိပဿနာတရားပြသူ၊ မမှန်မကန် ဝိပဿနာတရားပြသူလည်း ရှိသလိုပင် မှန်ကန်စွာ ဝိပဿနာတရား အားထုတ်နိုင်သူနှင့် မမှန်မကန် ဝိပဿနာတရား အားထုတ်သူလည်း ရှိပေမည်။ သို့ဖြစ်၍ တရားပြသူကလည်း မိမိတရားကို မိမိစိစစ်ထိုက်၍ အားထုတ်သူကလည်း မိမိအားထုတ်သည့်တရားကို စိစစ်ထိုက်သည်။

သို့မှသာ တရားပြသူရော၊ တရားအားထုတ်သူပါ နှစ်ဦးနှစ်ဝအကျိုးရှိမည်ဖြစ်၏။ မှန်၏။ မိမိသည် အနယ်နယ်အမြို့မြို့သို့ ရောက်ခဲ့၍ အတွေ့အကြုံအမျိုးမျိုး တွေ့ကြုံခဲ့သဖြင့် ဤသို့ တင်ပြခြင်းဖြစ်၏။

ယင်းမှ အတွေ့အကြုံတစ်ခုကား ဤသို့တည်း။ တစ်ခါက ဖြစ်ခဲ့၏။ မိမိသည် ရွာတစ်ရွာတွင် တရားဟော၏။ တရားပွဲပြီး နောက်နေ့တွင် တရားအားထုတ်ဖူးသူ ဒကာမကြီးငယ်တစ်စုရောက်ရှိလာပြီး ရှိခိုးဦးချထိုင်နေကြ၏။ ယင်းတွင် ဒကာမငယ်ငယ်တစ်ယောက်က လျှောက်သည်-

“ဦးပဉ္စင်းဘုရား၊ တပည့်တော် တရားအားထုတ်လို့ တွေ့တဲ့အတွေ့ကို လျှောက်ထားပါရစေဘုရား”

ဤလို အမေးမျိုး၊ ခွင့်တောင်းမှုမျိုးမှာ ရောက်ရာအရပ်တိုင်းလိုလိုပင် ကြုံတွေ့ရ၏။ သို့နှင့် မိမိက ခေါင်းအေးအေးနှင့်ပင် ပြောလိုက်၏။



www.foreverspace.com.mm

“လျှောက်ချင် လျှောက်လေ၊ ဘယ်လိုတွေ့လဲ”

“တပည့်တော် တရားအားထုတ်တော့ အကောင်ကြီး ဖြစ်နေတယ်ဘုရား”

“ဘယ်လို အားထုတ်လို့ ဘယ်လိုအကောင်ကြီး ဖြစ်နေတာလဲ၊ ပြောစမ်းပါဦး စုံစုံလင်လင်”

အများအားဖြင့် မေးလျှောက်သူတို့မှာ စုံစုံလင်လင် လိုရင်းကို မမေးလျှောက်တတ်၊ ဆစ်နိုင်၊ ဖုနိုင်မှ လိုရင်းရောက်၏။ သို့ဖြင့် မိမိမှာ ဆစ်ရ၊ ဖုရ၏။

“တပည့်တော် ၃၂-ကောဋ္ဌာသ အားထုတ်တယ် ဘုရား”

“အင်းလေ၊ အဲဒီ ၃၂-ကောဋ္ဌာသကို ဘယ်လို အားထုတ်သလဲ၊ ပြောစမ်းပါဦး”

“တပည့်တော် ညဘက်မှာ ဘုရားစင်ရှေ့ သွားထိုင်တယ်။ ၃၂-ကောဋ္ဌာသ ရွတ်တယ်။ ခေါင်းက ဆံပင်ကို အာရုံပြုပြီး ‘ဆံပင်၊ ဆံပင်’လို့ နှုတ်ကရွတ်တယ်။ ရွတ်ပြီး အဲဒီခေါင်းက ဆံပင်ကို ဖြုတ်ပြီး ရှေ့နားမှာ ပုံထားတယ်”

“ဘယ်လိုလုပ် ဖြုတ်လဲ”

“စိတ်ကူးနဲ့ ဖြုတ်တယ်ဘုရား”

“စိတ်ကူးနဲ့ ဖြုတ်တော့ ပြုတ်သလား”

“ပြုတ်တယ်ဘုရား၊ ခေါင်းမှာ ဆံပင်မရှိတာလည်း တွေ့တယ်။ ရှေ့မှာ ဆံပင်တွေ ပုံနေတာလည်း တွေ့တယ်”

“ကဲ ..နောက်ဆက်ပြောပါဦး”

“နောက် မွေးညင်းကို အာရုံပြုပြီး ‘မွေးညင်း၊ မွေးညင်း’လို့ ရွတ်ပြီး မွေးညင်းတွေဖြုတ်ပြီး ရှေ့နားမှာ ပုံတယ်။ အဲဒီလို အစဉ်အတိုင်း ခြေသည်း၊ လက်သည်းတွေလည်း ဖြုတ်ဖြုတ်ပုံတယ်။ တပည့်တော်ကိုယ်တိုင်မှာ အားလုံးကုန်သွားတာလည်း အာရုံထင်တယ်။ ကိုယ်မှာ အားလုံးလည်း ကုန်ရော မူလကိုယ်ပျောက်ပြီး ရှေ့က အပုံကြီးက အကောင်ကြီး ဖြစ်နေတယ်ဘုရား”

“အင်း ..ထိုင်ပြီး ရှုပွားနေတဲ့ ကိုယ်ကာယ ပျောက်အောင် နိမိတ်ထင်ရှုပွားနိုင်တယ်ဆိုရင်တော့ တယ်မညံ့ဘူး။ ကဲ ..ဒါပေမယ့် ရှုပွားပုံကိုတော့ သိပ်မကြိုက်သေးဘူး”

“ဘယ်လို ရှုပွားရမလဲဘုရား၊ တပည့်တော်ကို သင်ပေးပါဘုရား၊ တပည့်တော်က ဆရာစွဲ နည်းစွဲ မရှိပါဘူး”

## ကောဋ္ဌာသကမ္မဋ္ဌာန်း

“အဲဒီ ကမ္မဋ္ဌာန်းကို ကောဋ္ဌာသကမ္မဋ္ဌာန်းလို့လည်း ခေါ်တယ်။ ကာယဂတာသတိ ကမ္မဋ္ဌာန်းလို့လည်း ခေါ်တယ်။ ဒီကမ္မဋ္ဌာန်းကိုပွားလျှင် ပိဋကတ်သုံးပုံဆောင် ပုဂ္ဂိုလ်ဖြစ်ပါစေ စပွားလျှင် ရွတ်ရတယ်။ ရွတ်ခြင်းကလည်း ဘယ်လောက်ကျေးဇူးများသလဲဆိုတော့-

“နှုတ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည် စိတ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းအား ကျေးဇူးပြု၏။ စိတ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည် အသုဘလက္ခဏာကို ထိုးထွင်းသိခြင်းအား ကျေးဇူးပြု၏၊ အသုဘလက္ခဏာကို ထိုးထွင်းသိခြင်းသည် မဂ်ဖိုလ်ကို သိခြင်းအား ကျေးဇူးပြု၏”

“အဲဒီလို အဋ္ဌကထာမှာ ဆိုတယ်၊ ဒါကြောင့် ပထမရစ်ပဉ္စကခေါ်တဲ့ အရေလျှင် ငါးခုမြောက်ကို ဒီလို ပွားရမယ်”

“ဆံပင်၊ မွေးညင်း၊ လက်သည်း၊ ခြေသည်း၊ သွား၊ အရေ။ အရေ၊ သွား၊ ခြေသည်း၊ လက်သည်း၊ မွေးညင်း၊ ဆံပင်”

“အဲဒီလို ပထမအနုလုံခေါ် အစဉ်အတိုင်း ငါးခုကို ရွတ်ပွား ငါးရက်၊ နောက် ပဋိလုံခေါ် ပြောင်းပြန် ဒုတိယငါးရက် ရွတ်ပွား၊ နောက် အနုလုံပဋိလုံခေါ် အပြန်အလှန် နှစ်ခုပေါင်း ရွတ်ပွား၊ ငါးရက်ရွတ်ပွား၊ အဲဒီလိုပွားတော့ (၁၅)ရက် တတွတ်တွတ်နှုတ်ဖြင့် ရွတ်ပွားနေရမယ်။ ပွားတော့လည်း ဝတ်ကျေဝတ်ကုန် မဟုတ်ဘူး”

“ဆံပင်လို့ရွတ်လျှင် ဆံပင်ကို အာရုံထင်အောင် ရှုဆင်ခြင် ရွတ်ရသည်။ မွေးညင်းလို့ ရွတ်လျှင် မွေးညင်းကို ရှုဆင်ခြင်၊ လက်သည်း၊ ခြေသည်း စသည်တို့လည်း ဒီအတိုင်းပေါ့၊ နားလည်လား”

“နားလည်ပါတယ်ဘုရား”

“ဖြုတ်ပုံရသေးလား”

"ဖြုတ်မပုံရပါဘူး ဘုရား"

"အေး ..အေး၊ ဖြုတ်မပုံနဲ့၊ ကိုယ်မှာပဲ တစ်ခုစီထင်အောင် ရှုပွားရွတ်၊ အဲဒီလိုရွတ်တော့ ရွတ်ပုံရွတ်နည်း စနစ်ကျဖို့ အရေးကြီးတယ်။ အစဉ်ကို မကျော်စေနဲ့နော်။ မနှေးလည်း မနှေးလွန်းရဘူး။ မမြန်လည်း မမြန်လွန်းရဘူး။ စိတ်လည်း မပျံ့လွင့်ရဘူး။ အဆင်းသဏ္ဍာန်စသည် မြင်အောင် ဒီလိုဆင်ခြင်။

ဆံပင်တို့သည် မည်းနက်သော အဆင်းအားဖြင့် လည်းကောင်း၊ လျှော်မျှင်သဏ္ဍာန်အားဖြင့်လည်းကောင်း၊ ညီဟောင်သော အနံ့အားဖြင့်လည်းကောင်း၊ သလိပ်၊ သည်းခြေ၊ လေဟူသော မိုရာအကြောင်းအားဖြင့်လည်းကောင်း၊ ဦးခေါင်းခွံဟူသော တည်ရာအရပ်အားဖြင့်လည်းကောင်း၊ စက်ဆုပ်စရာ၊ ရွံစရာဖြစ်ကုန်၏။ နှစ်သက်မြတ်နိုးဖွယ် မရှိကုန်။ သဘောပေါက်ရဲ့လား"

"ပေါက်ပါတယ် ဘုရား"

"နောက် မွေးညင်းလည်း ဆံပင်လိုပဲ သူ့အဆင်းနဲ့ သူ့သဏ္ဍာန်၊ သူ့အနံ့၊ သူ့မိုရာ၊ သူ့အရပ်အားဖြင့်ပွား၊ လက်သည်း၊ ခြေသည်း၊ သွား၊ အရေတို့လည်း ဒီလိုပဲပေါ့။ စာမှာ ဘယ်လိုဆိုလဲဆိုတော့-

ဤငါးပါးသော အခြင်းအရာအားဖြင့် ဆံပင်တို့၌ ကြည့်ရှုဆင်ခြင်ရာ၏။ မွေးညင်း စသည်တို့၌လည်း ဤနည်းအတိုင်းပင်ရှု၊ ဤသို့လျှင် ၃၂-ပါးသော ကောဋ္ဌာသတို့ကို အသီးသီး တစ်ခုစီ၊ တစ်ခုစီ ကြည့်ရှုဆင်ခြင်ရာ၏-လို့ အဲဒီလိုဆိုထားတယ်။ ဒါကြောင့် ဒီတစ ပဉ္စကခေါ်တဲ့ ပထမငါးခု အရေးကြီးတယ်"

"တင်ပါဘုရား"

"အဲဒီ ငါးခုပွားပုံကို ဆရာတော် အရှင်ဇနကာဘိဝံသက လင်္ကာနဲ့ ရေးထားတယ်-

ငါ၏ကိုယ်မှာ၊ နံ့သာမွေးကြိုင်၊ မြဲခိုင်လှစွာ၊ ကောင်းရာမမြင်၊ ဆံပင်သာရှိ၊ အမွေးရှိ၍၊ ရှိသည် လက်သည်း၊ ခြေအသည်းနှင့်၊ သွားလည်းတစ်ထွေ၊ အရေတစ်မျိုး၊ ညီနံ့ဆိုးသည်၊ အသိုးအပုပ်ချည်းပါတကား"

## ရှုနည်းသုံးသွယ်

"အဲဒီလိုလည်း ပွားနိုင်တယ်။ ယခုပြောခဲ့တာဟာ အဆင်းကို မြင်အောင်ရှုတဲ့ ဝဏ္ဏမနသိကာရနည်းနဲ့ စက်ဆုပ်ရွံရှာဖွယ်ကို ထင်အောင်ရှုတဲ့ အသုဘ မနသိကာရနည်း နှစ်နည်းပဲ။ သဘောပေါက်လား"

"မှန်ပါ၊ ပေါက်ပါတယ်ဘုရား"

"နောက် ဓာတ်ကို ထင်မြင်အောင် နှလုံးသွင်းရှုပွားတဲ့ ဓာတုမနသိကာရနည်းလည်း ရှိသေးတယ်။ အဲဒါကတော့ ဝိပဿနာနည်းပဲ၊ ခုန နှစ်နည်းကတော့ သမထနည်းပေါ့"

"အဲဒီ ဝိပဿနာနည်းကို ရှင်းပြပါဦးဘုရား"

"ကဲ ..ဒါဖြင့် သေသေချာချာ နားထောင်၊ ဆံပင်ကို ကိုင်ကြည့်၊ ဆံပင်တွေ့မလား၊ မာတာတွေ့မလား"

"မာတာ တွေ့ပါတယ်ဘုရား"

"မာတာဟာ ဆံပင်လား၊ ပထဝီဓာတ်လား"

"ပထဝီဓာတ်ပါဘုရား"

"မာသဘော ပထဝီဓာတ်က ပရမတ်၊ ဆံပင်က ပညတ်လို့ ပညတ် ပရမတ် မကွဲသွားဘူးလား"

"ကွဲသွားပါတယ်ဘုရား"

"အဲဒီလို ကွဲသွားတော့ ဝိပဿနာပွားတော့ ပရမတ်ပွားမလား၊ ပညတ်ပွားမလား"

"ပရမတ် ပွားရပါမယ်ဘုရား"

"ဒါဖြင့် မာသဘော ပရမတ်ကို ဉာဏ်ဖြင့် ကြည့်ရှုပွားတော့ အရှည်ခံတာ တွေ့မလား၊ ကုန်ပျောက်သွားတာ တွေ့မလား"

"ကုန်ပျောက်သွားတာ တွေ့ပါမယ်ဘုရား"

"ကုန်ပျောက်တာတွေ့လျှင် အနိစ္စတွေ့တာပဲ၊ ဆက်ကြည့်ရှုပွားများ၊ ဆင်းရဲတဲ့ ဒုက္ခသဘော၊ အစိုးမရတဲ့ အနတ္တသဘောလည်း တွေ့လိမ့်မယ်။ အဲဒီလို အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတွေ့တော့ ဒီလိုဆုံးဖြတ်ချက်ချနိုင်လိမ့်မယ်-

နေတံ မမ-ဆံပင် ငါ့ဥစ္စာမဟုတ်၊ နေသော ဟမသ္မိ-ဆံပင် ငါမဟုတ်၊ န မေသော အတ္တာ-ဆံပင် ငါ့ အတ္တမဟုတ်။

www.foreverspace.com.mm



အဲဒီလို ဆုံးဖြတ်ချက်ချနိုင်ရင် တရားရတယ် ခေါ်တာပေါ့။ အဲဒီလို မွေးညင်း စသည်တို့ကိုလည်း ရှု ပွား၊ ဒါက ပထဝီတစ်ခုရှိသေးတယ်။ ဆံပင်ကိုကြည့် ဆံပင်တွေ့မလား၊ အေးတာ တွေ့မလား"

"အေးတာ တွေ့မယ်ဘုရား"

"အဲဒါ တေဇောဓာတ် တွေ့တာပေါ့၊ တေဇော လည်း ခုနကလိုပဲ ပညတ် ပရမတ်ခွဲရှုပေါ့။နောက် ဝါယော လည်း ရှုနိုင်တယ်။ အဲဒီလို ရှုပွားတာကို ဓာတု မနသိကာရနည်းလို့ ခေါ်တယ်။ ယခုဆို ၃၂-ကောဋ္ဌာသ မှာ ပထမငါးခုဖြစ်တဲ့ 'တစပဉ္စက' ပြီးရောပေါ့။ အဲဒီ ငါးခုနဲ့လည်း တရားရနိုင်တယ်။အဲဒီ ငါးခုကို 'တစပဉ္စက ကမ္မဋ္ဌာန်း' လို့လည်း ခေါ်တယ်။ ဘုရားတိုင်း မစွန့်တဲ့ ကမ္မဋ္ဌာန်းပဲ၊ ရှင်လောင်း၊ ရဟန်းလောင်းတွေကို ဆံပင် ရိတ်ခါနီးမှာ အဲဒီတစပဉ္စက ကမ္မဋ္ဌာန်းသင်ပေးထားရ တယ်။ ရိတ်တဲ့အခါမှာ ဆင်ခြင်ရတယ်။ ရှင်သီဝလိတို့ ဆို ဆံပင်ရိတ်ပြီးရော ရဟန္တာဖြစ်တာပဲ။

အဲဒီ ငါးခုကို ယခုပြောခဲ့သလို ရှုပွားလျှင် ရှုပွားနေတဲ့ ကိုယ်ကြီးက မကုန်သွားတော့ အကောင် မပျောက်သွားဘူး၊ ဟိုရှေ့မှာလည်း အကောင်ဖြစ်ဦး မလား"

"ဒီလိုဆို ဘယ်ဖြစ်တော့မလဲ ဘုရား"

"တရားလည်း မရနိုင်ဘူးလား"

"ရနိုင်ပါတယ်ဘုရား"

"အဲဒါမှ မရသေးလျှင် ဆက်ပြီးတော့ တစပဉ္စက ကမ္မဋ္ဌာန်းပွားနည်းအတိုင်း ဝက္ကပဉ္စကကို ပွားရမယ်။

အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့။ အညှို့၊ ရိုးတွင်ခြင်ဆီ၊ အရိုး၊ အကြော၊ အသား"

"တပည့်တော် ရှေ့ဆို မှတ်မိမှာ မဟုတ်တော့ ဘူး ဘုရား။ ပွားလည်း ပွားနိုင်မှာ မဟုတ်တော့ဘူး ဘုရား။ ပထမ တစပဉ္စကကိုပဲ ပွားပါဦးမယ်ဘုရား"

"အင်း ..အင်း၊ ဒါဖြင့် အဲဒါကိုပဲ ပွားဦးပေါ့။ အဲဒါပွားလည်း စနစ်ကျရင် တရားရတာပါပဲ၊ ဘုရားရှင် ကလည်း အဲဒီ ကာယဂတာသတိ ကမ္မဋ္ဌာန်းကို သိပ် ချီးကျူးထားတယ်"

"အမိန့်ရှိပါဦးဘုရား"

### ကာယဂတာသတိကမ္မဋ္ဌာန်း

"ရဟန်းတို့၊ အကြင်သူတို့သည် ဆံပင်အစရှိ သော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိ ကို မသုံးဆောင်ကုန်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မသုံးဆောင်ရသည် မည်ကုန်၏"

"ရဟန်းတို့၊ အကြင်သူတို့သည် ဆံပင်အစရှိ သော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိ ကို သုံးဆောင်ကုန်၏။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို သုံးဆောင်ရသည် မည်ကုန်၏"

"ရဟန်းတို့၊ အကြင်သူတို့သည် ဆံပင်အစရှိ သော ရုပ်အပေါင်း၌ အောက်မေ့ခြင်း၊ ကာယဂတာသတိ ကို ပျောက်ပျက်စေအပ်၏။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန် ကို ပျောက်ပျက်စေအပ်သည် မည်၏"

"ရဟန်းတို့၊ အကြင်သူတို့သည် ဆံပင်အစရှိ သော ရုပ်အပေါင်း၌ အောက်မေ့ခြင်း၊ ကာယဂတာသတိ ကို မပျောက်ပျက်စေအပ်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန် ကို မပျောက်ပျက်စေအပ်သည်မည်၏"

"ရဟန်းတို့၊ အကြင်သူတို့သည် ဆံပင်အစရှိ သော ရုပ်အပေါင်း၌ အောက်မေ့ခြင်း၊ ကာယဂတာသတိ ကို မျက်မှောက်မပြုအပ်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန် ကို မျက်မှောက်ပြုအပ်သည် မမည်"

"ရဟန်းတို့၊ အကြင်သူတို့သည် ဆံပင်အစရှိ သော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိ ကို မျက်မှောက်ပြုအပ်၏။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန် ကို မျက်မှောက်ပြုအပ်၏" **(ဧကင်္ဂုတ္တရပါဠိတော် အမတဝဂ်)**

"သူတစ်ယောက် မေးတာနဲ့ အကုန်ကုန်သွား ပြီဘုရား၊ တပည့်တော်တို့တောင် မမေးရသေးဘူး၊ အရှင်ဘုရားကလည်း မနက်ဖြန် ပြန်တော့မယ်"

"သူ့အမေးက ရှုပ်နေတော့ ကြာတာပေါ့။ ဘယ့်နှယ်တတ်နိုင်မလဲ။ ဦးပဉ္ဇင်းလည်း မောပြီ၊ ဒါတောင် အကျဉ်းချုပ်ပြောလို့၊ ကဲ ..သွားကြဦးတော့၊ နောက်မှ အချိန်ကြည့်၊ လာသင့်လည်းလာ၊ မလာသင့်လည်း တော်တော့။ ကံပဲပေါ့"

❀ တရားရှုတာ၊ မှန်ဖို့ဟာ၊လွန်စွာ အရေးကြီး သနော်။

❀ မမှန်လွဲမှား၊ ပင်ပန်းများ၊ သေငြား အပါယ် ရောက်မည်နော်။ ■



# ဘုရားပေါင်း ရှစ်သောင်းလေးထောင် ကိုးကွယ်ပူဇော်လိုလျှင်

မြဝင်း (ဒဿန)

ဝါတွင်းကာလ တစ်မနက်ခင်းတွင် ကျွန်တော်သည် စစ်ကိုင်းဣစ္ဆာသယချောင်၊ ဓမ္မပါလာတောရ တိုက်ကြီး၌ သီတင်းသုံးတော်မူခဲ့သော ဦးပဏ္ဍာဝံသစီရင်သည့်'ဒုလ္လဘ သင်္ဂြိုဟ်'ကျမ်းကို ဖတ်နေပါသည်။ ထိုသို့ ဖတ်နေစဉ် ကျွန်တော့်သူငယ်ချင်းရောက်လာပါသည်။ ကျွန်တော့်သူငယ်ချင်းသည် ရောက်လျှင်ရောက်ချင်း ဤသို့စကားစပါသည်။

"ဘာတွေ ဖတ်နေလဲ သူငယ်ချင်းရဲ့"

"ဒုလ္လဘသင်္ဂြိုဟ်ကျမ်းပါ ကွာ"

"စာအုပ်အမည်က ဆန်းလိုက်တာ၊ ငါတော့အခုမှ ကြားဖူးတယ်"

"ဒုလ္လဘသင်္ဂြိုဟ်ဆိုတဲ့အတိုင်း စာအုပ်က အတော့်ကို ရှားတယ်။ အဲဒီစာအုပ်ကို ဖတ်ချင်လို့ ရှာတာကြာပြီ၊ မရဘူး။ ကံကောင်းချင်တော့ တောရဘုန်းကြီး မြို့သို့ အလာ ဒုလ္လဘသင်္ဂြိုဟ်ကျမ်းရှိရင် ဖတ်ချင်ပါတယ်ဘုရားလို့ လျှောက်လိုက်တော့၊ ဖတ်ချင်တယ်ဆိုတော့ ရှာပေးရတာပေါ့ဆိုပြီး ရှာပေးလို့ ဖတ်ရတာ"

"စာအုပ်က အတော့်ကို ဟောင်းနေပြီနော်"

"ဟောင်းဆို ..မန္တလေး

www.foreverspace.com.mm



မြို့၊ ကျောက်သွေးတန်း၊ ဇမ္ဗူမျက်မှန်ပုံနှိပ်တိုက်က ၁၂၆၆–ခုနှစ်မှာ ရိုက်ခဲ့တာ။ အခု ၁၃၆၇–ဆိုတော့ နှစ်တစ်ရာကျော်ပြီပေါ့"

"ရေးတဲ့ ပုဂ္ဂိုလ်က ဘယ်သူလဲ"

"နောင်အခါမှာ တောင်ဖီလာဆရာတော်လို့ ထင်ရှားတဲ့ ဦးပဏ္ဍုဝံသပါ။ အဲဒီဆရာတော်က 'ဗုဒ္ဓအာယုပကာသနီ' ဆိုတဲ့ ကျမ်းကိုလည်း စီရင်ခဲ့သေးတယ်"

"ဆရာတော်က ဘာတွေများ ထူးထူးခြားခြားမိန့်ထားသလဲ"

"အဋ္ဌကထာ၊ ဋီကာဆိုတဲ့ ဗုဒ္ဓစာပေတွေနဲ့ပတ်သက်ပြီး မိန့်ဆိုထားတွေကတော့ ထူးခြားတယ်လို့ ဆိုရမှာပဲ"

"ဆရာတော်က ဘယ်လိုများ မိန့်ဆိုထားသလဲကွာ"

"ဆရာတော် မိန့်ဆိုထားတာက ငါဘုရား ဟောသည်ဖြစ်စေ၊ မဟောသည်ဖြစ်စေ ရာဂစသည်ကို ပယ်တတ်သောတရားဖြစ်မူ ငါဘုရားတရားချည်းပင်ဟူလိုသည်။ ထို့ကြောင့် ဘုရားရှင်နည်းတော်ကိုယူ၍ စီရင်သော အဋ္ဌကထာ၊ ဋီကာ ဂန္ထန္တရဟူသမျှကိုလည်း ဘုရားဟောချည်းဟု မြဲမြဲစွဲစွဲမှတ်တဲ့"

"အဋ္ဌကထာ၊ ဋီကာတွေနဲ့ ပတ်သက်တဲ့ ဆရာတော့်သဘောထားလို့ ပြောရမှာပေါ့နော်"

"ဟုတ်တာပေါ့။ ရာဂစသည်ကို ပယ်တတ်တဲ့တရားဆိုရင် ဘုရားဟောတာလို့ မှတ်ယူရမယ်လို့ ပြောလိုက်တာပဲ။ ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားတဲ့သဘောထားလို့ ဆိုရမှာပဲ"



ပေ၊ စက္ကူ၊ ကျောက်စသည်တို့မှာ ရေးခြင်း၊ နှိပ်ခြင်း၊ ထုလုပ် မှတ်တမ်းတင်ခြင်း၊ ပို့ချခြင်း၊ သင်ခြင်း၊ ဟောခြင်း၊ နာခြင်း၊ ကြံခြင်း၊ ဆင်ခြင်ခြင်း၊ နှလုံးသွင်းခြင်း၊ကြည့်ရှုခြင်း စသည်တို့ကို . . .

"ကတ်တယ်လို့လည်း မထင်နဲ့။ တစ်ခုတော့ မေးချင်တယ်။ တချို့က ပြောကြတယ်။ အဋ္ဌကထာ၊ ဋီကာတွေမှာ ဘုရားဟောနဲ့ မကိုက်ညီတာတွေ ပါနေတယ်တဲ့။ သူတို့ပြောသလို ဘုရားဟောနဲ့မကိုက်ညီတာတွေပါနေရင် ဘယ်လိုလုပ်မလဲ"

"ဆရာတော့်သဘောထားကတော့ ရှင်းတယ်။ ဘုရားဟောနဲ့ မကိုက်ညီတာတွေ ပါလာရင် မကိုက်ညီတာတွေကိုပယ်ပြီး ကျန်တာကို လက်ခံတဲ့။ပမာဒလေခဆိုတာ လွတ်ခဲတယ်တဲ့"

"နှလုံးမကျဉ်း၊ ဉာဏ်မကျဉ်းဆိုတာ ဒါမျိုးကိုပြောတာ ထင်ပါရဲ့"

"ပြောလက်စနဲ့ဆက်ပြီး ပြောပြဦးမယ်။ ဆရာတော်က အဋ္ဌကထာ၊ ဋီကာဆိုတဲ့ ဗုဒ္ဓစာပေတွေကို အတော့်ကို အလေးထားတယ်။ ဘုရားပေါင်းရှစ်သောင်းလေးထောင်ကို ကိုးကွယ်ပူဇော်လိုရင် ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ကို ကိုးကွယ်ပူဇော်ပါတဲ့။ ရှစ်သောင်းလေးထောင်ထက်လွန်ပြီး ကိုးကွယ်ပူဇော်လိုရင် ဘုရားစကားတော်ကဲ့သို့ ရာဂစသည်တို့ ကင်းဝေးခြင်းကို ပြတတ်တဲ့ အနုလောမကျမ်းဂန်တွေကို ပူဇော်ပါတဲ့။ ပေ၊ စက္ကူ၊ ကျောက်စသည်တို့မှာ ရေးခြင်း၊ နှိပ်ခြင်း၊ ထုလုပ် မှတ်တမ်းတင်ခြင်း၊ ပို့ချခြင်း၊ သင်ခြင်း၊ ဟောခြင်း၊ နာခြင်း၊ ကြံခြင်း၊ ဆင်ခြင်ခြင်း၊ နှလုံးသွင်းခြင်း၊ကြည့်ရှုခြင်း စသည်တို့ကို ကိုယ်တိုင်လုပ်သည်ဖြစ်စေ၊ သူတစ်ပါးကို လုပ်ခိုင်းသည်ဖြစ်စေ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ကို ပူဇော်ခြင်းမည်ပါသတဲ့"

"ဒါဆို အခုငါတို့လည်း ဒုလ္လဘသင်္ဂြိုဟ်ကိုဖတ်ပြီး ဟောပြောကြံဆနေတာဆိုတော့ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ကို ပူဇော်ရာရောက်တာပေါ့"

"ဟုတ်တာပေါ့ သူငယ်ချင်းရယ်။ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ကို ပူဇော်ရာရောက်တာပေါ့"

ဤသို့လျှင် ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်းတို့သည် ထိုနေ့နံနက်က ဒုလ္လဘသင်္ဂြိုဟ်ကျမ်းကို အကြောင်းပြု၍ စကားပြောဖြစ်ခဲ့ကြပါသတည်း။

□ **မြဝင်း(ဒဿန)**

www.foreverspace.com.mm



# စကားပြောသော သင်္ကေတများ

ဦးစန္ဒိမ (စလင်း)

သင်္ကေတများသည် လူတစ်ယောက်ကို ငိုစေနိုင်၏။ ရယ်စေနိုင်၏။ ကြမ်းတမ်းစေ၏။ နူးညံ့စေ၏။တက်ကြွစေ၏။နုံးခွေချည့်နဲ့စေ၏။ မြင့်စေ၏။ နိမ့်စေ၏။ ထိုသင်္ကေတများ၏ ညှို့ယူဖမ်းစားနိုင်စွမ်းကား အရွယ်ရောက်ပြီး လူတစ်ယောက်ကို မဆိုထားနှင့်၊ စကားမပြောတတ်သေးသည့် ကလေးသူငယ်တောင်မှ မျက်နှာထိ မျက်နှာထားနှင့် မာန်ငေါက်လျှင် ငို၏။ လက်ခုပ်လက်ဝါးတီး၍ ချော့မြူလျှင် ရယ်ရွှင်၏။

www.foreverspace.com.mm



သူစိမ်း တစ်ရံဆံများက ခေါ်လျှင် မလိုက်၊ အတူနေ ဆွေမျိုးသားချင်းများက ခေါ်မှသာလျှင် လက်လှမ်း၍လိုက်တတ်သည်မှာ အထင်အရှား တွေ့မြင်ကြရမည်သာ ဖြစ်သည်။ သင်္ကေတများသည် ထိုမျှမက များစွာရှိသည်။ယခုဘဒ္ဒကမ္ဘာတည်စကာလတွင် ကကုသန်၊ကောဏာဂုံ၊ကဿပ၊ဂေါတမ၊အရိမေတ္တေယျဘုရား(၅)ဆူ ပွင့်မည်ဟူသော အထိမ်းအမှတ်သင်္ကေတ နိမိတ်ပုံအဖြစ် သင်္ကန်း(၅)စုံနှင့် (၅)မွှာပါသည့် ကြာပင်ကြီးတစ်ပင် ပေါက်လာပုံကို ရှင်မဟာရဋ္ဌသာရက –

ငါးဆူရွှေကြာ၊ နိမိတ်လာ၍၊

ငါးဖြာမွှာလျက်၊ တစ်ပင်နက်ဝယ်၊

ငါးဆက်ဖူးငုံ၊ ပေါ်လတ်တုံက၊

ငါးစုံသင်္ကန်း၊ ကြိုင်ပြွမ်းမွှမ်းကို၊

ငါးခမ်းဆုံနေ၊ ယူတုံလေ၍၊

ငါးထွေအောင်မြင်၊ ရွှေပလ္လင်ထက်၊

ငါးအင်ခက်ကြိုင်း၊နောက်မီးခိုင်းလျက်၊

ငါးဆိုင်းမာန်မြောက်၊ဗောဓိအောက်ဝယ်၊

ငါးယောက်ထင်ရှား၊ စောဘုရားတို့၊

ငါးပါးအညီ၊ဖြစ်တန်သည်ဟု၊

ငါးမည်မိုးနတ်၊ နိမိတ်ဖတ်သည်၊

မချွတ်ကမ္ဘာ ပွင့်ရာသော်–

ဟု ဖွဲ့ဆိုခဲ့ပုံမှာ အစစာကြောင်းတိုင်းတွင် ငါးအက္ခရာပါဝင်၍ နိမိတ်သင်္ကေတ၏ ဆိုလိုရင်းကို ကျစ်လျစ်လှပခန့်ညားစွာ ရေးဖွဲ့ပုံက ထိမိလွန်းလှသည်။ ကဗျာတစ်ပုဒ်တည်းနှင့် အကြောင်းအရာ အဓိပ္ပါယ်စုံလင်ပြီး မျက်စိထဲမြင်အောင် ဆွဲခေါ်ပြပုံမှာ ရသမြောက်လှသည်။ထို့အတူ နိမိတ်သင်္ကေတတို့သည် သက်မဲ့ပင်ဖြစ်နေသော်ငြား ထိရောက်ပိုင်နိုင် ပီသစွာ စကားပြောဆိုနိုင်ကြသည်။ ထိုပြယုဂ်များနှင့်ပတ်သက်၍ တခြားမကြည့်ပါနှင့်၊ ပုဂံသွားရုံနှင့် သိသာနိုင်၏။ ပုဂံမြေကိုခြေချလိုက်ရုံနှင့် စေတီပုထိုးများစွာကိုကြည့်ပြီး၊ ဟိုလွမ်းသလိုလို၊ သည်လွမ်းသလိုလိုနှင့် ငိုချင်သလိုလို၊ လှိုက်ဟာသလိုရင်ထဲဖိုမိပါလိမ့်မည်။ ထို့နောက် ကြည်နူးခြင်း၊ ပီတိဖြစ်ခြင်း၊ ဂုဏ်ယူခြင်းများဖြစ်ပေါ်လာပြီး၊ သြော် .. တစ်ခါက ပုဂံဆိုတာ ကြီးကျယ် မြင့်မြတ်ခဲ့ပါလား။ မြန်မာဆိုတာ ဒီလိုပါလားဟူသော အတွေးတွေတသီတတန်းကြီး ဖြစ်ပေါ်လာပေလိမ့်မည်။ မြန်မာနိုင်ငံ၏ သာသနာရောင်ဝါတိုးတက်ခဲ့ပုံ၊ စည်ပင်ဝပြောသာယာခဲ့ပုံ၊ ပန်းရန်၊ ပန်းပု၊ ပန်းတော့ပညာထွန်းတောက်ကြွယ်ဝပုံ၊ ယဉ်ကျေးမှုဓလေ့အစဉ်အလာ ကြီးမားမြင့်မြတ်ခဲ့ပုံတွေကို သည်ပုဂံရှိ စေတီဘုရားကျောင်းကန်သင်္ကေတများက ပြောပြပါလိမ့်မည်။ ထို့အတူ အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ ကန်တော့ပလ္လင်ဘုရားများရောက်သည့်အခါ ဘုရားအတွင်းက နံရံဆေးပန်းချီ၊ ပန်းတော့၊ ပန်းပုလက်ရာနှင့် အလင်းရောင်ဖြာကျပုံတွေ၊ မနူဟာဘုရား၏ မွန်းကျပ်သော အာရုံအတွေ့အထိများက မနူဟာမင်းကြီး၏ အကျဉ်းသား သံ့ပန်းဘဝထင်ဟပ်စေပုံတွေကို ထိုနိမိတ်သင်္ကေတတွေက ပြောပြပါလိမ့်မည်။ ပုဂံသင်္ကေတများနှင့် ပတ်သက်၍ ဆရာဇော်ဂျီက –

ရွှေစည်းခုံစေတီသည် .. ဗိသုကာမှု ခွန်အားရှိသည့် သဘောကို ဆောင်ကြောင်း၊ ရွှေစည်းခုံအပြီးသတ်တည်ခဲ့သည့် ကျန်စစ်သားခေတ်သည်လည်း တိုင်းပြည်တည်ဆောက်နေသော ခေတ်ဖြစ်ကြောင်း၊ ထို့ကြောင့် ပုဂံခေတ်ဗိသုကာပညာရှင်များ၏ အနေအထားသည် ခွန်အားရှိပြီး စည်းလုံးညီညွတ်ကြောင်းကို ရွှေစည်းခုံစေတီကို ဖူးမြင်သည့်အခါ ထိုအတိတ်ရာဇဝင်များ ထင်ရှားပေါ်လွင်နေသည်ဟု ပြောဆိုခဲ့သလို၊ ရွှေစည်းခုံဘုရားအဝင်မုခ်ဦးက ခြသေ့်ကြီးနှစ်ကောင်မှာ “ရဲလျှင်ထွက်ခဲ့ဟေ့”ဟု စိန်ခေါ်နေသည့် အားမာန်ကို တွေ့မြင်ရသည်ဟု ဖွင့်ဆိုခဲ့ပြန်လေသည်။ ရန်ကုန်က ရွှေတိဂုံစေတီတော်နှင့် ပတ်သက်၍လည်း ရွှေတိဂုံစေတီတော်သည် တည်ငြိမ်အေးချမ်းသည့် သဘောကိုဆောင်၏။ ရွှေတိဂုံကို တည်သည့်ခေတ်၊ ပြန်လည်တိုးမြှင့်ပြုပြင်သည့် ဘုရင်မကြီး ရှင်စောပုလက်ထက်သည် ငြိမ်းချမ်းသည့်ခေတ်ဖြစ်သော

www.foreverspace.com.mm



ကြောင့် ထိုခေတ်ဗိသုကာပညာရှင်များ၏ စိတ်ပိုင်းဆိုင်ရာအနေအထားသည်လည်း တည်ငြိမ်အေးချမ်းသည့် သဘောကို ဆောင်နေသည်ဖြစ်၍ ရွှေတိဂုံစေတီတော်ကို ဖူးမြော်သည့် ခံစားရသည်ဟု ရေးသားဖွင့်ဆိုခဲ့လေသည်။ ထိုအတွေးအခေါ်၏ကျေးဇူးကား ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ပန်းတမော့လက်ရာများကို မြင်တွေ့ရလေတိုင်း၊ ဟိုတုန်းကလို နမော်နမဲ့ မကြည့်မိတော့ဘဲ စူးစမ်းသိလိုစိတ်၊ ပိုင်းခြားဝေဖန်လိုစိတ်၊ သမိုင်းကို မြတ်နိုးတွယ်တာလိုစိတ်များ ဖြစ်ပေါ်လာသည်ထိအောင် မီးမောင်းထိုးပြနေတော့သည်။ ထိုသင်္ကေတနိမိတ်ပုံရုပ်တုများသည် စာရေးသူအား ဖမ်းစားညို့ယူနိုင်စွမ်းရှိရုံမျှမက၊ သီတဂူဆရာတော်ဘုရားကြီးကို သီတဂူရေအလှူတော်၊သီတဂူအာယုဒါနဆေးရုံတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တော် စသည့် မဟာစီမံကိန်းများကို သိန်းပေါင်းများစွာ အကုန်အကျခံ၊ လူအပင်ပန်းခံ၊ စိတ်အပင်ပန်းခံပြီး တည်ဆောက်လျက် အံ့ဘနန်း တိုင်းကျိုးပြည်ကျိုး၊သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သည်ထိအောင်၊ နောက်ဆုံးဗောဓိဉာဏ်အားတိုက်ရိုက်အကျိုးပြုသည်ထိအောင် ပို့ဆောင်တွန်းအားပေးနိုင်ခဲ့သည်။ အကြောင်းသော်ကား သီတဂူဆရာတော်သည် ...

(၁) သီရိမင်္ဂလာမ္မာသောကမင်းကြီး အဓိဋ္ဌာန်နှင့် "ငါသည် တိုင်းပြည်နှင့် သာသနာတော်အတွက် နွားကဲ့သို့ သည်းခံ၍ ရုန်းတော့မည်" ဆိုသည့် ရည်ညွှန်းချက်ပါသည့် ကောလိယတိုင်း၊ ရာမရွာအနီးတွင် စိုက်ထူထားသော ကျောက်တိုင်ထိပ်ပေါ်က နွားလားဥသဘရုပ်ကို မြင်ရသောကြောင့်လည်းကောင်း၊

(၂) "ငါသည် သာသနာနှင့် လူသားတို့အတွက် မြင်းကဲ့သို့ သွက်လက်လျင်မြန်စွာ ဆောင်ရွက်မည်" ဆိုသည့် အဓိဋ္ဌာန်နှင့် မြတ်စွာဘုရားဖွားမြင်ရာ လုမ္ဗိနီမှာစိုက်ထူခဲ့သော ကျောက်တိုင်ထိပ်မှ သိန္ဓောမြင်းရုပ်ကို မြင်ရသောကြောင့်လည်းကောင်း၊

(၃) "ငါသည်တိုင်းပြည်နှင့် သာသနာတော်အတွက် ဆင်ကဲ့သို့ ခွန်အားအပြည့်နှင့်ဆောင်ရွက်မည်" ဆိုသည့် မျှော်လင့်ချက်နှင့် မြတ်စွာဘုရား တာဝတိံသာမှဆင်းသက်ရာ သင်္ကဿမြို့တံခါးဝ၌ စိုက်ထူထားခဲ့သော ကျောက်တိုင်ထိပ်မှ ဆင်ရုပ်ကို မြင်ရသောကြောင့်လည်းကောင်း၊

(၄) "ငါသည် တိုင်းကျိုး၊ ပြည်ကျိုး၊ သာသနာအကျိုး သယ်ပိုးရာ၌လည်းကောင်း၊ တိုင်းပြည်အန္တရာယ်၊ သာသနာ့အန္တရာယ် အသွယ်သွယ်ကို ကာကွယ်စောင့်ရှောက်ရာ၌လည်းကောင်း ခြင်္သေ့ကဲ့သို့ သတ္တိရှိရှိ ပြုလုပ်ဆောင်ရွက်မည်" ဆိုသည့် သူရဝီရိယစိတ်တို့ကို ဖော်ညွှန်းသည့် အနေဖြင့် ဗာရာဏသီ မိဂဒါဝုန်တွင် စိုက်ထူခဲ့သည့် ကျောက်တိုင်မှ ကေသရာဇာခြင်္သေ့ရုပ်ကို မြင်ရသောကြောင့်လည်းကောင်း ထိုသင်္ကေတနိမိတ်ပုံအရုပ်များကို အားကျလျက် သီတဂူဆရာတော်သည် ....

နွားလိုလည်း သည်းခံ၊
မြင်းလိုလည်း လျင်မြန်၊
ဆင်လိုလည်း အားသန်၊
ခြင်္သေ့လိုလည်း ဖွဲ့မာန်

သတ္တိအပြည့်နှင့် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်ခဲ့နိုင်သည့် ဆရာတော်၏ သီတဂူစီမံကိန်းကြီး (၄)ရပ်သည် ယနေ့အချိန်မှာ မျက်ဝါးထင်ထင် မြင်တွေ့နေရပြီဖြစ်၏။ ထိုစီမံကိန်းကြီးများကား သာမန်သဒ္ဓါအား၊ ပညာအား၊ ဝီရိယအားတို့ဖြင့် စိတ်တောင်ကူးရဲနိုင်မည် မဟုတ်ပေ။ ထိုသို့ အဓိပတိမဟာစီမံကိန်းကြီးများ ထုဆစ်ဖန်တီးနိုင်သည့် သီတဂူဆရာတော်ကိုသာမက သင်္ကေတနိမိတ်ပုံများသည် အခြားသောသက်ရှိများကိုလည်း ငြိမ်းချမ်းလွတ်မြောက်ရာသို့ ဖော်ညွှန်းပြောဆိုနေပေလိမ့်မည်။ သို့သော် အပြောခံလူတို့၏ အကွာအဝေး၊ အတိမ်အနက်၊အနိမ့်အမြင့်၊အထူအပါးပေါ်လိုက်၍ ကြည်လင်ခြင်း၊ မှုန်ဝါးခြင်း၊ သိပ်သည်းဆညီမျှခြင်းတွေကတော့ ခြားနားပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ သက်မဲ့သင်္ကေတဖြစ်သည့် ရုပ်တုများ၊စာများ၊ ကဗျာများ၊ ပန်းချီများသည် ဘယ်သောခေတ်မှာမဆို စကားပြောနေကြဦးမည်ဆိုသည်ကို ....။

□ **ဦးစန္ဒိမ(စလင်း)**

www.foreverspace.com.mm



# ကမ္ဘာကြီး ဘာကြောင့် မငြိမ်းချမ်းပါသလဲ

## (ဒုတိယပိုင်း)

ဦးစံရှိန် စီစဉ်ရေးသားသော
ဒိဋ္ဌိဖြုတ်ပုံ အလုပ်တရားစာအုပ်မှ
ထုတ်နုတ်တင်ပြပါသည်။

*ဤကမ္ဘာ၌ တကယ့်ငြိမ်းချမ်းရေး ပေါ်ပေါက်ရန်မှာ နိုင်ငံရေးနှင့်ချည်း မဖြစ်။ဗုဒ္ဓဝါဒမှသာလျှင် တကယ့်ငြိမ်းချမ်းရေးအစစ်အမှန်ကို ထူထောင်နိုင်ရန် ရှိပေသည်။*

*(မစ္စတာနေရူး၏ မိန့်ခွန်း)*

ဓမ္မမိတ္တအပေါင်း သူတော်ကောင်းတို့ မင်္ဂလာ ရှိကြပါစေ။

ယခုအပတ်မှာ "ကမ္ဘာကြီး ဘာကြောင့် မငြိမ်းချမ်းပါသလဲ"ဆိုတဲ့ တရား (ဒုတိယပိုင်း)ကို ဆက်လက်ပြောဟောပါမယ်။ ထို ဒုတိယ ပိုင်းကို ဆက်လက်မဟောခင် အခြားဘာသာများက ဗုဒ္ဓဘာသာအပေါ်၌ စိတ်ဝင်စားကြပုံ၊ထင်မြင်ကြပုံများကို အနည်းငယ် ထုတ်ဖော်ပြဆိုလိုပါသေးတယ်။

ဗုဒ္ဓဝါဒီအမည်ခံတဲ့ ကျွန်ုပ်တို့တစ်စုထဲမှ အချို့က မိမိတို့၏ ဘာသာရဲ့အမြစ်အရင်းကို စိစစ်ဝေဖန်



"ဒိဋ္ဌိဖြုတ်ပုံ အလုပ်တရား" ကို စီရင်ရေးသားသူ
မန္တလေးမြို့ ပင်စင်စားအသင်းကြီး၏
"နာယက"
အငြိမ်းစား ပညာဝန်ထောက်
ဦးစံရှိန်-၏ပုံ

www.foreverspace.com.mm



ခြင်း မပြုဘဲ အမှုမဲ့၊ အမှတ်မဲ့ နေထိုင်လေ့ရှိကြပါတယ်။ အခြားဘာသာဝင် တစ်စုတို့ကတော့ ကျွန်ုပ်တို့၏ ဗုဒ္ဓဘာသာ တရားတော်ကို စုံစမ်းထောက်လှမ်းမှုကို ပြုကြကုန်ပါပြီ။

ထိုဘာသာဝင် အသီးသီးတို့၏ ထင်မြင်ချက်အချို့ကို ထုတ်ဖော်ပြပါဦးမယ်။

## ဗုဒ္ဓဘာသာတရားတော်ကို အခြားဘာသာဝင်တို့၏ အမြင်

ခရစ်ယာန်တို့၏ မြင်ပုံမှာ ၁၉၆၄-ခုနှစ်၊ အင်္ဂလန်နိုင်ငံမှ Dr. Kenneth Walker ရေးတဲ့စာအုပ်၌-

"A greater understanding of Christianity can therefore be obtained from study of Buddhism." လို့ ရေးသားထားပါတယ်။

မြန်မာလိုအဓိပ္ပါယ်ကတော့ "ထို့ကြောင့် ဗုဒ္ဓဝါဒကို လေ့လာခြင်းအားဖြင့် ခရစ်ယာန်ဘာသာကို ပိုမိုကျယ်ပြန့်စွာ နားလည်နိုင်ကြပေလိမ့်မည်" လို့ ဆိုလိုပါတယ်။

## မိုဟာမေဒင်တို့က မြင်ပုံ

"Muhammad in World Scriptures" ခေါ် မိုဟာမေဒင်ကျမ်းစာအုပ်၌ Muhammad Yakub Khan ဆိုတဲ့ ပါကစ္စတန်အုပ်ချုပ်ရေးနှင့် စစ်ဘက်ဂေဇက် အယ်ဒီတာကြီးက နိဒါန်းရေးထားသည်မှာ …

"ကမ္ဘာ့လူဦးရေ သုံးပုံတစ်ပုံက ယုံကြည်လေးစားနေသော ဗုဒ္ဓ၏တရားတော်များသည် အနာဂတ် မိုဟာမက်ဘာသာ၏ အလားအလာများသာ ဖြစ်ကြောင်း။

ဗုဒ္ဓသည် မိုဟာမက်၏ အနာဂတ်အကျိုးတရားစုကို ကြိုတင်ချမှတ်တော်မူခဲ့သော ကမ္ဘာ့ဘာသာတို့၏ (ရှေ့တော်ပြေး)သြဝါဒအရှင်ကြီးလည်း ဖြစ်ကြောင်း။

"ဗုဒ္ဓသည် ရှေးခေတ်ဟောင်း ယုတ္တိမဲ့ အယူအစွဲဟောင်းများကို တော်လှန်၍၊ (သဘာဝဓမ္မ)တရားတော်များကို လက်မွှန်အစ ရှေးဦးစွာဖော်ထုတ်နိုင်သော (ကမ္ဘာ့သြဝါဒရှင်ကြီး)တစ်ဆူလည်းဖြစ်ကြောင်း" လို့ ချီးကျူးထုတ်ဖော်ရေးသားခဲ့ပါတယ်။

## ဟိန္ဒူတို့က မြင်ပုံ

အိန္ဒိယခေါင်းဆောင်ကြီး 'ရှရီနေရူး' သည် စစ်စခန်းများသို့ သွားရောက်စစ်ဆေးကြည့်ရှုတိုင်း အောက်ပါ မိန့်ခွန်းတို့ကို ပြောဆိုလေ့ရှိပါတယ်။

"ဤကမ္ဘာ၌ တကယ့်ငြိမ်းချမ်းရေးပေါ်ပေါက်ရန်မှာ နိုင်ငံရေးနှင့်ချည်းမဖြစ်။ ဗုဒ္ဓဝါဒမှသာလျှင် တကယ့်ငြိမ်းချမ်းရေးအစစ်အမှန်ကို ထူထောင်နိုင်ရန် ရှိပေသည်။" လို့ ဟုတ်တိုင်းမှန်ရာကို ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ ဒါကြောင့် ဗုဒ္ဓဝါဒအစစ်အမှန်ထဲ၌ မဟုတ်မမှန်တဲ့ 'မိရိုးဖလာ' ထုံးစံဓလေ့တွေကို ထုတ်နုတ်သုတ်သင် ရှင်းလင်းရန် လိုပါတယ်။

ကိုင်း ..လွန်ခဲ့တဲ့အပတ်က တရား၏ 'ဒုတိယပိုင်း' ဆက်ကြပါဦးစို့။

## အနုသယကိလေသာဆိုတာ ဘာလဲ

'အနုသယ' ၏ သဘောကို ရှင်းရှင်းလင်းလင်း သိရှိသွားအောင် 'သာဓကယုတ္တိ' 'သဘာဝယုတ္တိ' တွေနှင့် အကျယ်တဝင့် ဖွင့်ပြပါဦးမယ်။

ငှက်ပျောပင် ပေါက်စကလေးမှာ အဖူး၊အခိုင်တွေ မရှိသေးပါ။ သို့သော်လည်း အဖူး၊ အခိုင်ဖြစ်မယ့် 'ဗီဇ' ဆိုတဲ့ မျိုးစေ့ဓာတ်ကတော့ ပါရှိနေပါတယ်။

ထိုငှက်ပျောပင်ကလေးထဲ၌ ခွဲစိတ်ရှာဖွေပေမယ့် ဘယ်ဟာက အဖူးဖြစ်မှာပဲ၊ ဘယ်ဟာက အခိုင်ဖြစ်မှာပဲလို့ ထင်ထင်ရှားရှား မသိနိုင်၊မမြင်နိုင်ပါ။ ရှာလို့လည်း မတွေ့နိုင်ပါ။

အဲဒီလို မမြင်၊ မတွေ့နိုင်ပါသော်လည်း ငှက်ပျောပင်ကြီး ဖြစ်လာတဲ့အခါ အဖူး၊အခိုင်တွေ ပေါ်ပေါက်လာပါတယ်။ ထိုသဘောမျိုးကဲ့သို့ပင် 'အနုသယကိလေသာ' ၏ သဘာဝကို မှတ်ယူကြပါ။

ပဲကြီးစေ့၊ သရက်စေ့အစရှိတဲ့ အခြားအစေ့များ၌ပါရှိသော 'ဗီဇ' ဓာတ်တို့ကိုလည်း ဥပမာပြုနိုင်ပါသေးတယ်။

ထိုမှတစ်ပါး လယ်တီဆရာတော်ဘုရားကြီး

www.foreverspace.com.mm



ဟောတော်မူခဲ့တဲ့ မီးခြစ်ဥပမာကိုလည်း ထုတ်ဖော်ပြပါဦးမယ်။

မီးခြစ်တံနှင့် ယမ်းသုတ်ထားတဲ့စက္ကူကို ခပ်ပြင်းပြင်းကလေး မထိမခိုက်သေးလျှင် မီးမတောက်နိုင်သေးပါ။ ဖြစ်ပေါ်လာမယ့် 'မီးတောက်'ဟာ မီးခြစ်တံထဲမှာလည်း မရှိ။ ယမ်းသုတ်ထားတဲ့ စက္ကူထဲမှာလည်း မရှိသေး။ သို့သော်လည်း မီးတောက်ဖြစ်မယ့် 'ဗီဇ'ဓာတ်ကတော့ အမှန်ရှိတာပဲ။

မီးခြစ်တံနှင့်ယမ်းသုတ်ထားတဲ့ စက္ကူ ထိခိုက်မှုကြောင့်ဖြစ်လာတဲ့ မီးတောက်ဟာ မီးခြစ်တံမှတခြားလောင်စာဝတ္ထုတို့ကို ကူးစက်ပါလျှင် တစ်တောလုံး၊တစ်တောင်လုံး၊ တစ်ရွာလုံး၊ တစ်မြို့လုံး ပျံ့နှံ့ကူးစက်ပြီး လောင်နိုင်ပါတယ်။

ကိုင်း ..ဥပမာနှင့် ဥပမေယျကို ဟပ်လိုက်ကြပါဦးစို့ ....

မီးခြစ်တံမှာရှိတဲ့ 'မီးဓာတ်'နှင့် စိတ်သန္တာန်မှာ ကိန်းဝပ်နေတဲ့ 'အနုသယကိလေသာ'တို့ တူကြပါတယ်။

မီးခြစ်ဘူး၏ဘေးက ယမ်းသုတ်ထားတဲ့စက္ကူနှင့် အာရုံ(၆)ပါးတို့ တူကြပါတယ်။ မီးခြစ်တံနှင့်ယမ်းသုတ်ထားတဲ့စက္ကူတို့ ပြင်းထန်စွာ မထိခိုက်သမျှ ကာလပတ်လုံး မီးတောက်မှု၊ ပူမှု၊ လောင်မှုမရှိ။

ဤနည်းတူ 'အနုသယဓာတ်'နှင့် ထိုအာရုံတို့ မတွေ့သေးသမျှ မနောဒွါရမှာ ထကြွတဲ့ 'ပရိယုဋ္ဌာန' ကိလေသာ မဖြစ်ပေါ်နိုင်သေးပါ။ ထိတွေ့လျှင်တော့ 'ပရိယုဋ္ဌာန'ကိလေသာတွေ တဖွားဖွား ထကြွနိုင်ပါတယ်။

မီးခြစ်တံက မီးဟာ လောင်စာနှင့်မတွေ့လျှင် ငြိမ်းသွားသလို မနောဒွါရမှာ ထကြွတဲ့ 'ပရိယုဋ္ဌာန'ကိလေသာတွေကို 'သတိ' 'ပညာ'ဖြင့် ထိန်းအုပ်သိမ်းချုပ်လိုက်ပါလျှင် စွဲလမ်းစရာ အာရုံနှင့် တွေ့ဆုံခွင့်မရတော့ဘဲ၊ မနောဒွါရမှာပင် ငြိမ်းအေးသွားပါတယ်။

မီးခြစ်တံမှ မီးဟာ လောင်စာနှင့်တွေ့ထိတဲ့အခါ ကူးစက်ပြန့်သွားသလို မနောဒွါရမှာ ငြိမ်းအေးခွင့် မပေးဘဲ၊ အာရုံများသို့ စွဲငြိအောင် လွှတ်ပေးလိုက်ပါလျှင် 'ကာယဒွါရ' 'ဝစီဒွါရ'တို့မှာ 'ဝီတိက္ကမ'ကိလေသာကြမ်းတွေ ထကြွသောင်းကျန်းကြပါရော။

ဤနည်းအားဖြင့် လောဘ၊ ဒေါသ၊ မောဟစတဲ့ ကိလေသာတွေကို 'ဝီတိက္ကမ' 'ပရိယုဋ္ဌာန''အနုသယ'လို့ အခိုက်အတန့်သုံးမျိုးစီ ခွဲခြမ်းစိတ်ဖြာပြီး သိနိုင်ကြပါတယ်။

## အနာမသိ-ဆေးမရှိ

ဆေးဆရာတိုင်း ရောဂါ၏ ဖြစ်ပေါ်ရင်း မူလအကြောင်းကို အမှန်သိရှိအောင် စုံစမ်း၊ စစ်ဆေးရှာဖွေပြီးမှ သင့်လျော်တဲ့ ဆေးဖြင့် ကုသခြင်းပြုလိုက်တဲ့အခါ လူနာမှာ ရောဂါပျောက်ငြိမ်းသွားပါတယ်။ ဒါကြောင့် 'အနာနှင့်ဆေး-သင့်အောင်ပေး၊ ကုရေးမခက်ပါ'လို့ ရှေးဆရာကြီးတို့က ဆိုရိုးစကားပုံတစ်ခုကို ပြုလုပ်ထားခဲ့ကြပါတယ်။

ထိုနည်းတူစွာ ပုထုဇဉ်တို့မှာ စွဲကပ်နေတဲ့ ရောဂါတည်းဟူသော 'ကိလေသာအကြမ်း၊ အလတ်၊ အနု'တို့ကို သက်ဆိုင်ရာ တရားတို့ဖြင့် ထိန်းအုပ်၊သိမ်းချုပ်၊ ပယ်သတ်၊ သုတ်သင်၊ ခုတ်ထွင်၊ ရှင်းလင်းပေးရပါတယ်။

## "ဝီတိက္ကမ"ကိလေသာကို သတ်ပုံ

ကာယဒွါရ၊ ဝစီဒွါရတို့မှာ ထကြွတဲ့ 'ဝီတိက္ကမ' ကိလေသာကြမ်းကို 'သီလ'ဖြင့် ပယ်သတ်ရပါတယ်။ သို့သော်လည်း 'အမြစ်'မပြတ်သေးပါ။ သီလကို အလွန်ရှိသေစွာစောင့်ထိန်းနိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါမှ တစ်ဘဝလောက် 'ကိုယ်၊ နှုတ်'သောင်းကျန်းမှု ငြိမ်းနိုင်ပါတယ်။ အနာဂတ်ဘဝမှာ ထမြဲထ ကြွမြဲကြွ ဖြစ်ဦးမှာပဲ။ သာမန်ပုဂ္ဂိုလ်တို့မှာတော့ မျက်စိတစ်မှိတ်လောက်မျှ စိတ်မချရသေးပါ။

အဲဒါကြောင့် သီလသည် 'ဝီတိက္ကမ'ကိလေသာကြမ်းကို 'တဒင်္ဂပဟာန်'အားဖြင့် တစ်ခဏ၊ တစ်ဘဝလောက်သာ ပယ်သတ်နိုင်တယ်လို့ မှတ်ယူကြပါ။

## "ပရိယုဋ္ဌာန" ကိလေသာကိုသတ်ပုံ

မနောဒွါရမှာ ထကြွတဲ့ 'ပရိယုဋ္ဌာန'ကိလေသာ

www.foreverspace.com.mm

အလတ်စားကိုတော့ 'ဥပစာရစျာန်'နှင့်တကွ 'သမာပတ်ရှစ်ပါး'ဆိုတဲ့ သမာဓိဆိုင်ရာ 'သမထ'နည်းဖြင့် ပယ်သတ်ရပါတယ်။

သို့သော်လည်း အမြစ်မပြတ်သေးပါ။ သမထဆိုင်ရာ 'သမာဓိ'ကို သေသည်တိုင်အောင် မပျက်စီးစေဘဲ စောင့်ရှောက်နိုင်ပါမှ နှစ်ဘဝလောက် ငြိမ်းအေးခွင့်ရရှိနိုင်ပါရဲ့။ မစောင့်ထိန်းနိုင်ပါလျှင် ယခုခဏအတွင်း ယခုဘဝအတွင်းမှာပင် ပျက်စီးဆုံးရှုံးခြင်း ဖြစ်နိုင်ပါတယ်။

အဲဒါကြောင့် လောကီသမာဓိသည် မနောဒွါရမှာ ထကြွနေတဲ့ 'ပရိယုဋ္ဌာန'ကိလေသာအလတ်စားကို 'ဝိက္ခမ္ဘနပဟာန်'အားဖြင့် နှစ်ဘဝလောက်ကြာအောင်သာ ပယ်သတ်နိုင်ပါတယ်။ 'အနုသယကိလေသာ'ဓာတ်ငုတ်ကတော့ လှုပ်တောင်မလှုပ်၊ တန်းလန်းကြီးပဲ ရှိနေပါသေးတယ်။

## ရသေ့ကြီးနှင့် သာမဏေတို့ စျာန်ပြုတ်ကျပုံ

'သာဓကေယုတ္တိ'ကလေးကို အတိုချုပ် ထုတ်ပြလိုက်ပါဦးမယ်။

'ဟာရိတစ'စျာန်ပျံ ရသေ့ကြီးသည် ကောင်းကင်ခရီးဖြင့် ဆွမ်းခံရန် နန်းတော်သို့ကြွလာတုန်း ဖြုန်းခနဲဗာရာဏသီပြည့်ရှင်ဘုရင်မင်းကြီး၏ မိဖုရား 'မုဒုလက္ခဏာ'ရဲ့ အဆင်းဓာတ်ကို မြင်ရတဲ့အခါ 'အနုသယ'ဓာတ်ငုတ်မှ ရုတ်တရက်တောက်ပြီး 'ပရိယုဋ္ဌာန'အဖြစ်နှင့် မနောဒွါရမှာ ထကြွတော့ ကောင်းကင်မှ စျာန်ပြုတ်၍ကျရတဲ့ ဝတ္ထုကို ကြားဖူးကြပါလိမ့်မယ်။

ထိုမှတစ်ပါး သီဟိုဠ်ကျွန်း(သီရိလင်္ကာ)၌ စျာန် ကစားတဲ့ ရှင်သာမဏေကလေးအကြောင်းကိုလည်း အတို ချုပ် ပြောပါဦးမယ်။

လောကီစျာန် အဘိညာဉ်ရတဲ့ သာမဏေကလေးဟာ သူ၏ဆရာ ဆွမ်းခံပြန်ချိန်ရောက်တိုင်း စျာန်ပျံပြီး ဆရာအား ကြိုလေ့ရှိပါတယ်။

အဲဒီအခါ ဆရာက 'ကိုရင်ကလေး၊ တော်တော် စျာန်ကစားနော်၊ (ကန်းမ)နှင့် ညားနေလိမ့်မယ်'လို့ သတိပေးခဲ့ပါတယ်။

တစ်နေ့သ၌ ဆရာ့အားကြိုဆိုရန် ကောင်းကင်မှ စျာန်ပျံလာခဲ့ရာ လမ်းခရီးမှာ ကြာချိုးနေတဲ့ ရက်ကန်းသည်မလေးရဲ့ သီချင်းဆိုသံကို ကြားရပါတယ်။

ထိုရက်ကန်းသည်မလေးရဲ့ အသံကလည်း ယခုခေတ် နိုင်ငံကျော်အဆိုတော်တို့ရဲ့ အသံလို တော်တော်သာယာပုံ လက္ခဏာရှိဟန်တူပါရဲ့။

အဲဒီအသံကို ကြားသည်နှင့်တစ်ပြိုင်နက် 'အနုသယ'ကိလေသာ ထကြွပြီး 'ပရိယုဋ္ဌာန'ကိလေသာသို့ တစ်ဆင့်ကူးစက်လျက် အတောင်ကျိုးတဲ့ 'လင်းတ'ငှက်ကြီးလို စျာန်ပြုတ်ကျလာပါတယ်။

ထို့နောက် ထိုမိန်းကလေးနှင့် အကြောင်းပါပြီး၊ ကိုရင်လူထွက်က ရက်ကန်းရက်ပြီးတော့ မယားကို လုပ်ကိုင်ကျွေးရပါတယ်။

တစ်နေ့သ၌ ဇနီးသည်က ယောကျ်ားရက်ကန်းရက်တဲ့ အလုပ်ရုံသို့ ထမင်းပို့သွားရာ နောက်ကျတယ်ဆိုပြီး ဒေါသကြီးကြီးနှင့် ရက်ကန်းရက်တဲ့ 'လွန်း'ဖြင့် ပေါက်လိုက်ရာ မိန်းမရဲ့မျက်လုံးကို ထိမှန်ပြီး မျက်လုံးကန်းသွားပါတယ်။ ထိုအခါ သူ့ဆရာ ကြိုတင်သတိပေးခဲ့တဲ့အတိုင်း 'ကန်းမ-လင်'ဖြစ်သွားရှာရပါတယ်။

ယခုပြောခဲ့တဲ့ စျာန်ပျံရသေ့ကြီးနှင့် သာမဏေတို့ဟာ တဏှာလောဘဆိုတဲ့ 'အနုသယ'ဓာတ်ငုတ်၏ လှုပ်ရှား ထကြွမှုကြောင့် 'ပရိယုဋ္ဌာန'အဖြစ်သို့ ရောက်ကြရပါတယ်။

အဲဒီလို ရောက်သည်နှင့်တစ်ပြိုင်နက် နှစ်ပေါင်းများစွာက အားထုတ်ဆည်းပူးထားခဲ့တဲ့ လောကီစျာန်၊ အဘိညာဉ်၊ သမာပတ်တို့ဟာ ခဏကလေးနှင့် ပျောက်ဆုံး ကုန်ကြပါရော။

ကောင်းကင်မှ ကျပြီးတော့ မာတုဂါမနှင့်တွေ့ကြတဲ့အခါ 'ပရိယုဋ္ဌာန'မှာသာလျှင် မရပ်နိုင်တော့ဘဲ၊ 'ဝီတိက္ကမ'ကိလေသာအဖြစ်သို့ ရောက်ပြန်ပါရော။

အဲဒီအခါ နှစ်ရှည်လများ ထိန်းသိမ်းထားခဲ့တဲ့ သီလတရားတွေဟာ အမွေအနှစ်မျှ ရှာမရအောင် ပျောက်ပျက်သွားကြရပါတယ်။

သို့အတွက် လောကီမှာ ထိပ်တန်းကျတဲ့ 'သမထ'တရားသည် 'အနုသယဓာတ်'ကို မပယ်သတ်

www.foreverspace.com.mm

နိုင်ကြောင်း ထင်ရှားစွာသိနိုင်ကြပြီ မဟုတ်ပါလား။

အဲဒီ 'အနုသယဓာတ်ငုတ်'ကို အမြစ်ပြုတ်အောင် မလုပ်နိုင်သမျှ ကာလပတ်လုံး အထက်ဘဝဂ်မှ ပုထုဇဉ်ဗြဟ္မာကြီးဖြစ်သော်လည်း အပါယ်ဘေးမှ တကယ်အေးခွင့်မရှိသေး။ ခေတ္တခဏ 'ယာယီသီလဝန္တ' 'ယာယီဈာနလာဘီ' 'ယာယီဗြဟ္မာကြီး'သာလျှင် ဖြစ်နိုင်ကြပါတယ်။

ဒါကြောင့် မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံကြွသွားတော်မူရာ ဗြဟ္မာ့ဘုံမှစုတေ၍ သူဌေးသမီးအဖြစ်မှ 'ဝက်မ'ဘဝသို့ ရောက်ရတဲ့ 'ဥပရိ'ဆိုတဲ့ အမျိုးသမီးကို အကြောင်းပြုပြီးတော့ 'ဓမ္မပဒပါဠိတော်'၌-

**"ယထာပိမူလေ အနုပဒ္ဒဝေ ဒဠှေ၊**
**ဆိန္နောပိ ရုက္ခော ပုန ရေဝ ရူဟတိ။**
**ဧဝမ္ပိ တဏှာနုသယေ အနုဟတေ၊**
**နိဗ္ဗတ္တတိ ဒုက္ခမိဒံ ပုနပ္ပုနံ။"**

လို့ ဟောတော်မူခဲ့ပါတယ်။

မြန်မာသက်သက် အဓိပ္ပါယ်အကျယ်ကတော့ 'အဆိပ်ပင်ကြီးတစ်ပင်ရှိတယ်လို့ ဆိုကြပါစို့။ အကိုင်း၊ အခက်၊ အလက်တွေကို ခုတ်ထွင်ဖြတ်တောက်ရှင်းလင်းရုံမျှနှင့် ထိုအဆိပ်ပင်ကြီးမသေနိုင်။ မိုးဦးကျတော့ စည်စည်ကားကား ပေါက်ပွားလာဦးမှာပဲ။

ငုတ်ရင်းသာကျန်အောင် ပင်စည်ကို လွှဖြင့်ဖြတ်ပြီး လှဲလိုက်တော့ အဆိပ်ပင်ကြီးသေရော့သလား။ မသေသေးဘူး။ (၃)နှစ်၊ (၄)နှစ်လောက်ကြာတဲ့အခါ ရှေး ကလိုပဲ အကိုင်းအခက် ဝေဝေဆာဆာနှင့် အပင်ကြီး ဖြစ်လာဦးမှာပဲ။

အမြစ်ပါမကျန်အောင် တူးဖော်၊ ဖြတ်တောက်၊ နေလှန်း၊ မီးရှို့ပစ်လိုက်တော့ ထိုအဆိပ်ပင်ကြီးဟာ နောင်တစ်ဖန် ရှင်သန်၊ ပေါက်ပွားနိုင်ခွင့်မရှိတော့ဘဲ အပြီးတိုင် သေဆုံးသွားတာပေါ့။ ဥပမာနှင့် ဥပမေယျကိုဟပ်လိုက်ကြပါဦးစို့။

အဆိပ်ပင်ကြီး၏ အကိုင်း၊ အခက်၊ အလက်၊ အရွက်တွေကို ဖြတ်ပယ်ခြင်းသည် ကာယကံသောင်းကျန်းမှု၊ ဝစီကံသောင်းကျန်းမှုဆိုတဲ့ 'ဝီတိက္ကမ'ကိလေသာကြမ်းကို 'သီလ'ဖြင့် သတ်တာနှင့်တူပါတယ်။ သို့သော်လည်း 'ခေတ္တ' 'တဒင်္ဂပဟာန်'သာဖြစ်လို့ လောဘစတဲ့ ကိလေသာတွေ တစ်ဖန်စည်ကားဦးမှာပဲ။



ငုတ်တိုကလေးသာ ကျန်အောင်ဖြတ်ခြင်းသည် မနောဒွါရမှာ ဆူပွက်ထကြွနေတဲ့ 'ပရိယုဋ္ဌာန'ကိလေသာ အလတ်စားကို 'သမထ'ဖြင့် သတ်တာနှင့်တူပါတယ်။

သို့သော် နှစ်ဘဝလောက်သာ ကြာကြာခံတဲ့ 'ဝိက္ခမ္ဘနပဟာန်'မျိုးဖြစ်လို့ စိတ်မချရသေးပါ။ ထိုထိုအာရုံတွေနှင့် တွေ့လျှင် ကြီးထွားစည်ကားလာဦးမှာပါပဲ"လို့ ဆိုလိုပါတယ်။

## အနုသယ ကိလေသာကို သတ်ပုံ

ရေသောက်မြစ်နှင့်တကွ မြစ်သေးမြစ်မွှားမကျန် တူးဖော်၊ ခုတ်ဖြတ်၊ နေလှန်း၊ မီးရှို့ပစ်ခြင်းသည် အနမတဂ္ဂသံသရာမှစပြီးတော့ ကိန်းအောင်းနေတဲ့ 'အနုသယ'ကိလေသာကို 'ဝိပဿနာ'ပညာဖြင့် သတ်တာနှင့်တူပါတယ်။

အဲဒီလို သတ်နည်းကတော့ 'သမုစ္ဆေဒပဟာန်' ဆိုတဲ့ အကြွင်းမဲ့သတ်နည်းဖြစ်လို့ စိတ်ချလက်ချ တကယ်အေးရပါတယ်။

ယခုဖော်ပြခဲ့တဲ့ ကိလေသာ (၁၀)ပါးတို့တွင် 'ဒိဋ္ဌိကိလေသာ'ဟာ အဆိုးဆုံးခေါင်းဆောင်ကြီး ဖြစ်ပါတယ်။ 'ဒိဋ္ဌိ'ဆိုတာလည်း အထင်မှား၊ အမြင်မှားဆိုတဲ့ 'အတ္တဒိဋ္ဌိ' 'သက္ကာယဒိဋ္ဌိ'ကြီးကို ဆိုလိုပါတယ်။ 'သတ္တဝါဒုပါဒါန်' 'အတ္တာနုဒိဋ္ဌိ'လို့လည်း ခေါ်ကြပါသေးတယ်။

☐ (ဆက်လက်ဖော်ပြပါမည်)

www.foreverspace.com.mm






# စိတ်ငြိမ်းချမ်းမှု
# PEACE *of* MIND

by : Hari Datt Sharma

ဟိန်းလတ်

(ယခင်လမှအဆက်)

**29.Sensuous Pleasure is Not Pure Love**
**စွဲမက်မှုကိလေသာသည် အချစ်စစ်မဟုတ်**

- *A husband loves his wife not for his wife,*
  *But to enjoy sensuous pleasures from his wife.*
  *If leprosy or small pox destroys her beauty,*
  *Then he will try to avoid her in all his duties.*
- ခင်ပွန်းသည်က ဇနီးမယားကိုချစ်တာ တကယ့် ဇနီးကိုချစ်တာမဟုတ်ပါ၊
  သူ့ဇနီးထံမှ စွဲမက်မှုကိလေသာကိုမျှသာ။
  ကုဋ္ဌနူနာ သို့မဟုတ် ကျောက်ရောဂါစွဲကပ်လာလျှင်
  ခင်ပွန်းသည်က သူ့ကို ဝေးဝေးရှောင်ချင်။

- *To love someone to attain something is the selfish love,*
  *Love for the sake of love is the true love.*
  *Love of the body or skin is a passion of strange kind,*
  *Love of God is a devotion which comes from the mind.*
- တစ်ခုခုရဖို့ ချစ်တာ အဲဒါအတ္တနဲ့ယှဉ်တဲ့မေတ္တာ၊
  ဖြစ်သင့်တာက ချစ်လို့ချစ်တယ်ဆိုတာ။
  ရုပ်ခန္ဓာနဲ့ အရေပြားအလှကို ချစ်တာကတစ်မျိုး၊
  ဘုရားကို ချစ်ကြည်ညိုတာက စိတ်တန်ခိုး။

- *But A drop of sensual pleasure is always mixed with a pail of pain,*

www.foreverspace.com.mm



*Why people think it a very big gain.*
*Craving is the cause of sorrow and pain,*
*Why not keep it under control when nothing you gain.*

- စွဲမက်မှုကိလေသာ တစ်စက်တစ်စပေါက်မှာ၊
ဝေဒနာတစ်ပုံးလောက်ပါဝင်တာ။
ဒါကိုပင် လူတွေက အောင်ပွဲထင်၊
ကြေကွဲမှုနဲ့ ဝေဒနာ တစ်ပုံတစ်ပင်။
ဒါနဲ့များပင် ဘာကြောင့်များ၊
စိတ်မထိန်းနိုင်ကြတယ်တအား။

- *Good or bad are only the thinking of the mind,*
*Something good may be bad in some other's mind.*
*When anybody rebukes, taunts or insults, don't lose heart,*
*It is only a play of words and sounds on his part.*

- ကောင်းတာဆိုးတာ ထိုနှစ်ဖြာ၊ အဲဒါစိတ်ထဲမှာ၊
တစ်ယောက်ကောင်းတာ၊ တစ်ယောက်အဆိုး
မြင်တာ ဓမ္မတာ။
တစ်ခါတစ်ယောက်က စော်ကားသမှုပြုရင်၊
ကြာရှည်မထား စိတ်ထဲတွင်။
ဒါတွေဟာ တကယ်တော့များ၊
စကားလုံးနဲ့ အသံမျှသာ သဘောထား။

- *Lust, anger, arrogance, affection, egoism and greed.*
*All religions advise how to keep them under control,*
*These prove the worst enemies if are not controlled.*

- တဏှာ၊ ဒေါသ၊ မာန၊ သံယောဇဉ်၊ အတ္တ၊
လောဘတွေကိုပင်၊
ဘာသာတိုင်းက ထိန်းချုပ်ပြုပြင်စေချင်။
အဲဒါတွေဟာ မထိန်းချုပ်လျှင်၊
အဆိုးဆုံးရန်သူတွေဖြစ်မှာပင်။

- *When these are under control, one feels a calm mind,*
*And prove a spring-board to attain peace of mind.*

- စိတ်ဆင်ရိုင်းကို ချွန်းနဲ့အုပ်၊
ဒါတွေကို ထိန်းချုပ်။
အဲဒီအခါ ရောက်လာအမြဲ၊
စိတ်ငြိမ်းချမ်းမှုပဲ။

## 30.Tension is a Modern Malady

### စိတ်တင်းကျပ်မှုဟာ မော်ဒန်ရောဂါ

- *Tension is a modern malady difficult to escape,*
*It follows everywhere sleeping or awake.*
*It is like a king cobra whose poison never fails,*
*People suffering from this malady can never hail.*

- စိတ်တင်းကျပ်မှုဟာ မော်ဒန်ရောဂါ၊
ရှန်းထွက်ဖို့ ခက်ခဲတာ။
အိပ်ပဲနေနေ၊ နိုးပင်နိုးစေ၊
နေရာတကာလိုက်လို့နေ။
အဆိပ်မကုန်နိုင်တဲ့ မြွေဟောက်ဘုရင်ပမာ၊
လူတိုင်းခံစားနေရ ဒီရောဂါ။

- *Hurry & worry always produce very big tension,*

www.foreverspace.com.mm

*Fear and anger always produce*
*very big tension.*
*Marital quarrels also produce*
*very big tension,*
*To meddle with the lives of*
*others is also a cause of tension.*

- သုတ်သုတ်ပြာပြာနဲ့ သောကဝေဒနာ၊
ဖြစ်စေတာ စိတ်တင်းကျပ်မှုပါ။
ထိတ်လန့်မှုနဲ့ ဒေါသသည်လည်း၊
စိတ်တင်းကျပ်မှုဖြစ်မှာပဲ။
အိမ်ထောင်ရေးပဋိပက္ခများ၊
စိတ်တင်းကျပ်မှုပွား။
သူတစ်ပါးနဲ့ စွက်ဖက်လုပ်ရှား၊
စိတ်တင်းကျပ်မှု အကြောင်းတရား။

- *Ungrateful children may also be*
*a cause of your tension,*
*Malice and envy is also a cause*
*of mental tension.*
*Covetousness also produces a*
*very big tension,*
*Family problems may also be a*
*cause of your tension.*

- ကျေးဇူးစွပ်တတ်တဲ့ သားသမီးများကြောင့် တစ်ခါ၊
စိတ်တင်းကျပ်မှုဖြစ်စေတာ။
မလိုတမာစိတ်နဲ့ ဝန်တိုမစ္ဆရိယ၊
စိတ်တင်းကျပ်မှုဖြစ်စေရ။
အငမ်းမရ လိုချင်ရင်၊
စိတ်တင်းကျပ်မှု ဖြစ်မှာပင်။
မိသားစုပြဿနာများ၊
စိတ်တင်းကျပ်မှု အဆပွား။

- *Job problems may be a cause of*
*your tension,*
*Money problems may also be a*
*cause of your tension.*
*False pride is also a cause of*
*your tension,*
*People drink wine & whisky to*
*avoid tension.*

- အလုပ်နဲ့ ငွေကြေးပြဿနာ၊
စိတ်တင်းကျပ်မှု ဖြစ်စေတာ။
ဟန်ဆောင်မှု မာန်မာန၊
စိတ်တင်းကျပ်မှု ဖြစ်ပြန်ရ။
စိတ်တင်းကျပ်မှု ပြေပျောက်ရန်အလို့ငှာ၊
ဝိုင်နဲ့ဝီစကီသောက်ကြတာ။

- *Some take dope and drugs to*
*avoid tension,*

- တချို့ကလည်း တစ်မျိုးပဲ၊
မူးယစ်ဆေးတွေစွဲ။

- *Our glands secrete hormones to*
*keep in check that tension.*
*Those hormones help to decrease*
*the tension.*
*For a while they succeed to*
*bring the imbalance down,*
*But ultimately defence system*
*itself breaks down.*

- ကိုယ်ခန္ဓာထဲက ဂလင်းတွေ၊
ဟော်မုန်းတွေကို စစ်ထုတ်ပါ။
ဒီဟောမုန်းများက အလွယ်တကူ၊
စိတ်တင်းကျပ်မှု ဖျောက်ဖျက်ယူ။
ဒီဟန်ချက်ပျက်သွားရင်တော့၊
ကာကွယ်မှု စနစ်ပျက်သွားပြီပေါ့။

- *Heart muscle loses resiliency,*
*arteries harden and BP ruse,*
*Heart attack develops and*
*arthritis strike,*
*Then encourage ulcer, cancer and*

www.foreverspace.com.mm



*many diseases,*
*And try to fill the body with*
*many strange diseases.*

- နှလုံးကြွက်သားတွေက ဒဏ်ခံနိုင်ရည်
ပျက်ယွင်းကာ၊
သွေးလွှတ်ကြောများ မာကျောလာ။
သွေးတိုးနှုန်းများ မြင့်တက်စွာ၊
နှလုံးရောဂါနဲ့ လေးဖက်နာ၊
ဖြစ်လာများစွာ ကင်ဆာရောဂါ။

- *Right living and right thinking is*
*the best way of life,*
*Try to live a peaceful and happy*
*life.*
*If you want to enjoy a happy*
*and longer life,*
*Try to avoid tension in your life.*

- မှန်ကန်စွာနေ၊ မှန်ကန်စွာတွေးတော၊
ဒါဟာ အကောင်းဆုံးလူ့မနော။
သက်ရှည်ကျန်းမာနေလိုလျှင်ကား၊
စိတ်တင်းကျပ်မှုကို ဝေးစွရှောင်ရှား။

## 31. Let Go All Your Worries to Attain Peace

**ငြိမ်းအေးမှုရဖို့ရာ သောကအားလုံး ဖြေလျှော့ပါ**

- *If you want real peace, always*
*keep in mind,*
*You will have to cultivate peace*
*in your heart and mind.*
*Remove the weeds of lust, hatred*
*and greed,*
*Anger, selfishness and jealousy*
*should also not breed.*

- စိတ်ငြိမ်းချမ်းမှုရချင်ရင်၊
စိတ်ထဲအမြဲ မှတ်ထားစေချင်၊
နှလုံးသားနဲ့ စိတ်မှာငြိမ်းချမ်းမှု ပျိုးထောင်ပါအစဉ်။
ရမ္မက်၊ အမုန်းနဲ့ လောဘပေါင်းပင်များကို
ရှင်းလင်းကာ၊
ဒေါသ၊ အတ္တ၊ မစ္ဆရိယများကို မမွေးမြူသင့်ပါ။

- *Wealth, sex and wine can't give*
*real peace,*
*These are the enemies of the*
*peace.*
*Peep in the inner chamber of*
*your heart,*
*Remove suspicion and prejudice*
*from that part.*

- ငွေကြေးချမ်းသာ၊ လိင်နဲ့ဝိုင်အရက်ဟာ၊
ငြိမ်းအေးမှု အစစ်မပေးနိုင်ပါ။
ဒါတွေဟာ ငြိမ်းချမ်းရေးရဲ့ရန်သူ၊
သင့်နှလုံးသားထဲမှာ မင်းမူ။
သံသယနဲ့ မလိုမုန်းတီးမှု၊
ဖယ်ရှားပါ ယခု။

- *Greed for power and possession*
*always disturbs the mind,*
*Let go all the worries from your*
*mind.*
*Enlightenment and God never*
*come from outside,*
*Are already within you awaiting*
*to be discovered by.*

- အာဏာနဲ့ ပစ္စည်းလောဘ၊
အမြဲပင် စိတ်ကို ဖျက်ဆီးကြ။
စိတ်ထဲက သောက ဝေဒနာ၊
အားလုံးကို ဖြေလျှော့ပါ။
စိတ်ငြိမ်းချမ်းမှုဟာ အပြင်မှမလာ၊
တကယ့်သင့်ကိုယ်ထဲမှာ။

☐ ဆက်လက်ဖော်ပြပါမည်



# သောတာပန်နှင့် သံသရာ

ဝနဝါသီ-အရှင်ဝါသေဋ္ဌာဘိဝံသ

ဤအရှင်သည် ကောဇာသက္ကရာဇ် ၁၃၆၇-ခုနှစ်၊ တော်သလင်းလဆန်း (၈)ရက်၊ (၁၀.၉.၀၅) နေ့တွင် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့သို့ တရားဟောရန် ကိစ္စနှင့် ရောက်ရှိခဲ့ပါသည်။ ရေလယ်ကျောင်းမှာ တည်းခိုနေခဲ့ပါသည်။ နေ့လယ်ဆွမ်းကိစ္စ ပြီးစအချိန်ဝယ် အသက် (၂၅)နှစ်ခန့်ရှိသော ဒကာတစ်ယောက် ရောက်ရှိလာပြီး-

"ဘုန်းဘုန်းဘုရား၊တပည့်တော် သောတာပန်ဖြစ်ချင်တယ်ဘုရား၊ အဲဒါဘယ်လိုလုပ်ရမလဲဘုရား"ဟု မေးလာသဖြင့်-

"သောတာပန် ဖြစ်ချင်ရင် တရားတွေ ကြိုးစားအားထုတ်ပေါ့ကွယ်"

"အားထုတ်တာတော့ ဟုတ်တာပေါ့ဘုရား၊ ဘယ်လိုတရားမျိုး အားထုတ်ရမယ်ဆိုတာ မသိဘဲ၊ စမ်းတဝါးဝါးဆိုရင်လည်း အချိန်ကုန်လူပန်းဖြစ်မှာစိုးတယ်ဘုရား"



www.foreverspace.com.mm

www.foreverspace.com.mm



"အေး ..ဒါလည်း ဟုတ်တာပဲကွယ့်။ တကယ်အားထုတ်ရမယ့်တရားကတော့ သတိပဋ္ဌာန်တရားပေါ့ကွယ်။ ဒီထက်ရှင်းအောင်ပြောရရင် ပစ္စုပ္ပန်အခိုက် ထင်ရှားဖြစ်ဆဲ ရုပ်တရား၊ နာမ်တရားတွေကို အဆက်မပြတ် ရှုပွားနေရမယ်။ အဲဒီလို ရှုပွားနေရင်းက အရှုခံဖြစ်တဲ့ ရုပ်နာမ်တရားတွေရော၊ ရှုစိတ်ပါ ချုပ်ငြိမ်းသွားတဲ့သဘောဟာ ရှုဉာဏ်၊ အသိဉာဏ်ထဲမှာ ထင်ရှားပေါ်လာတယ်ကွယ့်"

"အဲဒါကလည်း တော်တော်ကလေး ကြာကြာအားထုတ်မှ ရမှာပေါ့နော် ဘုရား"

"အင်း ..မိမိရဲ့ သဒ္ဓါအား၊ ဝီရိယအား၊ သတိအားတွေရင့်ပြီး ကြိုးစားရမယ်။ အဲဒီစွမ်းအားတွေ ထက်သန်ရင်တော့ သောတာပန်မြန်မြန်ဖြစ်လာမှာပဲကွယ့်"

"သောတာပန်အဖြစ်ရောက်ပုံကို တိုတိုကျဉ်းကျဉ်း ရှင်းရှင်းလင်းလင်း မိန့်ပါဦးဘုန်းဘုန်း"

"ရုပ်သင်္ခါရ၊ နာမ်သင်္ခါရတရားကို ရှုပွားနေရင်း ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တက်လာလိုက်တာ 'သင်္ခါရုပေက္ခာဉာဏ်' အဆင့်အထိရောက်သွားရင် ယောဂီပုဂ္ဂိုလ်ဟာ အရှုခံအာရုံကို စိတ်နဲ့တွေ့အောင် အထူးကြောင့်ကြစိုက်စရာ မလိုတော့ဘူးကွယ့်"

"ဘာဖြစ်လို့လဲဘုရား"

"ဝိပဿနာဉာဏ်တွေရဲ့ ထက်သန်မှုကြောင့် အရှုခံတရားတွေဟာ တမင်ဖော်ပြပေးနေသလို ထင်ထင်ရှားရှားတွေ့လာတာကိုးကွယ့်။ အလေ့အကျင့်ကလည်း အားကောင်းနေတော့ ရှုစိတ်တွေဟာလည်း ပေါ်နေဆဲ အရှုခံအာရုံမှာ အဆင်သင့်ရှုမှတ်ပြီးသား ဖြစ်ဖြစ်သွားတယ်ကွယ့်"

"မှန်ပါဘုရား"

"အဲဒီလို အခြေအနေရောက်ရင် အာရုံတွေရဲ့အပေါ်မှာ နှစ်သက်သာယာမှုတွေလည်း တဖြည်းဖြည်းကင်းလာတယ်။ အာရုံကို မှီပြီး နှလုံးမသာယာမှုတွေလည်း ကင်းလာတယ်။ ပေါ်လာသမျှ ရုပ်နာမ်အာရုံကို အကောင်းအဆိုး နှလုံးမသွင်းတော့ဘဲ ရုပ်နာမ်တရားတွေရဲ့ ဖြစ်နေ ပျက်နေတဲ့ လက္ခဏာကိုပဲ ရှုမှတ်နှလုံးသွင်းနေတယ်။ ရှုဉာဏ်တွေလည်း ပိုပြီးသွက်လက်လာ စိပ်စိပ်လာတယ်ကွယ့်"

"အံ့သြစရာပဲဘုရား"

"မဂ်ဉာဏ်ဆိုက်ခါနီး အချိန်မှာ 'ဝုဋ္ဌာနဂါမိနီအနုလောမဉာဏ်' အခိုက်မှာဆိုရင် မယုံကြည်နိုင်လောက်အောင် ရှုကွက်တွေရှင်းလာ၊ ရှုဉာဏ်တွေ သွက်လာတယ်ကွယ့်။ ကိုယ်တိုင်ကြုံတွေ့ရမှ အားထုတ်ကြည့်မှပဲ သေသေချာချာသိမှာပါကွယ်။ ဘုန်းကြီးပြောတာနဲ့ နားထောင်နေရုံနဲ့ မပြီးသေးဘူးကွယ့်"

"မှန်ပါ၊ တပည့်တော်လည်း အားခဲထားပါတယ်ဘုရား"

"အဲဒီလို ရှုဉာဏ်တွေရင့်သန် အားကောင်းလာရာကနေ ရုပ်နာမ်သင်္ခါရ ဒုက္ခသစ္စာတရားတွေရဲ့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို သောတာပတ္တိမဂ်ဉာဏ်နဲ့ မြင်သွားတယ်ကွယ့်။ အဲဒီ သောတာပတ္တိမဂ်ဉာဏ်ဟာ လျှပ်စီးလက်သလောက်ပဲ ကြာတယ်။ ဖြစ်ပြီးတာနဲ့ ချုပ်တာပဲကွယ့်"

"ချုပ်ပြီးရင် ဘာမှမဖြစ်တော့ဘူးလား ဘုန်းဘုန်း"

"ချုပ်ပြီးသွားတာနဲ့ ချက်ချင်း သောတာပတ္တိဖိုလ်စိတ် ဖြစ်ပေါ်လာတယ်ကွယ့်။ အဲဒီသောတာပတ္တိဖိုလ်စိတ်ဖြစ်လာရင် သောတာပန်ပုဂ္ဂိုလ်လို့ ခေါ်ရတော့တာပဲကွယ့်"

"သောတာပတ္တိဖိုလ်စိတ်ကရော မချုပ်ဘူးလားဘုရား"

"ချုပ်တော့ ချုပ်တယ်ကွယ့်။ ဒါပေမယ်လို့ မဂ်ဉာဏ်နဲ့ဖိုလ်ဉာဏ် မတူတာရှိတယ်"

"အမိန့်ရှိပါဘုရား"

"မဂ်ဉာဏ်က ဖြစ်ပြီးပျက်တယ်။ နောက်ထပ် လုံးဝပြန်မဖြစ်တော့ဘူး"

"ဖိုလ်ဉာဏ်ကတော့ ပျက်သွားသော်လည်း နောက်ထပ် ပြန်ဖြစ်နိုင်တယ်။ ဖလသမာပတ်ဝင်စားတဲ့ အရိယပုဂ္ဂိုလ်တွေဆိုရင် ဖိုလ်စိတ်တွေချည်းပဲ ဖြစ်လိုက်ပျက်လိုက်နဲ့ အစဉ်မပြတ် တရစပ် အကြိမ်ပေါင်းများစွာ ဖြစ်နိုင်တယ်ကွယ့်"

"အဲဒီမဂ်ဉာဏ်ဆိုက်တဲ့အခါမှာ နိဗ္ဗာန်ကို အာရုံပြုပြီး ကိလေသာတွေကိုလည်း ပယ်သတ်တယ်လို့ တပည့်တော်ကြားဖူးထားတယ် ဘုရား"

"ဟုတ်တယ်ကွယ့်၊ သောတာပတ္တိမဂ်နဲ့ ကိလေသာတွေ အကုန်လုံးကိုတော့ မပယ်နိုင်သေးဘူး

www.foreverspace.com.mm



ကွယ့်။ အပါယ်ကျစေနိုင်တဲ့ ကိလေသာလောက်ကိုပဲ ပယ်နိုင်သေးတယ်။ ကြီးမားခိုင်ခံ့လှတဲ့ သံတုံးသံခဲကြီးများဟာ ဖောက်ခွဲဖျက်ဆီးဖို့ ခက်ခဲသလို အားကောင်းလှတဲ့ ကိလေသာထုကြီးကိုလည်း အကုန်လုံးဖြိုခွဲဖို့ ခက်ခဲတာပေါ့ကွယ်"

"မှန်ပါဘုရား။ သောတာပန် ပုဂ္ဂိုလ်ဟာ သံသရာမှာ ခုနစ်ဘဝပဲ ပဋိသန္ဓေနေရတော့တယ်ဆိုတာ ဟုတ်သလားဘုရား"

"ဟုတ်တယ်ကွယ့်။ အဲဒါနဲ့ပတ်သက်ပြီး သောတာပန်ပုဂ္ဂိုလ် (၃)မျိုးအကြောင်းကို ပြောပြလိုက်မှ ပိုရှင်းသွားမှာပဲ"

"အမိန့်ရှိပါဦးဘုရား"

"သောတာပန် ပုဂ္ဂိုလ်ဟာ-

(၁) သတ္တက္ခတ္တုသောတာပန်၊

(၂) ကောလံကောလ သောတာပန်၊

(၃) ဧကဗီဇ သောတာပန်

ဆိုပြီး သုံးမျိုးသုံးစားရှိတယ်ကွယ့်"

"အဓိပ္ပါယ်ကို အမိန့်ရှိပါဦးဘုရား"

"သုဂတိသံသရာမှာ ခုနစ်ဘဝ ပဋိသန္ဓေနေရဦးမယ့် သောတာပန်ဟာ 'သတ္တက္ခတ္တုပရမ'သောတာပန်ကွယ့်"

"မှန်ပါဘုရား"

"သုဂတိသံသရာမှာ တစ်ဘဝ၊နှစ်ဘဝမှ စပြီး ခြောက်ဘဝထိ ပဋိသန္ဓေနေရဦးမယ့် သောတာပန်ဟာ 'ကောလံကောလ'သောတာပန်ကွယ့်။ မြင့်မြတ်တဲ့ အမျိုးတစ်ခုကနေ မြင့်မြတ်တဲ့အမျိုးတစ်ခုကို သွားရောက်တတ်တဲ့ သောတာပန်လို့ အဓိပ္ပါယ်ရတယ်။ သောတာပန်ဖြစ်ပြီးသည်မှ စပြီးတော့ ယုတ်ညံ့တဲ့အမျိုးမှာ မဖြစ်ရတော့ဘူး။ စီးပွားဥစ္စာပေါများပြည့်စုံပြီး မြင့်မြတ်တဲ့အမျိုးမှာသာလျှင် ဖြစ်ရပါတယ်"

"တရားရဲ့ အကျိုးပေးပုံက တယ်ဆန်းကြယ်တာကိုးဘုရား"

"အကြောင်းကောင်းတော့ အကျိုးကောင်းတာပေါ့ကွယ်။ ခန္ဓာမျိုးစေ့ ပဋိသန္ဓေဝိညာဏ်တစ်ခုတည်းသာရှိတဲ့ သောတာပန်ကတော့ 'ဧကဗီဇ'သောတာပန်ပါ။ တစ်ခုသောဘဝမှာသာ ပဋိသန္ဓေတည်နေခွင့်ရှိတော့တဲ့ သောတာပန်ပါ။ သောတာပန်တည်ပြီးနောက် လူ့ဘဝမှာဖြစ်စေ၊ နတ်ဘဝမှာဖြစ်စေ တစ်ဘဝသာ ပဋိသန္ဓေတည်နေပြီး ရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန်ဝင်စံရမယ့်ပုဂ္ဂိုလ်ပဲကွယ့်"

"ဘုန်းဘုန်း အခုအမိန့်ရှိတာတွေဟာ ကျမ်းဂန်လာစကားတွေပဲလားဘုရား"

"ဟုတ်တယ်ကွယ့်၊ ပုဂ္ဂလပညတ်ပါဠိတော်မှာ ဒီအတိုင်းဖော်ပြထားတယ်။ အဲဒီ သောတာပန်သုံးမျိုးဟာ နောက်ဆုံး ရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန်ဝင်စံရမည့်ဘဝအထိ သောတာပန်အဖြစ်နဲ့ပဲ တည်နေကြရတယ်။ အကြားအကြားဘဝမှာ သကဒါဂါမ်၊ အနာဂါမ်ဖြစ်သွားတယ်ဆိုတာ မရှိဘူး"

"မေးစရာကတော့ ပေါ်

> မိမိရဲ့ သဒ္ဓါအား
> ဝီရိယအား၊
> သတိအားတွေရင်းပြီး
> ကြိုးစားရမယ်။
> အဲဒီစွမ်းအားတွေ
> ထက်သန်ရင်တော့
> သောတာပန်
> မြန်မြန်ဖြစ်လာမှာပဲကွယ့်

လာပြန်ပြီဘုန်းဘုန်း"

"မေးစရာရှိရင် မေးသာမေးကွယ့်၊ ဒါမှအမှန်သိမှာ"

"သောတာပန်ဖြစ်ပါလျက်နဲ့ ဘာကြောင့် (၃)မျိုးကွဲပြားရတာလဲ ဘုရား"

"အထက်မဂ်ဉာဏ်၊ဖိုလ်ဉာဏ်ရအောင် အားထုတ်တဲ့နေရာမှာ ဝိပဿနာဉာဏ် ထက်သန်အားကောင်းမှု၊ အားနည်းမှုတွေအပေါ်မူတည်ပြီးတော့ သောတာပန်သုံးမျိုးကွဲပြားရတာပဲကွယ့်။ ဆိုလိုရင်းကတော့ သကဒါဂါမ်၊အနာဂါမ်၊ ရဟန္တာအဖြစ် တက်လှမ်းနိုင်အောင် အားထုတ်တဲ့အခါ ဝိပဿနာဉာဏ် ထက်သန်မှုအားကောင်းရင် 'ဧကဗီဇ' သောတာပန်ပဲ။ အဲဒီပုဂ္ဂိုလ်ဟာ လူ့ဘုံမှာဖြစ်စေ၊ နတ်ဘုံမှာဖြစ်စေ နောက်ထပ် တစ်ဘဝပဲ ပဋိသန္ဓေတည်နေပြီး အဲဒီဘဝမှာပဲ ရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန်ဝင်စံပါတယ်"

"မှန်ပါဘုရား"

"ဧကဗီဇ သောတာပန် လောက် ဝိပဿနာဉာဏ် မထက် သန်ရင်တော့ 'ကောလံကောလ' သော တာပန် ဖြစ်ရတယ်။ အဲဒီပုဂ္ဂိုလ်ဟာ လည်း မိမိဆက်လက်ကျင့်ကြံအား ထုတ်ဆဲ ဝိပဿနာဉာဏ် အနုအရင့် ကို မူတည်ပြီး အချို့လူ့ဘုံ၊နတ်ဘုံ မှာ နှစ်ဘဝ၊ အချို့သုံးဘဝ၊ အချို့ လေးဘဝ၊ အချို့ငါးဘဝ၊ အချို့ ခြောက်ဘဝ ပဋိသန္ဓေတည်နေရပြီး ရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန်ဝင်စံရ တယ်ကွယ့်"

"ဒီလိုဆိုရင် ကောလံ ကောလ သောတာပန်ဟာ (၅)မျိုး အထိရှိနိုင်တယ်လို့ ဆိုရမှာပေါ့ဘုန်း ဘုန်း"

"ဟုတ်တယ်ကွယ့်၊ မင်း သဘောပေါက်သွားပြီပဲ။ သတ္တက္ခတ္တု ပရမ သောတာပန်ကတော့ ကောလံ ကောလ သောတာပန်လောက် ဝိပ-ဿနာဉာဏ် မထက်သန်ဘူး။ ဒါ ကြောင့် ခုနစ်ဘဝအထိ သောတာပန် အဖြစ်နဲ့ နေရပြီးမှ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံတော်မူရတယ်ကွယ့်"

"ဘုံစဉ်စံသောတာပန်ဆို တာ ဘုန်းဘုန်းအခုပြောပြခဲ့တဲ့ အထဲမှာ ပါသလားဘုရား"

"ဟာ ..သိပ်ကောင်းတဲ့ မေးခွန်းပဲကွယ့်။ အခုပြောပြပြီးခဲ့တဲ့ သောတာပန်သုံးမျိုးထဲမှာ မပါဘူး ကွယ့်။ဘုံစဉ်စံ သောတာပန်ဟာ အခု ဘဝမှာ သောတာပန်တည်ပြီးရင် နောက်နောင်ဘဝတွေမှာ သကဒါဂါမ်၊ အနာဂါမ်အဖြစ်ရောက်တယ်။ အဲဒီ ကနေတစ်ဆင့် သုဒ္ဓါဝါသဗြဟ္မာ့ဘုံ မှာ ရဟန္တာအဖြစ်ရောက်ပြီးမှ ပရိ နိဗ္ဗာန်ဝင်စံရတယ်။အဋ္ဌကထာဆရာ များကတော့ အဲဒီလိုပုဂ္ဂိုလ်မျိုးကို-

"ဝဋ္ဋာဘိရတာသယ=ဝဋ်ကိုလို လားသူ၊ဝဋ္ဋာဘိရတာ=ဝဋ်တရား၌ ပျော်မွေ့သူ" လို့ ဖော်ပြထားပါတယ်။ အနာထပိဏ်သူဌေးတို့၊ စူဠရထနတ် သား၊ မဟာရထနတ်သား၊ အနေက ဝဏ္ဏနတ်သား၊သိကြားမင်း၊နာဂဒတ္တ နတ်သား၊ ဝိသာခါကျောင်းအမကြီး တို့လို ပုဂ္ဂိုလ်မျိုးတွေပေါ့"

"ဒါဖြင့်ရင် သံသရာမှာ အကြာကြီးနေရဦးမှာပေါ့ဘုရား"

"ဟုတ်တယ်ကွယ့်၊ အဲဒီ လိုပုဂ္ဂိုလ်မျိုးတွေဟာ သောတာပန် အဖြစ်နဲ့ နတ်စည်းစိမ်ကို ခံစားကြရ ပြီး နောက်ဆုံးဘဝမှာ အကနိဋ္ဌ ဗြဟ္မာ့ဘုံရောက်ပြီး ရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန်ဝင်စံကြရမှာဖြစ်တယ်။ အကနိဋ္ဌဘုံမရောက်မီ အကြား အ ကြားဘဝတွေမှာ သကဒါဂါမ်၊ အနာ ဂါမ်ဖြစ်ပြီး သေဆုံးပြီးနောက် အဝိ ဟာဘုံ၊ အတပ္ပါဘုံ၊ သုဒဿာဘုံ၊ သုဒဿီဘုံတို့မှာ အစဉ်အတိုင်းဖြစ် ရပြီး နောက်ဆုံးဘဝရောက်မှ အက နိဋ္ဌဗြဟ္မာ့ဘုံမှာ ရဟန္တာဖြစ်ရတာပါ။ အဲဒီလိုပုဂ္ဂိုလ်တွေဟာ နတ်ဘုံမှာ လည်း အစဉ်အတိုင်း၊ သုဒ္ဓါဝါသ ဗြဟ္မာငါးဘုံမှာလည်း အစဉ်အတိုင်း ဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံရတဲ့အတွက် ကြောင့် ဘုံစဉ်စံလို့ ခေါ်ပါတယ်။တစ် နည်းအားဖြင့် သောတာပန်အဆင့်၊ သကဒါဂါမ်အဆင့်၊ အနာဂါမ်အဆင့် ဆိုတဲ့ ဘုံဌာနတွေကို တစ်ဘဝချင်း ရောက်ပြီးမှ နောက်ဆုံး ရဟန္တာအဆင့် ဆိုတဲ့ ဘုံဌာနရောက်ပြီး ပရိနိဗ္ဗာန် ဝင်စံရလို့လည်း ဘုံစဉ်စံပုဂ္ဂိုလ်လို့ ခေါ်ပါတယ်"

"ဒီလိုဆိုရင် ဘုံစဉ်စံ သောတာပန်တွေဟာ သံသရာမှာ ကမ္ဘာနဲ့ချီပြီးတော့တောင် ကျင်လည် နိုင်တာပေါ့ဘုရား"

"ကမ္ဘာတောင်မှ နည်း နည်းမဟုတ်ဘူးကွယ့်။ အနာထပိဏ် တို့၊ သိကြားမင်းတို့၊ ဝိသာခါတို့ဟာ အခုလက်ရှိ သောတာပန်ဖြစ်နေရတဲ့ ဘုံမှာပဲ အနာဂါမ်ဖြစ်ပြီးနောက် သေဆုံးပြီးရင် အဝိဟာဗြဟ္မာဘုံမှာ ကမ္ဘာတစ်ထောင်၊ အတပ္ပါဗြဟ္မာဘုံ မှာ ကမ္ဘာနှစ်ထောင်၊ သုဒဿာ ဗြဟ္မာဘုံမှာ ကမ္ဘာလေးထောင်၊သုဒ-ဿီဗြဟ္မာဘုံမှာ ကမ္ဘာရှစ်ထောင်၊ အကနိဋ္ဌဗြဟ္မာဘုံမှာ ကမ္ဘာတစ် သောင်းခြောက်ထောင်၊ စုစုပေါင်း ကမ္ဘာသုံးသောင်းတစ်ထောင်အထိ ကျင်လည်ပြီးမှ ပရိနိဗ္ဗာန်ဝင့်စံကြရ မယ်ကွယ့်"

"မှန်ပါ၊ ဘုန်းဘုန်းအမိန့် ရှိလိုက်မှ တပည့်တော် သောတာပန် ရဲ့ သံသရာမှာ ကျင်လည်ရတဲ့ သက် တမ်းတွေလည်း ကွဲကွဲပြားပြားသိရ တော့တယ် ဘုရား။ဘုန်းဘုန်းအချိန် တွေကို လာနှောင့်ယှက်သလို ဖြစ် နေပြီ။ တပည့်တော်ဦးတင်ပါတယ် ဘုရား" ဟူ၍ လျှောက်ထားသွားလေ တော့သည်။

**ဝနဝါသီ-**
**အရှင်ဝါသေဋ္ဌာဘိဝံသ**



www.foreverspace.com.mm



www.foreverspace.com.mm

www.foreverspace.com.mm



www.foreverspace.com.mm



# ညှိုင်ငင်မာယာ တပ်ခြင်းရာဖြင့်

အရှင်သုမန(ရွှေဂူ)

(၁)

ဗာရာဏသီပြည်၏ အစွန်အဖျားဖြစ်သော်လည်း စိမ်းလန်းစိုပြည်သော အရပ်ဒေသဖြစ်သည်။ မြို့တော်နှင့် အလှမ်းဝေးသဖြင့် မြို့နေလူတို့က ပစ္စန္တရစ်အရပ်ဟု သတ်မှတ်ထားခြင်းသာ။ သစ်ကြီး၊ ဝါးကြီး၊ ကျေးငှက်တိရစ္ဆာန်မျိုးစုံဖြင့် သာယာသောနေရာကို သဘောကျသူတို့အတွက် ထီးရိပ်နန်းရိပ်ရှိရာ မြို့တော်ကို မမက်မော။ လူနေနည်းပါးသောကြောင့် ဆိတ်ငြိမ်ခြင်းကို နှစ်သက်သူတို့က ထင်းပုံပေါ် ခေါင်းချအထိ တွယ်တာ မိသည်။

မြို့နေလူတို့က သတ်မှတ်ထားသော မြို့တော်အစွန်အဖျားအရပ်တွင် တိရစ္ဆာန်မျိုးစုံအတွက် အသက်မွေးလွယ်ကူရာဒေသဖြစ်ခဲ့၏။ တောတောင်သဘာဝအရကြီးငယ်နိုင်ရာစား ဥပဒေမှလွဲ၍ မုဆိုးတို့၏ ဘေးအန္တရာယ်ကို အစဉ်သဖြင့်မကြောက်ရ။ တစ်ခါတစ်ရံမှ ရောက်လာတတ်သော မုဆိုးတို့ကြောင့် ကျေးငှက်သားသမင်တို့၏ အသက်အန္တရာယ်က နေ့စဉ်နှင့်အမျှ မစိုးရိမ်ခဲ့ရပေ။

အခြားသားသမင်များက အစုအဝေးဖြင့် နေထိုင်သလို ရွှေဥဒေါင်းငှက်သည် ဥဒေါင်းငှက်အပေါင်းခြံရံကာ နေထိုင်လေ၏။ အမိဥဒေါင်းမ ဝမ်းအတွင်းမှ ထွက်လာခဲ့စဉ်ကပင် အခြားဥများနှင့်မတူဘဲ ရွှေရောင်အဆင်းရှိခဲ့သည်။ ဥခွံမှ ခွဲထွက်လာသောအချိန်တွင် ရွှေအဆင်းဖြင့် အတိပြီးသော ဥဒေါင်းငှက်ဖြစ်လာ၏။ ရွှေဥဒေါင်းငှက်၏ မျက်စိနှစ်လုံးက ချင်ရွှေးသီးပမာတူနေ၏။ နှုတ်သီးက သန္တာအဆင်းနှင့် ချွန်မြလှပ၏။ နီသော၊ စိမ်းသော၊ ဝါသောသုံးကြောင်းဖြင့် အမွေးအရေးတို့က လည်ကိုရစ်ပတ်ပြီး ကျောလယ်ပေါ်တွင် ဖြောင့်စင်းစွာ ယှက်သန်းသွား၏။

ကိုယ်လုံးအဝန်းအဖန်၊ ခြေအချိုးအဆစ်၊အမွေးအသွေးများက ဥဒေါင်းငှက်အားလုံးထက် ထူးခြားလှပခြင်းကြောင့် ဥဒေါင်းမင်းအဖြစ်ကို ရရှိခဲ့၏။ ဥဒေါင်းငှက်အပေါင်းတို့၏ စည်းဝေးမှု၌ အညီအညွတ်သဘောတူကာ ဥဒေါင်းမင်းအဖြစ် တင်မြှောက်ခဲ့ကြသည်။ ဥဒေါင်းမင်းကလည်း ဥဒေါင်းငှက်အပေါင်းတို့အပေါ်တွင် တူညီသော ချစ်ခင်မှုဖြင့် နေထိုင်ခဲ့သည်။ တူမျှသောမေတ္တာဖြင့် ဥဒေါင်းငှက်အပေါင်းခြံရံကာ နေထိုင်လာခဲ့သော်လည်း ဥဒေါင်းမင်း၏ အတွေးအမြင်များ ပြောင်းလဲသွားမိသော နေ့ကို ကြုံလာ၏။

ထို့နေ့က ဥဒေါင်းမင်းတစ်ကောင်တည်း ထုံးအိုင်နားကို ရောက်သွားခဲ့သည်။ ရေသောက်ချင်လာ၍ ထုံးအိုင်ငယ်ရေစပ်ကို ကပ်လိုက်မိသည်။ ရေသည် ကြည်လင်စိမ်းလဲ့နေ၏။ ခြေထောက်နှင့်ရေစပ်ထိတွေ့ပြီး ငုံ့သောက်မည့်အခိုက် မှန်သားတမျှဖြစ်နေသောရေက ဥဒါင်းမင်း၏ပုံရိပ်ကို ပီပီသသထင်ဟပ်ပြလေသည်။ ရေသောက်ချင်သည့်စိတ်က တစ်ခဏတန့်သွား၏။

"ငါ့ကိုယ်ငါ ဒီလောက်ထိ တင့်တယ်နေမယ်လို့ မထင်မိပါဘူး။ ခုတော့ ငါ့ရဲ့အမွေးအရေးတို့က …"

အတွေးတစ်ပိုင်းတစ်စဖြင့် ခေါင်းငုံ့နေရာမှ ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်မိသည်။ ဝန်းကျင်တစ်ခုလုံး ဆိတ်ငြိမ်နေ၏။ လေအတိုးတွင် သစ်ရွက်တချို့ လူပ်ခတ်သွားသည်မှအပ မြေပြင်ပေါ်ကအသံတွေကို မကြားရ။

"တခြားဥဒေါင်းတွေထက် ငါ့ရဲ့အမွေးအတောင်၊ အသွေးအရောင်တွေက လှပတင့်တယ်နေတာ အမှန်ပဲ။ ဒါပေမယ့် ဒါဟာ ငါ့အတွက် အန္တရာယ်ကို လက်ယပ်ခေါ်နေတာမျိုး ဖြစ်နေပြီ။ ဒီဥဒေါင်းအပေါင်းနဲ့ ရေရှည်နေထိုင်မယ်ဆိုရင် ငါ့အဖို့ အသက်အန္တရာယ်က တစ်နေ့မဟုတ်တစ်နေ့ ရောက်လာမှာသေချာတယ်။ ဒီအတိုင်းဆက်နေသွားလို့ မဖြစ်တော့ဘူး။ ဘေးကင်းရာ အရပ်ကိုရှာပြီး တစ်ကောင်တည်းနေဖို့ …။ ဟုတ်ပြီ၊ ဟိမဝန္တာမှာဆိုရင် အခုထက်ပိုပြီး လုံခြုံမှုရှိမယ်။ ချမ်းသာရာ အရပ်ကိုပဲ ရွေးချယ်ရတော့မှာ" ဘေးအန္တရာယ်ကို တွေးမိပြီး ရေဆာစိတ်ပျောက်သွားသည်။ ထုံးအိုင်ငယ်မှ အမြန်ထွက်ခွာလာရ၏။ ထို့နေ့က ဥဒေါင်းမင်းသည် အတွေး

www.foreverspace.com.mm



မျိုးစုံဖြင့် အစာရှာဖွေစားသောက်ရန်ပင် မေ့လျော့ခဲ့သည်။ အလုတရား၏ ကောင်းကျိုး၊ ဆိုးကျိုးကိုလည်း သံဝေဂဖြင့် တွေးတောမိလေသည်။ အလုတရားဟူသည် အခါခပ်သိမ်းချီးမွမ်းဖွယ်ရာ မဟုတ်ဟု သိလာသည်။ လှုပတင့်တယ်ခြင်းနှင့်အတူ ယှဉ်တွဲပါလာသောအန္တရာယ်ကို ဥဒေါင်းမင်းက သတိပြုမိသွား၏။ မိမိ၏လှပသောအဆင်း၌ ယစ်မူးသာယာရန် မသင့်မှန်းလည်း နားလည်လိုက်ရတော့၏။

ညဥ့်ပင် ဥဒေါင်းငှက်အပေါင်းကို စွန့်ခွာထွက်သွားရန် ဆုံးဖြတ်လိုက်သည်။ ညဥ့်အချိန်တွင် ဥဒေါင်းငှက်အားလုံး အိပ်မောကျသွားကြသည်။ ဥဒေါင်းမင်းက ညင်သာတိတ်ဆိတ်စွာဖြင့် ဟိမဝန္တာအရပ်ဆီ ပျံသန်းသွားခဲ့လေသည်။

ဟိမဝန္တာ၏ စတုတ္ထမြောက်တောင်ကြောကို ဥဒေါင်းမင်းက ရွေးချယ်လိုက်သည်။ တောင်ကြောတွင် ပင်စည်၊အကိုင်းအခက်တို့ ကြီးမားဝေဆာသော ပညောင်ပင်ကြီးက ဥဒေါင်းမင်းအတွက် အဆင်ပြေသွားသည်။ ကြာပဒုမ္မာတို့ဖြင့် ပြွမ်းသော ဇာတသဿရအိုင်က ပညောင်ပင်ကြီးအနီး၌ လိုက်ဖက်ကာ တည်နေ၏။ပညောင်ပင်နှင့်ကပ်လျက် တောင်ကြော၏အလယ်၌ နေချင့်စဖွယ်ကောင်းသော လိုဏ်က ဥဒေါင်းမင်းအတွက် စီမံဖန်တီးထားသကဲ့သို့ ဖြစ်နေတော့သည်။

ဥဒေါင်းမင်းက တောင်ကြောပတ်ဝန်းကျင်ကို လေ့လာကြည့်ရသည်။ လိုဏ်ရှိရာတောင်ကြောဆီသို့ အရပ်လေးမျက်နှာ၊ အထက်၊ အောက်မှ အလွယ်တကူ မတက်၊ မဆင်းနိုင်ပေ။ လူနှင့်တကွ အခြားအဆိပ်အတောက်ရှိသော တိရစ္ဆာန်တို့၏အန္တရာယ်မှ အကာအကွယ်ပေးနိုင်သည်ဟု ဥဒေါင်းမင်းက သုံးသပ်လေ၏။

(၂)

လက်တွေ့ဘဝတွင် ဖြစ်လေ့ဖြစ်ထမရှိသော အိပ်မက်ကို မိဖုရားခေမာ မြင်မက်မိသည်။ မိဖုရားခေမာ အနေဖြင့် ကျေးငှက်တိရစ္ဆာန်များစွာကို မြင်တွေ့ဖူးသည်။ ယခုအိပ်မက်ထဲတွင် သူမ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော ရွှေဥဒေါင်းငှက်ကို မြင်တွေ့ရသည်။ အိပ်မက်ထဲတွင် ရွှေအဆင်းဖြင့်တင့်တယ်သော ဥဒေါင်းမင်းက သူမကို တရားဟောသည်။ အိပ်မက်ထဲက တရားကို ကောင်းစွာ မမှတ်မိသော်လည်း တရားတော်က နှစ်သက်ဖွယ်ကောင်းနေသည်။ တရားဆုံးသောအခါ မိမိက သာဓုခေါ်ကာ ကောင်းချီးပေးသည်။ ဥဒေါင်းမင်း တရားဆုံးသွားပြီဖြစ်၍ ထပျံသွားလေသည်။ သူမက ယောင်ယမ်းတမ်းတလျက် ဥဒေါင်းမင်းကို ဖမ်းပေးကြပါ၊ ဥဒေါင်းမင်းကို ဖမ်းပေးကြပါဟု အော်ဟစ်မြည်တမ်းလိုက်သည်။အိပ်မက်ထဲတွင် အော်ဟစ်သောအသံက အပြင်တိုင်အောင် ကြားရလေသည်။

ဗာရာဏသီပြည့်ရှင်က မိဖုရားခေမာ၏ ယောင်ယမ်းမြည်တမ်းသံကို မေးမြန်းရတော့သည်။မိဖုရားခေမာက အိပ်မက်အကြောင်းကို ပြောပြသည်။ ထို့နောက်-

"အဲဒါ အရှင်မင်းကြီးအနေနဲ့ အဲဒီရွှေဥဒေါင်းငှက်ကို ရအောင်ဆောင်ကြဉ်းပေးတော်မူပါ"

"ဪ ..ရှင်မိဖုရားရယ်၊ အိပ်မက်ထဲက ဥဒေါင်းငှက်ကို အပြင်မှာ ဘယ်လိုလုပ်ရှာနိုင်မှာလဲ။ အိပ်မက်ဆိုတာ သွေးလေလှုပ်ရှားမှုတစ်မျိုးကြောင့် ထင်ရာမြင်ရာ မက်တာမျိုးပါ"

"မဟုတ်ဘူး၊ မဟုတ်ဘူး။ အဲဒီရွှေဥဒေါင်းမင်းကို အကျွန်ုပ် အလွန်ချင်ခြင်းဖြစ်မိနေပြီ။ ရွှေဥဒေါင်းမင်းကို မရရင် ကျွန်ုပ်သေရမှာ ဖြစ်ပါလိမ့်မယ် အရှင်မင်းကြီး"

ဥဒေါင်းမင်း၏တရားကို နာယူလိုနေသော ချင်ခြင်းအတွက် ဝန်မင်း၊မှူးတော်၊မတ်တော်တို့ကို မင်းကြီးက မေးမြန်းရလေသည်။ ဝန်မင်း၊ မှူးမတ်တို့က ရွှေအဆင်းနှင့်ပြည့်စုံသော ဥဒေါင်းငှက်ကို ပုဏ္ဏားတို့သိနိုင်တန်ရာသည်ဟု လျှောက်၏။ ဆက်လက်၍ ပုဏ္ဏားတို့ကို မေးမြန်းသောအခါ ရေ၌ဖြစ်သော ငါး၊ လိပ်၊ ပုစွန်၊ ကြည်းကုန်း၌ဖြစ်သော ချေ၊ သမင်၊ ဒရယ်၊ စိုင်၊ ဆတ်၊ ယုန်၊ ဟင်္သာ၊ ဥဒေါင်း အစရှိသည့် တိရစ္ဆာန်နှင့်လူတို့သည် ရွှေအဆင်းဖြင့် ရှိတတ်ကြောင်းကို မိမိတို့၏ လက္ခဏာဗေဒင်ကျမ်းတို့တွင် လာရှိသည်ဟု လျှောက်တင်ကြသည်။

ဗြဟ္မဒတ်မင်းက တိုင်းနိုင်ငံအတွင်းရှိ မုဆိုး

www.foreverspace.com.mm



အားလုံးကို စုစည်းခေါ်ယူလိုက်၏။ စည်းဝေးမိသမျှ မုဆိုးအားလုံးတို့က ရွှေအဆင်းဖြင့်ပြီးသော ဥဒေါင်းငှက်ကို မိမိတို့မုဆိုးသက်တမ်းတစ်လျှောက် မတွေ့ခဲ့ဖူးသေးကြောင်း၊ မကြားခဲ့ဖူးသေးကြောင်း လျှောက်တင်လေသည်။ နောက်ဆုံးတွင် အသက်ရွယ်ငယ်သေးသော မုဆိုး က-

"ကျွန်တော်မျိုးလျှောက်တင်စရာ ရှိပါတယ်မင်းကြီး။ရွှေအဆင်းရှိတဲ့ ဥဒေါင်းကို ကျွန်တော်မျိုး မမြင်ဖူးသေးပေမယ့် ကျွန်တော်မျိုးရဲ့ ဖခင်မုဆိုးကြီး မသေဆုံးခင်က ပြောခဲ့တာတော့ရှိပါတယ်။ ရွှေအဆင်းရှိတဲ့ ဥဒေါင်းငှက်ကို ဟိမဝန္တာထဲမှာ တွေ့ခဲ့ဖူးကြောင်း၊ ရှိနေကြောင်းကို ပြောခဲ့ဖူးပါတယ် အရှင်မင်းကြီး"

ပြည့်ရှင် ဗြဟ္မဒတ်မင်းက လွန်စွာအားရဝမ်းသာဖြစ်သွားသည်။ ထို့နောက် မုဆိုးငယ်ကို ထိုက်တန်လောက်သော ဥစ္စာများစွာကို ပေး၏။ ရွှေဥဒေါင်းငှက်ကို အမြန်ဆုံးဖမ်းယူလာရန် စေလွှတ်လိုက်လေ၏။

မိဖုရားခေမာက တစ်ရက် တစ်ရက်နှင့် ရွှေဥဒေါင်းမင်းကို စောင့်မျှော်တမ်းတကာ ရှိနေခဲ့၏။ ရက်မှလသို့ တိုင်လာခဲ့သည်။ မုဆိုးငယ်လည်း ပြန်ရောက်မလာ။ ရွှေဥဒေါင်းမင်းကိုလည်း မမြင်ရသေး။ မုဆိုးငယ်၏ လက်တွင်ပါလာမည့် ဥဒေါင်းငှက်ကို စောင့်မျှော်ရင်းချင်ခြင်းစိတ်ဖြင့်ပင် မိဖုရားခေမာ ကွယ်လွန်သွားခဲ့တော့သည်။ ဗြဟ္မဒတ်မင်းက မိဖုရားသေဆုံးရသည့်အတွက် ဥဒေါင်းငှက်အပေါ် ဒေါသပြင်းထန်သွား၏။ မိဖုရားသောကအတွက်ကြောင့် မင်းကြီးလည်း လပိုင်းအတွင်း နတ်ရွာစံသွားလေသည်။ မင်းကြီးက သေအံ့မူးမူးအချိန်တွင် ရွှေပေစာရေးသားထားခဲ့၏။

"ဟိမဝန္တာအရပ် လေးလုံးမြောက်သောတောင်ရေး၌ ရွှေအဆင်းနှင့်ပြည့်စုံသော၊ နှစ်သက်ဖွယ်လည်းဖြစ်သော ရွှေဥဒေါင်းငှက်ရှိလေသည်။ ထိုဥဒေါင်းငှက်၏ အသားကို စားရသူ မည်သူမဆို အရွယ်နုပျိုလျက် တင့်တယ်ခြင်းဖြင့်တည်ကာ မအို၊ မသေသည်ဖြစ်ကုန်ကြရာပေသတည်း"

ထိုနောက်ပိုင်းတွင် မင်းတစ်ပါးနန်းတက်တော်မူလာသည်။ ရွှေပေစာအရ ဥဒေါင်းငှက်ရရှိရန် မုဆိုးတစ်ယောက်ကို စေပြန်လေသည်။ ထိုမုဆိုးလည်း ရက်၊ လ၊ နှစ်ကြာညောင်းသွားသည်။ မုဆိုးကိုစောင့်မျှော်ရင်း ဇရာထောက်လာသော ပြည့်ရှင်မင်းလည်း နတ်ရွာစံသွားပြန်သည်။ သို့ဖြင့်ပင် မင်းဆက်ခြောက်ဆက်တိုင်သွားခဲ့သည်။ ရွှေပေစာအရ ဟိမဝန္တာသို့သွားကြသော မုဆိုးခြောက်ယောက်လည်း နန်းတော်ကို ပြန်လာနိုင်ခြင်းမရှိကြဘဲ၊ ဟိမဝန္တာထဲ၌ပင် သေဆုံးသွားခဲ့ကြလေပြီ။

ခုနစ်ဆက်မြောက်သောမင်းလည်း ဗာရာဏသီကို စိုးစံသည့်အခါ ရွှေပေစာအရပင် ဟိမဝန္တာအရပ်သို့ မုဆိုးတစ်ယောက်ကို စေလွှတ်လိုက်ရပြန်လေ၏။

(၃)

ဥဒေါင်းမင်းကို ဖမ်းရန်လာသော မုဆိုးသည် ဟိမဝန္တာထဲတွင် ခုနစ်နှစ်တာ ရှည်ကြာသွားပြီဖြစ်သည်။ တစ်နေ့မိနိုး၊ တစ်နေ့ရနိုးဖြင့် ကျော့ကွင်းထောင်ထားရာနေရာကို သွားကြည့်တိုင်း၊ ကျော့ကွင်းက နေရာမပျက်။ နေရာအနှံ့ရွှေ့ပြောင်းကျော့ကွင်းဆင်သော်လည်း ကျော့ကွင်းက ခြေရာလက်ရာမပျက် တွေ့နေရသည်။ မုဆိုးက လက်လျှော့ချင်စိတ် ဖြစ်လာ၏။ နောက်တစ်နေ့ အရုဏ်မတိုင်မီ နိုးထနေပြီး နန်းတော်ရှိရာ ဗာရာဏသီကို ပြန်ရန် ပြင်ဆင်သည်။

အရုဏ်ချိန်ကို အတန်လွန်သောအခါ အလင်းပျပျမြင်ရလေသည်။ဟိမဝန္တာတောထဲမှ ထွက်ရန် မုဆိုးက ခြေလှမ်းစလိုက်သည်။ တော၏အတွင်းပိုင်းထဲမှ ထွက်လာရခြင်းကြောင့် ထွက်ပြူစနေမင်းကို မမြင်ရချေ။ ထို အခိုက် ရှိခိုးဆုတောင်းသံကို မုဆိုးက ပီပီသသကြား လိုက်ရလေသည်။

"လူတို့၏ မျက်စိလည်း ဖြစ်ထသော၊ တစ်ဦးတည်းသော မြတ်သောမင်းလည်း ဖြစ်သော၊ ရွှေအဆင်းနှင့်တူသည့်အဆင်းရှိသော၊ မြေအပြင်၌ထွန်းလင်းသောအရောင်ရှိသော ဤနေမင်းသည် အရှေ့လောကဓာတ်မှ ထွက်ပေါ်လာပါပေ၏။ ထို့ကြောင့် ရွှေအဆင်းနှင့်တူသော မြေအပြင်၌ထွန်းလင်းသော အရှင်နေမင်းကို ကျွန်ုပ်ရှိခိုးပါ၏။ ယနေ့အဖို့ အရှင်နေမင်း၏ အစောင့်အရှောက်ကိုခံယူ၍ ကျွန်ုပ်သည် ဤတစ်နေ့တာပတ်လုံး

www.foreverspace.com.mm



ချမ်းသာစွာ နေရပါအံ့”

“မကောင်းမှုကို အပပြုပြီးကုန်သော ဘုရားရှင်တို့သည် တရားအလုံးစုံကို သိတော်မူကြပါကုန်၏။ ထိုဘုရားရှင်တို့သည် ကျွန်ုပ်ဥဒေါင်းမင်း၏ ရှိခိုးခြင်းကို ခံယူတော်မူကြပါကုန်။ ထိုဘုရားရှင်တို့သည် ကျွန်ုပ်ကိုလည်း စောင့်ရှောက်ပေးတော်မူကြပါကုန်။ သစ္စာလေးပါးကို သိမြင်ကုန်ပြီးကြသော ဘုရားဟူသရွေ့ကို ကျွန်ုပ်ရှိခိုးပါ၏။ဘုရားရှင်တို့၏ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ သဗ္ဗညုတ ဉာဏ်ကိုလည်း ရှိခိုးပါ၏။ ကိလေသာတို့မှ လွတ်မြောက် တော်မူကြသော ဘုရားရှင်တို့ကို ရှိခိုးပါ၏။ ဘုရားရှင်တို့ ၏ ဝိမုတ္တိငါးပါးကိုလည်း ရှိခိုးပါ၏”

မုဆိုးက ခြေသံကို လုံခြုံစွာထိန်းသိမ်းပြီး အသံလာရာဆီသို့ တဖြည်းဖြည်းရွေ့လှမ်းသွားလိုက်သည်။ ကုန်းကမူထက်တွင်ရပ်ပြီး နေဝန်းကို မျက်နှာမူကာ ရှိခိုးဆုတောင်းနေသော ဥဒေါင်းငှက်ကို မုဆိုးမြင်တွေ့သွားသည်။ အလျင်အချိန်များက ခပ်ဝေးဝေးမှသာ မြင်ခဲ့ရခြင်းဖြစ်သည်။ အလွန်နီးကပ်စွာမြင်ရသော ယခုအချိန်တွင် ဥဒေါင်းမင်း၏ လှပတင့်တယ်ခြင်းအပေါ် မုဆိုး၏ မျက်လုံးများက ကြည့်မဝနိုင်ဖြစ်သွားသည်။ နေမင်းကို ရှိခိုးဆုတောင်းပြီးမှ ဥဒေါင်းမင်းက အစာရှာထွက်လေ၏။ မုဆိုးသည် နန်းတော်ကို မပြန်ဖြစ်တော့ပေ။ ချုံနွယ်၊ သစ်ပင်၊ သစ်ရွက်များကို အကာအကွယ်ယူကာ ခြေသံကို ထိန်းရင်း ဥဒေါင်းမင်းသွားလေရာကို လိုက်ကြည့်နေမိတော့သည်။

ဥဒေါင်းမင်းကို အနီးကပ်လေ့လာသုံးသပ်ရင်း အစားအစာစားရမှာပင် မုဆိုးမေ့နေသည်။ ဥဒေါင်းမင်းနောက်ကို တကောက်ကောက်လိုက်ရင်း မြား၊ လုံတံတို့ဖြင့် ပစ်ခတ်ရန် စိတ်မကူးမိ။ ညနေဆည်းဆာအချိန်ကို ရောက်လာခဲ့ပြီ။ အနောက်ဘက်ကောင်းကင် စက်ဝန်းပြင်ဆီသို့ ဝင်လုဆဲနေဝန်းကို ဥဒေါင်းမင်းက ကြည့်ရင်း-

“လူတို့၏ မျက်စိလည်း ဖြစ်ထသော၊ တစ်ဦးတည်းသော မြတ်သောမင်းလည်း ဖြစ်သော၊ ရွှေအဆင်းနှင့်တူသည့်အဆင်းရှိသော၊ မြေအပြင်၌ထွန်းလင်းသော အရောင်ရှိသော ဤနေမင်းသည် အနောက်လောကတောင်သို့ ငုပ်လျှိုးဝင်ရောက်ပေပြီ။ ထို့ကြောင့် ရွှေအဆင်းနှင့်တူသော မြေအပြင်၌ထွန်းလင်းသော အရှင်နေမင်းကို ကျွန်ုပ်ရှိခိုးပါ၏။ ယနေ့အဖို့ အရှင်နေမင်း၏ အစောင့်အရှောက်ကို ခံယူ၍ ကျွန်ုပ်သည် ဤတစ်ညတာ ကာလပတ်လုံး ချမ်းသာစွာ နေရပါအံ့”

“မကောင်းမှုကို အပပြုပြီးကုန်သော ·····
···········ဝိမုတ္တိငါးပါးကိုလည်း ရှိခိုးပါ၏”

ဥဒေါင်းမင်း၏ နေထွက်၊နေဝင် ရှိခိုးဆုတောင်းသော ပရိတ်အရံအတားကို မုဆိုးက သဘောကျနှစ်သက်သွားသည်။ ထိုညက မုဆိုးမှာ တော်တော်နှင့် အိပ်မပျော်ခဲ့။ ခုနစ်နှစ်ပတ်လုံး ထောင်ချောက်ကျော့ကွင်းဆင်ခဲ့သော်လည်း ဥဒေါင်းမင်းအား ဖမ်းဆီးမရနိုင်ခြင်းကို နားလည်သွားတော့သည်။ နောက်တစ်ချက်အနေနှင့် ဥဒေါင်းမင်း ကျက်စားရာတစ်ဝိုက်တွင် ဥဒေါင်းမ မရှိခြင်းကို မုဆိုးက သတိပြုမိသွား၏။ နောက်တစ်နေ့တွင် မုဆိုးက ဗာရာဏသီကို မပြန်သေးဘဲ ဥဒေါင်းမတစ်ကောင်ရရန် အရှာဖွေထွက်ခဲ့သည်။ ထိုနေ့က အလွယ်တကူပင် ဥဒေါင်းမကို ဖမ်းယူနိုင်ခဲ့သည်။

မုဆိုးက ဥဒေါင်းမင်း နေထိုင်ရာကို ပြန်မသွားသေးဘဲ ဥဒေါင်းမကို ယဉ်ပါးစေရန် သင်ကြားလေသည်။ လက်ဖျစ်တီးခြင်း၊လက်ခုပ်လက်ဝါးတီးခြင်းဖြင့် ဥဒေါင်းမက တွန်ခြင်း၊ ကခြင်းတို့ကို ပြုကျင့်လုပ်ဆောင်တတ်သွားခဲ့၏။

(၄)

ယဉ်ပါးသွားသော ဥဒေါင်းမသည် မုဆိုးက သင်ကြားအချက်ပေးသည့်အတိုင်း ကောင်းစွာတွန်တတ်၊ ကတတ်နေပြီဖြစ်သည်။ မုဆိုးက ဥဒေါင်းမနှင့်အတူ ဥဒေါင်းမင်းရှိရာ၊နားခိုအိပ်စက်ရာ နေရာကို ပြန်လာခဲ့၏။ လိုသလို ခိုင်းနိုင်ပြီဖြစ်သော ဥဒေါင်းမကို အရဏ်တက်ပြီးချိန်တွင် ဥဒေါင်းမင်း ရှိခိုးဆုတောင်းရာ မလှမ်းမကမ်း၌ နေစေလေသည်။ ထို့နောက် မုဆိုးက ဥဒေါင်းမင်းဆင်းလာမည့် လမ်း၌ ကျော့ကွင်းကို ထောင်ထားလိုက်သည်။ အရဏ်ကို လွန်မြောက်ပြီး အတန်ကြာတွင် နေဝန်းက တဖြည်းဖြည်းချင်း တက်လာလေ၏။ ထိုအချိန် ဥဒေါင်းမင်းက ရှိခိုးနေကျနေရာ ကုန်းကမူဆီကို ရောက်လာ၏။

မုဆိုးက ချုံအကွယ်မှနေ၍ ဥဒေါင်းမကို လက်ဖျစ်တီး၊ လက်ခုပ်တီးပြလိုက်သည်။

နေမင်းကို ရှိခိုးဆုတောင်း၍ ပရိတ်အရံအတားပြုရန် ထွက်လာခဲ့သော ဥဒေါင်းမင်း၏ အသံတို့က ထွက်မလာခဲ့တော့။ သာယာသော ဥဒေါင်းမ၏ တွန်သံလာရာဆီသို့ ခေါင်းထောင်ကြည့်မိသွားသည်။ ဥဒေါင်းမကိုတွေ့သွားသည်။ တွန်သံပေးနေသော ဥဒေါင်းမက အမြီးကိုဖြန့်ကားလျက် ဘယ်ညာယိမ်းနွဲ့ကာ ကကစားနေတော့၏။ ဥဒေါင်းမကို ငေးမောနေမိရင်း ပြုကျင့်နေကျမြတ်သောအကျင့်ဖြင့် ရှိခိုးဆုတောင်းခြင်းအမှု၌ ဥဒေါင်းမင်းမေ့လျော့သွား၏။

ဆွဲဆောင်မှုအားကောင်းသော ဥဒေါင်းမ၏ တွန်မြူးသံ၊ ကဟန်ထဲ၌ နစ်မျောနေ၏။ တဖြည်းဖြည်းနှင့် အနှစ်ခုနစ်ရာတိုင်တိုင် ပျပ်ဝပ်ငြိမ်သက်နေသော ကိလေသာအခိုးအငွေ့တို့က ဥဒေါင်းမင်းကို ပုတ်ခတ်တို့ထိလာ၏။ ဥဒေါင်းမ၏အက၌ နစ်ဝင်စီးမျောရင်း ရန်းကြွလာသော တပ်မက်ခြင်းစိတ်ဖြင့် ဥဒေါင်းမဆီသို့ ပြေးဆင်းလာခဲ့၏။ ဥဒေါင်းမဆီ မရောက်မီ လမ်းခုလတ်၌ ကျော့ကွင်းက ခြေကိုစွပ်ကာ ရွှေ့လျှောသွားပြီး သစ်ကိုင်းဆွဲမရာသို့ ပါသွားတော့သည်။ သစ်ကိုင်းခတ်သံနှင့်အတူ ကြိုးတန်းလန်းဖြင့် တွဲလောင်းဖြစ်နေသော ဥဒေါင်းမင်းကို မြင်ရသော ဥဒေါင်းမက ကြောက်လန့်ပြီး ထွက်ပြေးသွား၏။

ဥဒေါင်းမင်းက ခြေထောက်တွင် စွပ်မိနေသော ကြိုးကွင်းကို နှုတ်သီးဖြင့်ထိုးဆိတ်သည်။ အတောင်တဖျပ်ဖျပ်ခတ်ကာ ရုန်းသည်။ ကြိုးကွင်းက လျော့မသွား၊ ပြတ်တောက်မသွား။ အတောင်တွေညောင်းလာ၊ နာလာသည်။ ကြိုးကွင်းကို ထိုးဆိတ်သော နှုတ်သီးနှင့် ကွင်းစွပ်နေသော ခြေထောက်မှာ နာကျင်လာသည်။ ဥဒေါင်းမင်းက ကျော့ကွင်းမှလွတ်ရန် လက်လျှော့လိုက်သည်။ နာကျင်စွာခံစားနေရခြင်းအတူ နောင်တရမိ၏။

အနှစ်ခုနစ်ရာလုံးလုံး သီလဖြင့်ပြည့်စုံကာ နေထိုင်ခဲ့သည်။ ယခုသော် ဆန့်ကျင်ဘက် ရုပ်ဝတ္ထု၏အသံ၊ အဆင်း၊ အမူအရာတွေကို မြင်မိပြီး တပ်မက်စိတ်ဖြစ်သွား၏။ ရုတ်ချည်းထကြွလာသော ကိလေသာကို ထိန်းသိမ်းရန် သတိလက်လွတ်ဖြစ်ရ၏။ ဓောဟူသော တုန်လှုပ်မှုက ဝင်ရောက်လာ၏။ ငြိမ်သက်နေသောရေပြင်ကို လေတိုက်ခတ်သည့်နှယ် မငြိမ်မသက်ဖြစ်သွား၏။ ဖိုမသဘာဝကို တားဆီးမဖယ်ရှားနိုင်မီ တဏှာသဘောဆောင်စိတ်တို့က ငြိမ်သက်တည်ကြည်နေရာမှ ပျက်ပြားလှုပ်ရှားခဲ့ရ၏။ နေမင်းကို မြင်ရသည်နှင့်တစ်ပြိုင်နက် ရှိခိုးနေကျဖြစ်သော ပရိတ်အရံအတားကိုပင် မရွတ်ဆိုနိုင်ခဲ့တော့။

"အင်း ..တကယ်တော့ ဒီဥဒေါင်းမင်းဟာ သီလတရားနဲ့ နေထိုင်နေတာပါပဲ။ ငါက ဥဒေါင်းမနဲ့ မြူဆွယ်လိုက်လို့ အခုလိုဒုက္ခရောက်ရတာ။ တစ်ပါးသူရဲ့ အကျင့်သီလကို ဖျက်ဆီးပြီးမှ ငါ့အတွက် ရမယ့်ဆုလာဘ်ဟာ တရားသဖြင့် မဟုတ်နိုင်ပါဘူး။ ပြန်လွှတ်လိုက်တာပဲ ကောင်းပါတယ်လေ"

မုဆိုးက ဥဒေါင်းမင်းကို ပြန်လွှတ်လိုက်ရန် အတွေးဝင်လာပြီး ချုံအကွယ်မှထရန် ပြင်လိုက်သည်။ချက်ချင်းပင် ပြန်လည်ငြိမ်လိုက်ပြီး၊ တကယ်လို့ သူ့အနားကို ငါကပ်သွားရင် သူ့အသက်ကို အန္တရာယ်ပြုမယ်ထင်ပြီး အတင်းရုန်းကန်နေမှ အတောင်တွေ၊ ခြေတွေ ကျိုးကုန်ရင်ခက်မယ်။ ဒီကပဲ ကြိုးကို မြားနဲ့ ပစ်ဖြတ်လိုက်တာပဲ ကောင်းပါတယ်ဟု တွေးလေသည်။ ထို့နောက် ကျောတွင်ပိုးထားသော မြားအိမ်ထဲမှ မြားတံကို ယူကာ လေးကိုင်းတွင် ဖွဲ့တင်လိုက်၏။ ထိုအခိုက် မိမိအား ထောင်ချောက်ဆင်ထားသော ရန်သူကို ရှာဖွေနေသည့် ဥဒေါင်းမင်းက မုဆိုး၏ လှုပ်ရှားမှုကို သစ်ရွက်သစ်ခက်တွေကြားမှ တွေ့သွား၏။ မိမိထံသို့ ချိန်ရွယ်နေသော မြားတံကိုမြင်လိုက်ရသဖြင့် မုဆိုးကို လှမ်းပြောတောင်းပန်လေသည်။

"အဆွေမုဆိုး၊ ငါ့ကို မသတ်ပါနဲ့။ တကယ်လို့ ဥစ္စာနေကြောင့်ဆိုရင်လည်း ငါ့ကိုဖမ်းယူပြီး သင့်ရဲ့ အရှင်မင်းထံကို ပေးဆက်လိုက်ပါ၊ သင့်အတွက် ဥစ္စာအများအပြားရလိမ့်မယ်လို့ ထင်ပါတယ်"

"ဥဒေါင်းမင်း၊ အခုလို မြားနဲ့ချိန်ရွယ်ထားတာဟာ သင့်ကို သတ်ဖို့မဟုတ်ပါဘူး။ ကျော့ကွင်းကြိုးကို ဖြတ်ပေးမလို့ပါ။ ဖြတ်ပေးပြီးရင် သင်သွားလိုရာ သွားပါတော့"

www.foreverspace.com.mm

ဥဒေါင်းမင်းက မုဆိုးကို စူးစူးစိုက်စိုက်ကြည့်မိသည်။ မုဆိုးက ချုံအကွယ်မှထွက်လိုက်ပြီး ဥဒေါင်းမင်းရှိရာသို့ မလာဘဲ ချုံပုတ်ဘေး၌ပင် မတ်တတ်ရပ်နေသည်။ ဥဒေါင်းမင်းက ယုံရခက်၊ ဝေခွဲရခက်လျက် မေးလိုက်သည်။

"အဆွေမုဆိုး၊ ငါ့နောက်ကို သင်လိုက်နေတာ ခုနစ်နှစ်တောင်ကြာခဲ့ပြီ မဟုတ်လား။ နေ့နေ့ညညဆိုသလို အဲဒီအချိန်ကာလတွေမှာ အစာရေစာအခက်အခဲတွေနဲ့ သင်ရင်ဆိုင်ခဲ့ရတာပဲ။ အခုတော့ ကျော့ကွင်းနောက်လိုက်မိတဲ့ ငါ့ကို ဘာလို့အနှောင်အဖွဲ့ကနေ လွတ်ပေးရတာလဲ။ ဒီနေ့ကျမှ သူ့အသက်သတ်ခြင်းကို ရှောင်ကြဉ်တာလား။ ဒီကနေ့မှာ သတ္တဝါခပ်သိမ်းကို ဘေးမဲ့ပေးတာများလား။သင့်အနေနဲ့ ဘာကြောင့် ငါ့ကို ဖမ်းဆီးရမိပြီးမှ လွတ်မြောက်စေလိုတာလဲ"

"ဥဒေါင်းမင်း၊ လူတစ်ယောက်ဟာ သူ့အသက်သတ်ခြင်းကို ရှောင်ကြဉ်တယ်။ အလုံးစုံသတ္တဝါတွေကို ဘေးမဲ့ဖြစ်စေတယ်။ အဲဒီလို သူ့အသက်သတ်ခြင်းကို ရှောင်ကြဉ်တဲ့သူ၊ သတ္တဝါအားလုံးကို ဘေးမဲ့ပေးတဲ့သူဟာ သေလွန်သွားခဲ့ရင် ဘယ်လိုချမ်းသာမျိုးကို ရနိုင်မလဲ။ အဲဒီချမ်းသာအကျိုးကို သင်သိရင်ပြောပြစမ်းပါ"

"ကောင်းပြီလေ၊ သင်သိချင်တဲ့ အကျိုးတရားကို ပြောပြပါ့မယ်။ အဆွေမုဆိုး၊ သူ့အသတ်သတ်ခြင်းကို ရှောင်ကြဉ်တဲ့သူ၊ ခပ်သိမ်းသောသတ္တဝါတွေကို ဘေးမဲ့ပေးတတ်သူဟာ မျက်မှောက်ဘဝအဖြစ်မှာပဲ ချီးမွမ်းခြင်းကို ခံရတယ်။ ခန္ဓာပျက်ကြွေသွားချိန်မှာလည်း နတ်ပြည်နတ်ဘုံကို ရောက်ရပေတယ် အဆွေမုဆိုး"

ဥဒေါင်းမင်းရှိရာသို့ မုဆိုးကညင်သာစွာ လှမ်းလျှောက်လာသည်။ဥဒေါင်းမင်းက မုဆိုးကို ယုံကြည်စိတ်ချမှုဖြင့် ကျော့ကွင်းမှ ရုန်းကန်ခြင်းမပြုတော့။ ခပ်လှမ်းလှမ်းမှာပင် မုဆိုးက ရပ်လိုက်သည်။ ထို့နောက် မြားအိမ်ကို ကျောတွင်လွယ်ပိုးထားရာမှဖြုတ်ပြီး လေးကိုင်းနှင့်အတူ မြေပြင်ပေါ်သို့ ချထားလိုက်၏။

"ဒါဆိုရင် တချို့ ရဟန်း၊ပုဏ္ဏားတွေက နတ်ဒေဝါဆိုတာ မရှိဘူးလို့ ပြောဆိုကြတယ်။ အခုပစ္စုပ္ပန်ဘဝမှာသာ အသက်ဟာ ပျောက်ဆုံးခြင်းကို ရောက်တယ်။ အဲဒါကနေ ကောင်းမှု၊ မကောင်းမှုရဲ့အကျိုးဆိုတာ မရှိဘူး။ အလှူဒါနကို သူယုတ်မာတွေဟာ မကောင်းသဖြင့် ပညတ်တယ်လို့ ပြောကြသေးတယ်။ ကိလေသာနဲ့ဝေးတဲ့ အဲဒီဆရာတွေရဲ့စကားကို ငါကတော့ယုံကြည်တယ်။ အဲဒါကြောင့်လည်း ငါဟာ ငှက်တွေကို ဖမ်းဆီးသတ်ဖြတ်နေတာပဲ"

"အဆွေမုဆိုး၊ နှစ်ပါးကုန်သော လနဲ့နေတို့ဟာ ကောင်းသောအမြင့်ရှိပြီး ကောင်းကင်မှာ ထွန်းလင်းပြီးသွားကုန်ကြတယ်။ အဲဒီလနဲ့နေဟာ နတ်ပြည်မှာတည်တာပါ။ လူ့ပြည်မှာတော့ မတည်နိုင်ဘူး။ လူ့လောကအတွက် လနဲ့နေဟာ နတ်ဒေဝါတို့ဆိုကြတာပဲ"

ဥဒေါင်းမင်းက ကောင်းကင်ဆီသို့ မော့ကြည့်သည်။ အတောင်နှစ်ဖက် သုံးလေးချက်ခတ်လိုက်သည်။ ထို့နောက် မုဆိုးကိုကြည့်ရင်း -

"သင်ပြောတဲ့ သဘောအရ၊ သင့်ရဲ့ဆရာတွေဟာ အဟေတုက(အကြောင်းအကျိုးမဲ့)ဝါဒရှိကုန်ကြတာပဲ။ ယုတ်ညံ့တဲ့အယူဝါဒဖြစ်တယ် အဆွေမုဆိုး၊ အဲဒီအယူအဆကို ပယ်အပ်တယ်။ သင့်ဆရာတွေဟာ ကံရဲ့အကြောင်းကို မပြောကြဘူး။ ကံ-ကံရဲ့အကျိုးကိုလည်း မဆိုကြဘူး။ သင့်ဆရာတွေက ယုတ်မာကုန်သောသူတွေဟာ အလှူဒါနကို ပညတ်တယ်လို့ ပြောကြတယ်။သင့်ဆရာတွေဟာ ယုတ်နိမ့်ညံ့ဖျင်းတဲ့ အယူရှိသူတွေသာ ဖြစ်ကြတယ် အဆွေမုဆိုး"

"ဒါဆိုရင်လည်း ဥဒေါင်းမင်းရဲ့ စကားသာမှန်ပါစေ၊ အလှူဟာ အကျိုးမရှိဘူး၊ ကုသိုလ် အကုသိုလ်ရဲ့အကျိုးကို သူယုတ်မာတွေ ပညတ်ခြင်းဟာ ဘယ်လိုပါလဲ။ ဘယ်အမှုကိုပြုရင် ဘယ်လိုအကျိုးရမလဲ။ ဘယ်အကျင့်ကိုကျင့်ရင် ဘယ်တရားကိုမှီဝဲရင် ဘယ်လိုအကျိုးကျေးဇူးတွေဖြစ်မလဲ။ ကဲ ··သင်ဥဒေါင်းမင်းက သေချာအောင် ပြောစမ်းပါဦး"

မုဆိုးက လေးကိုင်းနှင့်မြားအိမ်ကို ကောက်မယူဘဲ ဥဒေါင်းမင်းအနားကို လျှောက်လာခဲ့သည်။ လက်ဖြင့် ဖမ်းယူနိုင်သည့်အကွာအဝေးတွင် မုဆိုးက ဆောင့်ကြောင့်ထိုင်လေသည်။ ထို့နောက် ဥဒေါင်းမင်း၏ခြေတွင် စွပ်နေသော ကျော့ကွင်းကို ခပ်ဖွဖွလှမ်းကိုင်သည်။

သို့သော် ကျော့ကွင်းကို လျှော့ဖြေမဖြုတ်ပေးသေး။

"အဆွေမုဆိုး၊ ဒီမြေပြင်ပေါ်မှာ အချို့သော ရဟန်းတွေ ရှိကြတယ်။ ဖန်ရည်စွန်းတဲ့အဝတ်ကို ဝတ်ရုံပြီး လယ်လုပ်၊ ကုန်သွယ်မှုကို မပြုကြဘဲ မြတ်သော ရဟန်းအကျင့်ကို ကျင့်ကုန်တယ်။ နံနက်အခါကာလမှာ ဆွမ်းအတွက် သွားကြရတယ်။ အဲဒါဟာအမှန်ပဲ၊ မကောင်းမှုကနေ ငြိမ်းပြီးကုန်တဲ့ ရဟန်းတွေဟာ နေ့လွဲအခါမှာ ဆွမ်းခံခြင်းကို ရှောင်ကြဉ်ပေတယ်။ လူ့ပြည်မှာ ငြိမ်းပြီးသားဖြစ်တဲ့ ရဟန်းတွေကို အခါအခါတိုင်း ကပ်ရောက်ပြီး ချစ်မြတ်နိုးခြင်းကို ပြုရတယ်။ အဲဒီရဟန်းတွေကို သင်မုဆိုး မေးမြန်းကြည့်စမ်းပါ။ သင့်ကို လူ့လောကရဲ့အကြောင်း၊ နတ်ဒေဝလောကရဲ့အကြောင်း၊ အပါယ်လောကရဲ့အကြောင်း စတာတွေကို ဟောပြောပြပေလိမ့်မယ်"

မုဆိုး၌ ဖြည့်ဆည်းအပ်ခဲ့သော ပါရမီတို့က နိုးထရန်းကြွလာသည်။အပါယ်လောက စကားကို ကြားမိသည်နှင့် ကြက်သီးမွေးညင်းတွေ ဖြန်းခနဲထသွား၏။ နေရောင်၏ အထိအတွေ့ကို ရလိုက်သော ကြာပဒုမ္မာကဲ့သို့ ရင့်ခြင်းအဖြစ်ကို ရသည်။ မျှော်လင့်ဖြည့်ဆည်းသော ကုသိုလ်အရှိန်က နိုးထလည်ပတ်လာခဲ့ပြီးနောက် ပစ္စေကဗောဓိဉာဏ်ကို ရရှိသွားတော့သည်။ သင်္ခါရတို့ကို ဆင်ခြင်သုံးသပ်၍ လက္ခဏာရေးသုံးပါးတို့ကို ပြက်ပြက်ထင်ထင် သိမြင်လေ၏။

"အို ‥အချင်းတို့၊ မြွေဟာ ဟောင်းနွမ်းရင့်ရော်တဲ့ အရေခွံကို စွန့်ပစ်သလို၊ စိမ်းစိုတဲ့သစ်ပင်ဟာ ရွက်ဟောင်းရွက်ဝါကို စွန့်ပစ်သလို၊ ငါဟာ ဒီမုဆိုးဘဝ၊ မုဆိုးအဖြစ်ကို ပယ်ခွာစွန့်ပစ်အပ်ပါပြီ"

ကြည်နူးပီတိဖြစ်ကာ ရေရွတ်ကျူးရင့်သံက တောထဲတွင် ပဲ့တင်ထပ်ရိုက်ခတ်သွား၏။ ပစ္စေကဗုဒ္ဓ ထိုးထွင်းသိမြင်ဉာဏ်နှင့်အတူ ဥဒေါင်းမင်း၏ ခြေတွင်စွပ်နေသော ကျော့ကွင်းက တစ်ပြိုင်တည်းပင် လွတ်မြောက်သွား၏။ ပစ္စေကဗုဒ္ဓက ဥဒေါင်းမင်းကို ကျေးဇူးတင်မျက်ဝန်းတို့ဖြင့် ကြည့်လျက်-

"အလုံးစုံသော ကိလေသာအနှောင်အဖွဲ့က လွတ်ပါပြီ။ အကျွန်ုပ်၏အိမ်မှာ ဖမ်းလှောင်ထားတဲ့ ငှက်များစွာ ရှိနေကြပါတယ်။ သူတို့ကို လွတ်မြောက်အောင် ဘယ်လိုလွှတ်ရပါ့မလဲ"

ဥဒေါင်းမင်းက ပစ္စေကဗုဒ္ဓကို ကြည့်လိုက်သည်။ သဗ္ဗညုဘုရားအလောင်းတို့သည် အကြောင်း၌ သိမ်းဆည်းဉာဏ်က လွန်စွာကြီးမြတ်ကြ၏။ ထို့ကြောင့် -

"အရှင်ဘုရား၊ အရဟတ္တမဂ်ဉာဏ်နဲ့ ကိလေသာကို ပိုင်းဖြတ်ပြီး ပစ္စေကဗောဓိဉာဏ်ကို ထိုးထွင်းသိခဲ့ပြီ မဟုတ်ပါလား။ အရဟတ္တမဂ်ဉာဏ်ကိုပဲ အာရုံပြုပြီး သစ္စာပြုကြည့်ပါ"ဟု တိုက်တွန်းပြောကြားလိုက်သည်။

"ငါ့အိမ်၌ နှောင်ဖွဲ့ထားအပ်ကြသော များစွာသော အကြင်ငှက်အပေါင်းတို့ဟာ ရှိကြပါကုန်၏။ ထိုငှက်တို့၏အသက်ကို ငါသည် အခုအခါ၌ ပေးအပ်ပါ၏။ထိုငှက်တို့သည် အနှောင်အဖွဲ့မှ လွတ်မြောက်ကင်းစင်ကြပြီး မိမိတို့ အလိုရှိရာအရပ်သို့ ပျံသန်းနိုင်ကြပါစေကုန်သတည်း"

ပစ္စေကဗုဒ္ဓက သစ္စာပြုတော်မူသည်နှင့် ငှက်လှောင်အိမ်တံခါးတို့ ပွင့်သွားကြသည်။ ရွှင်ပျဝမ်းမြောက်သော အော်မြည်သံတို့နှင့် ငှက်အပေါင်းများစွာက အလိုရှိရာအရပ်များကို ပျံသန်းသွားကြလေသည်။ ထို့နောက် သံခြေချင်းမှအစပြုကာ နေအိမ်တို့၌ အကျဉ်းကျနှောင်ဖွဲ့ခံရခြင်းများမကျန် ဇမ္ဗူဒိပ်ကျွန်းတွင် အနှောင်အဖွဲ့သို့ ကျရောက်သော သတ္တဝါတို့ မရှိကြတော့။

အရှင်ပစ္စေကဗုဒ္ဓသည် မထေရ်ကြီးတစ်ပါးပမာ ရဟန်းအသွင်အပြင်နှင့် ပရိက္ခရာရှစ်ပါးပြည့်စုံသွား၏။ ထို့နောက် ဥဒေါင်းမင်းကို လက်အုပ်ချီကာ လက်ယာ ရစ်လှည့်လည်ရင်း -

"သင် ဥဒေါင်းမင်းက ငါ့ရဲ့မှီခိုရာ ဖြစ်ခဲ့ပါပေတယ်"

စကားအဆုံးတွင် အရှင်ပစ္စကဗုဒ္ဓက ကောင်းကင်ထက်သို့ ပျံတက်တော်မူပြီး နန္ဒမူလိုဏ်ရှိရာအရပ်သို့ ကြွချီတော်မူသွားတော့သည်။ ဥဒေါင်းမင်းက ပစ္စေကဗုဒ္ဓကို မော့ကြည့်ရင်း သာဓုခေါ်ဆိုလိုက်သည်။ ကိုယ်တိုင်လည်း ကျော့ကွင်းမှ လွတ်မြောက်သွားပြီဖြစ်၍ အစာရှာဖွေနေကျနေရာကို ထွက်ခွာလာခဲ့၏။

□ **အရှင်သုမန(ရွှေဂူ)**

ရည်ညွှန်း-

ဇာတက၊ ပကိဏ္ဏကနိပါတ်၊ မဟာမောရဇာတ်။



www.foreverspace.com.mm



# ကိုယ့်အသေကို မြင်အောင်ကြည့်တာ ဝိပဿနာ

## ထီလာမောင်(ကျွဲရဲ)

ယနေ့ တမလွန်ဘဝသို့ ပြောင်းသွားကွယ်လွန်သော ဒကာမကြီး ဒေါ်မေးကို အကြောင်းပြုပြီး ကျန်ရစ်သူမိသားစုတို့က ဘုရားအမျုး ရှိသော သံဃာတော်ထေရ်အရှင်မြတ်အပေါင်းတို့အား ပင့်ဖိတ်ပြီး သကာလ ဆွမ်းသွတ်(သပိတ်သွတ်) ကုသိုလ်ဒါနပြုလုပ်ခြင်း ဖြစ်ပါတယ်။

သတ္တဝါတိုင်း သတ္တဝါတိုင်းဟာ ဒကာမကြီးဒေါ်မေးကဲ့သို့ အသေလမ်းကို သွားကြရမှာဖြစ်ပါတယ်။

မြတ်စွာဘုရားရှင်က-

ဇီဝိတံ ဗျာဓိကာလောစ

ဒေဟာနိက္ခေပနံ ဂတိ၊

ပဉ္စေတေ ဇီဝလောကသ္မိံ

အနိမိတ္တာ နနာယရေ-လို့ ဟောတော်မူခဲ့ပါတယ်။

**နံပါတ်တစ်**၊ ဇီဝိတတဲ့။ ဇီဝိတဆိုတာ သတ္တဝါတွေရဲ့ ရုပ်သက်နဲ့ နာမ်သက်ကို ပြောတာပါ။

လူတွေဟာ မိမိတို့မွေးတဲ့နေ့က စပြီး အသက်ကို ရေတွက်ကြပါတယ်။ မွေးတဲ့နေ့ကစပြီး (၁၀)နှစ်

www.foreverspace.com.mm



ရှိတဲ့ လူက (၁၀)နှစ်လို့ ရေတွက်တယ် စသည်ဖြင့် ရေတွက်လာကြတာ အသက်(၅၀)ရှိပြီ၊ (၆၀)ရှိပြီ၊ (၇၀)ရှိပြီဆိုပြီး ရေတွက်လာကြတာ ဖြစ်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက ဇီဝိတတဲ့၊ အသက်ဘယ်နနှစ်မှာသေရမယ်။ အသက်(၅၀)မှာ သေရမယ်။ (၆၀)မှာ သေရမယ်၊ (၇၀)မှာသေရမယ်လို့ ကြိုတင်ပြီး ဘယ်သူမှ မသိနိုင်ဘူးလို့ ဟောပါတယ်။

**နံပါတ်နှစ်**၊ဗျာဓိ။လူတိုင်း၊ လူတိုင်းဟာ ခန္ဓာရှိရင် ရောဂါဆိုတာ ရှိပါတယ်။ အဲဒီရောဂါကိုပဲ ဗျာဓိလို့ ခေါ်ပါတယ်။ ရောဂါတွေကတော့ အမျိုးမျိုးရှိပါတယ်။ (၉၆)ပါးလို့ပြောတာပဲ။ ဒါပေမယ့် ဒီခေတ်ဒီအခါကြီးမှာ ရောဂါတွေကလည်း စုံလိုက်တာ၊ (၉၆)ပါးတောင်ကမယ်မထင်ပါဘူး။ သေတဲ့လူတိုင်းဟာ ရောဂါတစ်မျိုးမျိုးနဲ့ သေနေကြတာပါပဲ။ ရောဂါမရှိဘဲနဲ့ သေရိုးထုံးစံမရှိပါဘူး။ သေခါနီးရင် သေလောက်တဲ့ ရောဂါဆိုတာ ပေါ်လာတာပါပဲ။ အဲဒီသေလောက်တဲ့ရောဂါနဲ့ပဲ သေသွားကြရတာပါပဲ။ ဒါကြောင့် မြတ်စွာဘုရားက ဗျာဓိ၊ ဘယ်အနာရောဂါနဲ့သေရမယ်ဆိုတာ ကြိုတင်ပြီး မသိနိုင်ကြပါဘူးတဲ့။

**နံပါတ်သုံး**၊ ကာလောတဲ့၊ ကာလဆိုတာ အချိန်ကာလကိုပြောတာပါ။ နံနက်ကာလ၊ နေ့ကာလ၊ ညကာလ၊ နံနက်အချိန်၊ နေ့အချိန်၊ ညအချိန်တို့ကို ဆိုတာပါပဲ။ ဆောင်းတွင်းကာလ၊ နွေကာလ၊ မိုးကာလဆိုတဲ့ ကာလတွေထဲက ဘယ်အချိန်၊ ဘယ်ကာလ သေရမယ်ဆိုတာ လူတိုင်း လူတိုင်း ကြိုတင်ပြီး မသိနိုင်ကြပါဘူးတဲ့။

**နံပါတ်လေး**၊ ဒေဟ နိက္ခေပနံ-တဲ့။ဒေဟနိက္ခေပနံဆိုတာ လူသေကောင် ပစ်ချရာ နေရာဌာနကို ပြောတာပါ။ သူသေကောင်ပစ်ချရာ နေရာဌာနဆိုတာ ဘာလဲဆိုတော့ သင်္ချိုင်းကုန်းကို ပြောတာပေါ့။ ဒါကြောင့် မြတ်စွာဘုရားက လူတိုင်း၊ လူတိုင်းဟာ သေလွန်ပြီးသည့်နောက် ကာလမှာ မိမိရဲ့အလောင်းကောင်ကြီးကို ဘယ်သုသာန်၊ ဘယ်သင်္ချိုင်းကုန်းမှာ ပစ်ချလိမ့်မယ်ဆိုတာ ကြိုတင်ပြီး မသိနိုင်ကြပါဘူးတဲ့။

**နံပါတ်ငါး**၊ ဂတိ-တဲ့။ ဂတိဆိုတာ သတ္တဝါတွေ သေလွန်ပြီးသည့်နောက် လားရောက်ရမည့် နေရာဌာနကို ပြောတာပါ။ အဲဒီ နေရာဌာနက (၅)မျိုးရှိပါတယ်။(၅)မျိုးက ဘာတွေလဲဆိုတော့။

(၁)ဒေဝဂတိတဲ့၊ ဒေဝဂတိဆိုတာ စာတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီ ဆိုတဲ့ နတ်ပြည်(၆)ထပ်ကို ပြောတာပါ။ သတ္တဝါတွေ သေလွန်ပြီးသည့် နောက်ကာလ ဒီနတ်ပြည်(၆)ထပ်ထဲက တစ်ထပ်ထပ်ကိုလည်း လားရောက်နိုင်ပါတယ်။

(၂) မနုဿဂတိ-တဲ့၊ လူ့ဘုံ၊ လူ့ဘဝကို ပြောတာပါ။ သတ္တဝါတွေ သေလွန်ပြီးသည့်နောက်ကာလ ဒီလူ့ဘုံ၊လူ့ဘဝကိုလည်း လားရောက်နိုင်ပါတယ်။

(၃) နိရယဂတိ-တဲ့။ နိရယဂတိဆိုတာကတော့ ငရဲဘုံဘဝ၊ ဘုံဌာနကို ပြောတာပါ။ ဒီငရဲဘုံဘဝ၊ ဘုံဌာနမှာ ချမ်းသာဆိုလို့ မြူတစ်မှုန်လောက်တောင် မရှိပါဘူး။ဆင်းရဲဒုက္ခတွေနဲ့ ပြည့်နှက်နေတဲ့ နေရာဌာနဖြစ်ပါတယ်။ သတ္တဝါတွေ သေလွန်ပြီးသည့်နောက်ကာလ ဒီငရဲဘုံဘဝ၊ ဘုံဌာနကိုလည်း ရောက်နိုင်ပါတယ်။

(၄) ပေတဂတိ-တဲ့။ပေတဂတိဆိုတာ ပြိတ္တာဘုံဘဝ၊ ဘုံဌာနကို ပြောတာပါ။ ဒီပြိတ္တာဘုံဘဝ၊ ဘုံဌာနဆိုတာလည်း အလွန်အင်မတန်ကြောက်စရာကောင်းလှပါတယ်။ အစာရေစာ အငတ်ငတ်အပြတ်ပြတ်နဲ့ နေရတဲ့ဘဝပါ။ သတ္တဝါတွေ သေလွန်ပြီးသည့်နောက်ကာလ ဒီပေတဂတိလို့ခေါ်တဲ့ ပြိတ္တာဘုံဘဝ၊ ဘုံဌာနကိုလည်း ရောက်သွားနိုင်ပါတယ်။

(၅) တိရစ္ဆာနဂတိ-တဲ့။ တိရစ္ဆာန်ဂတိဆိုတာ တိရစ္ဆာန်ဘုံဘဝ ဘုံဌာနကို ပြောတာပါ။ တိရစ္ဆာန်ဘဝဆိုတာက မဂ်ဖိုလ်မှ ဗီလာကန့်လန့်ဖြစ်နေတာ၊ မဂ်ဖိုလ်မရနိုင်တဲ့ဘဝ၊ သူတို့မှာ ကုသိုလ်ဆိုတာလည်း ဘာမှန်းမသိ၊ အကုသိုလ်ဆိုတာလည်း ဘာမှန်းမသိနိုင်တဲ့ဘဝပါ။ နောက်ပြီး တိရစ္ဆာန်ဆိုတာ နိုင်ရာစားနေကြတာဆိုတော့ သူတို့မှာ ဘယ်လိုလုပ်ပြီး ကုသိုလ်ဖြစ်နိုင်မှာလဲ။ အကုသိုလ်တွေသာ ဖြစ်နေကြတာ များပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက သတ္တဝါတွေ သေလွန်

www.foreverspace.com.mm



ပြီးသည့်နောက်ကာလ ဒီတိရစ္ဆာန်ဂတိလို့ခေါ်တဲ့ တိရစ္ဆာန်ဘုံဘဝ၊ ဘုံဌာနကိုလည်း ရောက်သွားနိုင်ပါတယ်။

ဒီဂတိငါးပါးမှာ ကောင်း၊ မကောင်းခွဲကြည့်လျှင် ဒေဝဂတိ-နတ်ပြည်(၆)ထပ်နဲ့ မနုဿဂတိ-လူ့ပြည်ကတော့ ကောင်းသောလားရာကောင်းသောဂတိဖြစ်ပါတယ်။

ကျန်တဲ့ နိရယဂတိ-ငရဲဘုံ၊ ပေတဂတိ-ပြိတ္တာဘုံ၊တိရစ္ဆာနဂတိ-တိရစ္ဆာန်ဘုံတို့ကတော့ မကောင်းသောလားရာ မကောင်းသောဂတိတွေဖြစ်ပါတယ်။

သတ္တဝါတွေ သေပြီးသည့်နောက်ကာလမှာ အဲဒီဂတိ(၅)ပါးထဲတွင် တစ်ပါးပါးကို ရောက်ကြရမှာ အမှန်ဖြစ်ပါတယ်။ ဒီဂတိ(၅)ပါးထဲမှာ ဒေဝဂတိ-တဲ့။ နတ်ပြည်(၆)ထပ်တစ်ထပ်ထပ်ကို ရောက်သွားတဲ့ ပုဂ္ဂိုလ်ကလည်း သာခုမခေါ်တော့ပါဘူး။ ဘာပြုလို့လဲဆိုတော့ သာခုခေါ်စရာမလိုတဲ့ သုဂတိဘုံဘဝဖြစ်နေလို့ပါပဲ။

မနုဿဂတိ-တဲ့။ လူ့ပြည်လူ့ဘဝရောက်သွားတဲ့ ပုဂ္ဂိုလ်ကလည်း သာခုမခေါ်တော့ပါဘူး။ ဘာပြုလို့လဲဆိုတော့ သာခုခေါ်စရာ မလိုတဲ့ သုဂတိဘုံဘဝ ဖြစ်နေလို့ပါပဲ။

နိရယဂတိ-တဲ့။ ငရဲပြည်ရောက်သွားတဲ့ ပုဂ္ဂိုလ်ကလည်း သာခုမခေါ်တော့ပါဘူး။ ဘာပြုလို့လဲဆိုတော့ သာခုမခေါ်နိုင်တဲ့ ဒုဂ္ဂတိဘဝ ဘုံဌာန ဖြစ်နေလို့ပါပဲ။

ပေတဂတိ-တဲ့။ ပြိတ္တာဘုံဘဝ၊ ဘုံဌာနမှာတော့ အချို့ပြိတ္တာတွေကတော့ သာခုခေါ်နိုင်တယ်။ အချို့ပြိတ္တာတွေက သာခုမခေါ်နိုင်ပါဘူး။ ပြိတ္တာများစွာထဲမှာ ပရဒတ္တူပဇီဝိကပြိတ္တာတစ်မျိုးသာလျှင် သာခုခေါ်နိုင်ပါတယ်။ ကျန်တဲ့ပြိတ္တာတွေက သာခုမခေါ်နိုင်ပါဘူး။

တိရစ္ဆာနဂတိ - တဲ့။ တိရစ္ဆာန်ဘုံဘဝ၊ ဘုံဌာနရောက်သွားကြတဲ့ သတ္တဝါတွေလည်း သာခုမခေါ်နိုင်ကြပါဘူး။ ဘာပြုလို့လဲဆိုတော့ သာခုမခေါ်နိုင်တဲ့ ဒုဂ္ဂတိဘဝ၊ ဘုံဌာနဖြစ်နေလို့ပါပဲ။

သတ္တဝါတွေဟာ နိဗ္ဗာန်ကို မရောက်သေးမရသေးသမျှကာလ ပတ်လုံး ဂတိငါးဖြာသံသရာမှာ လည်ပတ်သွားလာနေကြရမှာ မလွဲပါဘူး။

မသေခင် ကိုယ့်မိသားစုနဲ့ ကိုယ် ပျော်ပျော်ရွှင်ရွှင် ဥမကွဲ၊ သိုက်မပျက် နေနေရပေမယ်လို့ သေပြီးသည့်နောက်ကာလမှာတော့ အဖေနှင့်သား၊ အမေနှင့်သမီး၊ ညီနှင့်အစ်ကို၊ မောင်နှင့်နှမ ဖြစ်နေပေမယ့် ကိုယ့်လမ်းကိုယ်သွားကြရမှာဖြစ်ပါတယ်။ ဒီလမ်းခွဲကို ဘယ်သူက ပေးတာလဲဆိုတော့ မိမိတို့ပြုလုပ်တဲ့ ကံက ပေးတာဖြစ်ပါတယ်။ ကမ္မံ သတ္တေ ဝိဘဇတိ။ ကမ္မံ-ကံသည်။ သတ္တေ-သတ္တဝါတို့ကို၊ ဝိဘဇတိ-ခွဲခြားဝေဖန်တတ်၏။ မိမိတို့မသေခင်က ကောင်းမှုကုသိုလ်ပြုလုပ်ထားလျှင် ကောင်းတဲ့လမ်းကို သွားရမှာဖြစ်ပါတယ်။ မကောင်းမှုအကုသိုလ်ပြုလုပ်ထားလျှင် မကောင်းတဲ့လမ်းကို သွားကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက-

နဟိဓမ္မော အဓမ္မောစ၊
ဥဘော သမဝိပါကိနော။
အဓမ္မော နရယံ နေတိ၊
ဓမ္မော ပါပေတိ သုဂ္ဂတိံ။

ဓမ္မောစ၊ ဓမ္မမည်ငြား ကုသိုလ်တရားသည်လည်းကောင်း။ အဓမ္မောစ၊ အဓမ္မမည်ငြား အကုသိုလ်တရားသည်လည်းကောင်း။ ဥဘော၊ ကုသိုလ်၊ အကုသိုလ်နှစ်မျိုးတို့သည်။ သမဝိပါကိနော၊ တူမျှသောအကျိုးရှိကုန်သည်။ နဟိဟောန္တိ၊ မဖြစ်ကုန်။ အဓမ္မော၊အဓမ္မမည်ငြား အကုသိုလ်တရားသည်။ နိရယံ၊ ငရဲသို့။ နေတိ၊ ပို့ဆောင်တတ်၏။ ဓမ္မော၊ ဓမ္မမည်ငြား ကုသိုလ်တရားသည်။ သုဂ္ဂတိံ၊ ကောင်းမြတ်သော ဘုံဘဝ၊ ဘုံဌာနသို့။ ပါပေတိ၊ ရောက်အောင်ပို့ဆောင်တတ်၏ဟု ဟောတော်မူခဲ့ပါတယ်။

လောကမှာ အသေနှစ်မျိုးရှိပါတယ်။ အသေနှစ်မျိုးက (၁) ပညတ်အသေနဲ့၊ (၂)ပရမတ်အသေဖြစ်ပါတယ်။ ပညတ်အသေဆိုတာကတော့ လူတိုင်းသိနိုင်တဲ့ အသေဖြစ်ပါတယ်။ အခုဒကာမကြီးသေသွားပြီဆိုတာ ပညတ်အသေဖြစ်ပါတယ်။

တရားသဘောနဲ့ပြောရရင် ဒကာမကြီးဒေါ်မြေးသေတာမဟုတ်ပါဘူး။ ဝိပါက်နာမ်၊ ကမ္မဇရုပ်တွေ ပျက်စီးသွားတာ ဖြစ်ပါတယ်။ ထိုဝိပါက်နာမ်၊ကမ္မဇရုပ်တွေပျက်စီးသွားတာကို ပရမတ်အသေလို့ခေါ်ပါတယ်။ပညတ်အသေကို မြင်ရုံနဲ့ နိဗ္ဗာန်မရောက်နိုင်ပါဘူး။ ပရမတ်

အသေကိုမြင်မှ နိဗ္ဗာန်ရောက်နိုင်ပါတယ်။ ဒါကြောင့် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးက "မသေခင်က ကိုယ့်အသေကို မြင်အောင်ကြည့်ထားမှ အသေကိုမကြောက်မှာ ဖြစ်ပါတယ်" ဟု ဆုံးမတော်မူပါတယ်။

ကိုယ့်အသေက ဘယ်မှာရှိသလဲဆိုတော့ ကိုယ့်အသေဆိုတာ တခြားမှာ ရှိတာမဟုတ်ပါဘူး။ မိမိခန္ဓာထဲမှာ ရှိတာဖြစ်ပါတယ်။ မိမိခန္ဓာထဲမှာ ရုပ်နာမ်ဓမ္မသင်္ခါရတရားတွေ ဖောက်ပြန်ပျက်စီးနေတာဟာ မိမိသေနေတာပါပဲ။ မိမိခန္ဓာထဲမှာ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေ ဖောက်ပြန်ပျက်စီးနေတဲ့ မိမိအသေကို ဘာနဲ့မြင်အောင်ကြည့်ရမှာလဲဆိုတော့ မိမိရဲ့ဝိပဿနာဉာဏ်နဲ့ မြင်အောင်ကြည့်ရမှာဖြစ်ပါတယ်။ မိမိခန္ဓာထဲမှာ ရုပ်နာမ်ဓမ္မသင်္ခါရတရားတွေ ဖောက်ပြန်ပျက်စီးနေတဲ့ မိမိရဲ့အသေကို မိမိရဲ့ဝိပဿနာဉာဏ်နဲ့ ကြည့်ပါများလျှင် မြင်လာပါလိမ့်မယ်။ မြင်ပါများလျှင် မုန်းလာပါလိမ့်မယ်။ မုန်းပါများရင် မိမိရဲ့ အသေလေးတွေ မိမိရဲ့ဉာဏ်အောက်မှာ ပျောက်ဆုံးသွားပါလိမ့်မယ်။ မသေခင်က မိမိအသေကိုမြင်ထားတဲ့ ပုဂ္ဂိုလ်များ၊ သေရမှာမကြောက်တော့ပါဘူး။ သေခြင်းတရားကို ရဲရဲကြီး ရင်ဆိုင်ရဲသွားပါတယ်။ သစ္စာမျက်လုံးနဲ့ကြည့်ရင် မိမိရဲ့ခန္ဓာထဲမှာ ရုပ်နာမ်ဓမ္မ သင်္ခါရတွေ ဖောက်ပြန်ပျက်စီးပြီးသေနေတာက ဒုက္ခသစ္စာ။ ထိုရုပ်နာမ်ဓမ္မ သင်္ခါရတွေ



မြင်ပါများလျှင် မုန်းလာပါ လိမ့်မယ်။ မုန်းပါများလျှင် မိမိရဲ့ အသေလေးတွေ မိမိရဲ့ဉာဏ်အောက်မှာ ပျောက်ဆုံးသွားပါလိမ့်မယ်။ မသေခင်က မိမိအသေကိုမြင်ထားတဲ့ ပုဂ္ဂိုလ်များ၊ သေရမှာမကြောက်တော့ပါဘူး။ သေခြင်းတရားကို ရဲရဲကြီး ရင်ဆိုင်ရဲသွားပါတယ်။

ဖောက်ပြန်ပျက်စီးသေနေပြီလို့ သိတဲ့ ဉာဏ်က မဂ္ဂသစ္စာ။ ထိုကဲ့သို့ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ အမှန်မြင်တော့ မိမိခန္ဓာထဲမှာ ရုပ်နာမ်ဓမ္မ သင်္ခါရတွေ ဖောက်ပြန်ပျက်စီး သေနေတာတွေကို မသာယာ မနှစ်သက်တော့ပါဘူး။ မသာယာ မနှစ်သက်တော့ တဏှာသမုဒယသေ၊ ငါမပိုင်၊ ငါမဆိုင်လို့သာလျှင် ဒီရုပ်နာမ်ဓမ္မ သင်္ခါရတွေ ဖောက်ပြန်ပျက်စီးနေတာပါလားလို့ အမှန်သိတော့ ဒိဋ္ဌိသမုဒယသေ။တဏှာ-ဒိဋ္ဌိသမုဒယသေတာက သမုဒယသစ္စာ၊ တဏှာ-ဒိဋ္ဌိသမုဒယ သေတော့၊ တဏှာ-ဒိဋ္ဌိသမုဒယက ပြုလုပ်လို့ ပေါ်လာမည့် အပါယ်လေးပါး ခန္ဓာဇာတ်တွေ သိမ်း အေးငြိမ်းသွားပါတယ်။အပါယ်လေးပါးခန္ဓာဇာတ်တွေ သိမ်းအေးငြိမ်းသွားတာက နိဗ္ဗာန်၊ နိဗ္ဗာန်ကို သစ္စာဖွဲ့တော့ နိရောဓသစ္စာ။ ဒါကြောင့် ရုပ်နာမ် ဓမ္မ သင်္ခါရတွေ ဖြစ်ပြီးပျက်သွားတဲ့ ကိုယ့်အသေကို တစ်ချက်မြင်လိုက်တာနဲ့ သစ္စာလေးချက် တစ်ပြိုင်နက် ကိုက်သွားပါတယ်။ ထိုကဲ့သို့ သစ္စာလေးချက် တစ်ပြိုင်နက်ကိုက်သောကြောင့် ခန္ဓာအရှိ ဖြစ်ပျက်ကို ဉာဏ်အသိမင်္ဂနဲ့ ကိုက်အောင် ရှုမှတ်ကြိုးစား ပွားများအားထုတ်ကာ မဂ်၊ ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော အရိယာသူတော်ကောင်းများ ဖြစ်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း "ကိုယ့်အသေကို မြင်အောင်ကြည့်တာ ဝိပဿနာ" ဆိုသောတရားကို ဒီမှာပဲ နိဂုံးကမ္ပတ် အဆုံးသတ်လိုက်ရပါတော့သတည်း။

**သတ္တဝါအားလုံး သေခြင်းတရားကို ရင်ဆိုင်ရဲကြပါစေ။**

**□ ထီလာမောင်(ကျွဲရဲ)**



www.foreverspace.com.mm

www.foreverspace.com.mm





# ကေသမုတ္တိသုတ်တော် (သို့မဟုတ်) ကာလာမသုတ်တော် ဖြစ်ပေါ်လာခြင်း၏ နောက်ခံသမိုင်း

တင့်ယဉ်

မြတ်ဗုဒ္ဓပွင့်တော်မမူမီ ရှေးခေတ် အိန္ဒိယဒေသတွင် ဝေဒခေတ် ကိုးကွယ်ယုံကြည်မှု၊ ဗြဟ္မဏခေတ် ကိုးကွယ်ယုံကြည်မှု၊ အရညခေတ်နှင့် ဥပနိသျှခေတ် ကိုးကွယ်ယုံကြည်မှု စသည်ဖြင့် မူရင်းကိုးကွယ်မှုဆိုင်ရာ အယူဝါဒများ ရှိနှင့်ပြီးဖြစ်သည်။ ထို့အပြင် မြတ်ဗုဒ္ဓနှင့် ခေတ်ပြိုင်ဖြစ်သော ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတကေသကမ္ဗလ၊ ပကုဓကစ္စာယန၊ သဉ္စယဗေလဋ္ဌပုတ္တ၊ နိဂဏ္ဌနာဋပုတ္တဝါဒဟူသော တိတ္ထိဂိုဏ်းဆရာကြီး (၆)ဦး၊ ပါထိကပုတ္တတက္ကတွန်း၊ ကောရခတ္တိယတက္ကတွန်း၊ သေနိယနှင့် ပုဏ္ဏတက္ကတွန်း၊ ပေါဋ္ဌပါဒပရိဗိုဇ်၊ သစ္စကပရိဗိုဇ်၊ ကဋ္ဌာရမဋ္ဌကတက္ကတွန်းနှင့် မာဂဏ္ဍိယပရိဗိုဇ် စသော ဘာသာရေးခေါင်းဆောင်များ၏ အယူဝါဒများသည်လည်း ထင်ရှားသော အယူဝါဒများဖြစ်လေသည်။

အထက်ဖော်ပြပါ ဝါဒရှင်များ၏ ကျင့်စဉ်များသည် အချုပ်အားဖြင့်-

၁။ မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက်မှသာလျှင် ဒုက္ခကုန်ဆုံး၍ လွတ်မြောက်မှုကို ရနိုင်သည်ဟု ယုံကြည်ယူဆသော - အတ္တကိလမထနုယောဂအကျင့်၊

၂။ ကာမဂုဏ်ငါးပါးကို ခံစားခြင်းဖြင့် အဆုံးစွန်သော ချမ်းသာနှင့်လွတ်မြောက်မှုကို ရနိုင်သည်ဟု ယုံကြည်ယူဆသော - ကာမသုခလ္လိကနုယောဂအကျင့် ဟု (၂)မျိုးသာ ရှိလေသည်။

www.foreverspace.com.mm



ထိုတွင် အတ္တကိလမထနုယောဂအကျင့်ကို ကျင့်သုံးရာ၌ ပူရဏကဿပစသော တိတ္ထိဂိုဏ်းဆရာကြီး (၆)ဦး၊ ပါထိကပုတ္တတက္ကတွန်း၊ ကောရခတ္တိယတက္ကတွန်း၊ သေနိယနှင့် ပုဏ္ဏတက္ကတွန်း၊ ပေါဋ္ဌပါဒပရိဗိုဇ်၊ သစ္စကပရိဗိုဇ်စသော ဘာသာရေးခေါင်းဆောင်များသည် ထင်ရှားသည်။ ကဋ္ဌာရမဋ္ဌက တက္ကတွန်းနှင့် မာဂဏ္ဍိယ ပရိဗိုဇ်တို့သည်ကား ကာမသုခလ္လိကာနုယောဂကျင့်စဉ်ကို ဦးဆောင်ကျင့်သုံးသော ခေါင်းဆောင်များဖြစ်ကြသည်။

မြတ်ဗုဒ္ဓမတိုင်မီ ခေတ်ကြိုအယူဝါဒများ၊ မြတ်ဗုဒ္ဓနှင့် ခေတ်ပြိုင်အယူဝါဒများနည်းတူ ဝိဘဇ္ဇဝါဒ၊ အကြောင်းအကျိုး ဆက်စပ်မှုဝါဒ၊ ကိုယ့်ကိုယ်ကို အားကိုးသော ဝါဒ၊ အနတ္တဝါဒ၊ ကမ္မဝါဒ၊ မဇ္ဈိမပဋိပဒါလမ်းစဉ် ဟူသော မြတ်ဗုဒ္ဓ၏ အယူဝါဒမှာလည်း တစ်နေ့တခြား ထင်ရှားလာခဲ့သည်။ ဤသို့ဖြင့် မြတ်ဗုဒ္ဓမတိုင်မီ(ခေတ်ကြို)အယူဝါဒများ၊ မြတ်ဗုဒ္ဓနှင့်ခေတ်ပြိုင် အယူဝါဒများ၊ မြတ်ဗုဒ္ဓ၏ ဝါဒနှင့်စပ်ဆက်သော အချို့အယူအဆများကို အမျိုးမျိုးသော ဝါဒရှင်များသည် မိမိတို့၏ အယူဝါဒများကိုသာလျှင် ထွန်းလင်းတောက်ပစေပြီး၊သူတစ်ပါးတို့၏ ဝါဒများကိုကား ထိပါးပုတ်ခတ် မထီမဲ့မြင်ပြုကာ ချေဖျက် ရှုတ်ချခဲ့ကြကြောင်းကို သိရှိရသည်။ ဤကဲ့သို့ တစ်ဦးနှင့် တစ်ဦး ထိပါးပုတ်ခတ်၍ ငြင်းခုံကြခြင်း၏ အကြောင်း ရင်းများမှာ-

၁။ ကောဓနော၊ ဥပနာဟ = အမျက်ဒေါသကြီးခြင်း၊ ရန်ငြိုးဖွဲ့တတ်ခြင်း၊

၂။ မက္ခီ၊ ပဠာသီ = ကျေးဇူးမသိတတ်ခြင်း၊ ဂုဏ်တုဂုဏ်ပြိုင်ပြုတတ်ခြင်း၊

၃။ ဣဿုကီ၊ မစ္ဆရီ = ငြူစူတတ်ခြင်း၊ နှမြော ဝန်တိုတတ်ခြင်း၊

၄။ သဌော၊ မာယာဝီ = စဉ်းလဲကောက်ကျစ်တတ်ခြင်း၊ လှည့်ပတ်ဖြားယောင်းတတ်ခြင်း၊

၅။ ပါပိစ္ဆ၊ မိစ္ဆာဒိဋ္ဌိ = အလိုဆိုးရှိခြင်း၊ မိစ္ဆာ အယူရှိခြင်း၊

၆။ သန္ဒိဋ္ဌိပရာမာသီ၊ အာဓါနဂ္ဂါဟီ၊ ဒုပ္ပဋိနိဿဂ္ဂီ = မိမိအယူသာမှန်၏ဟု မှားသောအားဖြင့် သုံးသပ်လေ့ရှိခြင်း၊ စွဲမြဲစွာယူလေ့ရှိခြင်း၊ အယူကို စွန့်နိုင်ခဲခြင်းတို့ကြောင့် ဖြစ်သည်။

ထို့တွင် ကေသမုတ္တိနိဂုံးသို့ ရောက်ရှိကြသော ဝါဒရှင်များသည် ယေဘုယျအားဖြင့် အမှတ်(၆)နှင့် ကိုက်ညီသည်ဟု ဆိုနိုင်ပါသည်။

ဖော်ပြပါ ဝါဒရေးရာ ငြင်းခုံမှုများ၏အကျိုးဆက်အားဖြင့် ကာလာမမင်းသားတို့သည် "မည်သည့်သမဏ၊ ဗြာဟ္မဏ၏ အယူဝါဒက မှန်သည်၊ မည်သည့်သမဏ၊ ဗြာဟ္မဏ၏အယူဝါဒက မှားသည်" ကို ခွဲခြားဝေဖန်နိုင်စွမ်းမရှိဘဲ ယုံမှားသံသယဖြစ်ခဲ့ကြရသည်။

ထို့အပြင် လောက၌ လူအများက လေးစားကြည်ညိုခြင်း၊ ယုံကြည်အားကိုးခြင်းတို့သည် အောက်ဖော်ပြပါအချက်များနှင့် ပြည့်စုံသောကြောင့် ဖြစ်သည်။ ယင်းတို့မှာ -

၁။ ရူပပ္ပမာဏ - ရုပ်အဆင်းအင်္ဂါလှပခြင်း၊

၂။ ဃောသပ္ပမာဏ - ထင်ပေါ်ကျော်ကြားခြင်း၊

၃။ လူခပ္ပမာဏ - ခေါင်းပါးခြိုးခြံစွာကျင့်ခြင်း၊

၄။ ဓမ္မပ္ပမာဏ - သီလ၊ သမာဓိ၊ ပညာ ပြည့်စုံခြင်း-

တို့ဖြစ်သည်။ ထို (၄)မျိုးတို့တွင် -

- ရုပ်အဆင်းသပ္ပါယ်ခြင်းကို အကြောင်းပြု၍ ၃-ပုံ ပုံလျှင် ၂-ပုံခန့်၊

- ထင်ပေါ်ကျော်ကြားခြင်းကို အကြောင်းပြု၍ ၅-ပုံ ပုံလျှင် ၄-ပုံခန့်၊

- ခေါင်းပါးခြိုးခြံခြင်းကိုအကြောင်းပြု၍ ၁၀-ပုံ ပုံလျှင် ၉-ပုံခန့်၊

- သီလ၊ သမာဓိ၊ ပညာပြည့်စုံခြင်းကို အကြောင်းပြု၍(၁၀၀၀၀၀)လျှင်(၁)ယောက်သာ ကြည်ညိုကြလေသည်။ ဗုဒ္ဓမြတ်စွာသည် ထိုလေးမျိုးလေးစားသော ကြည်ညိုသူများ၏စိတ်ကို ယူကျုံးဆွဲငင်နိုင်သော ကြည်ညိုဖွယ်အားလုံးကို ဆောင်တော်မူနိုင်ပါသည်။

သို့ဖြစ်၍ ကိုယ်တော်တိုင် ကေသမုတ္တိနိဂုံးသို့ ဒေသစာရီကြွချီတော်မူလာသော မြတ်ဗုဒ္ဓသည် "ရူပပ္ပမာဏ=ရုပ်အဆင်းတော်" ၌ ကာလာမမင်းသားတို့၏ လေးစားကြည်ညိုမှုကို ခံယူရရှိနိုင်ခဲ့သည်။ "အချင်းတို့

www.foreverspace.com.mm



သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင်မင်းသား ရဟန်းဂေါတမသည် ပူဇော်အထူးကို ခံထိုက်သော အကြောင်းကြောင့် အရဟံမည်တော်မူ၏”စသည်ဖြင့် ကာလာမမင်းသားတို့၏ အချင်းချင်းပြောဆိုသော တိုက်တွန်းစကားများကို ထောက်ဆ၍ မြတ်ဗုဒ္ဓအပေါ်၌ သိမြင်နားလည်ထားသော သူတို့၏ အဆင့်အတန်းကို တွေ့မြင်နိုင်ပေသည်။ ထို့ကြောင့် “ဃောသပ္ပမာဏ= ထင်ပေါ်ကျော်ကြားခြင်း၊ လူခပ္ပမာဏ=ခေါင်းပါးခြိုးခြံခြင်း၊ဓမ္မပ္ပမာဏ=သီလ၊သမာဓိ၊ပညာပြည့်စုံခြင်း” ဤဂုဏ်များဖြင့်လည်း မြတ်စွာဘုရားရှင်သည် ကာလာမမင်းသားတို့၏ ကြည်ညိုမှုကို ခံယူရရှိခဲ့ပါသည်။

တစ်ဖန် ဆွေးနွေးမေးမြန်းမှုနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းရန်သင့်သော ပုဂ္ဂိုလ်နှင့် ဆွေးနွေးမေးမြန်းရန် မသင့်သောပုဂ္ဂိုလ်ဟု နှစ်မျိုးနှစ်စားရှိရာတွင် အောက်ပါဂုဏ်ရည်များသည် ဆွေးနွေးမေးမြန်းရန်သင့်သော ပုဂ္ဂိုလ်၌ ရှိရမည့် ဂုဏ်ရည်များဖြစ်ပေသည်။ ယင်းတို့မှာ -

၁။ ပြဿနာကို မေးအပ်သည်ရှိသော် တိုက်ရိုက်ဖြေဆိုရမည်ဖြစ်သော ပြဿနာ၌ တိုက်ရိုက်အားဖြင့် ဖြေဆိုနိုင်ခြင်း၊

၂။ ဝေဖန်၍ ဖြေဆိုရမည်ဖြစ်သော ပြဿနာကို ဝေဖန်၍ ဖြေဆိုနိုင်ခြင်း၊

၃။ တစ်ဖန်ပြန်မေး၍ ဖြေဆိုရမည်ဖြစ်သော ပြဿနာကို တစ်ဖန်ပြန်မေး၍ ဖြေဆိုခြင်း၊

၄။ မဖြေဆိုဘဲ ထားရမည်ဖြစ်သော ပြဿနာကိုလည်း မဖြေဆိုဘဲထားခြင်း၊

၅။ ပြဿနာကို မေးအပ်သည်ရှိသော် အကြောင်းကို ဟုတ်သည် မဟုတ်သည်၌ တည်နိုင်ခြင်း၊

၆။ ကြံဆအပ်သောအရာ၌ တည်ခြင်း၊

၇။ သိရမည့်ဝါဒ၌ တည်ခြင်း၊

၈။ ဖြေဆိုရမည့်ကျင့်ဝတ်၌ တည်ခြင်း၊

၉။ ပြဿနာကို မေးအပ်သည်ရှိသော် စကားတစ်ခုဖြင့် စကားတစ်ခုကို မဖုံးကွယ်ခြင်း၊

၁၀။ အပြင်စကားကို ဆောင်၍ မပယ်ခြင်း၊

၁၁။ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ မနှစ်သက်ခြင်းကိုလည်း ထင်စွာမပြုခြင်း၊

၁၂။ ပြဿနာကို မေးအပ်သည်ရှိသော် ပါဠိပါဌ်သားရွတ်ဖတ်၍ မလွှမ်းမိုးခြင်း၊

၁၃။ အကြောင်းပြ၍ မဖိနှိပ်ခြင်း၊

၁၄။ မေးသူစိတ်၌ သံသယရှိလာအောင် ပြင်းစွာမရယ်ခြင်း၊

၁၅။ အနည်းငယ်ချွတ်ယွင်းသည်ကို အမှားမဖမ်းခြင်း-

တို့ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ဤဂုဏ်ရည်များဖြင့်လည်း ပြည့်စုံတော်မူသဖြင့် ဆွေးနွေးမေးမြန်းရန်သင့်သော ပုဂ္ဂိုလ်ဖြစ်ကြောင်း ထင်ရှားလေသည်။ ဤသို့အထက်ဖော်ပြပါ ဂုဏ်ရည်များနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်သည် ကာလာမမင်းသားတို့အား သူတို့၏ ယုံမှားသံသယများကို ဖြေရှင်းပေးနိုင်မည့်ပုဂ္ဂိုလ်အဖြစ်ဖြင့် အားကိုးယုံကြည်မှုကို ပေးနိုင်ခဲ့ပါသည်။ ထို့ကြောင့် ကာလာမမင်းသားတို့သည် အယူဝါဒအပေါ်၌ ဖြစ်ပေါ်နေသော သူတို့၏ယုံမှားသံသယများကို မြတ်စွာဘုရားရှင်အား လျှောက်ကြားခဲ့ကြခြင်းဖြစ်သည်။

လောက၌ လူသားတို့ဖြစ်တတ်သော ယုံမှားသံသယနှင့်ပတ်သက်၍ ကျမ်းဂန်လာအတိုင်း ဖော်ပြလိုပေသည်။ မူလပဏ္ဏာသပါဠိတော်လာ ယုံမှားသံသယနှင့် ပတ်သက်သော မှတ်ချက်များမှာ-

၁။ ငါသည် အတိတ်ကာလ၌ ဖြစ်ခဲ့ဖူးသလော၊
၂။ ငါသည် အတိတ်ကာလ၌ မဖြစ်ခဲ့ဖူးသလော၊
၃။ ငါသည် အတိတ်ကာလ၌ အဘယ်သူဖြစ်ခဲ့ဖူးသနည်း၊
၄။ ငါသည် အတိတ်ကာလ၌ အဘယ်သို့ဖြစ်ခဲ့ဖူးသနည်း၊
၅။ ငါသည် အတိတ်ကာလ၌ အဘယ်သူဖြစ်ပြီး၍ အဘယ်သို့ဖြစ်ခဲ့ဖူးသနည်း၊
၆။ ငါသည် အနာဂတ်ကာလ၌ ဖြစ်လတ္တံ့လော၊
၇။ ငါသည် အနာဂတ်ကာလ၌ မဖြစ်လတ္တံ့လော၊
၈။ ငါသည် အနာဂတ်ကာလ၌ အဘယ်သူ ဖြစ်လတ္တံ့နည်း၊

www.foreverspace.com.mm



၉။ ငါသည် အနာဂတ်ကာလ၌ အဘယ်သို့ ဖြစ်လတ္တံ့နည်း၊
၁၀။ ငါသည် အနာဂတ်ကာလ၌ အဘယ်သူဖြစ်ပြီး၍ အဘယ်သို့ဖြစ်လတ္တံ့နည်း၊
၁၁။ ယခုပစ္စုပ္ပန်ကာလ၌လည်း ငါဖြစ်သလော၊
၁၂။ ယခုပစ္စုပ္ပန်ကာလ၌လည်း ငါမဖြစ်သလော၊
၁၃။ ယခုပစ္စုပ္ပန်ကာလ၌လည်း ငါအဘယ်သူဖြစ်သနည်း၊
၁၄။ ယခုပစ္စုပ္ပန်ကာလ၌လည်း ငါအဘယ်သို့ဖြစ်သနည်း၊
၁၅။ ယခုပစ္စုပ္ပန်ကာလ၌လည်း ငါသည် အဘယ်မှ လာသနည်း၊
၁၆။ ယခုပစ္စုပ္ပန်ကာလ၌လည်း ငါသည် အဘယ်သို့ သွားလတ္တံ့နည်းဟူ၍ ၁၆-ပါးရှိပေသည်။

ထို့အတူ ဓမ္မသင်္ဂဏီပါဠိတော်၌လည်း ယုံမှားခြင်း ဝိစိကိစ္ဆာသဘောကို -

၁။ မြတ်စွာဘုရားရှင်၌ ယုံမှားတွေးတောခြင်း၊
၂။ တရားတော်၌ ယုံမှားတွေးတောခြင်း၊
၃။ သံဃာတော်၌ ယုံမှားတွေးတောခြင်း၊
၄။ အကျင့်သိက္ခာ၌ ယုံမှားတွေးတောခြင်း၊
၅။ ရှေးအဖို့၌ (ဖြစ်ပြီးသော ခန္ဓာစသည်တို့၌) ယုံမှားတွေးတောခြင်း၊
၆။ နောက်အဖို့၌ (ဖြစ်လတ္တံ့သော ခန္ဓာစသည်တို့၌) ယုံမှားတွေးတောခြင်း၊
၇။ ရှေ့အဖို့၊ နောက်အဖို့တို့၌ (ဖြစ်ပြီး၊ ဖြစ်လတ္တံ့ ခန္ဓာစသည်တို့၌) ယုံမှားတွေးတောခြင်း၊
၈။ အကြောင်းအကျိုးတရားတို့၌ ယုံမှားတွေးတောခြင်း-

ဟူ၍ ၈-မျိုးဖွင့်ဆိုထားသည်။

ကေသမုတ္တိနိဂုံးသို့ ဝင်လာသော အယူဝါဒပေါင်းစုံကြောင့် အထက်ဖော်ပြပါ သံသယများစွာတို့တွင် တစ်ခုမဟုတ် တစ်ခုခုသော သံသယနှင့် ငြိစွန်းလျက် ကာလာမမင်းသားတို့သည် အမှားအမှန်ကို ရွေးချယ်မှု အပေါ်၌ သံသယဖြစ်ခဲ့ကြရသည်။ ဤသံသယများသည်



ဤသို့ အထက်ဖော်ပြပါ
ဂုဏ်ရည်များနှင့်
ပြည့်စုံတော်မူသော
မြတ်စွာဘုရားရှင်သည်
ကာလာမမင်းသားတို့အား
သူတို့၏
ယုံမှားသံသယများကို
ဖြေရှင်းပေးနိုင်မည့်ပုဂ္ဂိုလ်
အဖြစ်ဖြင့်
အားကိုးယုံကြည်မှုကို
ပေးနိုင်ခဲ့ပါသည်။

သူတို့၏ သန္တာန်၌ ရပ်တန့်၍မနေဘဲ၊ ကေသမုတ္တိနိဂုံးသို့ ဒေသစာရီကြွချီတော်မူလာသော ဗုဒ္ဓမြတ်စွာ၏ ရှေ့တော်မှောက်သို့ ပုစ္ဆာပြဿနာတစ်ရပ်အဖြစ် ဆိုက်ရောက်လာခဲ့သည်။ သို့ဖြစ်၍ ကာလာမမင်းသားတို့သည် ဗုဒ္ဓမြတ်စွာအား "မည်ကဲ့သို့ ယင်းသံသယကိုဖြေရှင်းရမည်နည်း" ဟု မေးလျှောက်ခဲ့ကြခြင်းဖြစ်သည်။ ဤ၌ မေးလျှောက်ခြင်းနှင့်ဆက်စပ်၍ အောက်ပါအချက်အလက်တို့ကို သိသင့်သည်။

၁။ အဒိဋ္ဌဇောတနာပုစ္ဆာ = မသိမမြင်သော အနက်အဓိပ္ပါယ်ကို သိမြင်လို၍ မေးသောပုစ္ဆာ၊

၂။ ဒိဋ္ဌသံသန္ဒနာပုစ္ဆာ = မိမိအယူအဆနှင့် တူ၊ မတူကိုနှိုင်းယှဉ်ကြည့်လို၍ မေးသောပုစ္ဆာ၊

www.foreverspace.com.mm



၃။ ဝိမတိစ္ဆေဒနာပုစ္ဆာ = သံသယရှိနေသည်ကို ကင်းရှင်းစေလို၍ မေးသောပုစ္ဆာ၊

၄။ အနုမတိပုစ္ဆာ = မိမိအလိုသို့ လိုက်ပါစေလို၍ မေးသောပုစ္ဆာ၊

၅။ ကထေတုကမျတာပုစ္ဆာ = မိမိကိုယ်တိုင်ပင် ဖြေကြားလို၍ မေးသောပုစ္ဆာ-

ဟူသော အမေးငါးချက်နှင့်-

၁။ တွေဝေခြင်း၊

၂။ ယုတ်မာသော အလိုဆိုးရှိခြင်း၊

၃။ သူတစ်ပါးကို နှိပ်စက်လိုခြင်း၊

၄။ အမှန်ကို သိလိုခြင်း၊

၅။ အမေးခံရသူ မဖြေနိုင်ပါက မိမိကိုယ်တိုင်ဖြေဆိုလိုခြင်းဟူသော အကြောင်းတို့တွင် တစ်မျိုးမျိုးသော အကြောင်းကြောင့် အမေးပုစ္ဆာများကို မေးတတ်ကြသည်။ ထို့တွင် ကာလာမမင်းသားတို့က မြတ်စွာဘုရားရှင်အား မေးလျှောက်ခြင်းသည် "ဝိမတိစ္ဆေဒနာပုစ္ဆာ = သံသယရှိနေသည်ကို ကင်းရှင်းစေလို၍ မေးသောပုစ္ဆာနှင့် တွေဝေသောကြောင့် မေးသောပုစ္ဆာ"များဖြစ်နိုင်ကြောင်းကို ယေဘုယျအားဖြင့် သတ်မှတ်နိုင်ပေသည်။

မြတ်ဗုဒ္ဓသည် အယူဝါဒအပေါ်၌ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ယုံမှားသံသယရှိမှုကို ပယ်ဖျောက်ပေးနိုင်ရန် အာသီသရှိတော်မူမြဲဖြစ်သည်။ ထို့ကြောင့် မြတ်ဗုဒ္ဓသည် ပရိနိဗ္ဗာန်ပြုတော်မမူမီ "အချိန်အနည်းငယ်အလိုမှာပင်"တပည့်ရဟန်းများအား အောက်ပါအတိုင်းတိုက်တွန်းစကားကို ပြောကြားတော်မူခဲ့ခြင်းဖြစ်သည်။ ယင်းမှာ-

"ရဟန်းတို့-ဘုရား၌ဖြစ်စေ၊ တရားတော်၌ဖြစ်စေ၊ သံဃာတော်၌ဖြစ်စေ၊ မဂ်၌ဖြစ်စေ၊ အကျင့်၌ဖြစ်စေ ယုံမှားတွေးတောခြင်းသည် တစ်စုံတစ်ယောက်သော ရဟန်းအားဖြစ်လျက် ရှိငြားအံ့။ ရဟန်းတို့-(ငါ့အား)မေးကြကုန်လော့။ 'မြတ်စွာဘုရားသည် ငါတို့၏ မျက်မှောက်၌ ထင်ရှားရှိခဲ့ပါလျက် ငါတို့သည် မြတ်စွာဘုရားကို ရှေ့တော်၌ပြန်၍ မေးခြင်းငှာ မစွမ်းနိုင်ကြပါတကား'ဟု သင်တို့သည် နောင်တတစ်ဖန် ပူပန်ခြင်း မဖြစ်ကြစေကုန်လင့်"

"ရဟန်းတို့ - သင်တို့သည် ဘုရား၌ ရိုသေသဖြင့် မမေးကြသည်ရှိသော်လည်း ဖြစ်ငြားအံ့။ ရဟန်းတို့ - အဖော်ရဟန်းအချင်းချင်းအားမူလည်း မိမိ၏ယုံမှားတွေးတောခြင်းကို ပြောကြားလော့"

ဟူသော စကားတော်ပင် ဖြစ်လေသည်။

အထက်၌ ဖော်ပြခဲ့ပြီးသည့်အတိုင်း ကာလာမမင်းသားတို့သည် သူတို့၏ ယုံမှားသံသယများကို ဗုဒ္ဓမြတ်စွာအား လျှောက်ကြားခဲ့ကြ၏။ သို့သော် မြတ်ဗုဒ္ဓသည်ကား အခြားသောဝါဒရှင်များ၏ အယူဝါဒများ၊ သဘောတရားများ၊ စိတ်ဓာတ်စရိုက်များ၏အပေါ်၌ ကောင်း၊ မကောင်းကိုလည်းကောင်း၊ မှန်၊ မမှန်ကိုလည်းကောင်း ပြန်လည်၍ ဖြေရှင်းချက်မထုတ်ဘဲ အောက်ပါအတိုင်းသာ မိန့်တော်မူခဲ့ပါသည်။ယင်းကား-

"ကာလာမမင်းသားတို့ - သင်တို့အား ယုံမှားခြင်းငှာ သင့်ပေ၏။ တွေးတောခြင်းငှာ သင့်ပေ၏။ သင်တို့အား ယုံမှားခြင်းငှာသင့်သောအရပ်၌ ယုံမှားခြင်းဖြစ်၏"ဟု ဖြစ်သည်။

သို့ဖြစ်၍ မြတ်ဗုဒ္ဓသည် လိုအပ်တော်မမူပါက အခြားသောသမဏ၊ဗြာဟ္မဏတို့၏ အယူဝါဒ၌ ဝင်ရောက် စွက်ဖက်ခြင်းကို ပြုတော်မူခြင်းမရှိပေ။ သို့သော် ကာလာမမင်းသားတို့၏ အယူဝါဒအပေါ်၌ ဖြစ်သင့်ဖြစ်ထိုက်သော ယုံမှားသံသယကိုမူကား လက်ခံအတည်ပြုတော်မူသည်ကို တွေ့ရှိရပေသည်။

ဤသို့အားဖြင့် ကေသမုတ္တိနိဂုံးသို့ သွတ်သွင်းလာသော အမျိုးမျိုးသော ဝါဒရှင်များ၏ အယူဝါဒများ၊ ထိုဝါဒကို လက်ခံရယူကြမည့် ကေသမုတ္တိနိဂုံးသား ကာလာမမင်းသားတို့၏ အယူဝါဒအပေါ်၌ ဖြစ်ပေါ်လာသော ယုံမှားသံသယများ၊ ကာလာမမင်းသားတို့၏ မြတ်ဗုဒ္ဓနှင့်တွေ့ဆုံမှုများ စသည့်အကြောင်းများသည် ကေသမုတ္တိသုတ်တော်(သို့မဟုတ်) ကာလာမသုတ်တော် ဖြစ်ပေါ်လာခြင်း၏ နောက်ခံသမိုင်းပင် ဖြစ်ပေတော့သည်။

□ တင့်ယဉ်

www.foreverspace.com.mm



# ဇာတကကြေးမုံ(၂)

တော်ဝင်နွယ်

www.foreverspace.com.mm



## ဇာတကကြေးမုံ (၂)

**တော်ဝင်နွယ်**

မိသားစုဆိုတာ စတင်ပေါက်ဖွားရာဖြစ်သလို တစ်ဘဝလုံးခိုလှုံကာ နောက်ဆုံးခေါင်းချရာ အသိုက်အမြုံတစ်ခုဖြစ်ပါတယ်။မိသားစုမရှိရင် သားသမီး၊ မိဘ၊ ညီအစ်ကိုမောင်နှမ၊ ဇနီး၊ ခင်ပွန်းဆိုတာ မရှိနိုင်ပါဘူး။ သူတော်စင်၊ သူတော်ကောင်း၊ ဘုရား-ရဟန္တာဆိုတာ မရှိနိုင်ပါဘူး။ တပည့်သားမြေး၊ အခြွေအရံ ပရိသတ်ဆိုတာ မရှိနိုင်ပါဘူး။ တကယ်တော့ မိသားစုဆိုတာ လောကရဲ့ အမြုတေ(အမတေ)တစ်ခုဖြစ်ပါတယ်။

"House is made by hand. Home is made by heart" ဆိုတဲ့ အင်္ဂလိပ်ဆိုရိုးစကားပုံလေးတစ်ခု ရှိပါတယ်။ဆိုလိုတာက "နေအိမ်အဆောက်အအုံဆိုတာကို လက်နဲ့တည်ဆောက်လို့ရပေမယ့် မိသားစုရိပ်မြုံတစ်ခုကိုတော့ နှလုံးသားနဲ့တည်ဆောက်ရပါတယ်" လို့ အဓိပ္ပါယ်ရပါတယ်။ မိသားစုဆိုတာ ပေါက်ဖွားရှင်သန်ရာ အသိုက်အမြုံတစ်ခုဖြစ်ရုံသာမက ပျော်ရွှင်ကြည်နူးမှုတွေကို ဝေမျှရာ၊ ဘဝအမော၊ သောကအပူတွေကို ချွေးသိပ်ရာ၊ကြီးပွားတိုးတက်အောင်မြင်မှုတွေအတွက် ခြေကုပ်ယူရာ၊ ထိခိုက်နာကျင်မှုတွေအတွက် ကုစားဖြေသိမ့်ရာလည်း ဖြစ်ပါတယ်။

သဗ္ဗညုတဉာဏ်တော်မြတ်ကိုရဖို့ မိသားစုကို စွန့်ခွာတော်မူခဲ့ပေမယ့် မိသားစုတစ်ခုရဲ့ တန်ဖိုးကို သိမြင်တော်မူတဲ့နေရာမှာ ရှင်တော်ဘုရားကို ဘယ်သူမျှ လိုက်မမီနိုင်စရာအကြောင်းမရှိပါဘူး။ ရှင်တော်ဘုရားဟောကြားတော်မူခဲ့တဲ့ မင်္ဂလသုတ္တန်တရားတော်မြတ်ဟာ မိသားစုတစ်ခုရဲ့ တန်ဖိုးကို တစ်လောကလုံးက မှန်မှန်ကန်ကန်တန်ဖိုးဖြတ်နိုင်အောင် အထိုက်တန်ဆုံး မြှင့်တင်ပေးခဲ့တဲ့ တရားတော်တစ်ခု ဖြစ်ပါတယ်။

ရှင်တော်ဘုရားရဲ့ လမ်းညွှန်ချက်အရ မိသားစုရိပ်မြုံတစ်ခုဆိုတာ သစ္စာတရား၊ ပန္နက်ခိုင်ခိုင်မာမာချ၊ ကိုယ်ကျင့်သီလတိုင် မတ်မတ်ထူ၊ တာဝန်ဝတ္တရားအကာအရံတွေ လုံခြုံအောင်ကာ၊ ဗြဟ္မစိုရ်အမိုးစိပ်စိပ်မိုးပြီး မြတ်နိုးစွာတည်ဆောက်ရပါတယ်။ မိသားစုထဲမှာ ကိုယ်ပိုင်ဆိုင်တဲ့ ငွေကြေးဥစ္စာဓနရော၊အခွင့်အရေးတွေရော၊ ကိုယ်ရောစိတ်ပါ တစ်ဘဝလုံးရင်းနှီးမြှုပ်နှံထားရတဲ့ အပြင် စွန့်လွှတ်အနစ်နာခံပေးဆပ်မှုတွေကိုပါ ထည့်ဝင်ထားရတာမို့ မိသားစုဆိုတာ စားသောက်ဖို့၊ နေထိုင်ဖို့၊ ပျော်ပါးဖို့ဆိုတဲ့ ဖို့(၃)ခုလောက်သာ နားလည်ပြီး အတ္တကြီးကာ တာဝန်မဲ့နေလိုတဲ့သူတွေနဲ့ မထိုက်တန်၊ မပတ်သက်ပါဘူး။

သွေးစည်းချစ်ကြည်မှုအပြည့်နဲ့ တစ်ဦးရဲ့အကျိုးစီးပွားကို တစ်ဦးက လိုလားခြင်း၊ သက်ညှာမှုအပြည့်အဝနဲ့ တစ်ဦးရဲ့ လိုအပ်ချက်ကို တစ်ဦးက ကူညီဖြည့်ပေးခြင်း၊ တစ်ဦးတစ်ယောက်ရဲ့ အောင်မြင်မှုကို မနာလိုဝန်တိုမှုမရှိကြဘဲ တစ်အိမ်သားလုံးက လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဝမ်းသာဂုဏ်ယူကြခြင်း၊ မှားယွင်းဆုံးရှုံးမှုတွေနဲ့ တွေ့ကြုံရတဲ့အခါမှာလည်း ကြင်နာမှုအပြည့်နဲ့ နားလည်ဖြေသိမ့်မှုပေးနိုင်ခြင်းဆိုတဲ့ အချက်(၄)ချက်ဟာ ပျော်ရွှင်ကျေနပ်ကြည်နူးဖွယ်ရာကောင်းတဲ့ မိသားစုတစ်ခုဖြစ်ဖို့အတွက် မရှိမဖြစ်တဲ့ အခြေခံလိုအပ်ချက်တွေ ဖြစ်ပါတယ်။

အခု မိသားစုစိတ်ဓာတ်နဲ့ ပတ်သက်ပြီး စံပြအဖြစ်နဲ့ နမူနာအတုယူစရာကောင်းတဲ့ ဇာတ်တော်တစ်ခုကို ပြောပြချင်ပါတယ်။ အဲဒီဇာတ်တော်ဟာ ငါးရာ့ငါးဆယ်၊ဝီသတိနိပါတ်မှာပါပြီး 'ရောဟဏမိဂ' အမည်ရတဲ့ ဇာတ်ဝတ္ထုတစ်ခုဖြစ်ပါတယ်။

## သွေးစည်းချစ်ကြည်ကြတဲ့ ရွှေသမင်မိသားစု

တစ်ခါတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံနေတဲ့အခါ ဘုရားအလောင်းတော်ဟာ ဟိမဝန္တာအရပ်မှာ 'ရောဟဏ' အမည်ရတဲ့ ရွှေသမင်မင်းဖြစ်ခဲ့ဖူးပါတယ်။ အခြံအရံသမင်ပေါင်း ရှစ်သောင်းရှိတဲ့ ဘုရားအလောင်း ရွှေသမင်မင်းမှာ 'စိတ္တ' ဆိုတဲ့ ညီငယ်နဲ့ 'သုတနာ' လို့ခေါ်တဲ့ နှမတော် ရွှေသမင်နှစ်ကောင်လည်းရှိပါတယ်။သူတို့တစ်တွေဟာ မျက်မမြင်မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးနေကြပါတယ်။

တစ်နေ့မှာတော့ ဗာရာဏသီမင်းကြီးရဲ့ မိဖုရားခေါင်ကြီးဖြစ်သူ

www.foreverspace.com.mm



ခေမာမိဖုရားကြီးဟာ အိပ်မက်အရ ရွှေသမင်မင်းရဲ့တရား နာကြားလိုပါတယ်ဆိုပြီး ချင်ခြင်းတပ်ပါတယ်။ ဗြဟ္မဒတ်မင်းကြီးက မိဖုရားကြီးရဲ့ အလိုဆန္ဒကို ဖြည့်ဖို့ ရွှေသမင်အကြောင်းသိတဲ့ မုဆိုးတစ်ယောက်ကို နန်းတော်ကို ခေါ်ယူပြီး ရွှေသမင်မင်းကို ဖမ်းဆီးခေါ်ဆောင်ပေးရန် တာဝန်ပေးလိုက်ပါတယ်။

မုဆိုးလည်း "အရှင်မင်းကြီး၊စိုးရိမ်တော်မမူပါလင့်၊ကျွန်တော်မျိုးဟာ ရွှေသမင်ကို ဖမ်းဆီးခေါ်ဆောင်ဖို့ တကယ်လို့ မစွမ်းနိုင်ခဲ့ရင် ရွှေသမင်ရဲ့အရေကိုဖြစ်ဖြစ်၊ အမွေးကိုဖြစ်ဖြစ် အရယူဆောင်လာခဲ့ပါမယ်"လို့ ကတိဝန်ခံချက်ပေးပြီး ဟိမဝန္တာဘက် ထွက်လာခဲ့ပါတယ်။ ဟိမဝန္တာရောက်တဲ့အခါ ဘုရားလောင်းရွှေသမင်ရဲ့ အသွားအလာကို အကဲခတ်လေ့လာပြီး ရေသောက်ဆိပ်မှာ ကျော့ကွင်းကို ချထားထောင်ထားလိုက်ပါတယ်။

နောက်တစ်နေ့နံနက်မှာ အခြံအရံ သမင်ရှစ်သောင်းနဲ့ ရေသောက်ဆင်းလာတဲ့ ဘုရားလောင်းရွှေသမင်ဟာ ကျော့ကွင်းမှာ မိပါတယ်။ ဒါပေမယ့် အခုအချိန်မှာ အော်မြည်သံပေးရင် အခြံအရံသမင်တွေ ရေဝအောင်သောက်ခွင့် မရမှာစိုးလို့ ခေတ္တခဏစောင့်ပြီး ခြေထောက်မှာ စွပ်မိနေတဲ့ကျော့ကွင်းကို ရုန်းကြည့်ပါတယ်။ ပထမအကြိမ်ရုန်းစဉ်က အပေါ်ယံအရေပြား ပြတ်သွားပြီး၊ ဒုတိယအကြိမ်အသား၊ တတိယအကြိမ် အကျောတွေ ပြတ်ကုန်ပါတယ်။ အရိုးထိအောင် ဖွဲ့ပတ်မိနေတဲ့ ကျော့ကွင်းကို မရုန်းဖြတ်နိုင်တော့တဲ့အခါ 'အန္တရာယ်'ဆိုတဲ့ အော်မြည်သံကို ဟစ်အော်သတိပေးလိုက်ပါတယ်။

သမင်တွေဟာ လွန်စွာကြောက်ရွံ့ပြီး အုပ်စု(၃)ခုကွဲကာ ထွက်ပြေးကြပါတယ်။ ဘုရားလောင်းရဲ့ ညီတော် စိတ္တသမင်ဟာ ထွက်ပြေးလာတဲ့ အုပ်စုသုံးခုလုံးမှာ သူ့ရဲ့ နောင်တော်ကို မမြင်တွေ့ရတာမို့ "ဒီဘေးရန်ဟာ ငါ့နောင်တော်မှာ ဖြစ်တာပဲ"လို့ တွေးပူကာ ကျော့ကွင်းမိနေတဲ့ဘုရားလောင်းသမင်မင်းထံ ပြန်လှည့်လာပါတယ်။ဘုရားအလောင်းတော်က "အန္တရာယ်ရှိလို့ မလာနဲ့"လို့ပြောတဲ့အခါ "သောကကြောင့် ပူလောင်နေတဲ့စိတ်နှလုံးဟာ နောင်တော်ထံမှာပဲ ကျန်ရစ်တယ်။ ဒါကြောင့် ဒီနေရာကနေ မခွာနိုင်ပါဘူး။ စွန့်ခြင်းစွန့်ရင် နောင်တော်ကို မစွန့်နိုင်ပါဘူး၊ ညီတော်ရဲ့ အသက်ကိုသာ စွန့်ပါမယ်"လို့ ပြောပြီး ဘုရားလောင်းရွှေသမင်ရဲ့ ညာဘက်ခြမ်းကို မှီပြီးရပ်နေပါတယ်။

သိပ်မကြာခင်မှာပဲ နှမတော် 'သုတနာ'သမင်ငယ်လည်း ပြန်လာပြီး ဘုရားလောင်းရွှေသမင်ရဲ့ ဘယ်ဘက်ခြမ်းကိုမှီပြီး ရပ်နေပါတယ်။ ဘုရားအလောင်းတော်က 'ငါမရှိရင် မျက်မမြင်မိဘနှစ်ပါးကို မင်းတို့ မောင်နှမလုပ်ကျွေးရလိမ့်မယ်။ ပြန်ကြပါ"လို့ အကြိမ်ကြိမ်အခါခါ ပြောပေမယ့် ညီတော်၊ နှမတော် သမင်ငယ်နှစ်ကောင်ဟာ ဘုရားလောင်းရွှေသမင်ကို စွန့်ခွာမသွားကြပါဘူး။

အဲဒီအချိန်မှာပဲ ရွှေသမင် ကျော့ကွင်းမှာမိကြောင်း သိသွားတဲ့ မုဆိုးဟာ လှံကိုထမ်းပြီးအပြေးရောက်လာပါတယ်။ လှံကိုထမ်းပြီး ပြေးလာတဲ့ မုဆိုးကိုမြင်တဲ့အခါ ညီတော် စိတ္တက လုံးဝမပြေးပေမယ့် နှမတော် သုတနာကတော့ သေဘေးကို ထိတ်လန့်တာမို့ နည်းနည်းလောက် ပြေးသွားမိပြီးနောက်မှ အစ်ကိုတော်ကို သတိရပြီး ဘုရားလောင်းရဲ့ဘေးမှာ ယှဉ်ပြီးရပ်နေပါတယ်။

စိတ်ကောင်းရှိတဲ့ မုဆိုးဟာ တိရစ္ဆာန်တွေဖြစ်ပေမယ့် တစ်ကောင့်ကိုတစ်ကောင် မစွန့်ခွာဘဲ ရပ်တည်နေကြတဲ့ ရွှေသမင်(၃)ကောင်ကို မြင်တွေ့ရတာမို့ မေတ္တာသက်ဝင်ချစ်ခင်စိတ်ပေါ်ကာ "ရွှေသမင်နဲ့ ဘယ်လိုတော်စပ်ကြသလဲ"လို့ မေးမြန်းစုံစမ်းပါတယ်။ အဲဒီအခါ ဘုရားလောင်းက သူတို့နှစ်ဦးဟာ မိမိရဲ့ ညီနှင့်နှမငယ်များဖြစ်ကြောင်း၊ မိမိတို့ဟာ အသက်ဘေးနဲ့ကြုံရစေကာမူ အချင်းချင်း စွန့်ခွာသွားလေ့မရှိကြောင်း၊ မျက်မမြင်မိဘနှစ်ပါးကို လုပ်ကျွေးပြုစုနေသူများဖြစ်ကြောင်း ပြောပြရာ မုဆိုးဟာ လွန်စွာနှစ်သက်ကြည်ညိုသွားပါတယ်။

အဲဒီအချိန်မှာ ညီတော် စိတ္တကလည်း "မုဆိုးကြီး၊ ဒီရွှေသမင်ကို သာမညလို့ မထင်လိုက်ပါနဲ့၊ ကိုယ်ကျင့်သီလနဲ့ပြည့်စုံပြီး၊ သူတော်ကောင်းတရားရှိတဲ့ ရွှေသမင်

www.foreverspace.com.mm



ဖြစ်ပါတယ်။ မေတ္တာ၊ကရုဏာအား ကြီးသူဖြစ်ပြီး မျက်မမြင်မိဘနှစ်ပါး ကို လုပ်ကျွေးနေသူပါ။ တကယ်လို့ မုဆိုးကြီး ရွှေသမင်ကို သတ်မယ်ဆို ရင် ကျွန်တော်တို့(၅)ဦးစလုံးကို သတ် ဖြတ်ရာရောက်မှာပါ။ ကျွန်တော်တို့ မိသားစု(၅)ဦးဟာ တစ်ဦးမရှိရင် ကျန်တဲ့သူတွေက မရပ်တည်နိုင်ဘူး။ တကယ်လို့ မုဆိုးကြီးက ရွှေသမင် ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးမယ်ဆို ရင် ကျွန်တော်တို့မိသားစု (၅)ဦး စလုံးကို အသက်ပေးလှူရာရောက် ပါတယ်။ မုဆိုးကြီးကို မေတ္တာရပ်ခံ ချင်ပါတယ်။ ကျွန်တော်တို့မိသားစု ကို ဘေးမဲ့ပေးလှူပါ''လို့ ပြောပြပါ တယ်။

အဲဒီအခါ မုဆိုးက''ရှင် ဘုရင်က ပေးတဲ့စည်းစိမ်ဟာ ဘာ လုပ်ရမလဲ၊ တကယ်လို့ ငါဟာ ဒီလို သူတော်ကောင်းဖြစ်တဲ့ ရွှေသမင်ကို သတ်မိရင် မြေလည်း မျိုချမျိုမယ်၊ မိုးကြိုးပစ်တာ ခံရချင်လည်း ခံရနိုင် တယ်''လို့တွေးပြီး ရွှေသမင်ကို ကျော့ကွင်းကလွတ်ကာ ဒဏ်ရာတွေ ကို လက်အုပ်နဲ့အသာဆုပ်ပြီး ပြုစု ပေးပါတယ်။ မုဆိုးရဲ့ မေတ္တာ၊ဘုရား လောင်းရဲ့ ပါရမီတွေကြောင့် ဒဏ်ရာ ဟာ ချက်ချင်းသက်သာ ပျောက် ကင်းသွားပါတယ်။

ဘုရားလောင်းက မိမိကို ဖမ်းရခြင်းအကြောင်းကို မေးတဲ့အခါ မုဆိုးကြီးက အမှန်အတိုင်း ပြောပြ ပါတယ်။အဲဒီအခါ ဘုရားအလောင်း တော်က မုဆိုးရဲ့စိတ်ဓာတ်ကို ချီးကျူး ပြီး မိမိရဲ့ကျောပြင်ကို လက်ဖြင့်သုံး သပ်ကာ အမွေးတစ်ဆုပ်ကို ရယူ စေပါတယ်။ မင်းနဲ့မိဖုရားကြီးကို ဟောပြစေဖို့ရာ ''ဓမ္မ စရ မဟာ ရာဇ''အစရှိတဲ့ တရား(၁၀)ပုဒ်ကို လည်း သင်ပြပြီး မုဆိုးကို ပြန်ခိုင်း လိုက်ပါတယ်။ ပြီးတော့ သူတို့တစ် တွေလည်း အစာတွေယူပြီး မျက်မ မြင်မိဘနှစ်ပါးဆီ အပြေးအလွှား သွားကြပါတယ်။

မုဆိုးဟာ ဘုရားလောင်း မှာကြားသည့်အတိုင်း ဆောင်ရွက်တဲ့ အခါ မိဖုရားကြီးလည်း အမှန်တ ကယ် ချင်ခြင်းငြိမ်းသွားပြီး ဘုရင် မင်းမြတ်ကလည်း မုဆိုးကြီးကို ဆု တော်လာဘ်တော်တွေ အမြောက် အမြားပေးအပ်ပါတယ်။ ဒါပေမယ့် မုဆိုးကြီးဟာ ရရှိတဲ့ ဆုလာဘ်တွေ ကို သားမယားထံ လွှဲအပ်ပေးခဲ့ပြီး တောထွက်ကာ ရသေ့ဝတ်သွားပါ တယ်။

မင်းနဲ့မိဖုရားတို့လည်း ဘုရားလောင်းရဲ့ အဆုံးအမမှာတည် ပြီး နတ်ပြည်ရောက်ကြပါတယ်။ ဘုရားလောင်းရွှေသမင်ရဲ့ အဆုံးအမ ဩဝါဒဟာ ဗာရာဏသီပြည်မှာ အ နှစ်တစ်ထောင်ကြာအောင် တည်မြဲ ခဲ့ပါတယ်။

ကလိယုဂ်လို့ခေါ်တဲ့ အခု လို ဆုတ်ကပ်ကာလကြီးမှာ ဒီလို ဇာတ်တော်လေးတွေကို ဖတ်ရှုကြား နာရတာဟာ အင်မတန်လွှမ်းမော စရာ ကောင်းပါတယ်။ မိသားစုတန်ဖိုး တွေ ပြိုကွဲပြီး၊ အစိတ်စိတ်အမြွာမြွာ ဖြစ်နေတဲ့ နှလုံးသားအပိုင်းအစတွေ နဲ့ ဒဏ်ရာအနာတရဖြစ်နေတဲ့ လူ့ အဖွဲ့အစည်းကြီးဟာ အခုအခါ ကူ ကယ်ရာမဲ့သလို ဖြစ်နေပါတယ်။

အဲဒီရောဂါနဲ့ရကပ်ကြီး က စားကျော်လွှန်နိုင်စေဖို့ ရှင်တော် ဘုရားရဲ့ အဆုံးအမတော်တွေဟာ လက်ကမ်းလို့ ကြိုနေဆဲဖြစ်ပါတယ်။ ရှင်တော်ဘုရားရဲ့ ကရုဏာတော် အရိပ်အောက်မှာ ခိုလှုံရလို့ ငြိမ်းအေး တဲ့ နှလုံးသားလေးတွေ ကိုယ်စီ ကိုယ်င ပိုင်ဆိုင်သွားတဲ့အခါ ချမ်းမြေ့ သာယာတဲ့ မိသားစုလေးတွေကို အ သီးသီး တည်ဆောက်နိုင်ကြပါလိမ့် မယ်။ ငြိမ်းချမ်းတဲ့ မိသားစုကလေး တွေ စုဝေးမိတဲ့အခါ သာယာတဲ့ လောကကြီး ပေါ်ပေါက်လာမှာက တော့ မြေကြီးလက်ခတ်မလွဲပါပဲ။

အတ္တနည်းပြီး တာဝန်သိ တတ်တဲ့ နှလုံးသားကြီးသူတွေ၊တစ် ဖက်သားကို ကူညီစောင့်ရှောက်ဖို့ ဝန်မလေးတတ်တဲ့ နှလုံးသားကောင်း သူတွေ၊ စွန့်လွှတ်အနစ်နာခံ၊ ပေး ဆပ်တတ်တဲ့ နှလုံးသားလှသူတွေ၊ သေအတူရှင်မကွာ စိတ်ထားနဲ့ ခိုင် ခိုင်မြဲမြဲလက်တွဲပြီး ဘေးရန်တွေကို ရင်ဆိုင်ငံ့တဲ့ နှလုံးသားမြတ်သူတွေ ပေါ်များလာတဲ့ တစ်နေ့မှာတော့ မိသားစုတန်ဖိုးတွေလည်း မြင့်တက် လာရမှာပါ။

တကယ်တော့ မိသားစုကို မှန်မှန်ကန်ကန် ချစ်တတ်တဲ့သူတွေ ဟာ လောကကြီးတစ်ခုလုံးကိုလည်း ချစ်တတ်ကြပါတယ်။

□ **တော်ဝင်နွယ်**

www.foreverspace.com.mm





# အရှင်သေဋ္ဌိလ၏ ဘဝဖြစ်စဉ်နှင့်

# ကမ္ဘာ့ဗုဒ္ဓသာသနာပြုမှတ်တမ်း

## အရှင်ဉာဏိက

(ယခင်လမှအဆက်)

ဗုဒ္ဓက အတိတ်ဘဝနဲ့ အတိတ်အကြောင်းရှိပုံ ဒီလိုဟောပြပါတယ်။ လူတွေရော၊ အခြားသတ္တဝါတွေပါ အဆင့်အတန်းအမျိုးမျိုး ကွဲပြားခြားနားနေကြတယ်။ အချို့ကလှတယ်၊ အချို့က အရုပ်ဆိုးတယ်။ အချို့မှာ ချမ်းသာပြီး အချို့ကျတော့ ဆင်းရဲတယ်။ အချို့ဟာ ဉာဏ်အလွန်ကောင်းပြီး သိလွယ်မှတ်မိလွယ်တယ်။ အချို့ကျတော့ ဉာဏ်အလွန်ထုံတယ်၊ သင်လို့မရ၊ စာကျက်လို့မရဖြစ်တယ်။ ဒီလိုဖြစ်ရတာဟာ အကြောင်းမဲ့မဟုတ်ဘူး။ တချိန်ချိန်က တစ်နေရာရာမှာ အကြောင်းစုဆောင်းခဲ့လို့ပဲ၊ ကိုယ့်ကိုယ်တိုင်ပဲ ကောင်းတဲ့အလုပ်၊ မကောင်းတဲ့အလုပ်တွေကို လုပ်ခဲ့၊ ပြောခဲ့လို့၊ စဉ်းစားတွေးကြံခဲ့လို့ပဲ။ ဒါကြောင့် မမြင်ရတဲ့ အတိတ်ဘဝဆိုတာရှိတယ်။ အတိတ်ဘဝဆိုတာလည်း တစ်ခုတည်း တစ်ဘဝတည်း မဟုတ်ဘူး။ ဘဝပေါင်းများစွာရှိတယ်တဲ့။

ဗုဒ္ဓရဲ့တပည့်သား ဗုဒ္ဓဘာသာဝင်တွေကျတော့ ဗုဒ္ဓရဲ့ အသိဉာဏ်ကို ယုံကြည်ပြီး၊ ဗုဒ္ဓဟောပြောတာကို အမှန်လို့ ယုံကြည်ကြတယ်။ ယုံကြည်ကြပေမယ့် အကောင်အထည်နဲ့လက်တွေ့တော့ မပြနိုင်ဘူး။ ဒကာတို့အထဲက အရှေ့တိုင်း မြန်မာတို့၊ ယိုးဒယားတို့ မရောက်ဖူးတဲ့သူတွေရှိမယ်။ အဲဒီသူတွေဟာ ရောက်ဖူးတဲ့လူတွေ ပြောပြတဲ့ ရွှေတိဂုံစေတီကြီးတို့၊ မြဘုရားရုပ်ပွားတို့ဆိုတာ မမြင်ဖူးပေမယ့် ယုံကြတယ် မဟုတ်လား။ ဘာဖြစ်လို့ ယုံကြသလဲဆိုရင် ပြောတဲ့သူအပေါ်မှာ ယုံကြည်စိတ်ချ

www.foreverspace.com.mm





လို့ မဟုတ်လား။ ဗုဒ္ဓဘာသာဝင်တွေလည်း ဗုဒ္ဓရဲ့ ဉာဏ်တော်ကြီးကို ယုံကြည်ကြလို့ ဗုဒ္ဓဟောပြောတာကို ယုံကြည်ကြတာပဲ။

အနာဂတ်ဘဝဆိုတာလည်း ဒီအတိုင်းပဲ။ ယခုဘဝမှာ ကောင်းတာတွေလုပ်ကြ၊ ပြောကြတယ်။ အများကောင်းစားရေး၊ အများကြီးပွားချမ်းသာရေး တွေးတောစဉ်းစားကြတယ်။ စိတ်အေးအေးနဲ့ မေတ္တာပွားကြတယ်။ ဒါတွေဟာ အချည်းနှီး ပျောက်ပျက်မသွားဘူး။ ဒီကောင်းမှုတွေမှာ အခုချက်ချင်းပဲဖြစ်ဖြစ်၊ နောက်ဘဝတွေမှာပဲဖြစ်ဖြစ် ကောင်းတဲ့အကျိုးဖလတွေကို ဖြစ်ပေါ်စေတတ်တဲ့ သတ္တိထူးကလေးဟာ ပါရှိလာတာဖြစ်တဲ့အတွက် အဲဒီသတ္တိကလေးတွေ မြုပ်နှံပြီးမှ ပျောက်ပျက်သွားကြတယ်။ ဒါကြောင့် အနာဂတ်ဘဝဆိုတာ ရှိတယ်။ အဲဒီဘဝမှာ အကျိုးပေးမှာ အမှန်ပဲ။

ကောင်းတဲ့အလုပ်လိုပဲ မကောင်းတဲ့အလုပ်လည်း ချက်ချင်းအပြစ်ရစေတဲ့အလုပ်၊ နောက်ဘဝတွေမှာ အပြစ်ရစေတဲ့အလုပ်လို့ရှိတယ်။ သတ္တိဂုဏ်ချင်းကွဲ ပြားသလို အကျိုးအပြစ်ရတဲ့ အခါမှာလည်း အပြစ်အကြီးအသေး ကွဲပြားခြားနားပြီး ခံရ စံရပါမယ်။ရာဇဝတ်မှုတစ်ခု ကျူးလွန်တဲ့သူအဖို့ အပြစ်ဒဏ်ကျခံဖို့နေရာဌာန (အကျဉ်းထောင်)ရှိသလို အကုသိုလ်လုပ်တဲ့ သူတွေအဖို့ သူတို့ အပြစ်ခံရမယ့် ဘုံဌာန(ငရဲ) ဆိုတာရှိတယ်။ (တိရစ္ဆာန်ဘုံ)ဆိုတာရှိတယ်။ အဲဒီဌာနတွေမှာ မကောင်းမှုရဲ့ အကျိုးအပြစ်ကို ခံကြရပါတယ်။ ဒါဟာ ဗုဒ္ဓရှင်တော်မြတ် ဟောညွှန်တဲ့ ကြောင်းကျိုးဖြစ်စဉ်ကြီးပါပဲ။ အဲဒီဖြစ်စဉ်အရ ဗုဒ္ဓဘာသာတွေဟာ အနာဂတ်ဘဝကို မမြင်ရပေမယ့် သေသေချာချာ ယုံကြည်ကြပါတယ်။

ယခုမျက်မြင် ဒီဘဝမှာပဲ အကြောင်းနဲ့အကျိုးဟာတွဲပြီး ဖြစ်နေတာ တွေ့ရမယ်။ ကြောင်းကျိုးဖြစ်စဉ်မှာ အတိတ်ပိုင်း၊ ပစ္စုပ္ပန်ပိုင်း၊ အနာဂတ်ပိုင်းရယ်လို့ ထင်ထင်ရှားရှားကြီး တွေ့နေရသားပဲ၊ အသက်(၆)နှစ်သားလောက် ကတည်းကစပြီး အိမ်မှာရော ကျောင်းမှာရော ကလေးငယ်တစ်ယောက်ဟာ ပညာသင်ခဲ့တယ်။ သင်ကြားမှု သင်ယူမှုကတော့ ဒါထက်စောစောကတည်းက စခဲ့တာပဲ။ ကလေးလေးဟာ မျက်လုံးနဲ့လည်း မှတ်နေတယ်၊ နားနဲ့လည်း မှတ်နေတယ်၊ လျှာနဲ့လည်း မှတ်နေတယ်။ အဖေအမေမှန်းသိတယ်၊ သူစိမ်းဆိုရင် အပွေ့အချီမခံလိုဘူး။ သူစိမ်းမှန်းသိတယ်။ တစ်စတစ်စနဲ့ အဖေအမေ၊အစ်ကို အစ်မ ခေါ်တတ်လာတယ်။ သိတတ်လာတယ်။ ဒါတွေဟာ သင်ယူမှုပဲ။ စားကောင်းတာ စားမကောင်းတာ ခွဲတတ်လာတယ်။ ကောင်းတာ၊ သူ့ထက်ကောင်းတာ ခွဲပြီးသိမှတ်လာတယ်။ လူကြီးပြောတဲ့ စကားတွေကို နားနဲ့မှတ်မှတ်လာတယ်။ အသံကြားလိုက်ရင် ကားသံ၊ လူသံ၊ ငှက်သံ၊ တိရစ္ဆာန်အသံပဲလို့ သိလာတယ်။ ဒီသင်ယူမှု အပိုင်းထဲမှာ နည်းနည်းသိတတ်တဲ့ အခြေအနေကစပြီး မှတ်သိသင်ကြားလာခဲ့လို့ (၆)နှစ်အရွယ်လောက်မှာ ကျောင်းသွားရတဲ့အခါ ဆရာပြောတာ နားလည်နိုင်တယ်၊ ကိုယ်ပြောချင်တဲ့ ဟာကိုလည်း ပြောတယ်၊ ပြောနိုင်တယ်။ ဒါဟာ အတိတ်အကြောင်း ကောင်းခဲ့လို့ ယခုပစ္စုပ္ပန်မှာ အစစအဆင်ပြေလာပုံပဲ။

ဒီကလေးဟာ ဆရာမိဘတို့က ပြောပြကြတဲ့အတိုင်း အနာဂတ်လူကြီးဖြစ်လာတဲ့အခါမှာ အသိဉာဏ်ကြွယ်ဝဖို့၊ ဗဟုသုတများဖို့၊ စာမေးပွဲအောင်ဖို့၊ အလုပ်ရ

ဖို့ ဂုဏ်သိန်အရှိန်အဝါရဖို့ဆိုတာတွေ မျှော်မှန်းပြီးပစ္စုပ္ပန်မှာ စာကြိုးစားတယ်။ ဝါသနာအလိုက် လက်မှုပညာတွေ သင်ယူတယ်၊ သူကြိုးစားတဲ့အတိုင်း၊ သူသင်ခဲ့တဲ့အတိုင်း နောင်တစ်ချိန်မှာ အကျိုးခံစားရတယ်။ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်တွေ ရတယ်။ဒါဟာ ပစ္စုပ္ပန်ကနေပြီး အနာဂတ်ကို ဖန်တီးယူခြင်းပဲ။ ဒီတော့ အတိတ်က ပစ္စုပ္ပန်ကို အကြောင်းပြု၊ ပစ္စုပ္ပန်က အနာဂတ်ကိုမွေးထုတ်တဲ့ အစဉ်အတိုင်းပဲ၊ ဟိုရှေးရှေးဘဝတွေမှာလည်း အတိတ်ပိုင်း အကြောင်းတရားတွေကို သတ္တဝါဟာဖန်တီးခဲ့တယ်။ ဒါကြောင့် ဒီဘဝပစ္စုပ္ပန်မှာ အကြောင်းအလိုက် အကျိုးရခဲ့တာပေါ့။

ဒီနေရာမှာ အနာဂတ်ဘဝအကြောင်း သဘောပေါက်အောင် ဒီမေးခွန်းကို ဖြေကြည့်ရအောင် -

မေး။ ''သင် ဘယ်က လာခဲ့သလဲ''

ဖြေ။ ''ကျွန်ုပ်တို့ အတိတ်က လာကြသည်။ ကျွန်ုပ်တို့ ရှေ့က လုပ်ခဲ့တဲ့ အလုပ်(ကံ)တွေက လာခဲ့ကြသည်။ လွန်ခဲ့တဲ့ဒုစရိုက် (အကျင့်ဆိုးများ) နှင့် သုစရိုက် (အလေ့ကောင်းများ)တွေထဲက လာခဲ့ကြသည်။ လက်စမသတ်သေးတဲ့ အလုပ်တွေထဲက လာကြသည်။ ကျွန်ုပ်တို့၏ မသိမှု (အမှောင်)နှင့် တပ်မက်မှုအလိုရမ္မက်များမှ လာခဲ့ကြသည်၊ ယင်းသို့ အတိတ်က အကောင်းနှင့် အဆိုး အမူအကျင့်တွေကို ယူဆောင်ပြီး ယခုပစ္စုပ္ပန်သို့ ကျွန်ုပ်တို့ ရောက်လာခဲ့ကြသည်''

မေး။ ''ကျွန်ုပ်တို့ဘာကြောင့် ယခု ဒီလာရောက်နေကြတာလဲ''

ဖြေ။ ''အတိတ်ကြောင့် ကျွန်ုပ်တို့ ဒီရောက်နေကြခြင်း ဖြစ်သည်။ အတိတ်သည် ပစ္စုပ္ပန်ကို မွေးဖွားပေး၍ ပစ္စုပ္ပန်မှ အနာဂတ်ပေါက်ဖွားရသည်၊ကျွန်ုပ်တို့၏ ပျော်ရွှင်ချမ်းမြေ့မှုနှင့် ဝမ်းနည်းကြေကွဲမှုတို့သည် ကျွန်ုပ်တို့ကို ဤနေရာ ဤဒေသသို့ သယ်ဆောင်လာခဲ့ကြသည်။ အများဆုံးကတော့ လိုအင်ဆန္ဒ (တဏှာပေမ)က ခေါ်ဆောင်လာခဲ့ကြခြင်းဖြစ်၍ နောက်ဆုံး ကိုယ်ကျိုးရှာ လိုချင်မှု (Selfish Desire)ကလေးကို လက်စသတ် မဖျက်ဆီးနိုင်မချင်း ကျွန်ုပ်တို့ ဒီမှာရှိနေကြဦးမှာပဲ''

မေး။ ''ကျွန်ုပ်တို့ ယခု ဘယ်ဆီဘယ်စခန်း ချီတက်နေကြပါသလဲ''

ဖြေ။ ''ကျွန်ုပ်တို့သည် ကြောင်းကျိုးဖြစ်စဉ်ကြီး၏ အကျိုးပိုင်းသို့ သွားနေကြသည်။ အလုပ်မပြီးသေးတဲ့သူ ဟူသမျှသည် ဘဝစက်ဝိုင်းကြီးကို လှည့်ပတ်ပြေးလွှားလို့သာ နေကြသည်။ အလုပ်ပြီးအောင် ဆက်ကြရဦးမည် ဖြစ်သည်။ ထို့ကြောင့် မပြီးသေးသော အလုပ်ကို ပိုမိုပြည့်စုံစွာ ပြီးစီးသည်အထိလုပ်ရန် ရှေ့သို့ တစ်စခန်းပြီး တစ်စခန်း ချီတက်ကြရဦးမည် ဖြစ်သည်''

မေး။ ''ဒါဖြင့် စခန်းဘယ်မှာဆုံးမှာလဲ။ ဘယ်လိုအဆုံးသတ် ရမှာလဲ။မပြီးသေးတဲ့ အလုပ်ဆိုတာ ဘာလဲ''

ဖြေ။ ''အလုပ်ဆိုတာ အမြင်လွဲ၊ အထင်လွဲမှုမျက်နှာဖုံးကြီးကို ခွာလှစ်ခြင်းအလုပ်ပါပဲ။ လောကခံမှခင်း အမျိုးမျိုးအလယ်မှာ မယိမ်းမယိုင် ရပ်တည်နိုင်ဖို့ အလုပ်ဟာ ဗုဒ္ဓညွှန်ပြတဲ့ အလုပ်ဖြစ်သည်။ ဗုဒ္ဓတရားတော်က ဘဝဆိုတဲ့ ခန္ဓာငါးပါး(တစ်နည်း)ရုပ်၊ နာမ်နှစ်ပါးကို အသေအချာ သဘောပေါက်အောင် ရှုမှတ်ပြီး၊ အဲဒီဘဝမှာ ရစ်ပတ်ရှုပ်ထွေး မည်းညစ်ထေးမနေရအောင် အလုပ်လုပ်ရမည်ဟု ညွှန်ပြသည်။အမှန်တကယ်ရှိတဲ့၊ သောကငြိမ်းရာလည်းဖြစ်တဲ့ နိဗ္ဗာန်ကိုရအောင် မဂ္ဂင်(၈)ပါး ထူထောင်ခြင်းဖြင့် လမ်းဆုံးလိုက်ရမည်။ နိဗ္ဗာန်သည် လမ်းဆုံးပန်းတိုင်ဖြစ်သည်။ နိဗ္ဗာန်ရောက်လျှင် စခန်းဆုံးတော့သည်''

## ဥရောပတိုက်တွင် အရှင်သေဋ္ဌိလ ဗုဒ္ဓတရားတော်များ ဟောပြောနေချိန်တွင် ဗုဒ္ဓဘာသာ၏ အခြေအနေ

အနောက်သို့ ဗုဒ္ဓတရားတော်ကို ရှေ့ဦးပိုင်းပေးသူများတွင် အခြားပုဂ္ဂိုလ်များထက် ထူးခြားစွာပို့ပေးသူကား ရဟန်းတော် အာနန္ဒမေတ္တေယျအမည်ရှိသော ဗြိတိသျှလူမျိုး ရဟန်းတော်ဖြစ်သည်။ သူကား ၁၈၇၂-

www.foreverspace.com.mm



ခုနှစ်၊ ဒီဇင်ဘာလ (၈)ရက်နေ့၌ မွေးဖွားသော လန်ဒန်မြို့သား ဖြစ်သည်။အမည်မှာ စီအိတ်ချ်အာလန်ဘင်းနက် (Charles Henry Allen Bennett)ဖြစ်သည်။ အသက် (၁၈)နှစ်အရွယ်တွင် "အာရှရောင်ခြည်"မည်သော ဗုဒ္ဓပုပ္ပတ္တိပျို့ကို ဖတ်ရှုမိရာက ဗုဒ္ဓဆိုသောပုဂ္ဂိုလ်ကြီးကို လေးစားမြတ်နိုးမိသည်။ သူဟောပြောသော တရားတော်များကို ကျေနပ်သဘောကျသည်။ ထိုအချိန်မှစ၍ ရတတ်သမျှ စာအုပ်စာတမ်း ဆောင်းပါးများကို ရှာဖွေ၍ ဗုဒ္ဓအကြောင်းအရာ၊ ဗုဒ္ဓ၏အတွေးအခေါ်၊ ဗုဒ္ဓသင်ပြချက်များကို လေ့လာသည်။ အသက်မွေးပညာအဖြစ်ဖြင့် "Analytical Chemistry"ခေါ် ဓာတုဗေဒကိုယူ၍ လက်တွေ့အလုပ်လုပ်နေသောကြောင့် ဗုဒ္ဓဓမ္မ၏ ကျေနပ်ဖွယ်ရာများကို တွေ့သိခံစားရပေသည်။

ဤနေရာ၌ အာလန်ဘင်းနက်မှျမက အခြားအခြားသော အနောက်နိုင်ငံသား ပညာရှင်များသည် ဗုဒ္ဓတရားတော်ဘက်သို့ အဘယ်သို့မျက်နှာမူလာကြသည် ဆိုသည်ကို အနည်းငယ်မျှ တင်ပြဦးအံ့။

ပညာရှင်တို့အဆိုအရ ၂၀-ရာစုနှစ် အစပိုင်းလောက်က ဗုဒ္ဓဓမ္မနှင့် အနောက် ထိတွေ့လာကြသည်ဟုဆိုသည်။ အမှန်ကား ဂျာမန်လူမျိုး ဒဿနဗေဒပညာရှင် အာသာရှိုပင်ဟွာ (Arthur Schopenhauer 1788-1860)သည် ဗုဒ္ဓဓမ္မဆိုင်ရာ အတွေးအခေါ်များကို တစ်စိတ်တစ်ပိုင်း သွင်းလာခဲ့ပေသည်။

၁၈၇၂-ခုနှစ်၌ (Mr. Rhys Davids)ရိုက်(စ်)ဒေးဗစ်ဦးဆောင်၍ ပါဠိစာပေအသင်းကြီးကို လန်ဒန်မြို့၌ တည်ထောင်ခဲ့သည်။ရိုက်(စ)ဒေးဗစ်နှင့် တစ်ခေတ်တည်းလောက်၌ သီဟိုဠ်ကျွန်း(သီရိလင်္ကာ)တွင် ရိုးရိုးကျောင်းဆရာဘဝမှ မဟိန္ဒကောလိပ်ကျောင်းအုပ်အဖြစ်အထိ ပညာရေးဘက်တွင်အမှုထမ်း၍ ပါဠိစာပေများကို လေ့လာလိုက်စားကာ မဇ္ဈိမနိကာယ်စသည်ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသွားသောF.L. Woodword ၏-Some Saying of the Buddha လက်ရွေးစင် ဗုဒ္ဓဒေသနာတော်များ၊ အမေရိကန်လူမျိုး ဝါရန်း (1854-1999) (H-C.Warren)ဆိုသူ အရှေ့တိုင်း ဘာသာရပ်များဆိုင်ရာပညာရှင်၏ (Buddhism in Translation) ခေါ်သော စာအုပ်များ၊ (Max Muller)မက်(စ်)မူလာနှင့် (Fausboll) ဖော(စ်)ဘိုးလ်အမည်ရှိသော ဂျာမန်ပညာရှင်များ၏ ပါဠိတော်ဘာသာပြန်များသည် အနောက်နိုင်ငံသားတို့၏ ထက်မြက်သော စဉ်းစားဉာဏ်ကို ပို၍ထက်မြက်စေသည်။လေးလေးနက်နက် စဉ်းစားစေသည်။ အရှေ့တိုင်း ဖီလိုဆိုဖီကို လိုလိုလားလားလေ့လာနိုင်အောင် အမြဲတမ်းတိုက်တွန်းအားပေးလျက် ရှိနေသည်။

၁၉-ရာစုနှစ် သိပ္ပံအမြင်သည် ရုပ်ပိုင်းဆိုင်ရာလောက်သာ ဘောင်ခတ်ထားခြင်းကို စဉ်းစားတတ်သော ပညာရှင်များက မနှစ်မြို့နိုင်ကြပေ။ မိရိုးဖလာကိုးကွယ်လာသည့် ခရစ်ယာန် ဘာသာတရားတွင်လည်း အားနည်းချက် အတော်များများကို သူတို့တွေ့နေကြပေသည်။ သိပ္ပံပညာ၏ တိုင်းတာချက်နှင့် အစမ်းအသပ်ကို မိမိတို့ဘာသာတရားက မခံနိုင်ကြောင်း သိမြင်နေကြ၍ သံသယကုက္ကုစ္စတို့ကို မျိုသိပ်၍မရ ဖြစ်နေကြ၏။

ဘာသာတရားနှင့် သိပ္ပံပညာနှစ်ရပ်ကို ဆက်စပ်ကာ ပေါင်းကူးပေးနိုင်မည့်သူများကို မျှော်နေကြစဉ် လူသားသည် တဖြည်းဖြည်းတိုးတက်လာသော စကြဝဠာ၏ တစ်စိတ်တစ်ပိုင်းမျှသာဖြစ်ကြောင်း သေချာသိလာသောအခါ Creation ဖန်ဆင်းမှုဆိုသည်ကို လက်ခံ၍ မဖြစ်တော့ပေ။ Reincarnation ခေါ်သော လူဝင်စားဘဝကို ဘာသာအယူနှင့် ဆန့်ကျင်နေသောကြောင့် လက်မခံလို သည့်ကြားတွင် ကိန်းဘရစ်(ဂျ)တက္ကသိုလ်မှ Mac Taggart မက်တပ်ဂတ်ကဲ့သို့သော ပညာရှင်များက အထောက်အထားများနှင့် တင်ပြလာသောအခါ မငြင်းနိုင်ဘဲ နားဝေတိမ်တောင်ဖြစ်နေကြသူများလည်း အရေအတွက် မနည်းလှပေ။

အလှအပဘက်မှာရော သိပ္ပံပညာဘက်မှာပါ ရှေးဟောင်းအတားအဆီးတွေကို ဘေးဖယ်၍ ရှေးကအစွဲအလမ်း ထုံးတမ်းစဉ်လာတွေကို တွန်းထုတ်ကာ အမြင်သစ်၊ အတွေးသစ်များ နေရာယူစပြုနေချိန်တွင် ဗုဒ္ဓတရားတော်များသည် အနောက်နိုင်ငံသားတို့၏ နှလုံးကို အေးစေလျက် တစိမ့်စိမ့်ဝင်လာနေပေသည်။

□ ဆက်လက်ဖော်ပြပါမည်

www.foreverspace.com.mm





# ရေလဲဆရာတော်

## အရှင်သုမင်္ဂလ(စစ်ကိုင်း)

ကျမ်းပြုအကျော် မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ ကျောင်းစည်းကမ်းအခြေခံမှု (၁၀)ချက်မှာ "စိတ်ကောင်းရှိဖို့က ပထမ၊ ဝိနည်းလေးစားဖို့က ဒုတိယ"စသည်ဖြင့် ချမှတ်ခဲ့တာကို အများသူငါ ကြားဖူးနားဝရှိကြပြီးသား ဖြစ်ပါလိမ့်မယ်။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် စိတ်ကောင်းရှိ၊ မရှိ တိုင်းတာဖို့ကိစ္စဟာ တကယ်တော့လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး။ စိတ်ဆိုတာ အတွင်းသန္တာန်မှာ ကိန်းနေတဲ့ သဘာဝတစ်ခုမို့ပါ။ သို့ပေမယ့် စိတ်ရဲ့တုံ့ပြန်မှုတွေကို များသောအားဖြင့် မျက်နှာမှာ တွေ့ရတတ်တာမို့ တစ်ဦးတစ်ယောက်ရဲ့ တဒင်္ဂစိတ်လှုပ်ရှားမှုကို မျက်နှာပြင်မှာဖမ်းလို့တော့ အတန်အသင့်ရတန်ကောင်းပါတယ်။တဒင်္ဂကိစ္စဟာ တဒင်္ဂကိစ္စပဲ ဖြစ်တာမို့ တဒင်္ဂပုံရိပ်ကို ကြည့်ပြီး တစ်ဦးတစ်ယောက်ကို စိတ်ကောင်းရှိ၊ မရှိ ဆုံးဖြတ်ဖို့ဆိုတာ မဖြစ်နိုင်စကောင်းတဲ့အဖြစ်ပါ။အသွားအလာ၊အနေအထိုင်၊အဆက်အဆံ ကာလကြာမှသာ တစ်ဦးတစ်ယောက်ရဲ့ စိတ်နေသဘာဝကို အတော်အတန်အကဲဖြတ်နိုင်ပါလိမ့်မယ်။ 'လူအကြောင်း ပေါင်းမှသိ'လို့တောင် အဆိုရှိခဲ့တာကိုး။

'ဝိနည်းလေးစားဖို့က ဒုတိယ'ဆိုတဲ့အချက်နဲ့ ပတ်သက်ပြီး သာသနာ့ဝန်ထမ်းပုဂ္ဂိုလ်တစ်ပါးပါးကို အကဲဖြတ်ရတဲ့ကိစ္စမှာတော့ စိတ်ကောင်းရှိ၊ မရှိ သိဖို့ထက် ပိုပြီးလွယ်

www.foreverspace.com.mm



မယ်ထင်ပါတယ်။ ဘာလို့လဲဆိုတော့ ဝိနည်းဆိုတာ ကိုယ်နဲ့နှုတ်ကို ထိန်းချုပ်ဖို့၊ စောင့်စည်းဖို့ သတ်မှတ်ထားတဲ့ ပညတ်ချက်တွေ ဖြစ်နေလို့ပါ။

ရှင်၊ ရဟန်းတစ်ပါးပါးရဲ့ ဝိနည်းလေးစားမှုရှိ၊ မရှိ အဖြစ်ကို အဲဒီပုဂ္ဂိုလ်ရဲ့ အပြုအမူ(ကာယကံ)၊ အပြောအဆို(ဝစီကံ)တွေကို ကြည့်ပြီး အကဲဖြတ်လို့ ရနိုင်ပါတယ်။စိတ်ထဲက တွေးကြံနေတဲ့ကိစ္စကတော့ ဝိနည်းနဲ့မပတ်သက်ပါဘူး။ 'မနောဒွါရေ အာပတ္တိနာမ နတ္ထိ''(စိတ်အတွေးထဲမှာ လွန်ကျူးမိခါမျှဖြင့် အပြစ်မသင့်စကောင်း)လို့ အဆိုရှိတာမို့ပါ။

ဆိုတော့ကာ စိတ်ကောင်းရှိ၊မရှိ သိဖို့ကိစ္စဟာ ဝိနည်းလေးစားမှု ရှိ၊မရှိ သိဖို့ကိစ္စထက် ပိုခက်တဲ့သဘောကို ဆောင်ပါတယ်။ စိတ်ကောင်းမှ မမွေးနိုင်ပြန်ရင်လည်း ဝိနည်းလေးစားဖို့ ခဲယဉ်းနေမှာပါပဲ။

ဝိနည်းလေးစားတယ်ဆိုတာနဲ့ ပတ်သက်ပြီး အများသူငါ နားလည်သဘောပေါက်ထားတဲ့၊ ထင်ရှားသိသာတဲ့ သိက္ခာပုဒ်တွေကို စောင့်ထိန်းခြင်းနဲ့၊ အများသူငါ အသိနည်းတဲ့ အတွင်းကျကျသိက္ခာပုဒ်တွေကို စောင့်ထိန်းခြင်းရယ်လို့ အကြမ်းအားဖြင့် နှစ်မျိုးနှစ်စား ခွဲခြားပြီး ဆိုပါရစေ။

အဲဒီနှစ်မျိုးမှာ အသေးစိတ်ကိစ္စလေးတွေအထိ တကူးတက အလေးထားပြီး စောင့်စည်းတဲ့(ဒုတိယ အမျိုးအစား)ရဟန်းတော်များကိုသာ 'ဒီဘုန်းကြီးက ဝိနည်းလေးစားတယ်၊ သိပ်ကိုဝိနည်းလေးစားတဲ့ ဆရာတော်'စသည်ဖြင့် အနီးနေတပည့်တပန်းတွေက အမြတ်တနိုးနဲ့ တရိုတသေ၊ တလေးတစားဖြစ်လေ့ရှိတာပါ။

စာရေးသူရဲ့ ဘဝမှာ အသေးစိတ်ကလေးကစပြီး ဝိနည်းသိက္ခာတွေကို တရိုတသေစောင့်ထိန်းခဲ့တဲ့ ဆရာတော်တစ်ပါးနဲ့ အနီးကပ်နေခွင့်ကြုံခဲ့ဖူးပါတယ်။

ဆရာတော်ကြီးက အောက်ပြည် အောက်ရွာ မအူပင်၊ရေလဲဇာတိဖြစ်ပါတယ်။ အသားအရေက သိသိသာသာဖြူဖွေးနေသလို၊ အရပ်အမောင်းကျတော့လည်း သိသိသာသာ ပုပုပြတ်ပြတ်ရှိပါတယ်။ရေလဲဇာတိမို့ ''ရေလဲဆရာတော်''လို့ပဲ အများက ခေါ်ကြတယ်။ ဘွဲ့တော်က ''ဘဒ္ဒန္တပဏ္ဍိတ''ပါ။

စစ်ကိုင်းတောင်ရိုးမှ သက်သတ်လွတ်ချောင်လို့ လူသိများထင်ရှားတဲ့ ဝိပဿနာဂန္ဓာရုံချောင်ဟာ စာရေးသူရဲ့ မူလဇာတိချောင်ပါ။ ရေလဲဆရာတော်ကြီး စာရေးသူတို့ ဝိပဿနာချောင်ကို ပြောင်းရွှေ့လာတော့ သက်တော်(၆၀)ကျော်၊ (၇၀) နီးပါးအရွယ်ရှိပါပြီ။ စာရေးသူကတော့ (၁၆၊ ၁၇)အရွယ်ပါ။

ချောင်ကိုရောက်ပြီး တစ်ပတ်လောက်အကြာမှာ ရွှေဟင်္သာ ဆရာတော်ကြီး (ရွှေကျင်သာသနာပိုင်၊ အဘိဓဇမဟာရဋ္ဌဂုရု သက်တော်ရှည်ဆရာတော်ကြီး)ကို အဖူးအမြော်သွားပါတယ်။ ''ကိုရင်တစ်ပါး ထည့်ပေးပါ''ဆိုတော့ စာရေးသူရဲ့ နောင်တော် (ယခု၊ဝိပဿနာဆရာတော် ဘဒ္ဒန္တဉာဏဝရ)က စာရေးသူကို နောက်ပါအဖြစ် ထည့်လိုက်ပါတယ်။

ဆရာတော်ကြီးနောက်က ပစ္ဆာသမဏ (နောက်ပါကိုယ်တော်လေး)အဖြစ်နဲ့ လိုက်သွားရတဲ့ခဏမှာ ဆရာတော်ကလည်း ဘာစကားမျှမမိန့်၊ကိုယ်ကလည်း ဘာစကားမျှ မဆိုတတ်နဲ့ အတော့်တော့ ပျင်းခြောက်ခြောက်နိုင်လှပါတယ်။

ရွှေဟင်္သာတိုက်သစ်ဆိုတာ စစ်ကိုင်းမြို့မြောက်ဘက်အထွက် တောင်ပေါ်ကားလမ်းမရဲ့ ဘယ်ဘက်ခြမ်း၊ လမ်းမနဲ့ မလှမ်းမကမ်းမှာရှိပါတယ်။ဝိပဿနာချောင်က တောင်ရိုးထိပ် အလယ်ကောင်လောက်မှာပါ။အတော်လေး အလှမ်းဝေးပါတယ်။ လူလူသူသူ မရှိတဲ့ တောင်ပေါ်လမ်းမကြီးတစ်လျှောက် သင်္ကန်းရုံပြီး လိုက်သွားရပါတယ်။

ဒီလိုနဲ့ ဆရာတော်ကြီးနဲ့ ကိုရင်လေး ရွှေဟင်္သာကျောင်းတိုက်ကို ဝင်တော့မယ်ဆိုတော့ ဆရာတော်က စကားတစ်ခွန်းမိန့်ပါတယ်။''သူများကျောင်းကို ဝင်တော့မယ်ဆိုတော့ အာဂန္တုကဝတ်နဲ့အညီ ဖိနပ်ချွတ်လိုက်ကြစို့ ကိုရင်''တဲ့။

ခန္ဓကဝတ်(၁၄)ပါးဆိုတာကတော့ ကိုရင်ဘဝကတည်းက ကျက်ဖူးပြီးသားပါ။''အာဂန္တုကဝတ္တဥ္စ၊ အာရာမ်အတွင်းသို့မဝင်မီ ဖိနပ်ချွတ်ခြင်း၊ ထီးရုပ်ခြင်း၊ ဦးခေါင်းခြုံကိုဖွင့်ခြင်း၊ ဦးခေါင်း၌တင်သောသင်္ကန်းကို ပခုံးသို့ချခြင်း၊အာဝါသိကရဟန်း

ကြီးကို ရှိခိုးခြင်းစသော အာဂန္တုက ရဟန်း၊ သာမဏေတို့ ပြုရသော ဝတ်လည်းကောင်း" ဆိုတာတွေကို အာဂုံဆောင်ခဲ့တာပါပဲ။ လက်တွေ့တော့ဖြင့် တစ်ခါမျှ ကျင့်သုံးရကောင်းမှန်း မသိခဲ့ပါဘူး။

စာရေးသူရဲ့ တစ်သက်တာမှာ သူများကျောင်းကို ဖိနပ်ချွတ်ပြီးဝင်တဲ့ဖြစ်ရပ်ဟာ အဲဒီတစ်ကြိမ်ပဲ ရှိခဲ့ဖူးပါတယ်။ ဒီကျင့်ဝတ်ဟာ ကျင့်ဝတ်လို့ မထင်ရလောက်အောင် ၄ပ်နေတာမို့ ရဟန်းတော်အတော်များများအနေနဲ့ 'လိုက်နာရန်' လို့ အတွေးဝင်ဖို့တောင် ဝေးနေမလားဖြင့် မဆိုနိုင်ဘူး။ အဲဒီအငယ်စားကျင့်ဝတ် (သိက္ခာပုဒ်)ကလေးကို တလေးတစားထိန်းသိမ်းခဲ့တဲ့ ရေလဲဆရာတော်ရဲ့ ဝိနည်းချစ်စိတ်လေးဟာ အင်မတန်ကြည်ညိုဖို့ကောင်းပါတယ်။

စာရေးသူမှတ်မိနေတဲ့ နောက်တစ်ချက်က ဆရာတော်ဘုဉ်းပေးနေကျ စတုမဓုဆေးဘူးကို တစ်ပတ်တစ်ခါ ကပ်ပေးရတဲ့အဖြစ်ပါ။ ဝိနည်းဒေသနာမှာ 'ကာလိက' (သတ်မှတ်ချိန်အလိုက် စားသောက်ဖွယ်ရာများ) ၄-ပါးဆိုတာရှိပါတယ်။

(၁) ယာဝကာလိက၊

(၂) ယာမကာလိက၊

(၃) သတ္တာဟကာလိက၊

(၄) ယာဝဇီဝိက

တို့ဖြစ်ပါတယ်။

"ယာဝကာလိက" ဆိုတာ အရုဏ်တက်ချိန်ကစလို့ နေမွန်းတည့်အတွင်း ဘုဉ်းပေးသုံးဆောင်ကောင်းတဲ့ ဆွမ်းခဲဖွယ်ဘောဇဉ်အမျိုးအစားဖြစ်ပါတယ်။

"ယာမကာလိက" ဆိုတာ နေမွန်းတည့်ချိန်ကစလို့ နောက်နေ့အရုဏ်တက်ချိန်အတွင်း သောက်သုံးကောင်းတဲ့ အဖျော်ရည်အမျိုးအစားဖြစ်ပါတယ်။

"သတ္တာဟကာလိက" ဆိုတာ တစ်ကြိမ်အကပ်ခံပြီးရင် (၇) ရက်တိုင်တိုင် စားသုံးကောင်းတဲ့ ထောပတ်၊ ပျားရည်၊ စတုမဓုအမျိုးအစားဖြစ်ပါတယ်။

"ယာဝဇီဝိက" ဆိုတာကတော့ အသက်ထက်ဆုံးသုံးစွဲကောင်းတဲ့ ဆား၊ ဂျင်းတက်၊ လျက်ဆားစတဲ့ ဆေးဖက်ဝင်အမျိုးအစားဖြစ်ပါတယ်။

ရေလဲဆရာတော်ဟာ မဟာစေတီဘုရားကြီးရဲ့ တောင်ဘက်က တောင်စောင်းမှာ ကပ်ဆောက်ထားတဲ့ ဒက္ခိဏာရာမသိမ်ကျောင်းကြီးမှာ တစ်ပါးတည်းသီတင်းသုံးနေထိုင်တော်မူတာပါ။ ရက်သတ္တပတ်တစ်ပတ်ပြည့်တိုင်း ဘုဉ်းပေးနေကျ စတုမဓုဆေးဘူးကို ထပ်အကပ်ခံဖို့ စာရေးသူတို့ ကိုရင်ငယ်တစ်ပါးပါးကို ခေါ်လေ့ရှိပါတယ်။

"အင်း၊ ကိုယ်ကလည်း တစ်ပါးတည်းသမား၊ကပ်မယ့်ပြုမယ့် ကိုရင်လေး၊ သူတော်လေးကလည်း မရှိလေတော့ တစ်ခါတလေပဲလေ ကိုယ့်ဘာသာကိုယ်ဖွင့် ဘုဉ်းပေးလိုက်တာပ" ဆိုတာမျိုး လုပ်လေ့မရှိပါဘူး။ အသေးအမွှားကိစ္စလေးရယ်လို့ မထီလေးစားလုပ်လေ့မရှိပါဘူး။

ဝိနည်းသိက္ခာပုဒ်အပေါ် အင်မတန်ရိုသေသမှုရှိလှတဲ့ လဇ္ဇီပုဂ္ဂိုလ်ရဲ့ အင်္ဂါရပ်တွေနဲ့ ပြည့်ဝတော်မူတဲ့ ဆရာတော်ပါ။

နောက်ထပ် ဖြစ်ရပ်ကလေးတစ်ခုကိုလည်း ပြောပါရစေဦး။

ဝိပဿနာချောင်မှာ သံဃာတွေ ဆွမ်းဘုဉ်းပေးရင် သပိတ်ကိုယ်စီနဲ့ စီတန်းပြီး ဘုဉ်းပေးကြရပါတယ်။ တစ်ရက်မှာတော့ သံဃာတွေအားလုံး ဆွမ်းဘုဉ်းပေးနေတုန်း ရေလဲဆရာတော်က "ကိုရင်တစ်ပါး ခဏ" ဆိုတာနဲ့ ဆွမ်းစားရင်းလက်စနဲ့ပဲ စာရေးသူ ထသွားရပါတယ်။ ဆရာတော်က ဘုဉ်းပေးလက်စသူ့သပိတ်ကို ညွှန်ပြပြီး "ပြန်ကပ်၊ ပြန်ကပ်" လို့ အမိန့်ရှိတာနဲ့ ပြန်ကပ်ပေးရပါတယ်။အဲဒီကျမှပဲ ဆရာတော်က ဆက်ပြီး ဘုဉ်းပေးတော်မူတာပါ။

ဒီအဖြစ်ဟာ အင်မတန်သိမ်မွေ့ပါတယ်။ ဇာစ်မြစ်ကိုမသိရင် "ဘယ့်နှယ်ပါလိမ့်" လို့ တွေးလို့ဆုံးစရာ လမ်းမမြင်ပါဘူး။

ဝိနည်းအဆိုက ဒီလိုပါ၊ **ရဟန်းတော်တစ်ပါး ဆွမ်းဘုဉ်းပေးနေတုန်းမှာ ပါးစပ်ထဲက ဆွမ်းလုံး တစ်လုံးတလေ သပိတ် (ပန်းကန်ပြား)ထဲ ပြန်ကျသွားရင်၊ နောက်ပြီး အဲဒီဆွမ်းစေ့မှာ သွားရည် ဘာညာလူးသွားမယ်ဆိုရင် (အဲဒီသွားရည်လူးသွားတဲ့ဆွမ်းစေ့ဟာ) အကပ်ပျက်သွားပါတယ်။ ထပ်အကပ်မခံဘဲ မဘုဉ်းပေးကောင်းပါဘူး။** အဲဒီဆွမ်းစေ့ကို ဖယ်ထုတ်နိုင်ရင်တော့ ရပါတယ်။ သို့



www.foreverspace.com.mm

ပေမယ့် ဘယ်ဆွမ်းလုံးဟာ သွားရည်လူးပြီး ပြန်ကျသွားတဲ့ဆွမ်းလုံးရယ်လို့ ရွေးထုတ်ဖို့ခဲယဉ်းလေတော့ သပိတ်တစ်လုံးလုံးကို ပြန်အကပ်ခံလိုက်တာကပဲ စိတ်ရှင်းစရာဖြစ်ပါတယ်။ ဒါ့ကြောင့် ရေလဲဆရာတော်ကြီးက ဆွမ်းစားရင်း စိတ်မရှင်းလေတိုင်း သူ့သပိတ်ကို ပြန်အကပ်ခံပြီးမှ ဘုဉ်းပေးတော်မူတာပါ။

ဝိနည်းသိက္ခာပုဒ်နဲ့ ပတ်သက်လာရင် အပြစ်အာပတ်သေးသေးလေးကစပြီး မသင့်မရောက်ရလေအောင် ဂရုတစိုက်ရှိလှတဲ့ ဆရာတော်ပါ။

စာရေးသူရဲ့ တစ်သက်မှာ ကတ်သီးကတ်သတ် အသေးအမွှားသိက္ခာပုဒ်လေးကစပြီး အလေးထားထိန်းသိမ်းတော်မူလေ့ရှိတဲ့ ဆရာတော်ကြီးတစ်ပါးနဲ့ အတူနေခဲ့ဖူးတာကို ပြန်ပြောင်းသတိရမိတာနဲ့ အများသူငါ ကြည်ညိုသဒ္ဓါပွားနိုင်ဖို့ ရေးသားတင်ပြလိုက်ရခြင်းပါ။

ဘုရားရှင်ရဲ့ သာသနာတော်အတွင်းမှာ စိတ်ကောင်းရှိဖို့လည်း ခက်ခဲသလို၊ ဝိနည်းလေးစားဖို့လည်း ခက်ခဲပါတယ်။ အခက်ခဲဆုံးအလုပ်တွေကို မမေ့မလျော့သောသတိတရားနဲ့ လုပ်ဆောင်တော်မူခဲ့တဲ့ ရေလဲဆရာတော်ကြီးရဲ့ "လဇ္ဇီပေသလ သိက္ခာကာမ" ဂုဏ်ကို အာရုံပြုလို့ ကျေးဇူးတုံ့ဆပ် ရေးသားပူဇော်လိုက်ပါတယ်။

**အရှင်သုမင်္ဂလ(စစ်ကိုင်း)**



# ဆရာတော်ကြီးများ၏ ပြဝါဒဓမ္မဒေသနာ

### ယနေ့ကာစ အားထုတ်ကြ

- စစ်သည်များပြား၊ သေမင်းအား၊ ချိန်းထားလက်ဆောင်မရှိပါ။
- တွန်းလှန်နိုင်ကြောင်း၊ ဗိုလ်ပါပေါင်း၊ စုဆောင်းမရှိပါ။
- ဒါ့ကြောင့် တို့မှာ၊ နက်ဖြန်ခါ၊ ရှင်မှာ-သေမှာ မသိပါ။
- ဒါ့ကြောင့်နောက်နေ့၊ ရက်မရွေ့၊ ယနေ့ပင်လျှင် အားထုတ်ပါ။

**ယုန်-ဆုတ် (၂)ရက်**
**ထီလာ-သိရီဓမ္မ**

### ကောင်းကံနှင့် ဆိုးကံ

- လူချင်းမတူ တစ်မူကွဲအောင်၊ ဘယ်သူခွဲ၍ လွဲခဲ့သည်။
- ကိုယ်ပြုလေဟန် အမှန်အားဖြင့်၊ ကံတရားက ခွဲခြားသည်။
- လူချင်းလူပင် ဘယ်လိုမုန်းမုန်း၊ ကံမုန်းမှာတော့ ကြောက်ရသည်။
- ကိုယ့်ကိုယ်ကိုပင် ကံသာချစ်လျှင်၊ ရွှေစင်ငွေစင် ဖြစ်ရမည်။
- မကောင်းကံတွေ ဖယ်ချန်ထားလို့၊ ကောင်းကံတရားတော့ ပြုသင့်သည်။
- အဲဒါတွေကို မြတ်ဘုရားက၊ သွန်သင်ထားလို့ ဟောခဲ့သည်။

**ယုန်-ဆုတ် (၄)ရက်**
**ရွှေမြိုင်သိရီ**



www.foreverspace.com.mm

www.foreverspace.com.mm



ကမ္မဿကတာဉာဏ်အလင်း ပွင့်လင်းပါစေ

အရှင်ဝိလာသ(ညောင်လေးပင်)

www.foreverspace.com.mm



## ကမ္မသကတာဉာဏ်အလင်း ပွင့်လင်းပါစေ

အရှင်ဝိလာသ (ညောင်လေးပင်)

### ကံဆိုသည်မှာ

'ကံ'ဆိုတဲ့ အသုံးအနှုန်းကတော့ လူတိုင်းနှုတ်ဖျားမှာ ရေပန်းစားတဲ့ အသုံးအနှုန်းတစ်ခုပဲ ဖြစ်ပါတယ်။

ပါဠိဘာသာဖြစ်တဲ့ 'ကမ္မ'ပုဒ်ကနေ ဆင်းသက်လာတဲ့ အသုံးနှုန်းကို 'ကံ'ဆိုပြီး လွယ်လွယ်ခေါ်နေကြတာဖြစ်ပါတယ်။ သူ့ရဲ့ အဓိပ္ပါယ်ကတော့ 'ပြုလုပ်မှု'ဖြစ်ပါတယ်။ ဒါမှမဟုတ် 'အလုပ်'လို့လည်း ပြန်ဆိုနိုင်ပါတယ်။

အဲဒီ 'ကံ'ကတော့-

(က) ကိုယ်နဲ့ပြုလုပ်တဲ့ အလုပ် (ကာယကံ)

(ခ) နှုတ်နဲ့ပြုလုပ်တဲ့ အလုပ် (ဝစီကံ)

(ဂ) စိတ်နဲ့ပြုလုပ်တဲ့ အလုပ် (မနောကံ)ဆိုပြီး သုံးမျိုးရှိပါတယ်။

မိမိတို့ နေ့တိုင်းလှုပ်ရှားလုပ်ကိုင်နေတာတွေဟာ ကာယကံတွေပါ။ စကားပြောနေတာတွေကတော့ ဝစီကံတွေပေါ့။ လုပ်ကိုင်ဖြစ်အောင်၊ ပြောဆိုဖြစ်အောင် အရင်ဆုံး ကြံစည်လိုက်တာကတော့ မနောကံပါ။ လုပ်ကိုင်တဲ့အထိ၊ ပြောဆိုတဲ့အထိ မရောက်ပေမယ့် စိတ်ထဲမှာ ကြံစည်ရုံ ကြံစည်နေတာလည်း မနောကံပါပဲ။

'ကံ'လို့ပြောလိုက်ရင် သူ့ရဲ့ အရင်းခံဖြစ်တဲ့ စေတနာအကြောင်းကိုလည်း ထည့်ပြောဖို့လိုလာပါတယ်။ ဘာလို့လဲဆိုတော့ စေတနာဆိုတာက ကံရဲ့အရင်းခံဖြစ်နေလို့ပါပဲ။ ဘုရားရှင်ကလည်း 'စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ'' 'စေတနာ'ဆိုတာ 'ကံ'ပဲလို့ ဟောထားတယ်မဟုတ်လား။

ကံဖြစ်ပေါ်လာဖို့အတွက် 'စေတနာ'က အရင်းခံတယ်။ စေတနာဟာ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတွေကို ပြုလုပ်တဲ့အခါ လိုရင်းပဓာန၊ အချက်အချာကျတဲ့ အကြောင်းတရားတစ်ခုဖြစ်ပါတယ်။

အဲဒီစေတနာဟာ စိတ်ကို လှုံ့ဆော်ပေးတတ်၊ တွန်းအားပေးတတ်တဲ့ စွမ်းရည်သတ္တိရှိပါတယ်။ ဥပမာ-သွားချင်စိတ်ဖြစ်လာလို့ လက်တွေ့ထသွားပစ်လိုက်တာဟာ စေတနာက လှုံ့ဆော်ပေးလိုက်တာ ဖြစ်ပါတယ်။သွားချင်စိတ်ပဲ ဖြစ်နေပြီး တကယ်မသွားဖြစ်တာကျတော့ စေတနာက လှုံ့ဆော်မှုအားနည်းလို့ပါပဲ။ စေတနာတွန်းအားနည်းလို့ ဖြစ်ပါတယ်။

ဒီသဘောကို နမူနာထားပြီး အခြားကိစ္စတွေမှာလည်း စေတနာရဲ့သဘောကို ချဲ့ထွင်နားလည်နိုင်ပါတယ်။

စေတနာရဲ့ လှုံ့ဆော် နှိုးဆော်မှုအင်အားအလိုက် ပြုလုပ်မှုကံတရားတွေ ဖြစ်ပေါ်လာရပါတယ်။ ဆိုလိုတာက စေတနာတွန်းအားကောင်းရင် ကံတရားတွေ အားကောင်းမယ်၊ လုပ်ဆောင်ချက်တွေ အားကောင်းမယ်။ စေတနာတွန်းအားတွေနည်းရင်တော့ ကံတရားတွေ(လုပ်ဆောင်ချက်တွေ)လည်း အားနည်းနေမယ်ဆိုတဲ့ သဘောပါပဲ။

ဒါကြောင့် 'စေတနာ'ကို လုပ်ဆောင်မှုတွေရဲ့ အခြေခံတရားဖြစ်လို့ 'ကံ'လို့ခေါ်ရတာ ဖြစ်ပါတယ်။

### ကံကိုချည်းသာ မကိုးရာဘူး

'ကံ'ဆိုတာ 'အလုပ်'လို့ ပြောခဲ့ပါတယ်။ လူသားတိုင်းဟာ အချိန်တိုင်း အလုပ်လုပ်နေကြရပါတယ်။ အလုပ်လုပ်တဲ့အတွက် လုပ်အားတန်ဖိုးကို ရရှိကြပါတယ်။ မကောင်းတဲ့ အလုပ်ကို ပြုလုပ်သူတွေကတော့ လောကဥပဒေအရ ငွေဒဏ်၊ ထောင်ဒဏ်၊ ကြိမ်ဒဏ်၊ ကြိုးဒဏ်၊ သေဒဏ်တွေ ကျခံရပါတယ်။ ကောင်းတဲ့အလုပ် လုပ်သူတွေကတော့ ငွေကြေးဥစ္စာ၊ ဆုလာဘ်၊ ရာထူး၊ အာဏာတွေရရှိကြပါတယ်။ ဒီလိုကောင်းကျိုး၊ မကောင်းကျိုးတွေ ခံစားရတယ်ဆိုတာ အလုပ်လုပ်လို့ပါပဲ။ ဘာမျှမလုပ်ဘဲ နေရင် ဘာအကျိုးတွေကိုမျှ ခံစားရမှာ မဟုတ်ပါဘူး။

ဒါကြောင့် ကံဖြစ်ရင် ကံရဲ့အကျိုးဖြစ်ပြီ၊ ကံရဲ့အကျိုးကို ခံစားရပြီဆိုတဲ့သဘောဟာ ထင်ရှားနေပါတယ်။

အလုပ်လုပ်လို့ အလုပ်ရဲ့ကောင်းကျိုး၊မကောင်း

www.foreverspace.com.mm

ကျိုးတွေကို ခံစားနေကြရတာဆိုတာကို လက်ခံရင်'ကံ' ဆိုတာ ဇောန်ရှိနေတဲ့ သဘောသဘာဝတစ်ခုပဲ ဆိုတာကို လည်း လက်ခံရတော့မှာပါ။ ကံမရှိဘူးလို့ ငြင်းဆန်လို့ မရတော့ဘူးပေါ့နော်။ ဒီလိုလက်ခံယုံကြည်တာကို ကမ္မ သကတာ သမ္မာဒိဋ္ဌိဉာဏ်ဖြစ်တယ်လို့ ခေါ်ပါတယ်။

တစ်ခုတော့ရှိပါတယ်။ 'ကံကိုယုံ ဆူးပုံ မနင်းနဲ့' ဆိုတဲ့စကားပါ။ ဒီစကားက ဘာကိုပြသလဲဆိုရင်-

လူ့ပြည်ဆိုတာ နတ်ပြည်၊ ဗြဟ္မာ့ပြည်၊ ငရဲပြည် တွေလို ကံတစ်မျိုးတည်း ရှိတဲ့ဘုံ မဟုတ်ဘူး။ ကံ၊ဉာဏ်၊ ဝီရိယ သုံးမျိုးပေါင်းစပ်တည်ရှိနေတဲ့ ဘုံဖြစ်တယ်ဆိုတဲ့ အဓိပ္ပါယ်ကို ပြနေပါတယ်။

ဥပမာပေးရရင် ချမ်းသာမယ့်ကံ အပြည့်အစုံ ပါလာတဲ့ လူတစ်ယောက်ဟာ ချမ်းသာဖို့ အကြောင်း တရားတွေကို မလုပ်ဘဲ အိပ်နေမယ်ဆိုရင် ချမ်းသာလာ မှာ မဟုတ်ပါဘူး။ ချမ်းသာဖို့အတွက် ချမ်းသာဖို့နည်း လမ်းတွေကို ကြံစည်ရမယ်။ ချမ်းသာမယ့်အလုပ်တွေကို လက်တွေ့လုပ်ကိုင်ရပါမယ်။ ဒါမှ ချမ်းသာနိုင်ပါတယ်။

ကြံစည်တယ်ဆိုတာ ဉာဏ်ပါပဲ။ လက်တွေ့လုပ် တာက ဝီရိယပါ။ အတိတ်ကလည်း ချမ်းသာဖို့ ကံပါလာ၊ ယခုပစ္စုပ္ပန်မှာလည်း ဉာဏ်နဲ့ဝီရိယကို စိုက်ထုတ်ပြီး လုပ်ကိုင်မယ်ဆိုရင် ဒီလူဟာ လူချမ်းသာ ဖြစ်ပါလိမ့်မယ်။ ဒါကိုကြည့်ပြီး လူ့ဘဝဟာ ကံသုံးပါး ပေါင်းစပ်တည်ရှိနေ တဲ့ ဘဝလို့ ပြောရတာပါပဲ။

ဒီလိုဆိုရင် ဘာမှုမလုပ်ဘဲ ထီပေါက်လို့ ချမ်း သာလာတာကရောလို့ စောဒကတက်စရာ ဖြစ်နေမလား မသိဘူးနော်။

အတိတ်က ထီပေါက်ပြီးချမ်းသာမယ့် ကံပါလာ သူဟာ ထီပေါက်အောင် ထီထိုးရပါမယ်။ ထီထိုးခါနီး ဘယ်ဆိုင်မှာ ထိုးမယ်၊ ဘာဂဏန်းထိုးမယ်ဆိုပြီး ကြံစည် ရပါသေးတယ်။ ကြံစည်တာက ဉာဏ်ပါပဲ။

မထိုးဘဲ ဒီအတိုင်းနေရင် ပေါက်မှာမဟုတ်လို့ လက်တွေ့ ထီဆိုင်သွားပြီး အိတ်ကပ်ထဲက ပိုက်ဆံထုတ် စိုက်ပြီး ထိုးရပါမယ်။ ထီဆိုင်သွားထိုးတယ်ဆိုတာက ဝီရိယဖြစ်ပါတယ်။ ဒါကိုကြည့်လိုက်ရင် ဘာမှုမလုပ်ဘဲ ထီပေါက်လို့ ချမ်းသာတယ်ဆိုတာ ကံတစ်ခုတည်းမဟုတ် ဘူး။ဉာဏ်နဲ့ဝီရိယလေးတွေလည်း အလိုလိုပါဝင်နေတယ် ဆိုတာ ထင်ရှားလှပါတယ်။

ကုန်ကုန်ပြောရရင် ထမင်းတစ်နပ်စားရဖို့ ကံ ပါလာသူဟာ ထမင်းစားဖို့ 'ချက်ပြုတ်ရခြင်း' ဆိုတဲ့ ဝီရိယ 'ဘယ်လိုချက်မယ်၊ စားကောင်းအောင် ဘာဟင်းချက် မယ်' လို့ မချက်ခင်ကြံစည်ရတာကဉာဏ်။ ဒီသုံးမျိုးစုံမှ ထမင်းတစ်နပ်စားကြရတယ်ဆိုတာ လူတိုင်းသိပြီးသား ပါ။ ဒီသဘောကို ကြည့်ပြီး လူ့လောကဟာ ကံ၊ ဉာဏ်၊ ဝီရိယသုံးမျိုးစုံတဲ့ လောကဆိုတာ နားလည်ထားရပါမယ်။

တချို့က 'ကောင်းလည်းကံ၊ မကောင်းလည်း ကံပေါ့။ ကံပါလာရင် ချမ်းသာမှာပဲ' ဆိုပြီး ကံတစ်ခုတည်း ပဲ ယုံမှတ်လို့ ပုံအပ်ထားတတ်ကြပါတယ်။

ကံကိုချည်း ယုံမှတ်လို့ ပုံအပ်ထားရင်တော့ ဉာဏ်၊ ဝီရိယမပါလို့ ကံရဲ့အကျိုးပေးမှုတွေကို ခံစားရမှာ မဟုတ်ပါဘူး။ ကံကိုပဲ ယုံပြီး ဆူးပုံသွားနင်းလို့ကတော့ ဆူးစူးခံရမှာ သေချာပါတယ်။

ဥပမာလေးတစ်ခုကို သတိရလာလို့ ပြောပြ ပါဦးမယ်။

မြစ်တစ်ခုထဲမှာ ကံကိုအားကိုးတဲ့ ငါးရယ်၊ ဉာဏ်ကို အားကိုးတဲ့ငါးရယ်။ဝီရိယကို အားကိုးတဲ့ငါးရယ် ဆိုပြီး ငါးသုံးကောင်ရှိသတဲ့။ တစ်နေ့မှာတော့ သူတို့ ကျက်စားနေတဲ့ နေရာကို တံငါသည်တွေ ရောက်လာလို့ ဝီရိယကိုအားကိုးတဲ့ ငါးက စောစောကပဲ ထွက်ပြေးသွား လေရဲ့။ ဉာဏ်ကို အားကိုးတဲ့ငါးကတော့ တံငါသည်တွေ အမိမှာ သေချင်ဟန်ဆောင်နေပြီး တံငါသည်တွေ ကမ်း စပ်မှာ ပိုက်ကွန်ကို ချလိုက်တာနဲ့ ရေထဲခုန်ပြီး ထွက်ပြေး သွားခဲ့တယ်။ ကံကိုပဲ အားကိုးနေတဲ့ငါးကတော့ 'ကံရှိ သလို ဖြစ်လိမ့်မယ်' ဆိုပြီး ဘာမှုမလုပ်ဘဲ နေနေလို့ တံငါသည်တွေ ပြုသမျှခံရပြီး သေဆုံးသွားခဲ့ရတယ်။

ဒီဥပမာလေးကိုကြည့်ပြီး ကံကိုပဲ အားကိုးနေ လို့ မဖြစ်ဘူးဆိုတာ အမြဲသတိပြုထားကြဖို့ လိုတယ်ပေါ့ နော်။

ဗုဒ္ဓဝါဒဟာ ကံကိုယုံတဲ့ဝါဒတော့ဟုတ်ပါတယ်။ ယုံကြည်စရာ အထောက်အထားတွေလည်း လောကမှာ အများကြီး ရှိနေပါတယ်။ ဒါပေမယ့် ကံကိုတော့ ယုံကြည်

www.foreverspace.com.mm

ရမယ်။ ချမ်းသာဖို့ ပစ္စည်းဥစ္စာတွေနဲ့ ပြည့်စုံဖို့ဆိုရင်တော့ ကံကိုချည်းအားကိုးလို့ မရဘူးဆိုတာတော့ သဘော ပေါက်ထားရပါတယ်။

"ကံဟု မူလ၊သမ္ဗုဒ္ဓတို့ ဟောပြသည်မှာ၊အရင်း သာရှင့်။ ဥစ္စာဘောဂ၊ ဝီရိယနှင့်၊ သုခပွားရန်၊ ဤလူ့ထံ၌၊ ဉာဏ် ဝီရိယ၊ ပယောဂတည့်၊ ကာလဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆအပ်တုံ၊ ကံကိုယုံ၍၊ မီးပုံအတွင်း၊ မဆင်းထိုက်စွာ၊ ကျားရဲရာလည်း၊ ကြမ္မာအကြောင်း၊ မရိုးကောင်းဟု၊ သူဟောင်းရှေးက၊ ဆိုကုန်ကြ၏။

လို့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစောင်း၊ ကံတကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်းသာ၊ မကိုးရာဘူး၊ ပညာဉာဏ်ဖြင့်၊ သင့် မသင့်ကို၊ အခွင့်ရှု၍၊ အပြုလုံ့လ၊ ရှိအပ်စွတည့်၊ တံငါ လက်တွင်း၊ ရောက်လျှင်းတုံငြား၊ သုံးကောင်းငါးလို၊ မှတ် သားဝမ်းထဲ၊ နည်းယူစွဲလော့။" (မဃဒေဝ-၂၄၅)

## ကြာကြာခံတယ်

ကံရဲ့သဘောက အလွန်ပဲ သိမ်မွေ့လှပါတယ်။ အင်အားသတ္တိလည်း ကြီးမားလှပါတယ်။မည်သည့်သက်ရှိ သတ္တဝါမဆို ကြံစည်၊ ပြောဆို၊ ပြုလုပ်သမျှ၊ ကြံပြီး၊ ပြောပြီး၊ လုပ်ပြီးရင် ပျောက်ပျက်သွားပြီလို့ ထင်ရပေ မယ့် အမှန်တော့ လုံးဝပျောက်ပျက်တာ မဟုတ်ပါဘူး။

ဥပမာပေးရမယ်ဆိုရင်တော့ ရေကန်ထဲကို ခဲ တစ်လုံး ပစ်ချလိုက်တဲ့အချိန်မှာ တစ်ခဏတာမျှဖြစ်ပေ မယ့် ခဲကျတဲ့အရှိန်အင်အားအလိုက် ဆက်လက်ရိုက်ခတ် မှု ဂယက်တွေ အချိန်ကြာကြာဆက်ဖြစ်နေတာကို တွေ့ ရမှာပါ။

မိုးရွာသွန်းမှုဟာ နာရီပိုင်းအတွင်း ရပ်စဲသွား ပေမယ့် တော၊ တောင်၊ ရေမြေမှာ စိမ့်ဝင်ခဲ့တဲ့ မိုးရေရဲ့ အအေးဓာတ်သတ္တိတွေက ရုတ်တရက်ပျက်ပြယ်မသွား ပါဘူး။

မိုးကာလမှာ ပေါက်လာလေ့ရှိတဲ့ မြက်သစ်ပင် တွေဟာ မိုးကုန်ရင်ပျောက်ကွယ်သွားကြပေမယ့် မိုးတွင်း ပြန်ရောက်လာရင်တော့ ပြန်ပြီးရှင်သန်လာကြပြန်ပါ တယ်။ မျိုးစေ့သတ္တိတွေ ကျန်ခဲ့လို့ မြက်ပင်တွေ သံသရာ လည်နေကြရတယ်။

ကံမျိုးစေ့၊ ကမ္မသတ္တိကတော့ ထို့ထက်အဆ ပေါင်းများစွာပဲ သိမ်မွေ့လှပါတယ်။ ကမ္ဘာပေါင်းများစွာ ကြာခဲ့ပေမယ့်လည်း ဆွေးမြည့်ပျောက်ပျက်သွားတယ်ဆို တာ မရှိပါဘူး။အကြောင်းတိုက်ဆိုင်လာရင် အဲဒီကံမျိုးစေ့ ကနေ အပင်ပြန်ပေါက်လာပါတယ်။ အဘိဓမ္မာဒေသနာ စကားအရ ဒါမျိုးကို "နာနာက္ခဏိကကံ" လို့ခေါ်ပါတယ်။

သတ္တဝါတွေဆိုတာ အစမထင်သံသရာက မိမိ တို့ ပြုလုပ်ခဲ့သမျှ ကောင်း၊ဆိုး ကမ္မသတ္တိတွေကို အရိယမဂ် နဲ့ အပြတ်မပယ်သတ်နိုင်သေးသရွေ့ ဆက်လက်အမွေခံ နေကြရပါတယ်။ ဒါကို ကမ္မဝဋ်လို့ ခေါ်ပါတယ်။ ယခု လူ့ဘဝဆိုတဲ့ အပင်ပေါက်နေရတာဟာ အတိတ်ကပြုခဲ့ တဲ့ ကုသိုလ်ကံမျိုးစေ့တွေကြောင့် ဖြစ်ပါတယ်။

"မုချမြဲရှု၊ ကိုယ်လျှင်ပြုတိုင်း၊ အမှုကောင်းဆိုး၊ စေ့စိုက်ပျိုးသည့်၊ မျိုးစေ့ပမာ၊ ကာလကြာသော်၊ နာနာ- က္ခဏိက၊ အခွင့်ရတိုင်း၊ ပွင့်ကြသီးကြ၊ ဝိပါကဖြင့်၊ ရင့်ကြမြဲစွာ၊ မလွဲသာဘူး။" (မဃဒေဝ-၁၆၄)

## ကံနှစ်မျိုး

'ကံ' ကို အတိတ်ကံ၊ ပစ္စုပ္ပန်ကံလို့ နှစ်ပိုင်းခွဲ ခြားနိုင်ပါတယ်။ အတိတ်ကံဆိုတာကတော့ ယခုရောက် ဆဲဘဝကို မရောက်မီက ပြုလုပ်ခဲ့တဲ့ကံတွေပါ။ ယခု ရောက်နေဆဲ အချိန်ပိုင်းလေးအထိ မရောက်ခင်က ပြု လုပ်ခဲ့တဲ့ ကံတွေကိုလည်း အတိတ်ကံလို့ ခေါ်နိုင်ပါတယ်။ ဒါကို 'သမီပဝတ္တမာန်' လို့ သဒ္ဒါကျမ်းတွေက ဆိုပါတယ်။

ပစ္စုပ္ပန်ကံ ဆိုတာကတော့ ယခုဘဝမှာ ပြုလုပ် နေတဲ့ကံတွေ၊ ယခုအချိန်ပိုင်းလေးမှာ ပြုလုပ်နေတဲ့ ကံ တွေကို ခေါ်တာပါပဲ။

ကံနှစ်မျိုးထဲမှာ အတိတ်ကံကိုလည်း အလွန် အားကောင်းတဲ့ကံ၊ အလယ်အလတ်အားကောင်းတဲ့ကံ၊ နုံချာတဲ့ကံဆိုပြီး သုံးမျိုးခွဲလို့ ရပါသေးတယ်။

ထိုနည်းတူ ပစ္စုပ္ပန်ကံကိုလည်း ကံ၊ ဉာဏ်၊ ဝီရိယ မျှမျှတတအသုံးပြုပြီး လက်ရှိအခြေအနေထက် တိုးတက်အောင် ကြိုးစားမှု၊ တည်တံ့နေရုံလောက်ပဲ ကြိုး စားမှု၊ တည်တံ့ရုံလောက်ကိုပင် အားမထုတ်မှုဆိုပြီး သုံး

မျိုးခွဲခြားနိုင်ပါတယ်။

ဒီလို သုံးမျိုးစီ ခွဲခြားပြီး အတိတ်ကံ၊ပစ္စုပ္ပန်ကံ နှစ်မျိုးကို ဆက်စပ်ချိန်ထိုးကြည့်မယ်ဆိုရင် –

(၁)မိကောင်း ဖကောင်း၊ အထက်တန်းစား ဆရာသမားတွေထံမှာ လူလာဖြစ်ရတာဟာ အလွန်အား ကောင်းတဲ့ အတိတ်ကံကြောင့်ပါပဲ။ အရွယ်ရောက်လာတဲ့ အခါ ကံ၊ ဉာဏ်၊ ဝီရိယသုံးပါးကို ညီညွတ်အောင်ကြိုးစား ခဲ့မယ်ဆိုရင် လူ့ဘဝမှာ အထွတ်အထိပ် မင်းစိုးရာဇာ တွေ၊သူဌေးသူကြွယ်ကြီးတွေ၊ ပညာရှင်ကြီးတွေ ဖြစ်နိုင်ပါ တယ်။

အလွန်အားကောင်းတဲ့ အတိတ်ကံကြောင့် မိ ကောင်း၊ဖကောင်းများထံမှာ လူလာဖြစ်ရပေမယ့် ပစ္စုပ္ပန် အားထုတ်မှုက အလယ်အလတ်လောက်ပဲ ရှိနေခဲ့မယ် ဆိုရင် အထွတ်အထိပ်လူတန်းစားအထိ မတက်ရောက် နိုင်တော့ပါဘူး။ မင်းစိုးရာဇာတွေ၊ သူဌေးသူကြွယ်ကြီး တွေ၊ ပညာရှင်ကြီးတွေ မဖြစ်နိုင်တော့ဘူးပေါ့နော်။အလယ် အလတ် လူတန်းစားအဖြစ်နဲ့ပဲ ရပ်တန့်နေပါလိမ့်မယ်။ ပစ္စုပ္ပန်မှာ လုံ့ဝကြိုးစားမှုမပြုဘဲ နေခဲ့ရင်တော့ ရှိရင်းစွဲ အဆင့်ကတောင် လျှောကျသွားပါလိမ့်မယ်။ ပိုပြီးနိမ့်ကျ မွဲတေသူ ဖြစ်သွားမယ်ပေါ့နော်။

(၂) သာမန်မိဘတို့ထံမှာ လူလာဖြစ်ရတာဟာ အလတ်တန်းစား အတိတ်ကံကြောင့်ပါ။ဒါပေမယ့် ပစ္စုပ္ပန် ကြိုးစားအားထုတ်မှု အားကြီးခဲ့ရင်တော့ အထက်တန်း စားဘဝကို တက်လှမ်းနိုင်ပါတယ်။ အလတ်တန်စား လောက်ပဲ အားထုတ်ရင်တော့ အလတ်တန်းစားထဲက အလတ်တန်းစားပဲ ဖြစ်နေမှာပါ။ပစ္စုပ္ပန်မှာ လုံ့ဝကြိုးစား အားထုတ်မှု မရှိဘူးဆိုရင်တော့ အလတ်တန်းစားကနေ အောက်တန်းစားဘဝအထိ လျှောဆင်းသွားပါလိမ့်မယ်။

(၃) ဆင်းရဲမွဲတေတဲ့ မိဘတွေထံမှာ လူလာဖြစ် ရတာဟာ အားနည်းတဲ့ အတိတ်ကံကြောင့် ဖြစ်ရတာပါ။ ဒါပေမယ့် ပစ္စုပ္ပန်ဘဝရောက်တဲ့အခါမှာတော့ ဉာဏ်၊ ဝီရိယတွေ အလွန်စိုက်ထုတ်ကြိုးစားမယ်ဆိုရင် ကြီးပွား ချမ်းသာတဲ့ ဘဝအဖြစ် ပြောင်းလဲသွားနိုင်ပါတယ်။ အလတ်တန်းစားလောက်ပဲ ကြိုးစားရင် သာမန်ဆင်းရဲသား ဘဝနဲ့ပဲ တည်တံ့နေလိမ့်မယ်။ လုံ့ဝမကြိုးစားရင်ကတော့



**သတ္တဝါတွေဆိုတာ အစမထင်သံသရာက မိမိတို့ ပြုလုပ်ခဲ့သမျှ ကောင်း၊ဆိုးကမ္မသတ္တိတွေကို အရိယမဂ်နဲ့အပြတ်မပယ်သတ်နိုင်သေးသရွေ့ ဆက်လက်အမွေခံနေကြရပါတယ်။ ဒါကို ကမ္မဝင့်လို့ ခေါ်ပါတယ်။**

---

တောင်းစားရတဲ့ဘဝအထိ ဆိုက်ရောက်သွားပါလိမ့်မယ်။

ဒါနဲ့ပတ်သက်လို့ မြတ်စွာဘုရား ဟောကြား ထားတာလေးတစ်ခုကို သတိရမိလာပါတယ်။

### ခွက်လက်စွဲကာ တောင်းစားပါတဲ့

မြတ်စွာဘုရား သာဝတ္ထိပြည်၊ဇေတဝန်ကျောင်း မှာ သီတင်းသုံးနေစဉ်က သူတောင်းစားလင်မယားနှစ် ယောက်ကို လမ်းမှာတွေ့လို့ အရှင်အာနန္ဒာကို ရှင်းပြခဲ့ ဖူးတယ်။

“အာနန္ဒာ၊ ခွက်ဆွဲတောင်းစားနေတဲ့ ဒီသူ



www.foreverspace.com.mm

www.foreverspace.com.mm



တောင်းစား လင်မယားနှစ်ယောက်ကို ကြည့်လိုက်စမ်း။ ယခင်က သူတို့နှစ်ဦးဟာ သာဝတ္ထိပြည်မှာ အချမ်းသာဆုံး သူဌေးကြီးတွေရဲ့ သားသမီးတွေပေါ့။

ဒါပေမယ့် ငယ်စဉ်က ပညာမသင်ဘဲ အိမ်ထောင်ပြုကြပြီး မိဘပစ္စည်းတွေကိုပဲ သုံးဖြုန်းနေခဲ့ကြတယ်။ မိဘတွေ ကွယ်လွန်သွားတော့ အားကောင်းတဲ့ အတိတ်ကံကို ဉာဏ်၊ ဝီရိယတွေနဲ့ ပစ္စုပ္ပန်မှာ အသုံးချပြီး စီးပွားဥစ္စာတွေ တိုးပွားအောင်၊တည့်တံ့အောင် မကြိုးစားခဲ့ကြဘူး။ မိဘတွေကျန်ရစ်ခဲ့တဲ့ ပစ္စည်းဥစ္စာတွေကိုပဲ သုံးစွဲနေခဲ့ကြတယ်။ ပစ္စည်းတွေ ကုန်ခန်းသွားတော့ ဘာမျှ မလုပ်တတ်၊မကိုင်တတ်ဖြစ်ပြီး အခုလိုတောင်းစားနေရတဲ့ဘဝ ရောက်သွားခဲ့ကြတာပဲ အာနန္ဒာ။

ဒီလင်မယားနှစ်ယောက်ဟာ တကယ်လို့ ပထမ အရွယ်တုန်းက စီးပွားဥစ္စာတွေကို ဉာဏ်၊ ဝီရိယတွေ စိုက်ထုတ်ပြီး ကြိုးစားရှာဖွေခဲ့ကြမယ်ဆိုရင် ဒီမြို့မှာ အထက်တန်းစား သူဌေးကြီးတွေ ဖြစ်ကြမှာပါ။ ရဟန်းပြု ပြီး ရဟန်းတရားအားထုတ်ရင်လည်း အထက်မဂ်ဖိုလ် တွေအထိ ဆိုက်ရောက်ကြမယ်။

ဒုတိယအရွယ်မှ သတိရလို့ ကြိုးစားရှာဖွေကြရင် အလတ်တန်းစားသူဌေးဘဝကို ရရှိကြလိမ့်မယ်။ ရဟန်းဘဝကူးပြောင်းခဲ့ရင်တော့ အောက်မဂ် အောက်ဖိုလ်တွေကို ရရှိနိုင်တယ်။

တတိယအရွယ်မှာ သတိရပြီး စီးပွားဥစ္စာတွေကို ကြိုးစားရှာဖွေခဲ့မယ်ဆိုရင်လည်း သူဌေးကြီး မဖြစ်သည့်တိုင် လူတန်းစေ့တော့ နေနိုင်ကြလိမ့်မယ်။ ရဟန်းဝတ်ခဲ့ရင်လည်း အကျင့်တရားနဲ့ ပြည့်စုံတဲ့ ရဟန်းကောင်းများ ဖြစ်နိုင်ကြတယ်။ ယခုတော့ အရွယ်သုံးပါးလုံးမှာ ဘာမျှမလုပ်ခဲ့ကြလို့ ယခုလို တောင်းစားနေရတဲ့ဘဝ ရောက်ခဲ့ကြရတယ် အာနန္ဒာ”လို့ မိန့်တော်မူပါတယ်။

ဒီဝတ္ထုသာဓကနဲ့ ဘာကိုပြသလဲဆိုတော့ အတိတ်ဘဝတွေက ကုသိုလ်ကံအားကောင်းခဲ့လို့ အထက်တန်းစား လူ့ဘဝရောက်ခဲ့ပေမယ့် ပစ္စုပ္ပန်ဘဝမှာ ဉာဏ်နဲ့ ဝီရိယကို မစိုက်ထုတ်ဘဲ ဒီအတိုင်းနေခဲ့မယ်ဆိုရင် ဒီဘဝမှာပဲ ဆင်းရဲဒုက္ခတွေနဲ့ ကြုံရတတ်တယ်ဆိုတဲ့ သဘောကို ပြနေပါတယ်။ ကံကိုပဲ အားကိုးနေလို့ မဖြစ်ဘူး၊ ဉာဏ်နဲ့ဝီရိယကိုလည်း စိုက်ထုတ်ရသေးတယ်။ ပျင်းရိရိ ယောင်ဝါးဝါးလုပ်မနေကြနဲ့လို့ ညွှန်ကြားရာလည်း ရောက်ပါတယ်။

“ရှေးကသမ္ဘာ၊ အရင်းပါလည်း၊ သမ္မာမကျင့်၊ ဘုန်းမပွင့်ဘူး၊ ကံနှင့်အကျင့်၊ ညီသဖြင့်သာ၊ ကျိုးခွင့်ပြီးမြဲ၊ မညီလွဲက၊ ဆင်းရဲတွေ့ရုံ၊ ဘေးသာကြုံ၏၊ အထုံမကောင်း၊အကြောင်းမလှ၊ ဖြစ်တတ်စွရှင့်။” (မဃဒေဝ-၂၄၃)

အတိတ်ကံက ကောင်းခဲ့ပေမယ့် ဉာဏ်၊ဝီရိယခေါ်တဲ့ ပစ္စုပ္ပန်ကြိုးစားမှုရှိမှ အထွတ်အထိပ်အောင်မြင်သူတစ်ယောက် ဖြစ်လာနိုင်ပါတယ်။ အတိတ်ကံကတော့ ပြုပြီးဖြစ်လို့ ပြင်လို့ မရနိုင်တော့ဘူးပေါ့နော်။ ဒါပေမယ့် ပစ္စုပ္ပန်ကံ အထောက်အကူ များများပေးလိုက်မယ်ဆိုရင်တော့ အရာရာအောင်မြင်နိုင်ပါတယ်။ လောကမှာ လူချွန်လူမွန်တစ်ယောက် ဖြစ်လာနိုင်ပါတယ်။ဒါကြောင့် အတိတ်ကံနဲ့ ပစ္စုပ္ပန်ကံနှစ်မျိုးကို ဟန်ချက်ညီညီဖြစ်နေအောင် လက်ရှိပစ္စုပ္ပန်ဘဝမှာ အထူးကြိုးစားကြဖို့ လိုတယ်ပေါ့နော်။

“ကံရင်းမူလ၊ ဝီရိယနှင့်၊ဉာဏထောက်ကူ၊ ရှိ သည့်သူမှ၊ လူတွင်လူမွန်၊ လွှားတံခွန်သို့၊ လူချွန်တစ်ယောက်၊ တစ်’ခေါ်လောက်အောင်၊ ခရောက်ချိန်ဆုန်း၊ တုမဲ့နှုန်း၍၊ မော်ရမည်ကိုသော်။” (မဃဒေဝ)

## ကံကောင်းတယ်၊ ကံဆိုးတယ်

ကုသိုလ်ကံရဲ့သဘောက အပြစ်မရှိ၊ကောင်းတဲ့ အကျိုးကို ပေးတတ်တဲ့သဘောရှိပါတယ်။ သူရဲ့အကျိုးပေးမှုကို ခံစားရပြီဆိုရင် ‘ကံကောင်းတယ်’လို့ ပြောကြပါတယ်။ အကုသိုလ်ကံကတော့ အပြစ်ရှိတယ်၊ မကောင်းတဲ့ အကျိုးကိုပေးတတ်တဲ့ သဘောရှိပါတယ်။ သူ့ရဲ့ အကျိုးပေးမှုကို ခံစားရပြီဆိုရင်တော့ ‘ကံဆိုးတယ်’လို့ ပြောတော့တာပါပဲ။

ကံကောင်းတယ်၊ ကံဆိုးတယ်ဆိုတာ ဘာ့ကြောင့်ဖြစ်လာရသလဲလို့ စိစစ်ကြည့်မယ်ဆိုရင် ကုသိုလ်ကောင်းမှုပြုလုပ်တဲ့ အချိန်အခါကို ကြည့်ရပါတယ်။

ဒါန၊သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုတွေကို

www.foreverspace.com.mm



ဒွိဟိတ်ကုသိုလ်ကိုလည်း မပြုမီ၊ ပြုဆဲ၊ ပြုပြီး အချိန်တွေမှာ စေတနာကွက်ခဲ့တယ်ဆိုရင်တော့ "အညံ့စား ဒွိဟိတ်ကုသိုလ်"ဖြစ်သွားပြန်ပါတယ်။ အကျိုးပေးလည်း မကောင်းတော့ပါဘူး။

အဲဒီလေးမျိုး အကျိုးပေးကွာခြားပုံတွေကတော့-

အဆင့်အမြင့်ဆုံးဖြစ်တဲ့ တိဟိတ်ကုသိုလ်ကံမျိုးကို ပြုလုပ်ခဲ့တယ်ဆိုရင် အကျိုးပေးတဲ့အခါ အထက်တန်းစား လူတွေ၊ နတ်တွေဖြစ်ကြရပါမယ်။ အထက်တန်းစား စည်းစိမ်ဥစ္စာတွေနဲ့ ပြည့်စုံသူဖြစ်ကြရပါမယ်။ ဉာဏ်ပညာအရာမှာလည်း ထက်မြက်ထူးချွန်သူ၊ ဘုန်းရှင်၊ ကံရှင်ကြီးတွေ ဖြစ်ရပါလိမ့်မယ်။

တိဟိတ်အညံ့စားနဲ့ ဒွိဟိတ်အမြတ်စား ကုသိုလ်ကံတွေကတော့ အကျိုးပေးတူညီပါတယ်။ အဲဒီကံတွေ အကျိုးပေးရင် စည်းစိမ်ဥစ္စာတွေနဲ့ ပြည့်စုံသူတွေဖြစ်ရပေမယ့် ဉာဏ်ပညာဘက်ကျတော့ အားနည်းနေတတ်ပါတယ်။ ဥစ္စာပေါ၊ ရုပ်ချောပေမယ့် ပညာမတတ်တဲ့လူမျိုးဖြစ်နေတတ်ပါတယ်။

ဒွိဟိတ်အညံ့စား ကုသိုလ်ပြုခဲ့သူတွေကတော့ လူ့လောကရောက်လာပေမယ့် မျက်စိကန်း၊ နားထိုင်း၊ စကားမပီ၊ ထိုင်းမှိုင်း၊ ရူးနှမ်း၊ မိန်းမ ၊ မဟုတ်၊ ယောကျ်ားမဟုတ် စတဲ့လူမျိုးတွေဖြစ်လာတတ်ပါတယ်။ အောက်တန်း၊ နောက်တန်းကျတဲ့ လူစားမျိုးတွေ ဖြစ်လာတတ်ပါတယ်။

ဒါကတော့ ကုသိုလ်လေးမျိုး အကျိုးပေးကွာခြားပုံတွေပါပဲ။

ဒါကြောင့်မို့ ကုသိုလ်ကောင်းမှုပြုတဲ့အခါ ကံကောင်းသူတွေဖြစ်ဖို့ အဆင့်အမြင့်ဆုံးကုသိုလ်မျိုးဖြစ်အောင် (၁) မပြုမီ၊ ပြုဆဲ၊ ပြုပြီး အချိန်ကာလသုံးမျိုးလုံးမှာ စေတနာတွေ၊ သဒ္ဓါတွေ မပျက်ဖို့လိုပါတယ်။ (၂)ကံနဲ့ ကံရဲ့အကျိုးကိုလည်း အပြည့်အဝယုံကြည်မှုရှိနေရပါတယ်။ အဲဒီလိုသာဆိုရင်တော့ မိမိပြုလုပ်တဲ့ ကုသိုလ်ကံက 'ကံကောင်းသူ'တစ်ယောက်ဖြစ်အောင် တွန်းတင်ပေးလိုက်ပါလိမ့်မယ်။

**ဒွိဟိတ်အညံ့စား ကုသိုလ်ပြုခဲ့သူတွေကတော့ လူ့လောကရောက်လာပေမယ့် မျက်စိကန်း၊ နားထိုင်း၊ စကားမပီ၊ ထိုင်းမှိုင်း၊ ရူးနှမ်း၊ မိန်းမ ၊ မဟုတ်၊ ယောကျ်ားမဟုတ် စတဲ့လူမျိုးတွေဖြစ်လာတတ်ပါတယ်။ အောက်တန်း၊ နောက်တန်းကျတဲ့ လူစားမျိုးတွေ ဖြစ်လာတတ်ပါတယ်။**

ပြုလုပ်တဲ့အခါ 'မပြုလုပ်မီ၊ ပြုလုပ်ဆဲ၊ ပြုလုပ်ပြီး'အချိန်ကာလသုံးမျိုးလုံးမှာ စေတနာတွေ မပျက်ရပါဘူး။အားကောင်းနေရပါတယ်။ ကံနဲ့ကံရဲ့အကျိုးတွေကိုလည်း ယုံကြည်နေရပါတယ်။ အဲဒီအချက်အလက်တွေနဲ့ ယှဉ်ပြီး ပြုလုပ်တဲ့ကုသိုလ်ကံကို 'တိဟိတ်ကုသိုလ်ကံ'လို့ခေါ်ပါတယ်။ "အမြတ်စား တိဟိတ်ကုသိုလ်"ပေါ့။ အဆင့်မြင့်ကုသိုလ်လို့လည်း ခေါ်နိုင်ပါတယ်။

မပြုလုပ်မီ၊ ပြုလုပ်ဆဲ၊ ပြုလုပ်ပြီး အချိန်ကာလတစ်ခုခုမှာ အကြောင်းတစ်ခုခုကြောင့် စေတနာပျက်ခဲ့တယ်ဆိုရင်တော့ အမြတ်စားတိဟိတ်ကုသိုလ် မဖြစ်တော့ဘဲ "အညံ့စား တိဟိတ်ကုသိုလ်"ဖြစ်သွားပါတယ်။

ကလေးငယ်လေးတွေ ကုသိုလ်လုပ်သလိုမျိုး အသိဉာဏ်မပါဘဲ ပြုလုပ်ရင်တော့ ဒွိဟိတ်ကုသိုလ်မျိုးဖြစ်သွားပါတယ်။ "အမြတ်စား ဒွိဟိတ်ကုသိုလ်"လို့ ဆိုရပါတယ်။အမြတ်စားဆိုပေမယ့် တိဟိတ်ကုသိုလ်လောက်တော့ အကျိုးပေးအား မကောင်းဘူးပေါ့။

■ **ဆက်လက်ဖော်ပြပါမည်**

www.foreverspace.com.mm



# ထွက်ခဲ့သမျှစာဝေမှ

## သန်းထိုက်သူ



**စီးပွားရေးပြဿနာများနှင့် ဗုဒ္ဓဝါဒ**

- ခင်မောင်ညို (ဘောဂဗေဒ)နှင့်မအိမ်သူ
- ပထမအကြိမ်၊ နိုဝင်ဘာလ၊၂၀၀၅-ခုနှစ်၊
- တန်ဖိုး (၆၀၀)ကျပ်၊
- စိတ်ကူးချိုချိုအနုပညာ
  ၈၅(က)၊ ၁၆၄-လမ်း၊ တာမွေ၊ ရန်ကုန်မြို့။
  ဖုန်း-၇၂၆၆၂၄ မှ ဖြန့်ချိသည်။
- စာမူခွင့်ပြုချက်အမှတ်-၄၇၉/၂၀၀၃ (၇)

ဗုဒ္ဓဘာသာအယူအဆများအပေါ် အခြေခံ၍ စီးပွားရေးပြဿနာများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများကို ကျယ်ပြန့်စွာသုံးသပ်ရှာဖွေ တင်ပြထားသည်။

စာမြည်း -

"မျက်မှောက်ခေတ်မှာ ဆောင်ရွက်နေကြတဲ့ စီးပွားရေးလုပ်ဆောင်ချက်တွေဟာ သူ့လုပ်ဆောင်ချက်တွေပြီးမြောက်သွားတာနဲ့ သူ့ရည်ရွယ်ချက်တွေလည်း ပြည့်ဝပြီး အဆုံးသတ်သွားတယ်။ ဗုဒ္ဓဘာသာရှုထောင့်ကနေ စဉ်းစားတဲ့ စီးပွားရေးလုပ်ဆောင်ချက်ဆိုတာကတော့ စီးပွားရေးလုပ်တာကိုပဲ ရည်ရွယ်ချက်အဖြစ်ထားဖို့ မဟုတ်ဘူး။ စီးပွားရေးလုပ်ဆောင်ချက်ဆိုတာ ဒီ့ထက်ပိုပြီး ကျယ်ပြန့်တဲ့၊ ကောင်းမွန်မြင့်မြတ်တဲ့ ဘဝကိုရဖို့ ကျင့်ကြံတဲ့နေရာမှာ နည်းလမ်းတစ်ခုအနေနဲ့ သုံးဖို့ပဲဖြစ်တယ်။ စီးပွားရေးလုပ်ဆောင်ချက်ဆိုတဲ့ နည်းလမ်းကို သုံးပြီး လူတစ်ဦးချင်း၊ လူ့အဖွဲ့အစည်းနဲ့ သဘာဝပတ်ဝန်းကျင်အတွက် ကောင်းမွန်တဲ့ဘဝ ဖြစ်ပေါ်တိုးတက်လာအောင် ဆောင်ရွက်ရမယ်လို့ဆိုတယ်။

ဒါကိုကြည့်ခြင်းအားဖြင့် ဗုဒ္ဓဝါဒဟာ လောကီစည်းစိမ်အားလုံးကို စွန့်လွှတ်ပြီး တောထွက်တဲ့ကျင့်စဉ်သက်သက်မဟုတ်ဘဲ၊ နေ့စဉ်ဘဝထဲမှာလည်း ဘဝရဲ့အနှစ်သာရကို ရှာဖွေနိုင်တယ်ဆိုတာ ထင်ရှားပါတယ်။ စည်းစိမ်ဥစ္စာရှာဖွေတယ်ဆိုတာ လူ့ဘဝမှာ လိုအပ်တဲ့အရာတစ်ခုဖြစ်တယ်လို့ အသိအမှတ်လည်း ပြုပါတယ်။ ခြားနားချက်က စည်းစိမ်ဥစ္စာကို ရတဲ့အဆင့်မှာ ရပ်တန့်မနေဘဲ၊ ပိုပြီးကျယ်ပြန့်မြင့်မားတဲ့၊ ကောင်းမွန်တဲ့ဘဝရရှိရေးကို ရည်ရွယ်ချက်ထားပြီး ကြိုးစားအားထုတ်သွားဖို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဗုဒ္ဓရဲ့အလိုအရ စီးပွားရေးရဲ့အနှစ်သာရဟာ စီးပွားရေးလုပ်ဆောင်ချက်တွေလုပ်ဆောင်ရင်း လူ့ဘဝရဲ့ အရည်အသွေးကို ရရှိစေဖို့ ဖြစ်ပါတယ်။"

ဤစာအုပ်တွင် ခေတ်မီစီးပွားရေးစနစ်နှင့်

www.foreverspace.com.mm



အတွေးအခေါ်တွေ၏ အားနည်းချက်များကို ဗုဒ္ဓဘာသာ အမြင်ဖြင့် သုံးသပ်ပြထားပါသည်။



**ဗုဒ္ဓနှင့် ဆွေတော်မျိုးတော်များ**

- ဘဒ္ဒန္တအာစာရဝံသ (မမ□ာစရိယ)
- ပထမအကြိမ်၊ ဩဂုတ်လ၊၂၀၀၂-ခုနှစ်၊
- တန်ဖိုး (၇၀၀)ကျပ်၊
- ခင်ငြိမ်းချမ်းစာပေမီဒီယာလုပ်ငန်းစု အမှတ်(၆၄၆)၊ ဦးအောင်မြတ်(၁)လမ်း၊ (၈) ရပ်ကွက်၊ ရွှေပြည်သာ၊ ရန်ကုန်မြို့မှ ဖြန့်ချိသည်။
- စာမူခွင့်ပြုချက်အမှတ်-၂၈/၉၈ (၁၀)

ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်နှင့် ဆွေတော်မျိုးတော်များအကြောင်းကို အချိန်တိုအတွင်း စုံစုံလင်လင် သိရှိနိုင်မည့်စာအုပ် ဖြစ်ပါသည်။ ဘုရားရှင်နှင့်ဆွေတော်၊ မျိုးတော်များအကြောင်းကို ပါဠိတော်ကျမ်းများ၊ ပါဠိတော်မြန်မာပြန်ကျမ်းများမှ အသေးစိတ်ဖတ်ရှုလေ့လာလျှင် သိရှိနိုင်မည်ဖြစ်သော်လည်း ထိုထိုကျမ်းစာအုပ်ကြီးများကို မွှေနှောက်လေ့လာဖတ်ရှုရန် အချိန်မရသူများ၊ အခက်အခဲရှိသူများအတွက် တိုတိုကျဉ်းကျဉ်းနှင့် ပြည့်ပြည့်စုံစုံ အလွယ်တကူတစ်ထိုင်တည်း ဖတ်မှတ်သိရှိနိုင်စေရန် ဆရာတော်ဘဒ္ဒန္တအာစာရဝံသက ပြုစုရေးသားထားပါသည်။

စာမြည်း -

"**ရှင်ဒေဝဒတ်** - ရှင်ဒေဝဒတ်သည် 'အဉ္စန' မင်းကြီး၏သားတော် 'သုပ္ပဗုဒ္ဓ' နှင့် 'သီဟဟနု' မင်း၏ သမီးတော် အမိတ္တာတို့ စုံဖက်ကြရာမှ ဖွားမြင်လာသော သားတော်တစ်ဦးဖြစ်ပြီး ယသော်ဓရာ၏မောင်အရင်းတော်သူလည်းဖြစ်သည်။ ဘုရားလောင်း သိဒ္ဓတ္ထ၏ ယောက်ဖတော်ပင်ဖြစ်၏။

အရှင်ဒေဝဒတ်သည် အရှင်အာနန္ဒာနှင့်အချင်းချင်းတိုင်ပင်၍ အတူတကွ ရဟန်းပြုလာခဲ့သည်။ ရဟန်းပြုပြီးနောက် နှစ်ပေါင်းနှစ်ဆယ်ကျော် နေထိုင်လာခဲ့ပြီးဖြစ်သည်။ အရှင်ဒေဝဒတ်အဖို့မှာ မြတ်စွာဘုရားမှလွဲလျှင် အရှင်အာနန္ဒာကို အချစ်ခင်ဆုံး၊ အလေးစားဆုံး ဖြစ်နေပုံရသည့် ပုဂ္ဂိုလ်ဖြစ်သည်။ထို့ကြောင့်သာ ရှင်ဒေဝဒတ်သည် သံဃာကို သင်းခွဲမည့်အကြောင်းကို အရှင်အာနန္ဒာအား ပထမဆုံး ကြေညာလိုက်ခြင်းဖြစ်သည်။ သို့သော်အရှင်အာနန္ဒာသည် အရှင်ဒေဝဒတ်နှင့် ရင်းနှီးသော်လည်း သူ့အကြောင်းကို ကောင်းစွာသိသူဖြစ်၍ တစ်စုံတစ်ရာမျှ မပြောဘဲ သူ့စကားကို မှတ်သား၍သာ ပြန်လာခဲ့လေသည်။

**အရှင်အာနန္ဒာ သတင်းပို့ခြင်း**-အရှင်အာနန္ဒာသည် ရာဇဂြိုဟ်ပြည်မှ ဆွမ်းခံပြန်ရောက်သောအခါ အရှင်ဒေဝဒတ်၏ စကားလက်ဆောင်ကိုယူ၍ မြတ်စွာဘုရားထံသွားပြီးလျှင် -

'အရှင်ဘုရား၊ ယနေ့ အကျွန်ုပ် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်ရာ ရှင်ဒေဝဒတ်နှင့် တွေ့ပါသည်။ ဒေဝဒတ်သည် အကျွန်ုပ်အထံသို့လာ၍ 'ငါ့ရှင်အာနန္ဒာ၊ ငါသည် ယနေ့မှစ၍ မြတ်စွာဘုရားနှင့်တခြားစီ ဥပုသ်ပြုတော့မည်။ သံဃာ့ကံကို သီးခြားဆောင်ရွက်တော့မည်' ဟု ပြောပါသည် အရှင်ဘုရား၊ သံဃာကို သင်းခွဲပါလိမ့်မည်'

ထိုသို့ အာနန္ဒာမှတစ်ဆင့် ကြားရသောအခါ ဘုရားရှင်သည် တစ်စုံတစ်ရာမိန့်တော်မမူဘဲ ဤသို့သာ

www.foreverspace.com.mm



ဉဒါန်းကျူးရင့်တော်မူသည် -

“သူတော်ကောင်းသည် ကောင်းသောအမှုကို ပြုလွယ်၏။ သူယုတ်မာသည် ကောင်းသောအမှုကို အပြု ခက်၏။ သူယုတ်မာသည် မကောင်းမှုကို ပြုလွယ်၏။ အရိယာသူတော်ကောင်းတို့သည် မကောင်းမှုကို အပြု ခက်ကြမည်တကား။”

တိုက်တွန်းချက် သန္ဓေသကထာတွင် ဘဒ္ဒန္တနန္ဒဝံသ(အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတက “စာရေးသူသည် စာဖတ်သူများအပေါ်မှာ စေတနာ၊ မေတ္တာ၊ ကရုဏာရှေ့ထားကာ ဤစာအုပ်ကို ပြုစုထားခြင်းကို တွေ့ရှိရသည်။

ဂေါတမဗုဒ္ဓ၏ ဗုဒ္ဓဝင်ကို အကျဉ်းဟုလည်း မဆိုလောက်၊ အကျယ်ဟုလည်း မဆိုနိုင်လောက်အောင် ‘နာတိဝိတ္ထာရ နာတိသင်္ခေပ’အားဖြင့် ရေးသားဖော်ပြထားသည်ကို ဖတ်ရှုရသည်။

ဤစာအုပ်ငယ်ကို လေ့လာခြင်းဖြင့် ဗုဒ္ဓဂေါတမ၏ လိုရင်းဗုဒ္ဓဝင်ကို အလွယ်တကူသိရှိ မှတ်သားနိုင်ပေမည် ဖြစ်သည်။ဂေါတမဗုဒ္ဓ၏ မိဘက်၊ ဖဘက်မှ သာသနာတော်တွင် ထင်ရှားသော ပုဂ္ဂိုလ်များကို ‘မျိုးတော်’များအဖြစ် ဖော်ပြထားပြီး သာသနာတော်နှင့်ဆက်သွယ်နေသော ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်၊ အနာထပိဏ်၊ ဝိသာခါစသော ပုဂ္ဂိုလ်များကို ‘ဆွေတော်’များအဖြစ် ဖော်ပြထားသည်မှာလည်း လွန်စွာစိတ်ဝင်စားဖွယ်ပင် ဖြစ်သည်။

သို့ဖြစ်၍ ဤဗုဒ္ဓနှင့်ဆွေတော်မျိုးတော်များ စာအုပ်သည် လူတိုင်းလေ့လာဖတ်ရှုသင့်သော စာအုပ် ဖြစ်ကြောင်းကို တွေ့ရှိရပေသည်”ဟု ဆိုပါသည်။





## ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ

- အရှင်ခေမာနန္ဒ (ဗြဟ္မဏ)ရန်ကင်းတောရ၊ သပြေပင်။
- ပထမအကြိမ်၊ ၂၀၀၅-ခုနှစ်၊
- တန်ဖိုး (၅၀၀)ကျပ်၊
- ရန်ကင်းတောင်စာစဉ်၊ မဟာနွယ်ကဖီး၊ လယ်ဝေးမြို့။
  ဖုန်း-၀၆၇-၃၀၂၃၅ မှ ဖြန့်ချိသည်။
- စာမူခွင့်ပြုချက်အမှတ်-၃၂၀၃၄၂၅၀၅

ဥရောပနိုင်ငံသူ ယောဂီတစ်ဦးက သီဟိုဠ်ကျွန်း (သီရိလင်္ကာ)မှ ကမ္မဋ္ဌာနာစရိယဆရာတော်တစ်ပါးထံ အဝေးမှ စာဖြင့်ရေးသားလျှောက်ထား၍ ကမ္မဋ္ဌာန်းနည်းနာ နိဿယများခံယူကာ ဝိပဿနာတရား ရှုပွားအားထုတ်ခဲ့သည့်အတွက် တရားထူး၊ တရားမြတ်ရခဲ့သည်ကို မှတ်တမ်းတင် ရေးသားထားသည်။

စာမြည်း -

“သတိပဋ္ဌာန်တရားမှာလည်း ဆရာက သင်ကြားပြသပေးသမျှ ကိုယ်ပိုင်မဖြစ်သေးပါဘူး။ ကိုယ်တိုင်တွေ့

ကြုံရတဲ့ အတွေ့အကြုံများကသာ ကိုယ်ပိုင်ဖြစ်ပေမယ်။ များများလေ့လာလေ ကျွမ်းကျင်လေ၊ တရားရှုမှတ်ရတာ ပျော်လေ ကျွမ်းကျင်မှုတိုးလာလေပါပဲ။

အပင်ပေါ်က သရက်ကင်းကလေးများဟာ နေ၊ရေ၊ လေ၊ ဩဇာဓာတ်တို့ရဲ့ ကူညီဖြည့်တင်းမှုကြောင့် တစ်နေ့တခြား ကြီးထွားရင့်မာလာနေပါတယ်။ မနေ့က ထက် ဒီနေ့ပိုပြီး ရင့်သန်လာပြီလို့ ပြောနိုင်သော်လည်း ဘယ်ရွေ့ဘယ်မျှ တိုးတက်တယ်ဆိုတာကိုတော့ အတိအကျပြောဖို့ ခက်လွန်းပါတယ်။

ထိုနည်းအတူပဲ သတိပဋ္ဌာန်တရားကို စဉ်ဆက်မပြတ်ကျင့်ကြံပွားများ အားထုတ်နေတဲ့ ယောဂီရဲ့ သန္တာန်မှာလည်း ရှုမှတ်မှုအချက်တိုင်း၊ ရှုမှတ်မှုအချက်တိုင်းဟာ တုတ်နှောင်ထားတဲ့ အဝိဇ္ဇာနှောင်ကြိုးကို တစ်ချက်ပြီးတစ်ချက် ဖျက်ဆီးပစ်နေတာသာ ဖြစ်ပါတယ်။ ပန်းတိုင်ဆီသို့ ဦးတည်သွားနေတာသာ ဖြစ်ပါတယ်။ ခရီးရှေ့ကို တိုးနေတာသာ ဖြစ်ပါတယ်။

အပင်ပေါ်က အသီးများတစ်ချိန်မှာ ကြီးရင့်ပြီး မှည့်မှာဖြစ်သလို ယောဂီမှာလည်း သဒ္ဓါ၊ သတိ၊ ဝီရိယ၊သမာဓိနှင့် ပညာ၊ ဣန္ဒြေညီမျှတဲ့ တစ်ချိန်မှာတော့ ဧကန်မုချ အသိဉာဏ်ပွင့်ထွန်းမှာပါ။"

စာရေးသူက "ဗုဒ္ဓညဘာသာဝင် မိဘနှစ်ပါးမှ မွေးဖွားလာသူမဟုတ်သော်လည်း ကလျာဏမိတ္တ အတူနေ တပည့်လက်ထောက်တစ်ဦးထံမှ အာနာပါနသတိ ဟူသော စကားကို ကြားမိရာမှ စိတ်ဝင်စား၍ မိမိအသက်အရွယ်၊ ခန္ဓာကိုယ် အိုမင်းမှုကို မငဲ့ကွက်၊ သားသမီးတာဝန်နှင့် အိမ်၏ စီမံခန့်ခွဲမှုတာဝန်များကိုလည်း မလစ်ဟင်းစေဘဲ နှာသီးဝမှ 'ဝင်လေ ထွက်လေ' ကိုစတင် ရှုမှတ်ခဲ့ပါသည်။ ထိုနောက်ပိုင်း သီဟိုဠ်(သီရိလင်္ကာ) ဆရာတော်တစ်ပါးထံသို့ အဝေးမှစာများဖြင့် လျှောက်ထားမေးမြန်း၍ (၇)နှစ်တာ ကာလကြာ တရားအားထုတ်ခဲ့ပြီး မြင့်မြတ်သော တရားထူး၊ တရားမြတ်ကို မျက်မှောက်ပြု၍ သစ္စာဉာဏ်အလင်း ရရှိခဲ့ပေသည်။ ယခုကဲ့သို့ ယောဂီသည် နည်းမှန်လမ်းမှန် ကြိုးစားအားထုတ်၍ တရားစစ်၊ တရားမှန်ကို မျက်မှောက်ပြုရခြင်းဖြင့် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ တရားတော်များ နှစ်ပေါင်း(၂၅၀၀) ကြာသည့်တိုင် မပျောက်ကွယ်သေးကြောင်းနှင့် ဓမ္မက္ခန္ဓာစာပေအထောက်အထားလည်း မှန်ကန်ကြောင်း ခိုင်လုံသောသာဓကပင် ဖြစ်ပေတော့သည်။

သို့ပါသောကြောင့် ၎င်းအင်္ဂလိပ်စာမူကို တိုက်ရိုက်ဘာသာပြန်ဆိုခြင်းမပြုဘဲ၊ ဥရောပယောဂီပေးစာနှင့် သီဟိုဠ်ကမ္မဋ္ဌာနာစရိယ ဆရာတော်ဘုရား၏ ပြန်ကြားစာတို့ကို အတုယူနည်းမှီ၍ ဝိပဿနာတရား အားထုတ်နေသည့် ယောဂီများအကျိုး ရည်မျှော်ကာ သစ္စာဉာဏ်အလင်း သိရှိရေးအတွက် မရှိမဖြစ်အလွန်အရေးကြီးသည့် ဝိပဿနာရှုမှတ်မှု အပိုင်းကို ရေးသားလိုက်ရခြင်း ဖြစ်ပေသည်"ဟု ဆိုပါသည်။

□ **သန်းထိုက်သူ**

**ကြော်ငြာ**

## သာဓုဆံတော်ရှင် ဘုရားသမိုင်းစာအုပ်မှ စာသားအချို့ ပယ်ဖျက်ခြင်း

သာဓုဆံတော်ရှင် ၊ ရေးသူ (ဟံသာဝတီ-အုန်းကြိုင်)

သာဓုဆံတော်ရှင် စေတီတော်ဂေါပကအဖွဲ့မှ ပုံနှိပ်ထုတ်ဝေသည့် သာဓုဆံတော်ရှင်စာအုပ်၊ စာမျက်နှာ(၂၂၁)အောက်ဆုံးပိုဒ်၊ ဆရာတော်ဘဒ္ဒန္တတေဇိန္ဒ(ဓမ္မာစရိယ)ဟူသော စာပိုဒ်မှစ၍ စာမျက်နှာ(၂၂၅)အထိ ဖော်ပြထားသော စာများအားလုံးတို့ကို ပယ်ဖျက်လိုက်ပါသည်။

**ဂေါပကအဖွဲ့**